# PEACEFUL COEXISTENCE:

## Towards Federal Union of Burma

Series No. (8)

# တတိယအကြိမ်မြောက်

# တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ

## မှတ်တမ်းများ

သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ

Series Editor

Lian H. Sakhong

First Edition 2004

Typing by:

Ethinc Nationalities Seminar Staffs

Design and Layout by:

Sai Mawn Selde

UNLD(LA)

With generous financial support from the NRP

National Reconciliation Program

UNLD Press

Chiang Mai, Thailand

## မာတိကာ

### အခန်း (၁)

ENSCC အဖွဲ့ဝင်နိုင်ငံရေးတပ်ပေါင်းစုများ၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ တတိယအကြိမ်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲဖွင့်ပွဲ အခန်းအနားတွင် ပြောကြားခဲ့သောမိန့်ခွန်းများ။


၁း၁။ အလှည့်ကျသဘာပတိဗိုလ်ချုပ်မန်းအောင်သန်းလေး၏အဖွင့်မိန့်ခွန်း....................... 1
၁း၂။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ဒု-ဥက္ကဌ ခိုင်စိုးနိုင်အောင်၏မိန့်ခွန်း ......... 3
၁း၃။ UNLD (LA) ဥက္ကဌ ခွန်းမတ်ရ်ကိုဘန်း၏မိန့်ခွန်း ............................................. 5
၁း၄။ (KNPP) ဥက္ကဌ ခူထဲဘူးဖဲ့၏မိန့်ခွန်း ............................................................. 8
၁း၅။ SDU မှ ဒေါက်တာစဝ်ဇန့်ယောင်ဟွေ၏မိန့်ခွန်း ............................................... 10
၁း၆။ RCSS ကိုယ်စားလှယ် ဗိုလ်မှူးစိုင်းပွန်ခေး၏မိန့်ခွန်း ......................................... 12


### အခန်း (၂)

ENSCC ၏ (၂) နှစ်တာလုပ်ငန်းအစီရင်ခံစာများကိုတင်သွင်းခြင်း


၂း၁။ အတွင်းရေးမှူးဒေါက်တာဆလိုင်းလျန်မှုန်း တင်သွင်းသော
ENSCC ၏နှစ်နှစ်တာ လုပ်ငန်းအစီရင်ခံစာ ..................................................... 15
၂း၂။ ဗိုလ်မှူးကြီးခွန်ဥက္ကာမှ ENSCC ၏နိုင်ငံရေးလမ်းပြမြေပုံ (Road Map
for Rebuilding the Union of Burma) ၏အစီရင်ခံစာ ................................. 25
၂း၃။ နိုင်ငံတကာရေးရာတာဝန်ခံ ခွန်းအက်ဒီဘူရီတင်သွင်းသော
ENSCC ၏နိုင်ငံတကာလုပ်ငန်းအစီရင်ခံစာ .................................................... 27


### အခန်း (၃)

တိုင်းရင်းသားလူမျိုးများ၏နိုင်ငံရေးပါတီများနှင့် တပ်ပေါင်းစုများမှတင်သွင်းသော “တိုင်းရင်းသားလူမျိုးများ၏ ကျစ်လစ်ခိုင်မာသော စည်းလုံးညီညွတ်ရေး” (Solidarity) တည်ဆောက်မှုအတွက် အမြင်နှင့်သဘောထား စာတမ်းများ


၃း၁။ UNLD (LA) မှတင်သွင်းသောစာတမ်း ........................................................ 33
၃း၂။ ALP မှတင်သွင်းသောစာတမ်း .................................................................... 44
၃း၃။ CNF မှတင်သွင်းသောစာတမ်း .................................................................... 49
၃း၄။ KNPP မှတင်သွင်းသောစာတမ်း ................................................................ 54
၃း၅။ KNU မှတင်သွင်းသောစာတမ်း ................................................................. 58
၃း၆။ MPP မှတင်သွင်းသောစာတမ်း .................................................................. 61
၃း၇။ NMSP မှတင်သွင်းသောစာတမ်း ................................................................ 62
၃း၈။ PSLF မှတင်သွင်းသောစာတမ်း ................................................................. 64

အခန်း (၄)

တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများမှ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" (Tripartite Dialogue) အပေါ် အမြင်နှင့်သဘောထားစာတမ်းများ


၄း၁။ UNLD (LA) မှတင်သွင်းသောစာတမ်း ........ 71
၄း၂။ ALP မှတင်သွင်းသောစာတမ်း ........ 80
၄း၃။ CNF မှတင်သွင်းသောစာတမ်း ........ 83
၄း၄။ KNPP မှတင်သွင်းသောစာတမ်း ........ 86
၄း၅။ MPP မှတင်သွင်းသောစာတမ်း ........ 88
၄း၆။ NMSP မှတင်သွင်းသောစာတမ်း ........ 90
၄း၇။ NDF အထွေထွေအတွင်းရေးမှူးမှ သုံးသပ်တင်ပြချက် ........ 91
၄း၈။ UNLD(LA) နာယက Dr. Chao Tzang Yawnghwe မှ Dialogue အပေါ်ဆွေးနွေးတင်ပြခြင်း........ 94

မှတ်တမ်းဓါတ်ပုံများ


အခန်း (၅)

လက်ရှိနိုင်ငံရေးအပေါ် သုံးသပ်ချက်များ (KNU နှင့် KNPP တို့၏အခြေအနေ)


၅း၁။ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်ကြီးတာမလာဘော၏မိန့်ခွန်း ........ 99
၅း၂။ KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာမှ လက်ရှိနိုင်ငံရေးအခြေအနေကို တင်ပြရှင်းလင်းခြင်း ........ 100
၅း၃။ KNPP ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်မန်းအောင်သန်းလေး၏ လက်ရှိနိုင်ငံရေးအခြေအနေကို တင်ပြရှင်းလင်းခြင်း ........ 108
၅း၄။ KNPP တွဲဖက်အတွင်းရေးမှူး ခူဦးရယ်မှ ကရင်နီပြည်အတွင်း လက်ရှိဖြစ်ပေါ်နေသောနိုင်ငံရေးအခြေအနေတင်ပြချက် ........ 111
၅း၅။ ENSCC အတွင်းရေးမှူးဒေါက်တာဆလိုင်းလျန်မှုန်း၏ ကြားဖြတ်မေတ္တာရပ်ခံချက် . 114
၅း၆။ KNU ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ KNU နှင့် နအဖစစ်အစိုးရ တွေ့ဆုံဆွေးနွေးပွဲအပေါ် ရှင်းလင်းတင်ပြချက် ........ 116


အခန်း (၆)

နိုင်ငံတကာအခြေအနေကို ဆွေးနွေးသုံးသပ်ခြင်း


၆း၁။ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်ကြီးစောဘိုမြ၏အဖွင့်မိန့်ခွန်း ........ 123
၆း၂။ ENSCC အကြံပေးပုဂ္ဂိုလ် Harn Yawnghwe မှ Inernational Forum နှင့် Bangkok Process အပေါ် ဆွေးနွေးခြင်း ........ 127
၆း၃။ ENSCC နိုင်ငံခြားရေးရာတာဝန်ခံ Teddy Buri မှ Bangkok Process အပေါ် ဆွေးနွေးခြင်း ........ 134

အခန်း (၇)

၇း၁။ တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများညီလာခံဆုံးဖြတ်ချက်များ ............. 137
၇း၂။ တတိယအကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံ ထုတ်ပြန်ကြေညာချက် ............. 142

အခန်း (၈)

တိုင်းရင်းသားလူမျိုးများကောင်စီ (နွယ)
၈း၁။ တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရွေးချယ်တင်မြောက်ခြင်းနှင့် တာဝန်ပေးအပ်ခြင်း 149
၈း၂။ ENC ၏ ထုတ်ပြန်ကြေညာချက်များ ............................................................... 152

# အခန်း (၁)

## တတိယအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ

## ဖွင့်ပွဲ မိန့်ခွန်းများ

## ၁း၁။ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်မန်းအောင်သန်းလေး၏အဖွင့်မိန့်ခွန်း



ဗိုလ်ချုပ်မန်းအောင်သန်းလေး

ကြွရောက်လာကြသော တိုင်းရင်းသားအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၊ တိုင်းရင်းသားအသီးသီးမှ အမျိုးသမီး အဖွဲ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအသီးသီးမှ လူငယ်အဖွဲ့အစည်းကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် အခြားနိုင်ငံရေးအဖွဲ့အစည်းများနှင့် လေ့လာသူများ ခင်ဗျား—

တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ၏ ဖိတ်ကြားချက်အရ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲသို့ ယခုလို တက်တက်ကြွကြွ တက်ရောက်လာကြသည့်အတွက် အထူးဘဲအားရ ကျေးဇူးတင်ပါကြောင်း ကျင်းပရေးကော်မီတီတဖွဲ့လုံး၏ကိုယ်စား ကျွန်ုပ်အနေနဲ့ ပြောကြားလိုပါတယ်။ တက်တက်ကြွကြွပါဝင် ဆွေးနွေးကြပါလို့လည်း ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

ကြွရောက်လာကြသောကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ အမျိုးသားအရေးနှင့် ပါတ်သက်၍ ကျနော်တို့တတွေ လုပ်ကိုင်ရုန်းကန်လာခဲ့ကြတာ ဒီနေ့ဆိုရင် နှစ်ပေါင်း (၅၀) ကျော်နေပြီဆိုတာ ကြွရောက်လာကြသော ကိုယ်စားလှယ်များအားလုံး အသိပင်ဖြစ်ပါတယ်။ နှစ်ပေါင်း (၅၀) ကျော်လုံးပမ်းခဲ့ပြီ ဖြစ်သော်လည်း ဘာကြောင့်မအောင်မြင်ရသေးတာလဲ၊ ဘာအားနည်းချက်များ၊ ဘာအမှားများ လုပ်ခဲ့သလဲ၊ ဘာလုပ်နေကြသလဲဆိုတာကို ရှာဖွေဖော်ထုတ်၍ တွေ့ရှိရသော ထိုအားနည်းချက်များ၊ အမှားများကိုပြင်ဆင်ရန်အတွက် ဤနီးနှောဖလှယ်ပွဲ ခမ်းမဆောင်သို့ ကျနော်တို့ ရောက်ရှိနေကြခြင်း ဖြစ်ပါတယ်ဆိုတာ ပြောလိုပါတယ်။

ခေါင်းဆောင်များ ကိုယ်စားလှယ်တော်များခင်ဗျား — ကျနော်တို့အားနည်းချက်တွေကတော့—

(၁) ရန်သူအပေါ် ရန်ငါစည်းအမြင် သဘောထားမပြတ်သားခြင်း၊
(၂) ခိုင်မာပြတ်သားသော ရည်မှန်းချက်ကိုချမှတ်ဖော်ပြပြီး ထိုရည်မှန်းချက်ပန်းတိုင်သို့သာ အရောက်သွားရန် တစိုက်မတ်မတ် ဇောက်ချမလုပ်ဆောင်ကြခြင်း၊

စသည်တို့ကြောင့် ကျနော်တို့ရဲ့လုပ်ငန်းဟာ ရှေ့သို့မသွားဘဲ ဝေ့လည်ဝေ့လည်ဖြစ်နေပြီး ဟိုနေရာမှာ တပိုင်းကွာထွက်လိုက်၊ ဒီနေရာမှာ တစပဲ့ထွက်လိုက်ဖြစ်နေတာ အားလုံးသိမြင်နေပြီးသား ဖြစ်ပါတယ်။ ဒါ့ကြောင့် ကြွရောက်လာကြသော ခေါင်းဆောင်ကြီးများ၊ ကိုယ်စားလှယ်များခင်ဗျား၊

အထက်ပါ အားနည်းချက်များ၊ အမှားများကိုပြုပြင်ပစ်လိုက်မှသာ ကျနော်တို့ရဲ့အလုပ်ဟာ အရှိန်ကောင်းစွာဖြင့် ရှေ့သို့တက်နိုင်မှာ ဖြစ်ပါတယ်။

ခေါင်းဆောင်များ ကိုယ်စားလှယ်များခင်ဗျား၊ ပြုပြင်ရမည် ဆိုသောအပိုင်းကို ပြောလိုပါတယ်။ အမျိုးသားအရေး လုပ်ကိုင်ဆောင်ရွက်ရာမှာ ထိုသက်ဆိုင်သည့် အမျိုးသားတရပ်လုံးပါဝင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ကြားနေတယ် ဆိုတာမရှိသလို နှစ်ခွနင်းထားတာလည်းမရှိပါ။ တဖက်မပါရင်

တဖက်မှာပါရမှာသာ ဖြစ်ပါတယ်။ အလားတူပဲ နယ်ချဲ့ဝါဒီအကြွင်းဖက်သမားတွေကို ဆန့်ကျင်ရာမှာလည်း ကြားနေတယ်ဆိုတာ မရှိသလို နှစ်ခွနင်းနေထိုင်တယ် ဆိုတာလည်း မရှိပါ။ တဖက်မှာ မပါရင် တဖက်မှာပါရမှာသာ ဖြစ်ပါတယ်။

နောက်တခုက ဒီနေ့ကျနော်တို့တိုက်ခိုက်နေတဲ့စစ်ဟာ ဖိနှိပ်သူနဲ့ ဖိနှိပ်သူကိုဆန့်ကျင် တွန်းလှန်နေတဲ့ "စစ်" ဖြစ်ပါတယ်။ ဖိနှိပ်သူကို ဆန့်ကျင်သူတွေဖက်မှာတော့ အမျိုးသားအရေးကိုလုပ်ကိုင်ဆောင်ရွက်သောအုပ်စုနှင့် ဒီမိုကရေစီအရေးတောင်းဆိုသည့် အုပ်စုရယ်လို့ အုပ်စုနှစ်စု ရှိနေပါတယ်။ ဒီအုပ်စုနှစ်စုထဲက အမျိုးသားအရေးကို လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေနဲ့ ဘဝလည်းတူ အနာဂတ်ရည်မှန်းချက်လည်းတူ ဖြစ်တဲ့အတွက် ဒီနေ့ဒီအချိန်မှာ တပ်ပေါင်းစုတို့ မဟာမိတ်တို့ စသည်ဖြင့်သာမဟုတ်တော့ဘဲ တပ်ပေါင်းစုထက်မြင့်သော တဖွဲ့နှင့် တဖွဲ့ဖက်တွယ်မှု ခိုင်မြဲသော၊ ပဲ့မထွက်နိုင်သော စုဖွဲ့မှုဖြင့် စုဖွဲ့ပြီး ဒီမိုကရေစီအုပ်စုများနှင့် မဟာမိတ်ဖွဲ့စည်းခြင်းသည်သာ လက်တွေကျသောစုဖွဲ့မှု ဖြစ်မှာဖြစ်ပါတယ်။

ခေါင်းဆောင်များ ကိုယ်စားလှယ်များခင်ဗျား — နောက်တခု ပြောလိုပါသေးတယ်။ အမျိုးသားအရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့အမျိုးသား ဘဝနာကြည်းချက်တွေနဲ့ ပါတ်သက်၍သွားလေပြီးသောလူပုဂ္ဂိုလ်များအပေါ် လက်ညိုးထိုးအပြစ်ဖို့ချနေရုံနဲ့ မလုံလောက်ပါ။ ဒီနေ့မရှိတော့သော အဖွဲ့အစည်းများအပေါ်ကိုသာ အပြစ်ဖို့ချရုံနဲ့ နောင်လာနောက်သားများအတွက် ဘဝအာမခံချက် မရှိသေးပါ။ တိုင်းရင်းသားများအနေနဲ့ လုပ်ဆောင်ရမှာက လူမျိုးတိုင်းလူမျိုးတိုင်းအတွက် ဘဝအာမခံချက်ရှိသော စည်းလုံးညီညွတ်၍ သာယာတိုးတက်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန်သာရှိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်ချီတက်ရာမှာ ဘေးက၊ နောက်ကမြည်နေသောအသံများအပေါ် မတွေဝေဘဲ၊ မလိုက်လိုသူ၊ အဆင်သင့်မဖြစ်သေးသောသူ အမျိုးသားများကိုစောင့်မနေဘဲ ရည်မှန်းထားသည့်ပန်းတိုင်သို့သာ တစိုက်မတ်မတ်ဇောက်ချလုပ်ဆောင်ရမှာသာဖြစ်ကြောင်း ပြောလိုပါတယ်။ တိုင်းရင်းသား၊ အမျိုးသားတွေမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်အတွက် အရောင်အဆင်းရှိသလို အရည်အသွေးလည်းရှိပါတယ်။ ဆိုလိုတာက တိုင်းရင်းသားအမျိုးသားတွေမှာ လက်နက်ကိုင်တပ်ဖွဲ့တွေရှိကြသလို၊ ဦးဆောင်အဖွဲ့အစည်းလည်းရှိပြီး နယ်မြေဒေသနှင့် လူထုပါရှိသည့်အတွက် လိုအပ်သည့်အရည်အချင်းနှင့် ပြည့်စုံနေပြီဖြစ်ကြောင်း ပြောတာဖြစ်ပါတယ်။ စတင်လုပ်ဆောင်ရန်သာ လိုပါတယ်။

ခေါင်းဆောင်များ ကိုယ်စားလှယ်များခင်ဗျား — နိဂုံး အနေနဲ့ပြောလိုတာက အမျိုးသားရေးအတွက်ကြောင့် နှစ်ပေါင်း (၅၀) ကျော် စစ်တိုက်လာကြပြီဖြစ်တဲ့အတွက် တချို့သူတွေအနေနဲ့ စစ်ကိုငြီးငွေ့ပြီး ထိုင်နေရင်လည်း ကိုယ့်ဘဝအာမခံချက်မရှိသလို စစ်ရဲ့အနိဌာရုံတွေကို စိတ်နှလုံးနာပြီးဘာကိုမှနားမထောင်ဘဲ မဆောင်ရွက်ရင်လည်း နောင်လာနောက်သားများအတွက် ဘဝအာမခံချက်ရှိမှာ မဟုတ်သည့်အတွက် အတိတ်က မိမိတို့ရဲ့အားနည်းချက်များ၊ အမှားများကို ရဲရဲဝံ့ဝံ့ပြုပြင်၍ ရည်မှန်းချက်ပန်းတိုင်သို့ချီတက်ရာမှာ နှစ်ပေါင်း (၅၀) မကလို့ နှစ်ပေါင်း (၁၀၀) ဘဲကြာကြာ ရည်မှန်းချက်ပန်းတိုင်သို့အရောက် ချီတက်လုပ်ဆောင်ကြဖို့ တိုက်တွန်းပြောဆိုရင်း အဖွင့်အမှာစကား ကိုရပ်နားပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

## ၁း၂။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ဒု–ဥက္ကဌ ခိုင်စိုးနိုင်အောင်၏ မိန့်ခွန်း



ခိုင်စိုးနိုင်အောင်

လေးစားအပ်ပါသော သဘာပတိကြီးများနှင့်တကွ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့ အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များခင်ဗျား —

တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲမှာ **NDF** ကိုယ်စား စကားပြော ခွင့်ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ တစ် တချက် ကျနော်ပြောကြားလိုတာကတော့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကျင်းပလာတဲ့ သမိုင်းအကျဉ်းချုပ်ကို ကျနော်ရှင်းပြလိုပါတယ်။ ကျနော်တို့ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ စတင်ကျင်းပလာတာ ဟာ ၁၉၉၇ ခု ဇန္နဝါရီလ က ဖြစ်ပါတယ်။ အဲဒီ နီးနှောဖလှယ်ပွဲကို ၁၉၇၆ ခုနှစ်က တိုင်းရင်းသားအရေး တပြည်လုံးအရေး ဖက်ဒရယ်နိုင်ငံထူထောင်ရေး အပေါ်မှာ အခြေခံပြီးတော့ဖွဲ့စည်းခဲ့တဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုက ကျင်းပပြုလုပ်ပေးတာ ဖြစ်ပါတယ်။ အဲဒီ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ဟာ တစိုက်မတ်မတ် အမျိုးသားရဲ့ ဒီမိုကရေစီအရေး ဖက်ဒရယ်ပြည်ထောင်စုအရေးကို တည်ဆောက်ဖို့အတွက် ကြိုးပမ်းလာတဲ့ တပ်ပေါင်းစုတခု ဖြစ်ပါတယ်။

အဲဒီလို ကြိုးပမ်းလာတဲ့ တပ်ပေါင်းစုတခုဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများရဲ့ အကျိုးအတွက် ၁၉၉၇ ခု ဇန္နဝါရီလ (၇) ရက်နေ့မှာ ပထမအကြိမ်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကို စတင်ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ အဲဒီကနေမြစ်ဖျားခံပြီးတော့ ၂၀၀၁ ခုနှစ် ဩဂုတ်လမှာ တကြိမ်နဲ့ ဒီ သက္ကရာဇ် ၂၀၀၄ မှာ တကြိမ်ဖြစ်ပါတယ်။ ကျင်းပလာတာ သုံးကြိမ် ရှိပြီဖြစ်ပါတယ်။ ကျနော် Focus လုပ်ပြီးတော့ အဓိကတင်ပြလိုတာကတော့ (သုံးကြိမ်) တိုင်တိုင်ကျင်းပလာခဲ့တာ ကျနော်တို့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုဟာ ခုနက ကျနော် ပထမတင်ပြခဲ့သလို တိုင်းရင်းသားအရေး၊ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးကို တစိုက်မတ်မတ်ကြိုးပမ်းလာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းလာတာဖြစ်ကြောင်း ပထမအနေနဲ့ ကျနော်ပြောကြားလိုပါတယ်။ ဒုတိယအနေနဲ့ ကျနော့်အတွေးအခေါ် အနေနဲ့တင်ပြလိုပါတယ်။ ကျနော်တို့ တိုင်းရင်းသားအတွင်းမှာ ဖြစ်ပေါ်မှုဖြစ်စဉ် မတူကြပါဘူး။ တချို့က ပဒေသရာဇ် ထွန်းကားခဲ့တယ်။ တချို့က ပဒေသရာဇ် မထွန်းကားခဲ့ဘူး။ တချို့က သီးခြားနိုင်ငံထူထောင်လိုတယ်၊ တချို့က ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်လိုတယ်။ အတွေးအခေါ် မတူညီနေကြတာကို တွေ့ရတယ်။ အဲဒီတော့ တူညီမှုမရှိတာကို တူညီမှုရအောင် ကျနော်တို့တစိုက်မတ်မတ် ကြိုးပမ်းလာတဲ့ အခါမျိုးမှာ တူညီမှုတစုံတရာရလာပြီ ဖြစ်ကြောင်း ကျနော်တွေ့မြင်နေရပါတယ်။ ဒါနဲ့တဆက်တည်းမှာဘဲ မတူညီတဲ့ အတွေးအခေါ် တိုင်းရင်းသားအတွင်းမှာ တူညီအောင် တည်ဆောက်တဲ့အခါမျိုးမှာ နားလည်သဘောပေါက်အောင် ရှင်းပြမှု၊ ကြိုးပမ်းမှုအစဉ်လုပ်ခြင်းအားဖြင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရာရောက်ပါတယ်။ တခါတခါကြိုးပမ်းမှု အစဉ်ကို မကြိုးပမ်းဘဲ ကိုယ်ဖြစ်ချင်တဲ့ဟာ ကိုယ်အတွေးအခေါ်အပေါ်မှာ အခြေခံပြီးတော့ ညီညွတ်မှု

တည်ဆောက်လိုတဲ့ပေါ်မှာ တစုံတရာညီညွတ်ရေး ထိခိုက်လာတာကိုလည်း ကျနော်တို့တွေ့မြင်ရပါ တယ်။ တွေ့မြင်ခဲ့ရရုံမက ခံစားခဲ့ရပါတယ်။ အဲဒါကြောင့် ကျနော်တို့တိုင်းရင်းသားလူမျိုးတွေရဲ့ အမျိုးသားတန်းတူရေးနှင့် အခွင့်အရေးကို တိုက်ပွဲဝင်တဲ့နေရာမှာ အမှန်တကယ်စုစည်းရမှာ ဖြစ်ပါတယ်။ စုစုစည်းစည်းနဲ့ မတိုက်နိုင်ဘူး၊ မစုစည်းနိုင်ဘူးဆိုရင် ကျနော်တို့ တိုင်းရင်းသားတွေဟာ တိုင်းရင်းသားတွေ မျှော်မှန်းထားတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုတာဟာ ဝေးသွားနိုင်ပါတယ်။ အဲဒါ ဒုတိယအချက်ဖြစ်ပါတယ်။ နောက်ကျနော်တို့က ယနေ့အုပ်ချုပ်နေတဲ့ နအဖ စစ်အုပ်စုကို တိုက်ပွဲဝင်ခဲ့ရတာ ဖြစ်ပါတယ်။ နအဖ စစ်အုပ်စုကို တိုက်ပွဲဝင်တဲ့နေရာမှာ အတွေးအခေါ် အယူအဆတွေ တူညီမှုမရှိတာကို တွေ့မြင်ရပါတယ်။

အထူးသဖြင့် ခုနက ကျင်းပရေးကော်မီတီဥက္ကဌ၊ **KNPP** ဒု–ဥက္ကဌက ပြောသွားတဲ့ မိန့်ခွန်းထဲမှာ နဲနဲထည့်ပြောသွားတာကို ကြားလိုက်ရပါတယ်။ အဲဒါဘာလဲဆိုရင် ရန်သူနဲ့တိုက်တဲ့နေရာမှာ ရန်သူမိတ်ဆွေ ခွဲခွဲခြားခြားရှိဖို့ဆိုတာကို ခုနကျင်းပရေးကော်မီတီ ဥက္ကဌ လမ်းညွှန်သွားတာကို ကြားလိုက်ရပါတယ်။ အဲဒါကြောင့် ကျနော်တို့တိုင်းရင်းသားအတွင်းမှာ ကျနော်တို့တိုင်းရင်းသားအခွင့်အရေး တိုက်ပွဲဝင်တဲ့နေရာမှာ မှန်မှန်ကန်ကန် ဘယ်လိုတိုက်ပွဲဝင်ရမလဲဆိုတာကို သေသေချာချာ နားလည်ထားဖို့လိုပါတယ်။ ခွဲခွဲခြားခြားနားလည်ထားပြီးတော့ တိတိကျကျပြတ်ပြတ်သားသားတိုက်ပွဲ ဝင်ဖို့လိုပါတယ်လို့ ကျနော်ပြောကြားလိုပါတယ်။ တကယ်လို့များ ရန်သူ၊ မိတ်ဆွေ မှန်မှန်ကန်ကန် မခွဲခြားနိုင်ဘူးဆိုရင် ကျနော်တို့ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူရေးရှိတဲ့ ဖက်ဒရယ်နိုင်ငံဆိုတာ တော်တော်ဝေးသွားမှာဖြစ်ပါတယ်။ အဲဒါကြောင့်ကျနော်အနေနဲ့ တိုတိုနဲ့လိုရင်း နောက်ဆုံးပြောကြားလိုတာကတော့ ကျနော်တို့တိုင်းရင်းသားတွေဟာ အတွေးအခေါ်အယူအဆတွေ မည်သို့ပင်ရှိစေ တခုလုံးနှင့်ပတ်သက်တဲ့ အမြင်အပေါ်မှာ တခုလုံးနဲ့ပါတ်သက်တဲ့ အကျိုးဖြစ်ထွန်းမှုပေါ်မှာ ညီညွတ်မှုကို တည်ဆောက်ပြီးတော့ ရန်သူ၊ မိတ်ဆွေ ခွဲခြားပြီးတော့ တိုက်ပွဲဝင်သွားကြပါစို့ လို့ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

## ၁း၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD (LA) ဥက္ကဋ္ဌ ခွန်းမတ်ရ်ကိုဘန်း၏မိန့်ခွန်း


ခွန်းမတ်ရ်ကိုဘန်း

လေးစားအပ်တဲ့သဘာပတိကြီးမှတဆင့် ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား —

အခုလို စကားပြောခွင့် ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျနော်တို့တိုင်းရင်းသားများရဲ့ နှစ်ပေါင်း (၅၀) ကျော်တွေ့ကြုံလာရတဲ့ အခြေအနေတွေကို ပြန်လည်သုံး သပ်ဖို့ လိုအပ်မယ်လို့ထင်တယ်။ ကျနော်တို့ရဲ့ အားနည်းချက်တွေကိုသုံးသပ်ပြီး ရှေ့ဆက်ဘယ်လိုသွားမလဲဆိုတာ ဆုံးဖြတ်ရမှာဖြစ်တယ်ဆိုတာ ဦးစွာတင်ပြလိုပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်ရင် အရင် ပဒေသရာဇ်ခေတ်ကတည်းက ဘုရင်၊ စော်ဘွား၊ တောင်ပိုင်၊ ရမ်အုပ်၊ စော်ကဲ၊ ဒူဝါ၊ စော်ဖျာ စသည်ဖြင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ကြတယ်။ ဘယ်လက်အောက်ခံမှ မဟုတ်ပါဘူး။ ကိုလိုနီခေတ် ပြန်ကြည့်ရင်လည်း ဗမာပြည်အားလုံး အင်္ဂလိပ်လက်အောက်ရောက်ပေမယ့်လည်း ကျန်တဲ့ ချင်း၊ ကချင်၊ ရှမ်း တွေဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိတယ်။ ကရင်နီ ဆိုရင် သီးခြားလွတ်လပ်တယ်။ ပြည်ထောင်စုပုံစံ မတည်ရှိခဲ့ပါဘူး။

ဒါပေမယ့် လွတ်လပ်ရေးကြိုးပမ်းတဲ့အချိန်မှာ ဗမာပြည်မှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဖဆပလတို့ ကြိုးပမ်းတဲ့အချိန်မှာလည်း ရှမ်း၊ ကချင်၊ ချင်းတွေလည်းအသီးသီး ကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီအချိန် ရှမ်းစော်ဘွားက ဗမာပြည် လွတ်လပ်ရေးယူပါစေ၊ ကျနော်တို့ သီးခြားလွတ်လပ်ရေး ယူမယ်။ နောက်မှ နှစ်ပြည်တပြည်ထောင်နဲ့ ဆွေးနွေးရင်ကောင်းမယ်ပြောပေမယ့် ရှမ်းလူငယ်နိုင်ငံရေးသမားတွေက ဗမာနဲ့ တပြိုင်တည်းယူမယ်ဆိုတဲ့ဘက်က အားများသွားပြီးတော့ နောက်ဆုံးတော့ ဗမာနဲ့တပြိုင်တည်း လွတ်လပ်ရေး ရယူဖို့ ဖြစ်သွားတယ်။ ကချင်တို့၊ ချင်းတို့လည်း တပြိုင်တည်း လွတ်လပ်ရေးယူသွားကြတယ်။ လွတ်လပ်ရေးယူဖို့ကို ပင်လုံစာချုပ်ပြန်ကြည့်ရင် အနှစ်သာရနှစ်ချက် ပါရှိတယ်။ ပထမ တချက်က တပြိုင်တည်း သီးခြားနယ်မြေတည်ရှိကြတဲ့ ဗမာပြည်၊ ကချင်ပြည်၊ ချင်းပြည်၊ ရှမ်းပြည်တို့ တပြိုင်တည်း လွတ်လပ်ရေးရယူတယ်။ ဒုတိယက တန်းတူမှုရှိတဲ့ ပြည်ထောင်စုတည်ဆောက်မယ်။ အင်မတန်ကောင်းတဲ့ အနှစ်သာရပါ။ ဒါပေမယ့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံရေးဆွဲမည့်အစမှာ ပထမ ဖဆပလ ပြင်ဆင်ရေး ညီလာခံကိုရင်း၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်ချက် (၇) ချက် ကိုရင်း၊ ပြည်ထောင်စုကို တန်းတူရေး လိုလိုဖေါ်ဆောင်သွားတာ တွေ့ရပါတယ်။

ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီး ဦးနုဖဆပလ ဥက္ကဋ္ဌ အဖြစ်တက်တဲ့အချိန်မှာ ဦးချန်ထွန်းကို ဖွဲ့စည်းပုံ (၂) လ နှင့်ပြီးအောင် ရေးခိုင်းတယ်။ အိန္ဒိယပြည်ကို လေ့လာပါဆိုပြီး ဖွဲ့စည်းပုံကို (၂) လ အပြီးရေးဆွဲခိုင်းပြီး၊ စက်တင်ဘာလ (၂၄) ရက်နေ့မှာအတည်ပြုတယ်။ အချိန် (၂) လ ဘဲ ရှိပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့တဲ့ မူအတိုင်းဆိုရင် ငွေအများကြီးကုန်မယ်၊ လူအင်အားအများကြီး သုံးရမယ်။ စစ်ဖြစ်လို့ တိုင်းပြည်ဆင်းရဲတယ်၊ ပုဒ်မ (၁၀) မှာ ခင်ဗျားခွဲထွက်ခွင့် ရှိတာပဲ။ အခန်း (၁၁) မှာ ပြင်ဆင်ခွင့်ရှိတာပဲ။ ပြင်ဆင်စရာရှိရင်လည်း နောက်မှ ပြင်ရတာပေါ့၊ ညီအကို အချင်းချင်းဘဲ နောက်မှ ပြင်လို့ရတာပေါ့။ ဖွဲ့စည်းပုံအတည်မပြုရင် လွတ်လပ်ရေးမှ မရနိုင်တာဆိုပြီး ဖဆပလကို အယုံအကြည် လွှန်သွားခဲ့တယ်။ ဒါနဲ့ဘဲ အတည်ပြုလိုက်တယ်။ နောက်ပိုင်းပြင်မည့်အချိန်ကျတော့ ပြင်လို့ မရတော့ ဘူး။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံကို လက်နှစ်လုံးကြား လက်ခံလိုက်ရတယ်။ လွတ်လပ်ရေးရပြီး အင်္ဂလိပ်တွေ နေရာမှာ ဗမာတွေတက်ထိုင်ပြီးတော့ သူတို့ရဲ့ လက်အောက်ခံတွေ ဖြစ်သွားရတယ်။ ဒါကိုသုံးသပ်ဖို့ တင်ပြတာ ဖြစ်တယ်။ ဖဆပလ ညီညွတ်တဲ့အချိန်မှာ ပြင်ခွင့်ကို အကြောင်းအမျိုးမျိုး ပြတာပဲ။ ဒါပေမယ့် ဖဆပလ နှစ်ခြမ်းကွဲပြီး၊ ဦးနုတို့ ကျော်ငြိမ်းတို့ ကွဲပြဲတဲ့အချိန်မှာ ၁၉၆၁ ခုနှစ် လောက်မှာ ပြင်ချင်ရင်ပြင်ပါ ဆိုပြီး ပြောလာတယ်။ ပြင်မယ်ဆိုပြီး တိုင်းရင်းသားအားလုံးကတညီတညွတ်တည်း တောင်ကြီး ညီလာခံမှာ "ဗမာလည်းပြည်နယ်တခု အဖြစ်ဖွဲ့စည်းရေး၊ လွှတ်တော်နှစ်ရပ်ပေးရေး၊ အာဏာတူ ပေးရေး" ဆိုတဲ့ဟာကို ဆွေးနွေးလာတယ်။ ဦးနုက အဲဒီအချိန်မှာ သုံးပုံတပုံလောက်နိုင်တယ်။ တိုင်းရင်းသားနဲ့ပေါင်းရင် ၉၀ ရာခိုင်နှုန်း လောက်နိုင်တယ်။ အတိုက်အခံဆိုတာ ၁၀ ရာခိုင်နှုန်း လောက် သာရှိတယ်။ ဒါကို တိုင်းရင်းသားတန်းတူရေးကို လုံးဝမလိုလို့ အာဏာသိမ်းလိုက်တယ်။ တိုင်းရင်းသား ခေါင်းဆောင်အများအပြား ကို ထောင်သွင်းခဲ့တယ်။ အများအပြား သေကုန်တယ်။ နိုင်ငံရေးသမားတွေ အတော်ကိုကုန်သွားတယ်။ တဗိုလ်ပြုတ်ပြီး တဗိုလ်တက်ပေမယ့် တိုင်းရင်းသားတွေကတော့ ခံရစမြဲဘဲ။ ဒါက ဒုတိယအကြိမ်မြောက် ခံရတာပဲ။

နေဝင်းအာဏာသိမ်းတဲ့အချိန် ပြောတာက "ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရှမ်း၊ ရခိုင် တွေဟာ ဖက်ဒရယ်သမားများ ဖြစ်ကြတယ်။ ခွဲထွက်ရေးသမားများ ဖြစ်ကြတယ်။ တိုင်းပြည်ဖြိုခွဲတဲ့လူတွေလို့ ပြောကြတယ်။ တိုင်းပြည်ချောက်ကမ်းပါးကျလုဆဲဆဲမှာ တပ်မတော်က အချိန်မှီကယ်တင်လိုက်တယ်" လို့ ပြောတဲ့အချိန်မှာ နိုင်ငံရေးအသိနားမလည်သေးတဲ့ အထူးသဖြင့် ဗမာတွေက လွတ်လပ်ရေးရတာ (၁၄) နှစ်ဘဲ ရှိသေးတယ်။ ဘယ်လောက်ခက်ခဲသလဲ။ အခုဟာက တိုင်းရင်းသားတွေက ခွဲထွက်ရေး သမားတွေ တိုင်းပြည်ဖြိုခွဲသူဆိုတော့ တပ်မတော်က အချိန်မှီကယ်တင်လိုက်တယ်ဆိုပြီး မြင်ကြတယ်။ နေဝင်းက ဗမာတွေနဲ့ တိုင်းရင်းသားတွေကို သွေးခွဲခဲ့တယ်။ ကျနော်တို့ တိုင်းရင်းသားတွေကို အဖျက် သမားတွေဘဲလို့ မြင်လာကြတယ်။ အခြေခံဥပဒေကို ပြင်ဆင်ခွင့်မရတော့ လက်နက်နဲ့ တော်လှန်ရေး လုပ်ပြန်တော့လည်း အဖျက်သမားဆိုပြီး ကျနော်တို့အပေါ်မှာ တလွဲမြင်တယ်။ တလျှောက်လုံးမှာ ဒီမိုကရေစီရေးနှင့် တန်းတူရေးကို တိုက်လာတာဖြစ်တယ်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု **NDF**, ဒါက အမျိုးသားရေးနှင့် ဒီမိုကရေစီအရေးကို တောက်လျှောက်တိုက်လာတာ။ ဒါပေမယ့် အဖျက်သမား လို့ဘဲ သူတို့က ကျနော်တို့ကို မြင်တယ်။ ဒါကြောင့် ကျနော်တို့ကို စစ်ဆင်ရေးနဲ့ အကြီးအကျယ်နှိပ်ကွပ် သတ်ဖြတ်အနိုင်ကျင့် မီးရှို့၊ မုဒိမ်းကျင့် နေတာကိုတွေ့ရတယ်။ ကျနော်တို့တိုင်းရင်းသားတွေက သူတို့ကို အုပ်ချုပ်သူလူတန်းစားတွေလို့ မမြင်တော့ဘဲနဲ့ ဗမာတွေ ကျနော်တို့ကိုနိုင်စားတယ် ဆိုပြီးတော့မြင်လာ ကြတယ်။ တိုင်းရင်းသားတွေနဲ့ ဗမာတွေ အဲဒီမှာ ကောင်းကောင်းသွေးခွဲ နိုင်ခဲ့တယ်။

မဆလရဲ့နိုင်ငံရေးမှားယွင်းမှုကြောင့် နှစ်ပေါင်း (၄၀) ကျော်ကြာလာတဲ့အခါမှာ စစ်ဒဏ်ကြောင့်လည်းဖြစ်တော့ ပြန်ကြည့်လိုက်ရင် ဒီမိုကရေစီလူ့အခွင့်အရေးဆိုပြီးတော့ အဲဒီဗမာ အများစုကလည်း စလာကြတယ်။ အဲဒီအချိန်မှာ သူ့ဖက်မှာ လူများနေဦးမှာဘဲဆိုပြီး မဆလပါတီ တဖြစ်လဲ တစည်ပါတီကို မွေးထုတ်ပေးခဲ့တယ်။ ဒါပေမယ့် ၉၀ ခု ရွေးကောက်ပွဲ ပြန်ကြည့်လိုက်ရင်တော့ အဲန်အဲလ်ဒီက ၈၀ ရာခိုင်နှုန်းအနိုင်ရတယ်။ UNLD က ၁၅ ရာခိုင်နှုန်း အနိုင်ရတယ်။ ပြန်ကြည့်ရင် ၉၀ ရာခိုင်နှုန်း လူထုက သူ့တို့ဆီမှာ မရှိတော့ဘူး။ ဦးနုလက်ထက်တုန်းကလည်း ဖဆပလ ညီညွတ်တဲ့အချိန်မှာ ပြင်ဆင်ရေး ကိစ္စကို ဂရုမစိုက်ဘူး။ ကွဲတဲ့အချိန်မှ ပြင်ပါလို့ပြောတယ်။ အခုကလည်း အရင်တုန်းက (၂၆) နှစ်လုံးလုံး က ဗမာလူထုသူတို့ဆီမှာရှိနေတဲ့ အချိန်ကျတော့ ဘာမှဂရုမစိုက်ဘူး။ ၉၀ ခုနှစ် ရွေးကောက်ပွဲ ကြည့်လိုက်ရင် လူထုကသူ့ဆီမှာ မရှိတော့ဘူးဆိုတော့ ဗမာလူထုလည်း မရှိတော့ဘူး။ တိုင်းရင်းသား လူထုလည်း မရှိတော့ဘူး။ နှစ်ပေါင်း (၅၀) ကျော်တိုက်လာခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းကို အပစ်အခတ်ရပ်စဲရေး ဆိုတဲ့ နောက်ဆုံးပေါ်လက်နက်ချနည်းနဲ့ စီစဉ်လိုက်တယ်။

နည်းအမျိုးမျိုးသုံးလာတဲ့အချိန်ကျတော့ ကျနော်တို့ မဒတ အဖွဲ့ဝင်တချို့လည်း ပါသွားတယ်။ အမာခံအဖွဲ့တွေ ပါသွားတယ်။ ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေး ဘဲပြောပြော အကြီးအကျယ် ဆုံးရှုံးသွားတယ်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့ဟာ နအဖရဲ့အတုအယောင်အမျိုးသားညီလာခံ၊ လမ်းပြမြေပုံကို ထောက်ခံတယ်။ အမျိုးသားညီလာခံကိုတက်မယ်အထိ ဖြစ်သွားတယ်။ ကျနော်တို့ရဲ့ မညီညွတ်မှုတွေ နိုင်ငံရေးအခြေမခိုင်မှုတွေဟာ အဲဒီမှာသွားတွေ့ရတယ်။ တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲမှာ ကျနော်တို့အားလုံးက ညီညွတ်မှုကို ဘယ်လိုတည်ဆောက်မလဲ။ အတွင်းက တိုင်းရင်းသားတွေနဲ့ ဆက်စပ်မှုရှိအောင် ဘယ်လိုတည်ဆောက်မှု လုပ်ရမလဲ။ အဲဒါ တင်မက တိုင်းရင်းသားအင်အားစု၊ ဒီမိုကရေစီအင်အားစုတွေနဲ့ ဘယ်လိုညီညွတ်မှုကို တည်ဆောက်နိုင်မလဲ။ တိုင်းရင်းသားတွေကနေ တန်းတူရေးနှင့် ဒီမိုကရေစီအတွက် သုံးပွင့်ဆိုင်နဲ့သွားရမယ်လို့ အားလုံးလက်ခံထားပြီး ဖြစ်ပါတယ်။ သုံးပွင့်ဆိုင်ပွဲကို ဘယ်လိုရောက်အောင် သွားမလဲဆိုတာကို ကြိုးပမ်းရမှာဖြစ်တယ်။ နောက်တချက်က ကျနော်တို့ကို နအဖက မြေပုံကြီးချထားတယ်။ ကျနော်တို့ လည်း သူ့ထက်သာတဲ့ နိုင်ငံတကာလက်ခံနိုင်တဲ့ လမ်းပြမြေပုံကို ဘယ်လိုချမလဲဆိုတာကို ဆွေးနွေးဖို့ လိုတယ်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့နှင့် ဒီမိုကရေစီအင်အားစုများပါဝင်ပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ရောက်အောင် ဘယ်လိုသွားကြမလဲဆိုတာကို ဆွေးနွေးဖို့လိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။ ■

## ၁း၄။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ခူထဲဘူးဖဲ၏မိန့်ခွန်း



ဥက္ကဋ္ဌ

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့တကွ တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများခင်ဗျား —

အခုလိုစကားပြောခွင့်ရလို့ အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ KNPP အနေနဲ့စကားပြောရရင် ကရင်နီသမိုင်းကို အရင်ပြောရမှာဖြစ်တယ်။ ကရင်နီပြည်နယ်ဟာ ၁၈၇၅ မှာ အင်္ဂလိပ်က သီးခြား လွတ်လပ်တဲ့ တိုင်းပြည်ဆိုပြီး ဗမာဘုရင်နဲ့ အင်္ဂလိပ်အစိုးရတို့ ပူးတွဲလက်မှတ်ရေးထိုးထားတာ ဖြစ်တယ်။ အဲဒီကစပြီး ကျနော်တို့ ကရင်နီပြည်ဟာ ဗြိတိသျှ–အိန္ဒိယအပြီး သီးခြားလွတ်လပ်တဲ့ တိုင်းပြည်တပြည်အနေနဲ့ ရပ်တည်ခဲ့ပါတယ်။ ၁၉၃၇ ခုနှစ်မှာ British-Burma ထူထောင်တဲ့ အချိန်မှာလည်း ကျနော်တို့ရဲ့ ကရင်နီပြည်နယ်ဟာ British-Burma အပြီးမှာ သီးခြားလွတ်လပ်တဲ့ တိုင်းပြည်အဖြစ် ဆက်လက် ရပ်တည်ခဲ့ပါတယ်။

ဗမာပြည်လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ (၉) ရက်နေ့မှာ ဖဆပလ အစိုးရကနေပြီးတော့ ကရင်နီပြည်ကို ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့ ပါတယ်။ ပြည်သူလူထုရော၊ စောဖျာတွေပါ မကျန် ကျူးကျော်လာတဲ့ ဗမာရန်ကိုခုခံတာ ယနေ့အထိ ဖြစ်သွားတယ်။ ကရင်နီအမျိုးသားခုခံရေးဆိုတာက ၁၉၄၈ ဩဂုတ်လမှာ စတင်ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ကရင်နီအနေနဲ့ နိုင်ငံရေးခေါင်းဆောင်မှုကို ရရှိဖို့ဆိုပြီးတော့ ၁၉၅၇ မှာ KNPP ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဖဆပလကို တော်လှန်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားများနှင့်သော်လည်းကောင်း၊ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ ပူးပေါင်းနိုင်အောင်ဆိုပြီး ဖက်ဒရယ်မူကို ချနိုင်ခဲ့ပါတယ်။ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီရေး၊ တရားမျှတရေးတို့အပေါ်မှာ အခြေခံပြီးဖွဲ့စည်းဖို့ဆိုတာကို ကျနော်တို့ "မူ"တရပ်ချမှတ်နိုင်ခဲ့ပါတယ်။ ၁၉၅၇ မှစပြီး ကရင်နီ ကနေပြီးတော့ ဖက်ဒရယ်လိုလားသော တိုင်းရင်းသားအဖွဲ့အစည်းများကို အားပေးအားမြှောက်ခဲ့ပါတယ်။ ဒီမိုကရေစီနည်းအရ သော်လည်းကောင်း၊ ကုလသမဂ္ဂရဲ့ ကိုလိုနီစနစ်ထိန်းသိမ်းတဲ့ပြဋ္ဌာန်းချက်အရ သော်လည်းကောင်း၊ ကရင်နီပြည်ဟာ ဗမာပြည်အစိတ်အပိုင်း မဟုတ်ဘူးဆိုတာ ရှင်းနေပါတယ်။ KNPP ကို အစိုးရအဆက်ဆက်က "မင်းတို့ခွဲထွက်ရေးသမားပဲ" လို့ စွပ်စွဲထားတယ်။ KNPP က ခွဲထွက်ရေးသမား မဟုတ်ပါဘူး။ အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေတဲ့အဖွဲ့ ဖြစ်တယ်။ National Liberation Movement ဖြစ်တယ်။ National Liberation Movement ရဲ့ရည်မှန်းချက်က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သော်လည်းကောင်း၊ သီးခြား လွတ်လပ်ရေးအတွက် သော်လည်းကောင်း ဖြစ်တယ်။ ကျနော်တို့ရဲ့ တော်လှန်ရေးသက်တမ်းလည်း နှစ်ပေါင်း (၅၀) ကျော်လာပြီ။ တပ်ပေါင်းစုမှာလည်း ပါလာခဲ့ပြီးပြီ၊ တိုင်းရင်းသားလက်နက်ကိုင်နဲ့လဲ တွဲလာခဲ့ပြီးပြီ။ ဒါကြောင့် ဖက်ဒရယ်ကို လက်ခံတယ်။ ထောက်ခံတယ်။ ဒါပေမယ့် ဦးဆောင်ပြီး မလုပ်နိုင်ခဲ့ဘူး။

ယနေ့အခြေအနေဟာ ဒီမိုကရေစီအဖွဲ့အစည်းများနဲ့တိုင်းရင်းသားတိုင်း၊ အမျိုးသားတိုင်းအတွက် အရေးကြီးတဲ့အချိန်ဖြစ်ပါတယ်။ ဘာဖြစ်လဲဆိုတော့ နအဖလမ်းပြမြေပုံကို တုန့်ပြန်တဲ့နေရာမှာ အမျိုးအစား သုံးမျိုးရှိတယ်။ (၁) နအဖရဲ့ လမ်းပြမြေပုံကို လုံးဝကန့်ကွက်တယ်။ (၂) ထောက်ခံတယ်။ (၃) နအဖလမ်းပြမြေပုံအပေါ်အခွင့်ကောင်း ယူပြီးတော့ နအဖနဲ့တွေ့ဆုံဆွေးနွေးရေးကို မိမိတို့အဖွဲ့အစည်းအတွက် လုပ်ချင်တဲ့အဖွဲ့ရှိတယ်။ ဘာဘဲဖြစ်ဖြစ်ပေ့ါ နအဖရဲ့ လမ်းပြမြေပုံနဲ့ပါတ်သက် လာရင် တိုင်းရင်းသားအားလုံးရဲ့ အကျိုးအတွက် အလုပ်လုပ်ကြပါ။

ENSCC ကို KNPP အနေနဲ့ မယ်သရောထာမှာပြုလုပ်တဲ့ အစည်းအဝေးရဲ့ အဆက်လို့မြင် တယ်။ မယ်သရောထာမှာလည်း သဘောတူညီချက် (၁၀) ချက်ထုတ်ပြန်တာရှိတယ်။ ENSCC ရဲ့ အလုပ်က — (၁) သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်မြောက်ရန်အတွက် Lobby လုပ်ဖို့၊ (၂) တိုင်းရင်းသား စည်းလုံးညီညွတ်ဖို့၊ (၃) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ဆိုတဲ့ ဦးတည်ချက်ရှိတယ်။ ဒါပေမယ့် လုပ်ပိုင်ခွင့် ဘယ်လောက်ရှိတယ်ဆိုတာ အတိအကျ မချမှတ်ခဲ့ပါဘူး။ ENSCC လုပ်တဲ့ လူတွေလည်း တော်တော်လေး အခက်အခဲတွေ့နေပြီ။ ENSCC ကိုဖျက်သိမ်းဖို့ သော်လည်းကောင်း၊ ဆက်လက် ထားရှိဖို့သော် လည်းကောင်း တက်ရောက်လာတဲ့ ကိုယ်စားလှယ်များက ဆုံးဖြတ်ရမှာ ဖြစ်တယ်။ ENSCC ကိုဆက် ထားချင်ရင် ဒီနီးနှောဖလှယ်ပွဲကနေ တာဝန်၊ လုပ်ပိုင်ခွင့်အတိအကျပေးဖို့ KNPP အနေနဲ့တင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာပြည်ရဲ့ ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့ နအဖနဲ့ အပြိုင်လုပ်ရမှာ ဖြစ်တယ်။ ဖြစ်ပေါ်တိုးတက်နေတဲ့ အခြေအနေကို လက်တွေ့ကျကျသုံးသပ်ရှုမြင်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

## ၁း၅။ Shan Democratic Union (SDU) ဒေါက်တာစဝ်ဇနဲ့ယောင်ဟွေ၏မိန့်ခွန်း



ဒေါက်တာစဝ်ဇနဲ့ယောင်ဟွေ

လေးစားအပ်တဲ့သဘာပတိကြီးနဲ့တကွ တိုင်းရင်းသားကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား —

Shan Democratic Union က နိုင်ငံရေး Front လဲ မဟုတ်ပါဘူး။ ဒါပေမယ့် ရှမ်းပြည်စစ်တပ်နှင့် နိုင်ငံရေးပါတီများနဲ့အမြဲတမ်းအဆက်အသွယ်ရှိတယ်။ အားလုံးကသက်ဆိုင်ရာ Coordination လုပ်ငန်း တွေလုပ်ခဲ့ကြပါတယ်။ ရှမ်းပြည်အတွင်း ညီညွတ်မှုရရှိဖို့ ကြိုးစားခဲ့ကြပါတယ်။ ရှမ်းပြည်မှာ အပစ်အခတ်ရပ်စဲပြီးသား အင်အားစုတွေရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးမှာ မပါတာက RCSS/SSA ရှိပါတယ်။ ဒါတင်မကဘူး၊ ရှမ်းပြည်မှာ နိုင်ငံရေးအရထင်ပေါ်ပြီးတော့ ခိုင်မာတဲ့ SNLD ရှိပါတယ်။ နိုင်ငံရေး အင်အားလည်း အပြည့်အဝရှိပါတယ်။ တိုက်ခိုက်နေတဲ့ အင်အားလည်းအပြည့်အဝ ရှိပါတယ်။ ငြိမ်းချမ်းရေးအသွင်ဆောင်ပြီး ဆက်ပြီးတိုက်နေတဲ့ လက်နက်ကိုင်အင်အားစုတွေလည်း အများအပြား ရှိပါတယ်။

ရှမ်းပြည်က လက်နက်ကိုင်အားလုံးပေါင်းမည်ဆိုရင် “ဝ”အပါအဝင် အင်အားသောင်းချီ ရှိပါ တယ်။ SDU အနေနဲ့ ဒီအင်အားတွေကို စုစည်းဖို့တာဝန်ရှိပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့တွေကို သစ္စာဖောက်တယ်လို့ ပြောလို့မရဘူး။ သူတို့က အခြေအနေအမျိုးမျိုး၊ ဖိအားအမျိုးမျိုးပေးခံရမှုတွေကြောင့် အပစ်အခတ်ရပ်စဲရေး လုပ်ရတာဖြစ်တယ်။ တရုတ် ထိုင်း တို့ရဲ့ဖိအားပေးမှုတွေကြောင့်ပေါ့။ ငြိမ်းချမ်းရေး အဖွဲ့လုပ်တာ လက်နက်ချတာလည်းမဟုတ်ဘူး။ နိုင်ငံရေးဆက်မလုပ်တာ လဲမဟုတ်ဘူး။ အပစ်အခတ်ရပ်စဲရေးလုပ်တာ နိုင်ငံရေးရည်ရွယ်ချက်ကို လက်မလွှတ်ပါဘူး။ သူတို့လည်း သဘောတူတယ်။ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ပါဘဲ။ နိုင်ငံရေးဆို ပြောဆိုခွင့်မရှိပါဘူး။ စီးပွါးရေးလုပ်ကိုင်ခွင့်ပေးတယ်။ အုပ်ချုပ်ရေးကို ခွင့်ပြုပေးတယ်။ ဒါပေမယ့် ကျနော်တို့ ငြိမ်းချမ်းရေးအဖွဲ့တွေ နှင့် တခြားပြည်နယ်က ငြိမ်းချမ်းရေးအဖွဲ့တွေက ငြိမ်ငြိမ်နေတာမဟုတ်ဘူး။ သူတို့လည်း တတ်နိုင်တဲ့ဖက်က တွန်းတယ်။ SSPC, KIA, Wa လည်းတွန်းတယ်။ နအဖနဲ့ Dialogue လုပ်ဖို့ SNLD နဲ့ နိုင်ငံရေးအဖွဲ့ကလည်းတွန်းတယ်။ UNLD အဖွဲ့တွေကလည်း တွန်းအားပေးတယ်။

တချို့က ဘယ်လိုမြင်လာသလဲဆိုရင် ခင်ညွန့်လမ်းပြမြေပုံက လိမ်စားတာပဲ။ ဟုတ်တာပဲ၊ နိုင်ငံရေးက လိမ်စားတတ်တာပဲ။ ဖိနှိပ်ချုပ်ချယ်တဲ့ လူရဲ့နိုင်ငံရေးက အမြဲတမ်းလိမ်စားတာပဲ။ ဒါကို သူတို့က လိမ်တယ်ဆိုပြီးတော့ တဖက်မှာ Political Offensive နိုင်ငံရေးထိုးစစ်ဆင်နေတာဘဲဖြစ် တယ်။ ဒီ နိုင်ငံရေးထိုးစစ်ကို သူတို့ထိုးလာတယ်။ ထိုင်း၊ တရုတ်၊ ကုလသမဂ္ဂတို့ကတောင် နအဖရဲ့ နိုင်ငံရေးထိုးစစ်ကို ထောက်ခံလာတယ်။ နအဖရဲ့ NC နှင့် Bangkok Process တို့ကို ထောက်ခံနေကြတာဟာ နအဖရဲ့ထိုးစစ်ကို တနည်းအားဖြင့် ထောက်ခံနေတာဘဲဖြစ်တယ်။ ကျနော်တို့ဖက်က နိုင်ငံရေးစစ်ပွဲ ထိုးသင့်ပြီလို့ တချိန်လုံးအော်နေကြတယ်။ အခုအခွင့်အရေး နဲနဲရှိလာတဲ့အခါမှာ နအဖက

နိုင်ငံတကာဖိအားကို မခံနိုင်လို့ တခါးနဲနဲဖွင့်လာတဲ့အခါမှာ၊ ဒါမှမဟုတ် ပြောင်စိန်ခေါ်လာတဲ့အခါမှာ ဒါကသူတို့မတရားဘူး။ မရိုးသားဘူး ဆိုပြီးတော့ ကျနော်တို့ငြီးနေ ပြန်တယ်။ နအဖရဲ့ထိုးစစ်ကို မတရားဘူးလို့ပြောရင်၊ နအဖရဲ့စိန်ခေါ်မှုကို မရိုးသားဘူးလို့ဆိုပြီး ထိုင်နေရင် ကမ္ဘာကဘယ်လိုမြင်မလဲ။ ထိုင်းကဘယ်လိုမြင်လာမလဲ။ တရုတ်က ဘယ်လိုမြင်လာမလဲ။ အော်တာတော့အော်တယ်။ ရှေ့မတက်ချင်ဘူး။ လက်နက်မကိုင်ချင်ဘူး။ သူပုန်မဟုတ်ဘူး။ ခွဲထွက်ရေး သမားမဟုတ်ဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ ဖြေရှင်းမယ်ဆိုပြီး တချိန်လုံးအော်နေရုံနဲ့ ပြီးမလား။ ဒါတင်မကသေးဘူး၊ နအဖဖက်က နိုင်ငံရေး ထိုးစစ်ဆင်လာတဲ့အခါမှာ ကိုယ်ကသူတို့ လုပ်တာမတရားဘူး ဆိုပြီးအော်နေရုံနဲ့ပြီးမလား။ ရန်သူရဲ့ထိုးစစ်ကို ရန်သူရဲ့ထိုးစစ်အဖြစ်နဲ့ မြင်တတ်ဖို့လိုတယ်။ ရန်သူရဲ့ထိုးစစ်ကို မြင်ရက်သားနဲ့ တန်ပြန်ထိုးစစ်မဆင်ရဲဘူး၊ တန်ပြန်ထိုးစစ်ဆင်ရင် ကျနော်တို့ရှုံးမယ်၊ တိုက်ပွဲဝင်ရင် ရှုံးမယ် ယူဆပြီးတော့ ဒီပွဲမှာလည်း မဝင်ရဲဘူးဆိုရင် ဘာဖြစ်သွားမလဲ ဆိုတာကိုလည်း စဉ်းစားကြည့်ကြပါ။

ကျနော်တို့ ပြတ်ပြတ်သားသားတိုက်လာတာ အနှစ် (၅၀) ကျော်လာပြီ။ ငြိမ်းချမ်းရေးလုပ်သွားတဲ့ လူတွေကလည်း မတိုက်တာမဟုတ်ဘူး။ သူတို့လည်း နိုင်ငံရေးအရ ဆက်တိုက်နေတာပဲ။ ကျနော်တို့ အပြင်ကလည်း ဆက်တိုက်နေတယ်။ အခု နိုင်ငံရေး ထိုးစစ်ဆင်လာတဲ့အခါမှာ ကျနော်တို့တန်ပြန် တဲ့နေရာမှာ၊ တန်ပြန်ထိုးစစ်ပြန်ဆင်ဖို့လိုတယ်။ သူတို့မရိုးသားဘူးဆိုပြီးတော့ မပါတော့ဘူး ဆိုရင်လည်း မရတော့ဘူး။ အဲဒါ ကောင်းကောင်းစဉ်းစားပါလို့ တိုက်တွန်းလိုပါတယ်။ သူတို့သိပ်ဆိုးတယ် မကောင်း ဘူးဆိုတာကတော့ တကမ္ဘာလုံးသိပြီ။ ကုလသမဂ္ဂလည်း သိတယ်။ စစ်အာဏာရှင် တွေဘယ်လောက် ဆိုးဝါးနေတာကိုလည်း ကလေးကအစ တကမ္ဘာလုံးကသိပါတယ်။ ဒါကြောင့် ငြီးထွားရုံနဲ့မပြီးဘူး။ လိုရာပန်းတိုင်ရောက်ဖို့ဆိုရင် နည်းအမျိုးမျိုးနဲ့တိုက်ရမယ်။ ကျနော်တို့ တိုက်နိုင်တယ်ဆိုရင် နိုင်ငံရေး စစ်ဆင်ရေးကို ဖွင့်လာတဲ့အချိန်မှာ ထပ်၍ပြန်ပြီး စစ်ဆင်ရေး လုပ်နိုင်တယ်။ တချိန်တည်းမှာ ငြိမ်းချမ်းရေး မယူသေးနေတဲ့အဖွဲ့တွေလည်း ဆက်ပြီးတိုက်နေတာပဲ။ လက်နက်ကိုင် လမ်းစဉ်စွန့်ဖို့ဆိုတာလည်း မဟုတ်ပါဘူး။ လက်နက်ကိုင်တဲ့အဖွဲ့တွေလည်း ဆက်လက်တိုက်ပါ။ မဟာဗျူဟာအရ နိုင်ငံရေးထိုးစစ် ထိုးမယ့်လူလည်း ဆက်ထိုးပါ။ ဘက်ပေါင်းစုံကပေါ့။ ဒါဟာ SDU ရဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ ■

## ၁း၆။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ မှ ကိုယ်စားလှယ် ဗိုလ်မှူးစိုင်းပွန်ခေး၏မိန့်ခွန်း



ဗိုလ်မှူးစိုင်းပွန်ခေး

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများခင်ဗျား — အခုလို စကားပြောကြားခွင့်ရလို့ အတိုင်းမသိဝမ်းမြောက် ဂုဏ်ယူမိပါတယ်။

RCSS ရဲ့ သဘောထားဖြစ်တဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးဖို့ အကြောင်းကို နည်းနည်းဆွေးနွေးလိုပါတယ်။ RCSS က (၈) ပြည်နယ်ကို အခြေခံပြီး ဆွေးနွေးလိုပါတယ်။ ကျနော်တို့ တိုင်းပြည်ကို တိုင်းရင်းသားအချင်းချင်း Level ဖြစ်နေအောင်လည်း ကျနော်တို့ဒီ (၈) ပြည်နယ်ကို အခြေခံပြီးတည်ထောင်ချင်ပါတယ်။ ဒါကြောင့် လွှယ်တိုင်းလျှန်းမှာ JAC ဆိုတဲ့ Joint Action Committee တို့ ထူထောင်ချင်တယ်ဆိုတာကို တင်ပြထား ပါတယ်။ အဲဒီ JAC ကိုဖွဲ့ခြင်းအားဖြင့် ကျနော်တို့တိုင်းရင်းသားများ ဖြစ်ချင်တဲ့ဆန္ဒ၊ လိုချင်တဲ့အချက်အလက်တွေကို အားလုံးညှိနှိုင်း ပြီးမှ နိုင်ငံတကာမှာ Lobby လုပ်မယ်။ ကျနော်တို့ နအဖနဲ့ဆွေးနွေးမလားဆိုတဲ့အချက်ဟာ တူညီနိုင်ရင်ကောင်းတယ်။ ကျနော်တို့တိုင်းရင်းသားတွေ လိုချင်တဲ့အချက်အားလုံး အရင်ဆုံးမညှိနှိုင်းဘဲ တယောက်တပေါက် သွားပြောလို့ရှိရင် ပန်းတိုင်ရောက်ဖို့ အခြေအနေကနဲနဲနေးကွေးမယ်လို့ မြင်တယ်။ ဒါကြောင့်မို့ ကိုယ့်အဖွဲ့အစည်းမှာရှိနေတဲ့ နိုင်ငံရေး ဘဲဖြစ်ဖြစ်၊ ဖွဲ့စည်းပုံဘဲဖြစ်ဖြစ်၊ နအဖကို တင်ပြချင်တဲ့ အရာတွေအားလုံး ကျနော်တို့ဝိုင်းပြီး အရင်ဆုံးဆွေးနွေးပြီးမှ ကျနော်တို့ဖွဲ့ထားတဲ့ JAC မှာ ပြန်ပြီးတော့ သုံးသပ်ဖို့လိုပါတယ်။ နောက် JAC ကို တိုင်းရင်းသားရပ်တည်ချက်၊ သဘောထားတွေကို တယောက်တပေါက်မဟုတ်ဘဲ တသံတည်းထုတ် ဖော်နိုင်အောင် JAC ကို ဖွဲ့စည်းချင်တာ ဖြစ်ပါတယ်။အဲလိုသာမဟုတ်ပဲ JAC ကိုဖွဲ့လို့ရှိရင် ကျနော်တို့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်ရေး ကျစ်လစ်ခိုင်မာလိမ့်မယ်လို့ ကျနော်တို့ RCSS အနေနဲ့မထင်ဘူး။

ဒါကြောင့်မို့ ဒီသုံးပွင့်ဆိုင်ဆွေးနွေးပွဲရဲ့ အမြင်သဘောထားကတော့ ရှင်းရှင်းပြောရင် ကုလသမဂ္ဂရဲ့ လိုအပ်ချက်၊ လိုလားတောင့်တချက် လို့မြင်ပါတယ်။ ဒါပေမယ့် ကျနော်တို့တိုင်းရင်းသားတွေ သုံးပွင့်ဆိုင်တက်ဖို့ဆိုတာ အရင်ဆုံး နိုင်ငံရေးပါတီတခု အဖွဲ့အစည်းတခု မဖွဲ့စည်းထား၊ မထူထောင်ထားလို့ရှိရင် ကျနော်တို့ လိုချင်တဲ့ပန်းတိုင် ဖြစ်မလာနိုင်ဘူးလို့ ထင်တယ်။ ဒါကြောင့် သုံးပွင့်ဆိုင်ဖြစ်ဖို့က ကျနော်တို့ အရင်ဆုံးနိုင်ငံရေးအဖွဲ့အစည်းအောက်မှာ မူတခုနဲ့ထားပြီးတော့ သွားဆွေးနွေးရင် မကောင်းဘူး လားလို့ RCSS အနေနဲ့ အဆိုတင်သွင်းလိုပါတယ်။ နောက်ပြီးတော့ ENSCC နဲ့ပါတ်သက်လို့ မေးချင်တာတွေလည်းရှိတယ်။ အဲဒီ ENSCC ဟာ နိုင်ငံရေးနဲ့ ပါတ်သက်မှုရှိမရှိ သိချင်ပါတယ်။ RCSS အနေနဲ့ ENSCC ရဲ့ သဘောထားကို အတိအကျ သိလိုပါတယ်။ နိုင်ငံရေးနဲ့ ပါတ်သက်ရင် ကျနော်တို့ RCSS အနေနဲ့ဝင်မယ်။ မပတ်သက်ရင် အစည်းအဝေးရှိတဲ့အခါ လေ့လာသူအနေနဲ့ဘဲ ပါဝင်တက်ရောက်မယ်။ (၂) အချက်အနေနဲ့ ကျနော်တို့ KNU နဲ့ နအဖဆွေးနွေးချက်တွေကို ဘယ်လို အခြေအနေရှိသလဲဆိုတာကို သိခွင့်ရှိရင် သိပါရစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

# အခန်း (၂)

## ENSCC ၏ နှစ်နှစ်တာလုပ်ငန်းအစီရင်ခံစာများကိုတင်သွင်းခြင်း

## ၂း၁။ အတွင်းရေးမှူးဒေါက်တာဆလိုင်းလျန်မှုန်းမှတင်သွင်းသော နှဃဃ ၏ နှစ်နှစ်တာ လုပ်ငန်းအစီရင်ခံစာ



ဒေါက်တာဆလိုင်းလျန်မှုန်း

နိဒါန်း

တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ENSCC ကို သက္ကရာဇ် ၂၀၀၁ ခုနှစ် ဩဂုတ်လ (၂၆ မှ ၃၀) ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ (Ethnic Nationalities Seminar) တွင်ဖွဲ့စည်းခဲ့ပါသည်။

ENSCC ကော်မတီဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်မှာ တိုင်းရင်းသားလူမျိုးများ၏နိုင်ငံရေး အဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်စွာဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် နှင့် နိုင်ငံတကာမှ တိုင်းရင်းသားလူမျိုးများ၏ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးကြိုးပမ်းမှုအပေါ် ကူညီပံ့ပိုးမှုများ၊ အားပေးထောက်ခံမှုများ ရရှိနိုင်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီတရပ်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ENSCC သည် နိုင်ငံရေးပါတီ တရပ်လည်းမဟုတ်၊ နိုင်ငံရေးတပ်ပေါင်းစုတခုလည်း မဟုတ်ပါ။ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာနိုင်ရေးနှင့် ထိုသို့တွေ့ဆုံရာတွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ အစစ်အမှန်ဖြစ်ရေးအတွက် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများဖက်မှ ပြင်ဆင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အပြင် အမြင့်ဆုံးအဆင့် "တသံတည်းထွက်နိုင်ရေး" (One Ethnic Voice) အထိဦးတည်၍ ဖွဲ့စည်းထားသော ကော်မတီတရပ်သာဖြစ်ပါသည်။

### သုံးပွင့်ဆိုင်ဆွေးနွေးပွဲနှင့် ENSCC နိုင်ငံရေးမဟာဗျူဟာ

အနှစ်ငါးဆယ်ကျော်ကြာ ပြည်တွင်းစစ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများအားလုံးကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးဖြေရှင်းရန် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများမှ အစဉ်တစိုက်တောင်းဆိုလာခဲ့ပါသည်။ ထို တောင်းဆိုချက်များနှင့်အညီ ၁၉၉၄ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြင့် မျက်နှာချင်းဆိုင်ဆွေးနွေးဖြေရှင်းရန် နှစ်စဉ်နှစ်တိုင်း ဆုံးဖြတ်ချက်များချမှတ်ခဲ့ပါသည်။ ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် လက်ရှိစစ်အစိုးရ နအဖ၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD ပါတီနှင့် တိုင်းရင်းသားလူမျိုးများအားလုံး အင်အားစုသုံးရပ်ပါဝင်ရန် ကမ္ဘာ့ကုလသမဂ္ဂမှ ဆုံးဖြတ်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့်အညီ သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ပေါက်လာရေးအတွက် သော်၎င်း၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာသောအခါ မိမိတို့၏နိုင်ငံရေးရည်မှန်းချက်များနှင့် ခေတ်အဆက်ဆက်မှ ဆုံးရှုံးနစ်နာခဲ့သော အခွင့်အရေးများကို ပြန်လည်ရရှိနိုင်ရန် တိုင်းရင်းသားလူမျိုးများဖက်မှ ပြင်ဆင်မှုများ ပြုလုပ်ရန် အထူးလိုအပ်နေခဲ့ပါသည်။ ထိုလိုအပ်ချက်များနှင့်အညီ လွတ်မြောက်နယ်မြေရောက် တိုင်းရင်းသားလူမျိုးများ၏နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစု များကို စုစည်းနိုင်ရန် သက္ကရာဇ် ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တိုင်းရင်းသား လူမျိုးများ နီးနှောဖလှယ်ပွဲတွင် ENSCC ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ENSCC အနေဖြင့် အောက်တွင်ဖေါ်ပြထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး ပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအကြား စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းတို့မှာ—

(၁) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) အောက်တွင်စုစည်း ပါဝင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ၊

(၂) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တပ်ပေါင်းစုကြီးတွင်ပါဝင်နေကြသော တိုင်းရင်းသားလူမျိုးများ၏လက်နက် ကိုင်တော်လှန်ရေးအင်အားစုများ၊

(၃) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တပ်ပေါင်းစုကြီးတွင် မပါဝင်သော တိုင်းရင်းသား လူမျိုးများ၏လက်နက် ကိုင်တော်လှန်ရေးအင်အားစုများ၊

(၄) နအဖစစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ဟူ၍ဖြစ်ပါသညf?

အထက်တွင်ဖေါ်ပြထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင် တော်လှန်ရေးအင်အားစုများ၏ စုစည်းညီညွတ်မှုအင်အားဖြင့် – ENSCC မှအောက်ပါလုပ်ငန်းများကို ဆောင်ရွက်အကောင်အထည်ဖေါ်ရန် လောခီးလာတွင် ကျင်းပသော ဒုတိယအကြိမ်တိုင်းရင်းသား ညီလာခံကြီးတွင် ဆုံးဖြတ်ခဲ့ပါသည်။ လုပ်ငန်းစဉ်များမှာ –

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်း အဖြေရှာနိုင်ရန် သော်၎င်း၊ လက်ရှိစစ်အစိုးရ နအဖ၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ဒီမိုကရေစီအင်အားစုများနှင့် မိမိတို့တိုင်းရင်းသားလူမျိုးများပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် သော်၎င်း၊ ENSCC ကော်မတီအနေဖြင့် အပြုသဘောဆောင်သော (Constructive Action) နှင့် ဦးစီးဦးဆောင်မှု (Pro-active) များကို အတတ်နိုင်ဆုံး ပြုလုပ်ရန်။

( Undertake pro-active and constructive action to bring about a peaceful resolution to the political conflict in Burma through a dialogue process involving the SPDC, the NLD led by Daw Aung San Suu Kyi, and the ethnic nationalities, as dialogue partners);

(၂) ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော နိုင်ငံရေးနှင့် လူမှုရေးအထွေထွေ ပြဿနာများ (ယင်းနိုင်ငံရေး ပဋိပက္ခများနှင့် လူမှုရေးအကြပ်အတည်းများကို မိမိတို့တိုင်းရင်းသားလူမျိုးများက ပိုမိုပြင်းထန်စွာခံစားနေရပါသည်) ကို အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ENSCC ကော်မတီအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၊ ဒီမိုကရေစီအင်အားစုများနှင့်သာမက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အင်အားစုများနှင့် Agencies များကိုတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို တတ်နိုင်သရွေ့ ဆောင်ရွက်ရန်။

( Consult widely, cooperation, and work closely with all stakeholders in Burma and with the international community, international bodies and agencies, the UN, and humanitarian organizations to resolve the grave humanitarian cries in Burma, which most seriously affect the ethnic nationalities population);

(၃) တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီရေးနှင့် တရားမျှတရေးတို့ကို အခြေခံသော၊ စစ်မှန်သော ပြည်ထောင်စုစနစ်ကို ပြန်လည်ထူထောင်နိုင်ရန်အတွက် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးနှင့် ငြိမ်းချမ်း၍ တရားနည်းလမ်းကျသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာနိုင်ရန် ENSCC မှ ကြိုးပမ်းဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

( Strive to facilitate an orderly and peaceful democratic transition in Burma, and to rebuild the country in accordance with the spirit of Panglong, which is based on the principle of Equality, Self-determination, Democracy and Justice).

ထို့ကြောင့် ENSCC ၏ရှေ့လုပ်ငန်းစဉ်များ (Mission) များကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ၏အခြေအနေနှင့် သမိုင်းနောက်ခံ၊ လက်ရှိရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများ၊ ရှေ့အနာဂါတ်တွင် ဖွဲ့စည်းထူထောင်ချင်သော နိုင်ငံရေးစနစ်နှင့် ပုံသဏ္ဍာန်များကို နိုင်ငံတကာစင်မြင့်တွင် ထင်ရှားလက်ခံနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊

( Promote the profile of the Ethnic Nationalities on the international stage).

(၂) သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ဆောင်ရွက်ရန်၊

( Coordinate and work for Tripartite Dialogue).

(၃) ပင်လုံစိတ်ဓါတ်ကိုပြန်လည်ရှင်စေခြင်းဖြင့် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်များကို အကောင်အထည်ဖေါ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

( Reviving the Panglong Spirit, and nation-building).

(၄) အတွင်းအပြင်ရှိ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများအကြား သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ( Build or facilitate Unity and Cohesion among all Ethnic Nationalities forces, inside and outside, including promoting and supporting political actions inside).

ENSCC ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ (၂၀၀၁ မှ ၂၀၀၃)

## (1) The New Panglong Initiative: Rebuilding the Union of Burma

ပင်လုံစိတ်ဓါတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်။

ENSCC ကော်မတီအနေဖြင့် ပထမဦးဆုံးဆောင်ရွက်အကောင်အထည်ဖေါ်ခဲ့သော နိုင်ငံရေး လုပ်ငန်းမှာ — ပင်လုံစိတ်ဓါတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက် (The New Panglong Initiative: Rebuilding the Union of Burma) ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံရေးစာတမ်းတစောင်ကို ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ထိုနိုင်ငံရေးပေါ်လစီစာတမ်းကို အခြေခံ၍ နိုင်ငံတကာစည်းရုံးရေးခရီးစဉ်များကိုလည်း ပြုလုပ်ခဲ့ ပါသည်။ ထိုခရီးစဉ်များအနက် အရေးကြီးသော ခရီးစဉ်တခုမှာ — သက္ကရာဇ် ၂၀၀၁ ခု ဒီဇင်ဘာလတွင် နော်ဝေးနိုင်ငံ အော်စလိုမြို့သို့ သွားရောက်ခဲ့သော ခရီးစဉ်ဖြစ်ပါသည်။ ထိုခရီးစဉ်ကို ဥက္ကဋ္ဌကြီး စောဘသင် (Saw Ba Thin) နှင့် KNPP ဥက္ကဋ္ဌလည်းဖြစ်၊ ENSCC ကော်မတီဝင်ဖြစ်သည့် ခူထဲဘူးဖဲ (Khu Hteh Bupeh) တို့က ဦးဆောင်သွားခဲ့ပါသည်။ ထိုခရီးစဉ်သည် နော်ဝေးနိုင်ငံမှ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည့် နိုဘယ်ငြိမ်းချမ်းရေးဆု အနှစ်တရာပြည့် အခမ်းအနားကြီးနှင့်၎င်း၊ ဒေါ်အောင်ဆန်းစုကြည်ကို နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်သည့် ဆယ်နှစ်မြောက် နှစ်ပတ်လည်အခမ်း အနားနှင့် တိုက်ဆိုင်ခဲ့ပါသည်။ ထိုအခွင့်အခါသမယကို အမိအရရယူ၍ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးနစ်နာချက်များနှင့် အနာဂါတ်ရည်မှန်းချက်များကို ကမ္ဘာသို့တင်ပြခွင့်ရရှိနိုင်ရန်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် နီးနှောဖလှယ်ပွဲ (Seminar) တရပ်ကို အော်စလိုမြို့တွင် ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းနီးနှောဖလှယ်ပွဲကို NCGUB ဝန်ကြီးချုပ် ဒေါက်တာ စိန်ဝင်းနှင့် EBO Director Harn Yawnghwe တို့လည်း တက်ရောက်အားပေးပြီး၊ လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို "ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးစီမံချက်" ရှုထောင့်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

ENSCC ၏ The New Panglong Initiative ကို နိုင်ငံတကာက လှိုက်လှဲစွာထောက်ခံ အားပေးရုံသာမက ဒီမိုကရေစီအင်အားစု၏ တိုင်းရင်းသားနိုင်ငံရေးပါတီ အားလုံးကပါ တခဲနက် ထောက်ခံခဲ့ပါသည်။ ထို့ကြောင့် သက္ကရာဇ် ၂၀၀၂ ဇန်နဝါရီလ ၁၈ – ၂၀ ရက်နေ့အထိ Strategy Consultation Committee (SCC) မှခေါ်ယူကျင်းပသည့် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး တွင် ENSCC ၏ The New Panglong Initiative ကို အပြည့်အဝထောက်ခံကြောင်း အောက်ပါ အတိုင်း ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ပါသည်။

The Strategy Consultation further support the ENSCC's, "The New Panglong Initiative" which is aimed at National Reconciliation. The Organizations participating in the Strategy Consultation under take to work together to promote the concept and principles of the 'Initiative' and for their acceptance national wide.

ထို Strategy Consultation Committee တွင် ယနေ့ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီ အရေးတော်ပုံကြီး၏ အန္တိမပန်းတိုင် (Ultimate Goal) သည် ဒီမိုကရေစီစနစ်ကိုအခြေခံသော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြစ်ကြောင်းနှင့် ထိုပန်းတိုင်အရောက်ချီတက်နိုင်ဖို့ မဟာဗျူဟာ (Grand Strategy) အဖြစ် "Tripartite Dialogue" သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးရေးကို အသုံးချသွားမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်နိုင်ခဲ့ပါသည်။ ဆုံးဖြတ်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

3. Further, the Strategy Consultation:

   a. Re-affirms that the movement's main objective is the establishment of democracy and a Federal Union.

   b. Re-affirms that a tripartite dialogue is the main strategy for achieving its objective. However, all available options and tactics are to be used. This may include the empowerment of the masses (people power), political activities, international lobbying and defensive military action as well as using the powers of persuasion on the military.

   c. A decision is made to strive for elevation of the secret talks between Daw Aung San Suu Kyi and the SPDC to a genuine political dialogue and to find new initiatives in our endeavour for the realization of a tri-partite dialogue in which genuine delegates of the ethnic nationalities are represented.

ENSCC ၏ ပြည်တွင်းပြည်ပ (ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာအဖွဲ့အစည်း) များ၏ အားပေးထောက်ခံမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် "The New Panglong Initiative: Rebuilding the Union of Burma" ကို စာအုပ်ဖြင့် ထုတ်ဝေဖြန့်ချိမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။

ENSCC ၏ကြိုးပမ်းအားထုတ်မှုဖြင့် The New Panglong Initiative ပေါ်လစီမှန်ကန်မှုကြောင့် ယခုအခါ ဒီမိုကရေစီအင်အားစုများသာမက၊ နိုင်ငံတကာကပါ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာဖြေရှင်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တိုင်းရင်းသားလူမျိုးများသည် မရှိမဖြစ် မပါမဖြစ် လိုအပ်သောအင်အားစုများအဖြစ် အသိအမှတ်ပြုလာကြပါ သည်။ EU, UN နှင့် USA စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒီမိုကရေစီနိုင်ငံများသာမက၊ အာရှနိုင်ငံများဖြစ်ကြသော ဂျပန် နှင့် အာစီယံတိုင်းပြည်များကလည်း အသိအမှတ်ပြုလာကြပါသည်။ အာစီယံနိုင်ငံများ၏ ရပ်တည်ချက်ပြောင်းလဲမှုသည် အလွန်လေးနက်ပြီး နိုင်ငံရေးအရတန်ဖိုးကြီးမားသော

အောင်မြင်မှုပင်ဖြစ်ပါသည်။ ယခင်နှစ်များတွင် အာစီယံသည် နအဖဖက်မှသာရပ်တည်ပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲကို အားပေးထောက်ခံခြင်းပြုရန် တွန့်တို ခဲ့ကြပါသည်။ ထို့အပြင် သူတို့အမြင်မှာ — တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍအရေးကြီးကြောင်း မမြင်နိုင်ခဲ့ကြပေ။ သို့ရာတွင် ENSCC ကော်မတီဖွဲ့စည်းပြီး နောက်ပိုင်း၊ ထိုင်းဝန်ကြီးချုပ် ထတ်ဆင်၊ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တို့က ပြည်ထောင်စု မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး (National Reconciliation) ဒီမိုကရေစီအသွင်ကူးပြောင်းရေး (Democratic Transition) လိုအပ်ကြောင်း၊ ထိုသို့အသွင် ကူးပြောင်းရေးကာလနှင့် အမျိုးသားရင်ကြားစေ့ရေး (National Reconciliation Process) တွင် တိုင်းရင်းသားလူမျိုးများ မပါလျှင်မဖြစ်ကြောင်း တင်ပြပြောဆိုလာကြပါသည်။ ယင်း တိုးတက်ပြောင်းလဲ မှုများကို အသေးစိပ်သုံးသပ်ပါက ENSCC ၏ လုပ်ငန်းအောင်မြင်မှုတရပ်ဖြစ်ကြောင်း တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

## 2. Ethnic Nationalities Initiative for Tripartite Dialogue

သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ ကြိုးပမ်းအားထုတ်မှု။

ENSCC ၏ "The New Panglong Initiative" သည် ကျယ်ပြန့်နက်ရှိုင်းသော နိုင်ငံရေး သဘောတရား၊ ပြည်ထောင်စုသမိုင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ပကတိအခြေအနေအပေါ် အခြေခံ၍ ရေးဆွဲတင်ပြထားသော နိုင်ငံရေးပေါ်လစီစာတမ်းတရပ် ဖြစ်ပါသည်။ ၎င်း ပေါ်လစီသဘော တရားဆိုင်ရာစာတမ်းကို လက်တွေ့အကောင်အထည်ဖေါ်နိုင်ရန်အတွက် လက်တွေ့လုပ်ငန်းများ ဆက် လက်ဆောင်ရွက်ရန် လိုအပ်ခဲ့ပါသည်။ ထို့ကြောင့် The New Panglong Initiative သဘောတရား ဆိုင်ရာစာတမ်းကို အခြေခံ၍ လက်တွေ့လုပ်ငန်းဆောင်ရွက်နိုင်ရန် "Ethnic Nationalities Initiative for Tripartite Dialogue" ကို သက္ကရာဇ် ၂၀၀၃ မတ်လမှစတင် ဆောင်ရွက်ခဲ့ပါသည်။

ENSCC အနေဖြင့် "Ethnic Nationalities Initiative for Tripartite Dialogue" ကိုလုပ်သင့်လုပ်ထိုက်သော နိုင်ငံရေးလုပ်ငန်းတရပ်ကို လုပ်သင့်လုပ်ထိုက်သောအချိန်တွင် စတင်ဆောင် ရွက်အကောင်အထည်ဖေါ် ခြင်းဖြစ်ပါသည်။ ထိုသို့စတင် ဆောင်ရွက်ရာ၌ ENSCC ကို အထောက် အကူပြု၍ ကျောထောက်နောက်ခံဖြစ်စေသောအချက်များထဲတွင် ဒီမိုကရေစီအရေးတော်ပုံကြီး၏ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းအားပေးချက်လည်း ပါဝင်ပါသည်။ သက္ကရာဇ် ၂၀၀၂ ခု မေလတွင် ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်မှ ပြန်လွှတ်ပေးပြီးနောက်ပိုင်း — ပြည်တွင်း ရှိတိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်က "တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိ (ဒေါ်စု) ကိုသာ စောင့်နေခြင်းမပြုပဲ၊ လုပ်သင့်လုပ်ထိုက်သောအလုပ်များကို Initiative ယူပြီး လုပ်ဆောင်သွားကြရန်" တိုက်တွန်းခဲ့ပါသည်။ ထိုတိုက်တွန်းနိုးဆော်ချက်ကို ပြည်တွင်းရှိတိုင်းရင်းသားခေါင်းဆောင်များထံမှ ENSCC မှတဆင့် ကြားသိ ခဲ့ရပါသည်။ ထို့ကြောင့် ENSCC အနေဖြင့် ဒေါ်စုတိုက်တွန်းချက်လည်းဖြစ်သော "Ethnic Initiative" ကိုစတင်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် Ethnic Initiative ကိုစတင်သောအခါ မမျှော်လင့်သော ဖက်ပေါင်းစုံမှ နားမလည်မှု၊ သံသယရှိမှုနှင့် တိုက်ခိုက်မှုများကို ခံခဲ့ရပါသည်။ ENSCC အနေဖြင့် Ethnic Initiative ရယူခြင်းမှာ — ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍကို မှေးမှိန်အောင်လုပ်ခြင်းမဟုတ်သလို၊ ဒီမိုကရေစီအရေး တော်ပုံကြီး၏ အွန္တိမပန်းတိုင်ဖြစ်သော "ဒီမိုကရေစီရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရေး" လမ်းစဉ်မှသွေဖီသွားခြင်းမဟုတ်ကြောင်း ရှင်းလင်းခဲ့ရပါသည်။ ဤသို့ဖြင့် သက္ကရာဇ် ၂၀၀၃ ခု ဧပြီလ တွင် SCC ဦးဆောင်မှုဖြင့် ကျင်းပခဲ့သော ထိပ်သီးခေါင်းဆောင်များ၏ ညီလာခံမှ ENSCC ၏ Ethnic Nationalities Initiative ကိုထောက်ခံအားပေးကြောင်း ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ပါသည်။

## 3. ENSCC 's Road Map for Rebuilding the Union of Burma

ပြည်ထောင်စုပြန်လည်တည်ဆောက်ရေး နိုင်ငံရေးလမ်းပြမြေပုံကို ထုတ်ပြန်ခြင်း

သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများမှ ကြိုးပမ်းအားထုတ်မှု (Ethnic Nationalities Initiative for Tripartite Dialogue) ကို ENSCC အနေဖြင့် မလျှော့သောဇွဲသတ္တိဖြင့် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။ သို့ရာတွင် Ethnic Initiative ကိုစတင်ခဲ့စဉ်က ဒီမိုကရေစီအင်အားစုများထံမှသော်၎င်း၊ တိုင်းရင်းသားလူမျိုးများ၏ လက်နက်တော်လှန်ရေးအင်အားစုများထံမှသော်၎င်း၊ နားမလည်မှု အထင်အမြင်လွဲမှားမှုများ ရှိနေခဲ့ခြင်းကြောင့် Ethnic Nationalities Initiative for Tripartite Dialogue Workshop ကို ENSCC မှ တိုက်ရိုက်ခေါ်ယူကျင်းပခြင်း မပြုပဲ၊ Euro-Burma Office ကို ခေါ်ယူကျင်းပစေခဲ့ပါသည်။

ဤသို့ဖြင့် Euro-Burma Office မှ ခေါ်ယူကျင်းပသော Ethnic Nationalities Initiative for Tripartite Dialogue Workshop အလုပ်ရုံဆွေးနွေးပွဲကို သက္ကရာဇ် ၂၀၀၃ ခု ဩဂုတ်လ (၂၉) ရက်မှ စက်တင်ဘာလ (၂) ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲ (Workshop) သို့ နိုင်ငံတကာမှပညာရှင်များနှင့် ထိုင်းအစိုးရမှ ပေါ်လစီရေးရာတာဝန်ရှိသူများ အပါအဝင် ဖိတ်ခေါ်ပြီးတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များနှင့် (၅) ရက်တိုင်တိုင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး (Democratic Transition) နှင့် ပတ်သက်သော ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး၊ ယနေ့ကျွန်ုပ်တို့ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းကို မည်ကဲ့သို့ ရင်ဆိုင်ကျော်လွှားအဖြေရှာရမည်နည်း ဆိုသောမေးခွန်းကို အဖြေရှာယူခဲ့ကြပါသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသောအမြင်များ၊ တွေ့ရှိချက်များ၊ သဘောတူညီချက်များ အပေါ် အခြေခံ၍၊ ENSCC ကို "ပြည်ထောင်စုပြန်လည်တည်ဆောက်ရေး နိုင်ငံရေးလမ်းပြမြေပုံ" (Road Map for Rebuilding the Union of Burma) ကို စက်တင်ဘာ (၂) ရက်နေ့တွင် အတည်ပြုပြီး စက်တင်ဘာ (၄) ရက်နေ့တွင် သတင်းစားရှင်းလင်းပွဲတရပ် ကျင်းပ၍ တရားဝင်ထုတ်ပြန်နိုင်ခဲ့ပါသည်။

ENSCC ၏ နိုင်ငံရေးလမ်းပြမြေပုံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပြန်လည်ထူထောင်နိုင်ရေးအတွက် အသင့်တော်ဆုံးဖြစ်မည်ဟု ယူဆရသော — ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့် (၂) ဆင့်ကို တင်ပြထားပါသည်။ ENSCC တင်ပြထားသော အသွင်ကူးပြောင်းရေးကာလ ပထမအဆင့်သည် — သုံးပွင့်ဆိုင်ဆွေးနွေးရေးပင်ဖြစ်ပြီး၊ ၎င်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အတိုင်း၊ လက်ရှိစစ်အစိုးရ နအဖ၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော နိုင်ငံရေးပါတီများ (ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ) နှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ကြရမည်ဖြစ်ပါသည်။

ENSCC မှ တင်ပြရာ၌ — သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို "Congress of National Unity" ဟု ခေါ်တွင်စေရမည်ဖြစ်ပြီး၊ ၎င်း Congress of National Unity သက်တမ်းသည် (၂) နှစ်ထက်ပို၍ မကြာစေရပေ။ Congress of National Unity ၏ ဆွေးနွေးတိုင်ပင်မှုရလာဒ်ကို အခြေခံ၍ "အမျိုးသားလုံးဆိုင်ရာသဘောတူစာချုပ်" (National Accord) ကို ထုတ်ပြန်သွားရမည်ဖြစ် ပါသည်။ ယင်း National Accord အရ ပြည်ထောင်စုနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်ကို ပြည်ထောင်စုအတွက်သော်၎င်း၊ ပြည်နယ်များအတွက်သော်၎င်း ဖွဲ့စည်းကြရမည်ဖြစ်ပါသည်။

ထို့အပြင် ၎င်းအမျိုးသားလုံးဆိုင်ရာသဘောတူညီချက် (National Accord) အရ လေးနှစ်သက်တမ်းရှိမည့် ကြားဖြတ်ညွန့်ပေါင်းအစိုးရ (Government of National Unity) ကို ဖွဲ့စည်းသွားရမည် ဖြစ်ပါသည်။ ၎င်း ကြားဖြတ်ညွန့်ပေါင်းအစိုးရ၏ ကြီးကြပ်မှုအောက်တွင် အထက်တွင်ဖော်ပြခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများ (ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေများ) ကို သက်ဆိုင်ရာကော်မရှင်များက လွတ်လပ်စွာဖြင့် အပြီးသတ်ရေးဆွဲကြပြီးနောက်၊ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို၎င်း၊ ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်နယ်အသီးသီး၏ ပြည်နယ်ဆန္ဒခံယူပွဲများကိုလည်း ကျင်းပရမည် ဖြစ်ပါသည်။ လူထုဆန္ဒခံယူပွဲဖြင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြဋ္ဌာန်းပြီးနောက် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အတိုင်း ကျင်းပသွားရမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် မိမိတို့မျှော်မှန်းထားသော ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဟု မျှော်မှန်းတင်ပြထားပါသည်။

## 4. ENSCC ၊ စုဖွဲ့မှုနှင့် လုပ်ငန်းခွဲဝေမှုများကို တင်ပြခြင်း။

ENSCC ကော်မတီအတွင်းသော်၎င်း၊ ENSCC ၏ မိခင်တပ်ပေါင်းများ ဆက်ဆံရေး လွယ်ကူပြေပြစ်ရေးအတွက် သော်၎င်း၊ အခြားမဟာမိတ်များ၊ ဒီမိုကရေစီအင်အားစုများအတွင်းနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး လွယ်ကူကောင်းမွန်နိုင်စေရန် သော်၎င်း၊ ENSCC ကော်မတီမှ မိမိတို့ကော်မတီဝင်များအတွင်းတွင် အောက်ပါအတိုင်း တာဝန်များခွဲဝေပေးခဲ့ကြပါသည်။

| | | |
|---|---|---|
| 1) | Saw Ba Thin Sein | Chairman & Spokesperson |
| 2) | Khu Hteh Bupeh | Strategy Analysis & Policy Research |
| 3) | Dr. Chao Tzang Yawnghwe | Strategy Analysis & Policy Research |
| 4) | Sao Seng Suk | Strategy Analysis & Policy Research |
| 5) | Teddy Buri | External Affairs Relations |
| 6) | Hkun Okker | Internal Affairs Relations |
| 7) | Dr. Lian H. Sakhong | Secretary |

တို့ဖြစ်ပါသည်။

(မှတ်ချက် = မွန်ပြည်သစ်ပါတီ NMSP သည် ENSCC တွင်တရားဝင်အဖွဲ့ဝင်တဦးထားရှိရန် သဘောတူထားပြီး အချိန်ပြည့်ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားပြီးဖြစ်သည်)။

ထို့အပြင် ENSCC ကော်မတီ၏ တရားဝင်အကြံပေးပုဂ္ဂိုလ်အဖြစ် Harn Yawnghwe ကိုင်း၊ ဥက္ကဋ္ဌ စောဘသင်၏ Personal Assistant အဖြစ် စောဒေးဗစ်ထောကိုင်း၊ ခူထဲဖူးဖဲ၏ Personal Assistant အဖြစ် ရီမန်ထူးကိုင်း ခန့်အပ်တာဝန် ပေးခဲ့ပါသည်။

ENSCC ကော်မတီ၏လုပ်ငန်းများကို စနစ်တကျဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန် ကော်မတီအစည်းအဝေးကို သုံးလတကြိမ်ပုံမှန် ကျင်းပနိုင်ခဲ့ပါသည်။ ထို့အပြင် လိုအပ်လျှင်လိုအပ်သလို အရေးပေါ်အစည်းအဝေးများကိုလည်း ကျင်းပခဲ့ပါသည်။ မိမိတို့၏ တပ်ပေါင်းစုများကို အစီရင်ခံခြင်း၊ အရေးကြီးသော နိုင်ငံရေးပေါ်လစီဆိုင်ရာလုပ်ငန်းများတွင် သက်ဆိုင်ရာတပ်ပေါင်းစု၏ အတည်ပြု ထောက်ခံမှုကို ရယူခြင်း၊ မဟာမိတ်ပါတီများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းများလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

ENSCC ကော်မတီအနေဖြင့် နိုင်ငံတကာ Lobby ခရီးစဉ်များသာမက၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် Mr. Razali Ismail နှင့်ပုံမှန်ဆက်သွယ်ရေးအတွက် Mr. Razali Ismail ၏ အထူးကိုယ်စားလှယ်တဦးနှင့်လည်း သုံးလတကြိမ်ပုံမှန်ဆွေးနွေးများ ကျင်းပနိုင်ခဲ့ပါသည်။

5. တိုင်းရင်းသားများညီလာခံသို့အကြံပေးတင်ပြခြင်း။

ENSCC သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဘုံရည်မှန်းချက်အတွက် သွေးစည်းညီညွတ်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် အထူးလိုအပ်သော ကော်မတီ တရပ်ပင် ဖြစ်ပါသည်။ ထိုကြောင့် ၎င်းကော်မတီကို ဆက်လက်ထားရှိရန် လိုအပ်ရုံသာမက စုဖွဲ့မှုတိုးမြှင့်ရန်လည်း လိုအပ်နေကြောင်း ညီလာခံသို့တင်ပြလိုပါသည်။

ENSCC ၏ နှစ်နှစ်တာသက်တမ်းကာလအတွေ့အကြုံအရ ENSCC ကို

(၁) စုဖွဲ့မှုပိုမိုအားကောင်းစေရန်နှင့် လုပ်ငန်းများပိုမိုသွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီပုံသဏ္ဍာန်ကို ပိုမိုကျစ်လစ် ခိုင်မာအောင်တည်ဆောက်ရန်လိုအပ်မည် ဖြစ်ပါသည်။

(၂) ပြောင်းလဲဖြစ်ပေါ်နေသော ပြည်တွင်းပြည်ပနိုင်ငံရေးအခြေအနေများနှင့်အညီ အဓိကရည်မှန်းချက်ဖြစ်သော သုံးပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန်အတွက် ENSCC ၏လုပ်ပိုင်ခွင့်အာဏာ (Mandate) ကို ပိုမိုပြင်ပြင်ရေးသားပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ပြင် လက်ရှိပြည်တွင်းပြည်ပနိုင်ငံရေးအခြေအနေများကို အမြန်ဆုံးတုန့်ပြန်၍ မိမိတို့တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပန်းတိုင်အရောက် ချီတက်နိုင်ရန် အောက်ပါအချက်များကို မည်သို့မည်ပုံသဘောထားရပ်တည်သင့်ကြောင်း Seminar မှ စဉ်းစားဆွေးနွေးရန် အထူးလိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

(၁) နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ Road Map နှင့် ၎င်းတို့ခေါ်ယူကျင်းပရန် ပြင်ဆင်နေသော အမျိုးသားညီလာခံအပေါ် မည်သို့မည်ပုံ တုန့်ပြန်သင့်ကြောင်း ဆွေးနွေးရန်၊

(၂) (က) သက္ကရာဇ် ၂၀၀၃ မေလတွင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖဖက်မှတိုက်ခိုက်ဖမ်းပြီးနောက်ပိုင်း ဒီမိုကရေစီအင်အားစုများနှင့် ဆက်ဆံရေးတိုးတက်မှုအပေါ် မည်သို့မည်ပုံဆောင်ရွက်သင့်ကြောင်းဆွေးနွေးရန်၊

(ခ) ပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ၊ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားကြသော တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ နှင့် စည်းရုံးရေးကောင်းမွန်ရေးအတွက်သော်၎င်း၊ အချင်းချင်းအားပေး ကူညီနိုင်ရေးအတွက်သော်၎င်း၊ အကျိုးတူလုပ်ငန်းများ အတူတကွဦးတည်ဆောင်ရွက် နိုင်ရန်သော်၎င်း၊ မည်သို့မည်ပုံ မဟာဗျူဟာများချမှတ်သင့်ကြောင်း ဆွေးနွေးရန်၊

(၃) (က) ထိုင်းနိုင်ငံဝန်ကြီးချုပ် ထတ်ဆင်၏ ဦးဆောင်မှုဖြင့်ကျင်းပသော International Forum on Burma နှင့် ၎င်း၏ နောက်ဆက်တွဲ Bangkok Process အပေါ် မည်သို့မည်ပုံတုန့်ပြန်သင့်ကြောင်း ဆွေးနွေးရန်၊

(ခ) နိုင်ငံတကာအစိုးရများ၊ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပယူနီယံ၊ အာဆီယံစသော နိုင်ငံတကာအဖွဲ့အစည်းများကို မည်သို့မည်ပုံချဉ်းကပ်အကူအညီရယူ သင့်ကြောင်းနှင့် ထိုကဲ့သို့သော နိုင်ငံတကာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများ၏ အင်အားစုများ၊ တသီးပုဂ္ဂလများ၊ ပညာရှင်များနှင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်သင့်ကြောင်းဆွေးနွေးရန် စသည့်ကိစ္စရပ်များကို ညီလာခံ၏အစီအစဉ်များတွင် ထည့်သွင်းသင့်ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။

ဒေါက်တာဆလိုင်းလျန်မှုန်း
အတွင်းရေးမှူး
Ethnic Nationalities Solidarity and Cooperation Committee (ENSCC)
တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

## ၂း၂။ ဗိုလ်မှူးကြီးခွန်ဥက္ကာမှ ENSCC ၏ နိုင်ငံရေးလမ်းပြမြေပုံ၏အစီရင်ခံစာတင်ပြခြင်း
**Road Map for Rebuilding the Union of Burma** ၏အစီရင်ခံစာ


ဗိုလ်မှူးကြီးခွန်ဥက္ကာ

၁။ **ENSCC** ၏ လမ်းပြမြေပုံမည်ကဲ့သို့ဖြစ်ပေါ်လာရသလဲ။

၂၀၀၂ ခုနှစ် နှစ်လည်ခန့်ကစ၍ ထိုင်းဘုရင့်အစိုးရ၏ ဝန်းကြီးချုပ်တပ်(စ်)ဆင် အနေဖြင့် မြန်မာပြည် နှင့် ပါတ်သက်၍ လမ်းပြမြေပုံ တရပ်ရေးဆွဲရန် ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြော ကြားခဲ့သည်။ နိုင်ငံခြားရေးဌာနမှ တာဝန်ယူ၍ ပြင်ဆင်မှုပြုလုပ်ရာ တွင် မြန်မာပြည်ရှိ တိုင်းရင်းသားအင်အားစုများ၏ သဘော ထားအမြင်ကိုလည်း စုစည်းရယူရန် ပြင်ဆင်လာခဲ့ပေသည်။ နယ်စပ်ဒေသ၌လှုပ်ရှားနေသော KNU, KNPP နှင့် RCSS တို့ကို ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်သကဲ့သို့ ENSCC ကိုလည်း ဖိတ်ခေါ်ခဲ့ပါသည်။ ENSCC အနေနဲ့ တိုင်းရင်းသားအရေးဖြစ်၍ ဒေသအသီးသီးရှိ ညှိစွန်းနေသော ပြဿနာအရပ်ရပ် အကျုံးဝင် စေရေးအတွက် အကျယ်ပြန့်ဆုံးပါဝင်ရန် Inclusive ဖြစ်စေရန်၊ အလုပ်ရုံဆွေးနွေးပွဲ (Workshop) တရပ်ခေါ်ယူခဲ့သည်။ အချို့အနေဖြင့် ENSCC အပေါ် မရှင်းလင်းမှုရှိသည့် အပေါ်ကြားခံအဖွဲ့အနေနဲ့ EBO အား ဖိတ်ကြားသူအဖြစ် တာဝန်ခံခေါ်ယူစေခဲ့သည်။

ချင်းမိုင်မြို့တွင် ဩဂုတ်လ (၂၉) ရက်မှ စက်တင်ဘာလ (၂) ရက်နေ့ အထိကျင်းပသော တိုင်းရင်း သားပေါင်းစုံအလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းအစိုးရ၏ လုံခြုံရေးဝါဒရေးရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံ တကာမှ ပညာရှင်များလည်းတက်ရောက်အကြံပြု ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ ဦးတည်ချက်မှာ ထိုင်းအစိုးရ၏ လမ်းပြမြေပုံအတွက် အချက်အလက် စုဆောင်းပေးရန်သာ ဖြစ်သည်။ ENSCC ၏ လမ်းပြမြေပုံထုတ်ရန်အစီအစဉ် လုံးဝမရှိပါ။ သို့သော်ထိုအချိန်တွင် ထိုင်းအစိုးရ၏ ဒုတိယဝန်ကြီးချုပ် ဖြစ်သူ ချာဝါလစ်ယောင်ချိုင်ယုတ်က ထိုင်းအစိုးရမှ လမ်းပြမြေပုံတရားဝင် မထုတ်ပြန်မီကာလတွင် ရန်ကုန်သို့သွားရောက်၍ နအဖအားတစုံတခု အမြန်ဆုံးလုပ်ရန် တိုက်တွန်းခဲ့ပေသည်။ နအဖ အနေဖြင့် သဘောတူပြီးနောက် ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဩဂုတ်လ (၃၀) ရက်နေ့တွင် အဆင့် (၇) ဆင့်ပါလမ်းပြမြေပုံကို တရားဝင်ထုတ်ပြန် ခဲ့ပါသည်။ ထိုင်းဝန်ကြီးချုပ်က ချက်ချင်းပင် ထောက်ခံခဲ့ပြီး၊ ၎င်းလမ်းပြမြေပုံအတိုင်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန်လည်း အင်းအားစုအသီးသီးသို့ တိုက်တွန်းခဲ့ သည်။ တိုင်းရင်းသားများနှင့် လုပ်ဆောင်နေဆဲ အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းက စွန့်ခွာသွားခဲ့ပေသည်။

ဤတွင်စုဆောင်းရရှိသောအချက်အလက်များအပေါ်အခြေခံ၍အလုပ်ရုံဆွေးနွေးပွဲ (Workshop) ကြီးကြပ်သူ EBO ဒါရိုက်တာက အရေးပေါ် ENSCC ကော်မီတီစုံညီ အစည်းအဝေးကို စက်တင်ဘာ (၂) ရက်နေ့တွင် ခေါ်ယူရန် တင်ပြပြီးနောက် ENSCC ၏ လမ်းပြမြေပုံတရပ်အဖြစ် ပြင်ဆင်ရေးဆွဲ ခဲ့ပါသည်။ ENSCC မှ အတည်ပြုပြီးနောက် တရားဝင် နိုင်ငံရေးဇတ်ခုံပေါ် တင်ပို့ရေးအတွက် စက်တင် ဘာ (၄) ရက်နေ့တွင် ချင်းမိုင်မြို့၌ သတင်းစာရှင်လင်းပွဲတရပ်ကျင်းပပြီး ထုတ်ဖော်ခဲ့သည်။ ဤသို့ဖြင့်

ထိုင်းအစိုးရအတွက် ပြင်ဆင်ပေးသော လမ်းပြမြေပုံသည် ထိုင်းအစိုးရမှ အသုံးမပြုတော့သည့် အခြေအနေအောက်တွင် ENSCC ၏လမ်းပြမြေပုံအဖြစ်ပေါ် ထွက်လာရခြင်းဖြစ်ပေသည်။

၂။ ENSCC လမ်းပြမြေပုံထွက်ပေါ်လာရခြင်း၏ရည်ရွယ်ချက်။

- နအဖ၏ လမ်းပြမြေပုံကိုရိုက်ချိုးနိုင်ရန်။
- တိုင်းရင်းသားအင်အားစုများအနေနဲ့လည်း တစုတစည်းထဲသော ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အစီအစဉ်ရှိနေခြင်းကို ဖေါ်ထုတ်ရန်။
- နိုင်ငံတကာမှလမ်းပြမြေပုံကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် တိုင်းရင်းသားအင်အားစုများ အပေါ် ထောက်ခံပံ့ပိုးမှု ပိုမိုရရှိလာနိုင်စေရန်။
- ပြည်တွင်းရှိအပစ်အခတ်ရပ်စဲရေးအဖွဲ့များ အပါအဝင် တိုင်းရင်းသား အင်အားစုများ အနေနဲ့ နှိုင်းယှဉ်လေ့လာခြင်းဖြင့် နအဖဖိအားကို ရင်ဆိုင်နိုင်ရန်။

3? ENSCC အနေနှင့် လမ်းပြမြေပုံရေးဆွဲထုတ်ပြန်ခွင့်ရှိ၊ မရှိ။

ENSCC ၏ လမ်းပြမြေပုံတွင် အဆင့် (၁) သည် သုံးပွင့်ဆိုင်တွေ့ ဆုံဆွေးနွေးရေးကို ဦးတည်ထားသည်။ ၂၀၀၁ ခုနှစ် ENSCC ကိုစတင်ဖွဲ့စည်းစဉ်က သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် နည်းလမ်းပေါင်းစုံရှာကြံ၍ဆောင်ရွက်ရန် တာဝန် (Mandate) ပေးခဲ့သည်။ ၎င်း Mandate နှင့် အညီရေးဆွဲသော လမ်းပြမြေပုံသည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို ဦးတည်သည့်အလျှောက် ENSCC သည် လမ်းပြမြေပုံကို ရေးဆွဲထုတ်ပြန်ခဲ့ခြင်းသည် ၎င်း၏ လုပ်ပိုင်ခွင့်ထက်မပိုဟု ယူဆသည်။

နှိုင်းယှဉ်ချက်

| စဉ် | အရေးကြီးသည့်အချက်များ | SPDC Road Map | ENSCC Road Map |
|---|---|---|---|
| 1) | အချိန်ဇယား | မရှိ | (၆) နှစ် |
| 2) | ကမ္ဘာ့ကုသမဂ္ဂဆုံးဖြတ်ချက်များ | ညီညွတ်မှုမရှိ | ညီညွတ်မှုရှိ |
| 3) | သုံးပွင့်ဆိုင်သို့ဦးတည်မှု | မရှိ | ရှိ |
| 4) | အင်အားစုအားလုံးပါဝင်မှု | မရှိ | ရှိ |
| 5) | ဦးတည်ချက် | စစ်အစိုးရတရားဝင် အစိုးရဖြစ်စေရေး | ဒီမိုကရေစီအစိုးရသစ် ပေါ်ထွက်ရေး |
| 6) | ကိုယ်စားလှယ်ရွေးချယ်ပုံ | ဖိအားပေး၊ လက်ဆောင်ပေးစနစ် | လွတ်လပ်သော သဘောဆန္ဒ |
| 7) | ပထမအဆင့် | အမျိုးသားညီလာခံ ပြန်ခေါ်ရေး | အမျိုးသားညီညွတ်ရေး ကွန်ကရက် |
| 8) | ဒုတိယအဆင့် | နအဖမူ (၁၀၄)ချက် | အမျိုးသားသဘော တူညီချက် |

အားလုံးကိုကျေးဇူးတင်ပါတယ်။ ဝဲ

## ၂း၃။ နိုင်ငံတကာရေးရာတာဝန်ခံ ခွန်းအက်ဒီဘူရီ မှတင်သွင်းသော ENSCC ၏ နိုင်ငံတကာလုပ်ငန်း အစီရင်ခံစာ။



ငွန်းအက်ဒီဘူရီ

သဘာပတိကြီးများမှ တဆင့်ကြွရောက်လာသော တိုင်းရင်းသားကိုယ်စားလှယ်များခင်ဗျား — တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအားလုံးကို လေးစားကြောင်း ပထမဦးစွာပြောလိုပါတယ်။ အခုလို ENSCC ရဲ့အပြည်ပြည်ဆိုင်ရာ Lobby ကိစ္စနဲ့ပါတ်သက်ပြီးတော့မှ တင်ပြခွင့်ရတဲ့အတွက် အများကြီးကျေးဇူးတင်တယ်။ ကျနော် ENSCC ရဲ့နိဒါန်းပိုင်းကို မပြောတော့ပါဘူး။ ကျနော်တို့ အပြည်ပြည်ဆိုင်ရာလုပ်ငန်းနဲ့ ပါတ်သက်ပြီးတော့ လုပ်တဲ့အခါမှာဆိုလို့ရှိရင် — ဒီ ENSCC လုပ်ငန်းအစီရင်ခံစာ၊ စာမျက်နှာ (၁၀) မှာပါတဲ့ ENSCC ရဲ့ Mission Statement ဆိုပြီးတော့ ရေးထားတဲ့အချက် (၄) ချက်ရှိတယ်။ အဲဒီ (၄) ချက်အတိုင်းဘဲ ကျနော်တို့လုပ်တယ်။

အဲဒါ ဘာလဲဆိုတော့ ကျနော်တို့တိုင်းရင်းသားလူမျိုးများရဲ့ကဏ္ဍကို အပြည်ပြည်ဆိုင်ရာ State မှာကျနော်တို့က ချပြတယ်။ Promoting, the Profile of the Ethnic Nationalities on the International Stage ဆိုတဲ့ အချက်တချက်၊ Coordinate and work for Tripartite Dialogue ကျနော် တို့ကုလသမဂ္ဂကနေ ပြီးတော့ ၁၉၉၄ ကတည်းကစပြီး၊ ဒီကနေ့အထိ Resolution on Burma ပေါ့၊အဲဒီအပေါ်မှာ အမြဲတမ်းတောင်းဆိုတဲ့ အချက်တချက်က ဘာလဲဆိုတော့ Tripartite Dialoque ကို Engage လုပ်ဖို့၊ ပြုလုပ်ဖို့ "နဝတ"ကို တောင်းဆိုခဲ့တဲ့ အချက်တွေရှိတယ်။ အဲဒါဘာလဲဆိုတော့ ကျနော်တို့က အပြည်ပြည်ဆိုင်ရာ Lobby လုပ်တဲ့အချိန် အလေးအနက်ထားပြီး၊ အမြဲတမ်းပြောကြတယ်။ "Reviving the Panglong Spirit, and Nation- Rebuilding" ပင်လုံစိတ်ဓါတ်၊ ပင်လုံရဲ့စိတ်ဓါတ်ကို ပြန်လည်အသက်သွင်းတာပေါ့။ အဲဒီကိစ္စကိုလဲ ကျနော်တို့ Lobby လုပ်တဲ့အချိန်မှာ ထည့်ပြီးတော့ ပြောပါတယ်။ "Build or facilitate Unity and Coalition among all Ethnic Nationatitus forces, inside and outside, including Promoting and Supporting Statement political actions inside" အပြင်မှာရှိနေတဲ့ ကျနော်တို့ရဲ့ အင်အားစုတွေ၊ ဗမာမဟုတ်သော တိုင်းရင်းသားအင်အားစုအပြင် ဗမာအင်အား တွေကိုရော၊ ပြီးတော့အတွင်းမှာရှိသော နိုင်ငံရေးပါတီ တွေ၊ Cease-fire အုပ်စုတွေ၊ ကျနော်တို့ဘယ်လို Coordinate လုပ်ကြမှာလဲ၊ အဲဒီကိစ္စတွေကိုလဲ ကျနော်တို့လုပ်တယ်၊ အပြည်ပြည်ဆိုင်ရာ Lobby လုပ်ငန်းလုပ်တဲ့အခါ အဲဒီကိစ္စကိုလဲ လုပ်တယ်၊

တနည်းအားဖြင့် ပြောမယ်ဆိုရင် အပြည်ပြည်ဆိုင်ရာ Lobby လုပ်တဲ့အချိန်၊ အဲဒီ Mission (၄) ချက်ကို ကျနော်တို့ ဦးတည်ပြီး အမြဲတမ်းလုပ်ရပါတယ်။ အဲဒီ (၄) ချက် ကို ပထမဦးဆုံး ဘန်ကောက်

မှာ အပြည်ပြည်ဆိုင်ရာသံရုံး၊ Deplomacy တွေရှိတယ်၊ အဲဒီတော့ အဲဒီ Mission တွေတော်တော်များများကို ကျနော်တို့ Ethnic ရဲ့အခန်းကဏ္ဍ၊ နဝတအမြဲတမ်းတောက်လျှောက် ကြွေးကြော် နေတာက ဒီနေ့ "နဝတ" စစ်တပ်ကြီးသာမရှိရင် ဗမာပြည်ကြီးဟာ အစိတ်စိတ်အမွှာမွှာ ကွဲနေ ပါပြီဆိုတဲ့ အဲဒီဝါဒဖြန့်မှုကို ကမ္ဘာကတောင်ယုံကြည်ပါတယ်။ အဲဒီ ကမ္ဘာကယုံကြည်မှုအပေါ် ကျနော်တို့က ချေဖျက်ရပါတယ်။ ကျနော်တို့လုပ်ငန်းထဲမှာ အဲဒီအချက်ကို ချေဖျက်တယ်။ ပြီးတော့ သူတို့ပြောနေတာက ခင်ဗျားတို့ Tripartite ကို ခေါ်နေကြတယ်။ Tripartite ခေါ်တဲ့အချိန်မှာ ခင်ဗျားတို့ ဘယ်လောက်ညီညွတ်မှုရှိလို့လဲ၊ ခင်ဗျားတို့ ကိုယ်စားလှယ်ကို ဘယ်လိုရွေးကြမလဲ၊ ခင်ဗျားတို့ အချင်းချင်းလူမျိုး (၁၃၅) မျိုးရှိနေတာ ဘယ်လိုကိုယ်စားလှယ် ရွေးကြမလဲ၊ ဘယ်လိုဖြစ်ပြီး ဘယ်လိုပုံစံနဲ့ Tripartite ဝင်မလဲ ဆိုတဲ့ကိစ္စကိုလဲ ကျနော်တို့ချေဖျက်ရပါတယ်။

အစောပိုင်းက Mission (၄) ချက်ထဲမှာ အဲဒါပါတာပါဘဲ။ အဲဒီတော့ ဘန်ကောက်မှာအခြေစိုက်တဲ့ Deplomatic Mission ဆိုလို့ရှိရင် ကျနော်တို့သွားခဲ့တယ်။ တွေ့ခဲ့တယ်။ သွားတွေ့ခဲ့တယ်ဆိုတဲ့ အပိုင်းမှာလဲ ကျနော်တို့တခုရှင်းပြလိုတာက ကျနော်တို့ ENSCC အနေနဲ့ တဖွဲ့လုံးသွားတယ်ဆိုတဲ့ အနေအထားမျိုး မရှိပါဘူး။ မရှိဘူးဆိုတာက ဥပမာ ဥက္ကဋ္ဌက မဲဆောက်မှာ အခြေစိုက်တယ်။ နောက် အဖွဲ့ဝင်တဦး ခုထဲဘူးဖဲက မယ်ဟောင်ဆွန် မှာရှိတယ်။ အတွင်းရေးမှူးက အများအားဖြင့် ချင်းမိုင်မှာ အခြေစိုက်တယ်။ တခါတခါလျှောက်ပတ်ပြီး သွားနေရတယ်။ တခြားအဖွဲ့ဝင်တဦးက ဘယ်နေရာမှာ စသဖြင့်ပေါ့လေ၊ တဦးတနေရာစီ ရောက်တဲ့အခါကျတော့ အစုလိုက်အဖွဲ့လိုက်စုပြီး လုပ်နိုင်တဲ့ အနေအထားမျိုး မရှိပါဘူး၊ အစောပိုင်းက နအဖရဲ့ Propaganda ဖြစ်တဲ့ လူမျိုးစုတွေဟာမညီညွတ်ဘူး၊ တကယ်လို့သာ "နဝတ" ကဆက် မအုပ်ချုပ်ဘူးဆိုရင် ဘောစနီးယားလိုဖြစ်မယ်၊ ယူဂိုစလားဗီးယား လိုဖြစ်မယ် ဆိုတဲ့ကိစ္စတွေ ချေပပြလုပ်လာ နိုင်တဲ့အခါကျတော့ ဒီနေ့ဟာဆိုလို့ရှိရင် နအဖရဲ့ Propaganda ကို ကျနော်တို့အများကြီး ချေဖျက်နိုင်ခဲ့ပါတယ် ဆိုတဲ့အကြောင်းကို ပြောပြချင်၊ တင်ပြချင် ပါတယ်။ အဲဒီတော့ ဘန်ကောက်မှာ ကျနော်တို့တွေ့လာတဲ့ သံရုံးတွေ၊ တခါခါကျတော့ (၂) ယောက် (၃) ယောက်၊ တခါခါကျတော့ ကျနော်တို့ ENSCC နာမည်နဲ့ မဟုတ်ပေမယ့် ဥပမာ – စောဒေးဗစ် ထော ဆိုရင်သူက NDF, ENSCC ရဲ့ Assistance ဖြစ်တယ်။ အဲဒီတော့ သူ့အနေနဲ့ သူသွားတယ်။ ကျနော်အနေနဲ့ သွားတယ်။ တခါခါတော့ ENSCC ရဲ့နာမည်နဲ့ မဟုတ်ဘဲ၊ အခြား နိုင်ငံခြားရေး ကော်မတီ NCUB အဖွဲ့ခေါင်းဆောင်တယောက်အနေနဲ့ အခြားသော အဖွဲ့ဝင်တွေနဲ့ သွားတယ်။

ကျနော်တို့သွားတိုင်း Ethnic Issues ကို အမြဲတမ်းတင်ပြတယ်။ အဲဒီတော့ တင်ပြတဲ့အခါမှာ ဘောစနီးယားသံရုံး၊ ဘယ်လဂျီယံ သံရုံး၊ ကနေဒါသံရုံး၊ ဒိန်းမတ်သံရုံး၊ ဥရောပ နော်ဝေသံရုံး၊ ဆွီဒင်သံရုံး၊ ဒါ့အပြင် ဂျာမဏီသံရုံးဆိုရင်တခါခါ ကျနော်တို့တိုင်းရင်းသားတွေကို ဘယ်လောက်စိတ်ဝင်စားလည်း ဆိုရင် ကျနော်တို့ဒီသံရုံး တင်မကဘဲ သူတို့ဆီကလာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို သံရုံးမှာ ဖိတ်ပြီး ကျနော်တို့နဲ့ ဆွေးနွေးဖို့တွေ့ပေးတယ်။ တခါခါကျရင် ရန်ကုန်ကနေ ဂျာမန်သံအမတ်ကြီးက လာတယ်။ အဲဒီအခွင့်အရေးကို ကျနော်တို့က ယူပြီးတော့မှ ကျနော်တို့ Ethnic Issues တွေ၊ ENSCC ရဲ့ကိစ္စတွေ၊ Panlong Initiative တွေ၊ အထူးသဖြင့် Panlong Initiative စာအုပ်ထွက်လာတဲ့ နောက်ပိုင်းမှ၊ ကျနော်တို့ လက်နက်က တကယ့်ထိရောက်တဲ့ လက်နက်တခု ဖြစ်လာတာကိုတွေ့ရ တယ်။ ဒီ ENSCC ရဲ့ Road Map တခုပေါ်လာတဲ့အချိန်မှာလည်း ကျနော်တို့အနေနဲ့ ပိုပြီးတော့ Controversy က

ရှိနေကြတယ်။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် အပြည်ပြည်ဆိုင်ရာက ကြည့်နေတဲ့ အချိန်မှာ The most Comprehensive Road Map လို့မြင်ကြတယ် ။ အဲဒီလို ပိုပြီးတော့ အသိအမှတ် ပြု မြင်ကြတဲ့အပေါ်မှာ ကျနော်တို့လူမျိုးစုအပေါ်မှာ ပိုပြီးတော့ယုံကြည်မှု ရှိလာကြတယ် ဆိုတဲ့အပိုင်းကို တင်ပြလိုပါတယ်။

ပြီးတော့ နောက်တွေ့တဲ့ သံရုံးဟာဆိုရင် မလေးရှားသံရုံးဖြစ်တယ်။ မလေးရှားဆိုရင် ပုံမှန် ကျနော်တို့တွေ့တယ်။ အိန္ဒိယသံရုံးကို ပုံမှန်သွားတယ်။ တောင်အာဖရိကနိုင်ငံ အထိသွားတယ်။ အခုပြောတာကသံရုံးတွေ ဖြစ်တယ်။ နိုင်ငံအနေနဲ့ သွားမယ်ဆိုရင် ဂျပန်၊ နော်ဝေ၊ ဒိန်းမတ်၊ ဂရိ၊ ဘယ်လဂျီယမ်၊ စပိန်၊ အင်္ဂလန်၊ ဂျာမဏီ၊ စင်္ကာပူ၊ အရှေ့တီမော၊ အင်ဒိုနီးရှား စသဖြင့်ရောက်ခဲ့တယ်၊ ဥပမာ– ဟန်ယောင်ဟွေ့ ဆိုရင် ENSCC ရဲ့ အကြံပေးပုဂ္ဂိုလ် အနေနဲ့ သူရောက်တဲ့နေရာမှာ ပြောတာဘဲ၊ ကျနော်တို့ NCUB(FAC) အနေနဲ့ စောဒေးဗစ်ထောက ဦးဆောင်ပြီး အင်ဒိုနီးရှား သွားမယ်၊ ကျနော်တို့ ENSCC နာမည်နဲ့ မဟုတ်ပေမယ့် The Panglong Initiative ကို အခွင့်အရေးရအောင် ယူပြီးတင်ပြတယ်။ ပြီးတော့ နဝတရဲ့ Propaganda ကို ကျနော်တို့က (Undo) ဖြုတ်တာပေါ့နော်၊ သူတို့ပြောနေတာက သူတို့မရှိရင်ဘာဖြစ်မယ်၊ ဒါပေမဲ့ ကျနော်တို့က မဟုတ်ပါဘူး၊ ဒါဟာ နဂိုကတည်းက ပင်လုံစာချုပ်နဲ့ တည်ဆောက်လာတဲ့ ပြည်ထောင်စုဖြစ်တယ်၊ ကျနော်တို့ပင်လုံစာချုပ်ကိုလည်း တကယ်တမ်း ကျနော်တို့က Voluntary Union ဖြစ်တယ်၊ ကျနော်တို့အတင်းအကြပ် ကြောက်လို့၊ စိတ်ရှုပ်လို့ ဝင်တာ မဟုတ်ပါဘူးဆိုတဲ့ ပုံမျိုးနဲ့အမြဲတမ်းဘဲ အဲဒီအပိုင်းတွေ ကျနော်တို့လုပ်တာတွေလည်းရှိတယ်၊ နောက်တခု အတွင်းကိစ္စမှာဆိုရင် အတွင်းကိစ္စကိုတာဝန်ယူပြီး လုပ်တဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ဥပမာ – ရာဇလီရဲ့လက်ထောက် Leo Rul Martin ဟာဆိုရင် ဗမာပြည်မှာ အခြေစိုက်တယ်၊ ကျနော်တို့နဲ့ (၃) လတကြိမ် အမြဲတွေ့တယ်၊ သူကနေတဆင့်အတွင်းရှိ ကျနော်တို့အင်အား Cease-Fire အုပ်စုတွေ၊ နိုင်ငံရေး ပါတီတွေ၊ NLD စသဖြင့် တိုင်းရင်းသားရဲ့ အနေအထားတွေ၊ ကျနော်တို့ရဲ့ စုစည်းမှု၊ ကျနော်တို့ရဲ့ စည်းလုံးညီညွတ်ခြင်း Unity ကျနော်တို့ရဲ့ဆန္ဒ၊ ကျနော်တို့ ဘာကိုလိုချင်တာလဲ၊ ကျနော်တို့က ဖက်ဒရယ်ပြည်ထောင်စုကို ရချင်တယ်ဆိုတဲ့ အဲဒီကိစ္စတွေကို အမြဲတမ်းတင်ပြ၊ Propose လုပ်နိုင်ခဲ့ပါတယ်။

တဖက်မှာလဲကြည့်မယ်ဆိုရင် ထိုင်းအစိုးရကို စောစောပိုင်းက ကျနော်တို့ Diplomat ကိစ္စတွေ၊ ထိုင်းဆိုရင် ထိုင်းရဲ့ Tatic ပေါ့၊ အစိုးရဆိုတာ ဒီကနေ့ ဝန်ကြီးဟာ မနက်ဖြန်ပြုတ်ရင်ပြုတ်မယ်၊ သို့သော် Tatic ဆိုတာအမြဲတမ်းရှိတယ်၊ ဒီ Tatic နဲ့ ကျနော်တို့က အမြဲတမ်း အခွင့်အရေးရအောင် ယူပြီးတော့မှ သူတို့နှင့် တွေ့တယ်၊ တိုင်ပင်တယ်၊ အလားတူဘဲ အခွင့်လမ်းတွေရှာပြီးတော့ ထိုင်းရဲ့ နိုင်ငံခြားရေး ကော်မတီမှာ Sharing တွေဘာတွေ ကျနော်တို့သွားတယ်၊ ကျနော်တို့ရဲ့ ကိစ္စတွေကို ပြောတယ်၊ တိုင်းရင်းသားကိစ္စဟာ ဘယ်လိုရှိလဲစသည့်ဖြင့် Sharing လုပ်တယ်၊ သူတို့က ခေါ်တယ်၊ ဝမ်းသာတယ်။ ဟို Road Map ထွက်တဲ့ အချိန်ဆိုရင် ဆလိုင်းလျန်မှုန်း နှင့် ဟန် တို့ကနေပြီးတော့မှ Press Conference တွေလုပ်တယ်။ အဲဒီကိစ္စတွေကလဲ ကျနော်တို့ကသတင်းကိစ္စကို မြှင့်တင် (Promote) လုပ်တဲ့အပိုင်းထဲမှာ ပါတာပါဘဲ၊ internationalize လုပ်တဲ့ အပိုင်းပါဘဲ၊ Lobby လုပ်တဲ့အပိုင်းတွေနဲ့လဲ ကျနော်တို့ပြောလို့ရတယ်။ အဲဒီတော့ တဖက်မှာပြန်ကြည့်ဆိုရင် UN ကိုလဲ ရာဇာလီနှင့် ကျနော် တို့က ထိတွေ့မှုတွေ လုပ်ပါတယ်၊ သူနှင့် တိုက်ရိုက်မဟုတ်ရင်တောင်မှ Leo Rul Martin မှသော်၎င်း၊ အဖွဲ့အစည်းအနေနဲ့ မဟုတ်ပေမယ့်လည်း တဦးချင်းသော်၎င်း၊ အခွင့်ကြုံတိုင်း အဲဒါတွေ ကျနော်တို့

လုပ်ခဲ့ပါတယ်။ ဒီနေ့ဆိုရင် နိုင်ငံအတော်တော်များများက ဘာပြောလဲဆိုရင်သံရုံးတွေက အစပြော တယ်၊ လူမျိုးစုတွေရဲ့စည်းရုံးမှု အားရစရာကောင်းလာတယ်ဆိုတာ သူတိုအနေနဲ့ပြောလာတယ်၊ အသံထွက်လာတာကိုတွေ့ရတယ်။ နောက်ပြီတော့ ထိုင်းအစိုးရ ကိုယ်နှိုက်က ဒီကနေ့သူ့ရဲ့ ပေါ်လစီက ဘာလဲဆိုရင် နဝတနှင့် ထိုင်းရဲ့ လက်ရှိအနေအထားကို လက်မခံဘူး၊ အဲဒါကျနော်တို့ ENSCC ရဲ့ Road Map ကြောင့်လို့ ကျနော်တို့ပြောလို့ရတယ်၊ ကျနော်တို့လူမျိုးစုရဲ့စုစည်းမှု ဘယ်လိုရှိတယ်၊ ဘယ်လိုလုပ်တယ် ဆိုတဲ့အမြင်အပေါ်မှာ အားရတယ်။ အဲဒီအပေါ်မှာလည်း ဒီကနေ့ နဝတနှင့်ထိုင်း ထားတဲ့ လက်ရှိအနေအထားကို လက်မခံဘူး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ရှိကိုရှိရမယ်၊ အဲဒီနည်းအားဖြင့် လုပ်ရမယ်၊ နောက်တခုက အမျိုးသားပြန်လည်ရင်ကြားစေ့တဲ့ အခါဆိုရင် တိုင်းရင်းသားလူမျိုးစု Ethnic Nationalities ပါကိုပါရမယ်။ NLD, Ethnic Nationalities, SPDC ဆိုတာက တိတိကျကျ သူတို့ချထားတာကို ကျနော်တို့တွေ့ရတယ်၊

နိဂုံးချုပ်အနေနဲ့ ကျနော်ပြောချင်တာက ENSCC ကနေပြီးတော့ လုပ်သွားတဲ့ကိစ္စတွေအပေါ်မှာ ကျနော်ထင်တယ်၊ အများကြီး တိုင်းရင်းသား (Ethnic) ကိုယ်စားလုပ်သွားတဲ့အခါ တိုင်းရင်းသား (Ethnic) အပေါ် ထားတဲ့ အပြည်ပြည်ဆိုင်ရာရဲ့အမြင်က အများကြီးပြောင်းလဲလာတယ်လို့ ယုံကြည်တယ်၊ ယုံကြည်တဲ့ အားလျော်စွာဘဲ ENSCC ကိုဆက်ထားမလား၊ မထားဘူးလား၊ မထားဘူး ဆိုရင်လဲ ဖြတ်လို့ရတယ်။ ထားချင်လဲ ထားဖို့ကောင်းတယ်။ ဒါမှမဟုတ်ရင်လဲ ကျနော် ထင်တာ ကျနော်တို့မှာ ပူးပေါင်းဆောင်ရွက်မှု (Coordination) လုပ်ဖို့၊ စည်းလုံးညီညွတ်မှု (Unity) တခုတော့လိုကို လိုအပ်တယ်။ Tactical Unity ဘဲခေါ်ခေါ်ပေါ့၊ ဖွဲ့ကိုဖွဲ့သင့် တယ်၊ ENSCC ကိုဘဲဆက်ထားမယ်၊ အဲဒီတာဝန် ပေးမယ်ဆိုရင် ပုံစံပြောင်းပြီးတော့ပေးသင့်တယ် ဆိုလည်းပေးသင့်တယ်လို့ ထင်ပါတယ်။ ကျနော်သဘောနဲ့အမြင်က ENSCC ရဲ့အလုပ်ကတော့ အကျိုးရှိတယ်လို့မြင်တဲ့အကြောင်း ပြောရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

# အခန်း (၃)

## တိုင်းရင်းသားလူမျိုးများ၏နိုင်ငံရေးပါတီများနှင့် တပ်ပေါင်းစုများမှတင်သွင်းသော "တိုင်းရင်းသားလူမျိုးများ၏ ကျစ်လစ်ခိုင်မာသောစည်းလုံးညီညွတ်ရေး" (Solidarity) တည်ဆောက်မှုအတွက် အမြင်နှင့်သဘောထား စာတမ်းများ။

## ၃း၁။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD (LA) မှတင်သွင်းသော အမြင်နှင့်သဘောထားစာတမ်း



ခွန်းမတ်ရ်ကိုဘန်း

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ တိုင်းရင်းသားလူမျိုးများ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်ကြီးများခင်ဗျား —

**UNLD(LA)** သည် တိုင်းရင်းသားလူမျိုးများ၏ ကျစ်လစ်ခိုင်မာသော စည်းလုံးညွတ်ရေး **(Solidarity)** တည်ဆောက်မှုအတွက် အမြင်သဘောထားနှင့် ပါတ်သက်လို့ နောက်ခံသမိုင်းကြောင်းဖြစ်ရပ်များ၊ အဆင့်ဆင့်ဖြစ်ထွန်းလာသည့် အကြောင်းများနှင့် တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး ဆက်လက်တည်ဆောက်သွားရမည့် လုပ်ငန်းစဉ်များအမြင်နှင့်သဘောထားကို အပိုင်းလိုက်တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နောက်ခံသမိုင်းကြောင်းဖြစ်ရပ်များ

သဘာပတိကြီးနှင့်တကွ ခေါင်းဆောင်ကြီးများခင်ဗျား —

ယခုလက်ရှိမြန်မာနိုင်ငံလို့ခေါ်တွင်နေပြီး ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင် စသည့် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြတဲ့ တိုင်းပြည်မှာ တတိုင်းတပြည်လုံး စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ဘို့အတွက် မိမိတို့လူမျိုးကိုသာတလျှောက်လုံးကိုယ်စားပြု လာကြတဲ့ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရှမ်း၊ ရခိုင် စသောတိုင်းရင်းသားများတို့မှာ အမြင်သဘောထားများ တူညီကြပြီးတော့ လွယ်ကူစွာနဲ့ တိုင်းရင်းသားလူမျိုးများ ကျစ်လျစ်ခိုင်မာတဲ့ စည်းလုံးညီညွတ်ရေး **(Solidarity)** ကို အမြဲတမ်းတည်ဆောက်နိုင်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

အဲဒီလို တိုင်းရင်းသားလူမျိုးများကျစ်လစ်ခိုင်မာတဲ့ စည်းလုံးညီညွတ်ရေး အင်အားစုကနေပြီးတော့ တိုင်းရင်းသားလူမျိုးကိုယ်စားပြုခံယူသည့် အစဉ်အလာမရှိတဲ့ ဗမာအင်အားစုနှင့် တိုင်ပင်ဆွေးနွေး အပေးအယူ လုပ်ကြပြီး၊ တတိုင်းတပြည်လုံး သွေးစည်းညီညွတ်ရေးဆီသို့ ဆောင်ကျဉ်းသွားနိုင်ကြောင်း ကို သမိုင်းဖြစ်ရပ်အမှန်များမှာ တွေ့ကြုံရမှာဖြစ်ပါတယ်။

### ပထမအကြိမ်စည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်း

သဘာပတိကြီးနှင့် ခေါင်းဆောင်ကြီးများခင်ဗျား —

ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင်စတဲ့တိုင်းရင်းသားများမှာ ရှေးနှစ်ပေါင်းထောင်နှင့်ချီကတည်းက ကိုယ့်ဘုရင်၊ ကိုယ်စော်ဘွား၊ ဒူးဝါ၊ စောဖျာ၊ စော်ကဲ၊ ရမ်အုပ်မင်းနဲ့ သီးခြားစီနယ်မြေများ

တည်ရှိကြတဲ့ ဌာနေတိုင်းရင်းသားများဖြစ်ကြတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်ကာလမှာလည်း သီးခြား ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ တည်ရှိကြပြီး ပြည်ထောင်စုပုံစံမျိုး မရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းတဲ့ကာလမှာ ဗမာပြည်မအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ ခေါင်းဆောင်များ ကြိုးပမ်းကြသလို ရှမ်း၊ ကချင်၊ ချင်း စတဲ့တိုင်းရင်းသားခေါင်းဆောင်များမှာလည်းပဲ လွတ်လပ်ရေးအတွက် သီးခြားကြိုးပမ်းလှုပ်ရှားလာပြီး နောက်မှပူးပေါင်းလာကြကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

(က) ရှမ်းလူငယ်များ ဖဆပလနှင့် သွားရောက်တွေ့ဆုံခြင်း။

ဖဆပလအဖွဲ့ချုပ် ၁၉၄၆ ခု ဇန္နဝါရီလ (၁၇) ရက်နေ့မှ (၂၃) ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ဖဆပလညီလာခံမှာ ရှမ်းလူငယ် (၁၀) ဦးက လျှို့ဝှက်သွားရောက်တွေ့ဆုံခဲ့တယ်။ ၎င်း တွေ့ဆုံစဉ် ရခိုင်၊ ချင်း ကိုယ်စားလှယ်များ လည်းပါလာကြပါတယ်။ ရှမ်းလူငယ်များက နေပြီးတော့ တောင်တန်းဒေသများ မပါဝင်ဘဲ ဗမာပြည်မလွတ်လပ်ရေးယူမှာလား မေးရာမှာ ဖဆပလက ယူသင့် ရင်ယူမယ် ဖြေကြားလို့ ရှမ်းလူငယ်များတောင်ကြီးပြန်ရောက်တဲ့အခါ ၂၀–၂–၁၉၄၄ ရက်စွဲဖြင့် တောင်တန်းဒေသများဟာ တောတောင်ထူထပ်ပြီး သယံဇာတကြွယ်ဝတဲ့အပြင် တရုတ်၊ အန္တိယ နှစ်နိုင်ငံနှင့် နယ်ချင်းစပ်ပြီး လုံခြုံရေးအရ အရေးပါကြောင်း၊ တောင်တန်းဒေသမပါတဲ့ ဗမာပြည်မ လွတ်လပ်ရေးဟာ စစ်မှန်မည် မဟုတ်ကြောင်း၊ ရှမ်း ကိုသနားဘို့မဟုတ်၊ အားလုံးအကျိုးအတွက် ဖြစ်ကြောင်း ပေးစာမှာပါရှိပါတယ်။ နောက်ပိုင်းမှ ဖဆပလဟာ တောင်တန်းဒေသများ မပါတဲ့ လွတ်လပ် ရေးဟာ အဓိပ္ပါယ်မရှိကြောင်း တွင်ကျယ်စွာသုံးစွဲလာတာကိုလည်း သမိုင်းမှာတွေ့ရှိရပါတယ်။

(ခ) ရှမ်းစော်ဘွားများ လွတ်လပ်ရေးအတွက် ကြိုးပမ်းခြင်း။

ပင်လုံအစ မိုင်းပွန်က စခဲ့တာဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာပေါ်ရှိကိုလိုနီနိုင်ငံများက လွတ်လပ်ရေးကြိုးပမ်းလာကြတဲ့အချိန် ဖဆပလကလည်း ဗမာပြည်မ လွတ်လပ်ရေးကြိုးပမ်းကြတဲ့ အချိန်ဖြစ်တယ်။ ဒါ့ကြောင့် ၁၉၄၅ ခု အောက်တိုဘာလမှာ မိုင်းပွန်စော်ဘွားကြီးရဲ့ မဟာဒေဝီ ဈာပန အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ စော်ဘွားကြီးများတက်ရောက်ကြပြီး၊ ရှမ်းပြည်နှင့် တောင်တန်းဒေသ အနာဂတ်လွတ်လပ်ရေးကိစ္စ ဆွေးနွေးကြတယ်။ ၁၉၄၆ ခု ဇန်နဝါရီလ (၃၁) ရက်နေ့ မိုင်းကိုင်စော်ဘွားဟော်ကြီးမှာ စော်ဘွားများကောင်စီအစည်းအဝေးတရပ်ကျင်းပခဲ့ကြတယ်၊ အဲဒီ အစည်းအဝေးသဘောတူညီချက်အရ ၁၉၄၆ ခု မတ်လမှာ ကျရောက်မည့် လဲချားစော်ဘွားနယ် ပင်လုံ ဘုရားပွဲမှာ ရှမ်းပြည်လက်မှုပြပွဲတရပ်ကျင်းပပြီး ဖဆပလ၊ ကချင်၊ ချင်း၊ ကရင်နီ ခေါင်းဆောင်များ ဖိတ်ခေါ်ဘို့ ချမှတ်သွားကြတယ်။ ဒါ့ကြောင့် ရှမ်းစော်ဘွားများ ဖိတ်ခေါ်ချက်အရ ပထမ ပင်လုံညီလာခံ ကျင်းပ ပြုလုပ်နိုင်ခဲ့ပြီးတော့ အတော်အတန် အပြန်အလှန်နားလည်မှု ရရှိသွားပြီး နောက်နှစ် ပင်လုံမှာ ထပ်မံဆုံကြဖို့ သဘောထားရရှိသွားကြတာဖြစ်တယ်။

(ဂ) ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ ပင်လုံစာချုပ်အကြို သဘောတူညီချက်ချမှတ်ခြင်း။

ရှမ်းပြည်ခေါင်းဆောင်များ၊ ကချင်ပြည်ခေါင်းဆောင်များတို့ဟာ ၁၉၄၇ ခု ဖေဖော်ဝါရီလ (၆) ရက် နေ့မှာ တိုင်ပင်ဆွေးနွေးသဘောတူညီကြပြီး၊ နောက်ထပ်ရောက်လာကြတဲ့ ချင်းပြည်ခေါင်းဆောင်များနဲ့

(၇) ရက်နေ့တွင် ထပ်မံတိုင်ပင်ဆွေးနွေးကြပြီးတော့ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးကို ဦးစွာတည်ဆောက်နိုင်ခဲ့တယ်။

သဘောတူညီချက်များမှာ —

၁။ ဗမာတို့နှင့် အဆင့်အတန်းတူ၊ အခွင့်အရေးတူ၊ ရပိုင်ခွင့်တူ ဒီမိုကရေစီကျကျ ခံစားခွင့်ရှိရမည်။
၂။ အမှုဆောင်ကော်မတီတွင် ပါဝင်ဆောင်ရွက်ကြသော ရှမ်းကိုယ်စားလှယ် နှင့် ကချင်ကိုယ်စားလှယ်တို့သည် မိမိတို့လူမျိုးအသီးသီး၏ ပြည်တွင်းရေးရာအားလုံးအတွက် တာဝန်ယူဆောင်ရွက်ကြရမည်။
၃။ ကချင်တို့က သီးခြား ကချင်ပြည်အလိုရှိကြောင်း တောင်းဆိုချက်ကို ဤကော်မတီက ထောက်ခံသည်။
၄။ ဗမာပြည်အစိုးရနှင့် ဗြိတိသျှအစိုးရတို့၏ (အောင်ဆန်းအက်တလီ စာချုပ်သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့် ပါတ်သက်ခြင်း မရှိစေရ)။
၅။ လွတ်လပ်ရေးရရှိပြီးသည့်နောက် "မြန်မာပြည်ထောင်စု"မှ ကျွန်ုပ်တို့ သဘောကျသည့်အချိန်တွင် ခွဲထွက်ခွင့် ရှိစေရမည်။

နောက်ဆက်တွဲများအဖြစ် —

(က) ဗဟိုအခွန်တော်ငွေနှင့်စပ်လျဉ်း၍ ရှမ်းတို့ခံစားရသောအခွင့်အရေးနှင့် ရပိုင်ခွင့်အားလုံးတို့အတိုင်း၊ ချင်းနှင့် ကချင်တို့ကလည်း လူဦးရေအလိုက် ခံစားခွင့်ရှိရမည်။
(ခ) ချင်းတို့ဒေသတွင် ဘဏ္ဍာရေးမလုံလောက်သည်ရှိခဲ့သော် မြန်မာပြည်အခွန်တော်ဆက်ငွေများမှ ဖြည့်တင်းသုံးစွဲရမည်။
(ဂ) ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များပါဝင်သောတောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ ဦးစီးအမှုဆောင်ကော်မတီတရပ်ကို ဖွဲ့စည်း တည်ထောင်ရမည်။ ၎င်းအမှုဆောင်ကော်မတီသည် တောင်တန်းသားများနှင့် မြန်မာပြည်အစိုးရတို့အကြားတွင် ပေါ်ပေါက်သမျှသော ပေါ်လစီရေးဆိုင်ရာကိစ္စရပ်အားလုံးနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သော အာဏာအပြည့်အစုံရှိရမည် — ဟူ၍ ပါရှိပြီးတော့ ရှမ်းပြည်ခေါင်းဆောင် (၁၄) ဦး၊ ကချင်ပြည်ခေါင်းဆောင် (၆) ဦးနှင့် ချင်းပြည်ခေါင်းဆောင် (၃) ဦး အသီးသီး သဘောတူလက်မှတ်ရေး ထိုးကြပါတယ်။ အဲဒီစာချုပ်ဟာ ဗမာပြည်မအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းနှင့် ၁၉၄၇ ခု ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုထားခဲ့ကြတဲ့ ပင်လုံစာချုပ်ရဲ့ အကြိုစာချုပ်ပင်ဖြစ်ပါတယ်။

ပင်လုံစာချုပ်ရဲ့အနှစ်သာရကတော့ —

၁။ သီးခြားစီတည်ရှိတဲ့နယ်မြေများ တပြိုင်တည်းလွတ်လပ်ရေးရယူကြဖို့နှင့်
၂။ အမျိုးသားတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဘဲဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးများ ဦးစွာစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပြီးမှ ဗမာအင်အားစုနှင့် ထပ်ဆင့်သဘောတူညီမှုရရှိပြီး အမျိုးသားစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်တည်ဆောက်နိုင်ကြပြီး ကိုလိုနီအင်္ဂလိပ်ထံမှ လွတ်လပ်ရေးကိုလည်း အမြန်အရ တွန်းအားပေးနိုင်ခြင်း ဖြစ်ပါတယ်။

## ဒုတိယအကြိမ် စည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်း

သဘာပတိကြီးနှင့် ခေါင်းဆောင်ကြီးများခင်ဗျား –

(က) ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအားနည်းချက်များ။

ဗမာပြည်မနယ်မြေကိုယ်စားပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းပြည် ကိုယ်စားပြုတိုင်းရင်းသားခေါင်းဆောင်များ ချုပ်ဆိုခဲ့ကြတဲ့ ပင်လုံစာချုပ်မှာ အနိုင်အရှုံးစာချုပ်မဟုတ်ပါ။ တိုင်းရင်းသားများ တန်းတူရည်တူပြည်ထောင်စု တည်ဆောက်ဖို့ဘဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးနောက်ပိုင်း၊ ဖဆပလခေါင်းဆောင်များဟာ ပင်လုံ စိတ်ဓါတ်၊ တန်းတူရေးစိတ်ဓါတ်၊ အမျိုးသားစိတ်ဓါတ် အခြေခံမူမှသွေဖယ်အားနဲကြပြီး ၁၉၄၇ ခု ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာမှာ ဗမာပြည်မကို ပြည်ထောင်စုအာဏာနှင့် တွဲထားလို့၊ ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းပြည်များဟာ တန်းတူအခွင့်အရေးဆုံးရှုံး သွားတယ်။ ဗမာစိုးမိုးခြင်း လက်အောက်ခံ ကျရောက်သွားတယ်။ ပြည်နယ်ရသင့်ရထိုက်တဲ့ မွန်၊ ကရင်၊ ရခိုင်ကို ပြည်နယ်ထူထောင်မပေးဘူး။ ကရင်နီပြည်ခေါင်းဆောင် စောဖျာနှင့် ပြည်သူများ ဆန္ဒမပါဘဲ လက်အောက်ခံပြည်နယ်တနယ်အဖြစ် အတင်းထည့်ထားလိုက်တယ်။ ဒါ့ကြောင့်လွတ်လပ်ရေးရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အသက်ဝင် လာသည်နှင့်တပြိုင်နက် ပြည်တွင်းစစ်မီးဟာလည်း တပြိုင်တည်းစတင် လောင်ကျွမ်းသွားတာ ဖြစ်တယ်။

အင်္ဂလိပ်ကိုလိုနီခေတ်ကာလမှာ ဗမာအပါအဝင် တိုင်းရင်းသားနယ်မြေများအားလုံး ကိုလိုနီ လက်အောက်ခံဖြစ်ခဲ့ကြတယ်၊ ဒါပေမဲ့ ဗမာပြည်မကိုသာ အင်္ဂလိပ်အစိုးရက တိုက်ရိုက်အုပ်ချုပ်ပြီး ရှမ်း၊ ကချင်၊ ချင်းနှင့် ကရင်နယ်မြေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိထားတာဖြစ်တယ်။ ကရင်နီပြည်ကတော့ အင်္ဂလိပ်နှင့် ဗမာဘုရင်က သီးခြားလွတ်လပ်တဲ့တိုင်းပြည်အဖြစ် ဆက်လက်အသိအမှတ်ပြုထား တာဖြစ်တယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးတဲ့ နောက် ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ဗမာက အင်္ဂလိပ်နေရာတက်ထိုင်ပြီး တိုင်းရင်းသားများ လက်အောက်ခံဘဝကျရောက်သွားတာဖြစ်တယ်။

(ခ) တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်း။

၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခဏ်း (၁၀) မှာ (၁၀) နှစ်ပြည့်ခွဲထွက်ပိုင်ခွင့်ပါတယ်။ အခဏ်း (၁၁) မှာ ပြင်ဆင်ခွင့်ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားခေါင်းဆောင်များဟာ ခွဲထွက်ခွင့်တကြိမ်တခါမှ မသုံးခဲ့ဘူး — ဥပဒေအတိုင်း ပြင်ဆင်ခွင့်တင်တာတောင်မှ ဖဆပလညီညွတ်နေတဲ့အချိန်မှာ အကြောင်း အမျိုးမျိုးပြပြီး အချိန်ဆွဲလာခဲ့တယ်။

ဒါပေမဲ့ ဖဆပလ အဖွဲ့ချုပ် ဦးနုနှင့် ဦးကျော်ငြိမ်း သန့်ရှင်း — တည်မြဲ ကွဲကြပြကြပြီးတဲ့အချိန်ကြမှ ဝန်ကြီးချုပ်ဦးနုကနေပြီးတော့ ပြည်နယ်ခေါင်းဆောင်များကိုခေါ်ပြီးတော့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ပြန်လည် တည်ဆောက်လိုတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်လိုပါက ပြင်ပါဆိုပြီး တရားရေးဝန်ကြီးဌာနကိုပါ တပါတည်း လွှဲပေးလိုက်တယ်။ အဲဒီအချိန် ၁၉၆၀ ခု ရွေးကောက်ပွဲမှာ ဦးနုဦးဆောင်တဲ့ သန့်ရှင်းဖဆပလမှာ သုံးပုံနှစ်ပုံကျော် အပြတ်အသတ်အနိုင်ရရှိပြီး ပြည်နယ်အင်အားစု

နှင့်ပေါင်းလိုက်ရင် ၉၀ ရာခိုင်နှုန်းအင်အား ရှိတဲ့အချိန်ဖြစ်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အကောင်းဆုံးအချိန် လည်းဖြစ်ပါတယ်။

အဲဒီလိုအခွင့်အရေးရတာနဲ့တပြိုင်နက် ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ၊ ကရင်ပြည်နယ်ခေါင်းဆောင်များ နှင့် မွန်၊ ရခိုင် ခေါင်းဆောင်များ ၃၃၀ ဦးတို့ဟာ ၁၉၆၁ ခု ဇွန်လ (၈) ရက်နေ့မှ (၁၆) ရက်နေ့အထိ တောင်ကြီးမြို့မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရန်အတွက် ညီလာခံကြီးတရပ်ကို ကျင်းပပြုလုပ်ခဲ့တယ်။

အဲဒီတိုင်းရင်းသားများ တောင်ကြီးညီလာခံမှာ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး (Solidarity) ကိုတည်ထောင်နိုင်ခဲ့ကြပါတယ်။

၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပြင်ဆင် ရေးဆွဲရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူညီတဲ့ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ်တွင်ပါရှိတဲ့အတိုင်း အမျိုးသားတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက် သွားရန် အောက်ပါအတိုင်း တညီတညွတ်တည်း သဘောတူညီချက်ချမှတ်နိုင်ခဲ့ပါတယ်။

ဆုံးဖြတ်ချက်များ —

(၁) ဗမာပြည်နယ်ဖွဲ့စည်းရေး

(၂) ပြည်ထောင်စုပါလီမန် လွှတ်တော်နှစ်ရပ်အား အာဏာတူပေးရေး

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း ညီမျှသောကိုယ်စားလှယ် စေလွှတ်ရေး

(၄) ပြည်ထောင်စု (ဗဟို) အာဏာများသတ်မှတ်ပြီး ကျန်ရှိသော အာဏာများနှင့် အခွင့်အရေး များကို ပြည်နယ်များအသီးသီးသို့ လွှဲအပ်ပေးရေးတို့ဘဲဖြစ်ပါတယ်။

(ဂ) မြန်မာနိုင်ငံလူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲကြီးကျင်းပခြင်း။

ဝန်ကြီးချုပ်ဦးနုက ၁၉၆၂ ခု ဖေဖေါ်ဝါရီလ (၂၄) ရက်နေ့ ရန်ကုန်မြို့ ပြည်လမ်းအသံလွှင့်ခန်းမမှာ မြန်မာနိုင်ငံလူမျိုးပေါင်းစုံ ပြည်ထောင်စုမူနှင့်ပတ်သက်လို့ နီးနှောဖလှယ်ပွဲစတင်ကျင်းပခဲ့တယ် —

– နီးနှောဖလှယ်ပွဲကြီးမှာ ပထစ၊ ဖဆပလ၊ ပမညတ၊ ရပလစ နိုင်ငံရေးအဖွဲ့အစည်းများအားလုံး အပြင် ပြည်နယ်ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြပါတယ်။ ရှေးဦးစွာ ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ ဖက်ဒရယ်မူနှင့် ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားခဲ့တယ်။

– နီးနှောဖလှယ်ပွဲဒုတိယနေ့ကို မတ်လ (၁) ရက်နေ့တွင် ဆက်လက်ကျင်းပပြီး အတိုက်အခံပါတီများ ဖြစ်ကြတဲ့ ပမညတ၊ ဖဆပလ ကိုယ်စားလှယ်များက အသီးသီးတင်ပြဆွေးနွေးသွားတယ်။

– နီးနှောဖလှယ်ပွဲတတိယနေ့ကို မတ်လ (၇) ရက်နေ့မှာ ဆက်လက်ကျင်းပသွားရန်ဖြစ်ပြီး အဖွဲ့အစည်း အားလုံးဆွေးနွေးပြီးရင်တော့ ဝန်ကြီးချုပ် ဦးနုက နာယကအဖြစ် ဆောင်ရွက်မည့်

  (၁) ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှကိုယ်စားလှယ် (၆) ဦး၊

  (၂) ပမညတ ကိုယ်စားလှယ် (၃) ဦး၊

  (၃) ဖဆပလ ကိုယ်စားလှယ် (၃) ဦး၊

(၄) ရပလဖ ကိုယ်စားလှယ် (၃) ဦး၊
(၅) ပထစ ကိုယ်စားလှယ် (၃) ဦး နှင့် အစိုးရအတိုင်ပင်ခံအဖွဲ့ဝင်လူကြီးများပါဝင်တဲ့ကော်မတီ တခုဖွဲ့စည်းရန်လည်း ချမှတ်ထားခဲ့ပြီး ဖြစ်တယ်။

အဲဒီနီးနှောဖလှယ်ပွဲကြီးပြီးစီးအောင် ကျင်းပနိုင်မည်ဆိုရင်တော့ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်မူဟာ အောင်မြင်သွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ အာဏာငမ်းငမ်းတက်နေပြီး တိုင်းရင်းသားလူမျိုးစုများ တန်းတူရေးမလိုလားဘဲ လူမျိုးကြီးဝါဒစွဲကိုင်ပြီးတော့ လူမျိုးစုများ အမျိုးဖြုတ်လိုတဲ့ ဗိုလ်နေဝင်းဦးဆောင်တဲ့စစ်အုပ်စုဟာ ၁၉၆၂ ခု မတ်လ (၂) ရက်နေ့မှာ တိုင်းပြည်အာဏာသိမ်းယူသွားခဲ့တယ်။

ဒါကြောင့် ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးတည်ဆောက်နိုင်သော်လည်း ဒီမိုကရေစီအင်အားစုနှင့် စည်းလုံးညီညွတ်ရေးတည်ဆောက်ရေးမှာ ပျက်ပြားသွားခြင်းဖြစ်တယ်။

## တတိယအကြိမ် စည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်း

သဘာပတိကြီးနှင့် ခေါင်းဆောင်ကြီးများခင်ဗျား —

ဗိုလ်နေဝင်းဦးဆောင်တဲ့ စစ်အုပ်စု ၁၉၆၂ ခု၊ တိုင်းပြည်အာဏာသိမ်းခဲ့စဉ်က ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင် တိုင်းရင်းသားများဟာ ဖက်ဒရယ်သမားများ၊ ခွဲထွက်ရေးသမားများ၊ တိုင်းပြည်ဖြိုခွဲသူများ ဖြစ်ကြတယ်။ တိုင်းပြည်ချောက်ကမ်းပါးကျလုဆဲဆဲမှာ တပ်မတော်က အချိန်မှီထိန်းသိမ်းနိုင်တယ်လို့ သူခိုးလူဟစ်ဝါဒဖြန့်ခဲ့တယ်၊ နိုင်ငံရေးအားနည်းကြတဲ့ ဗမာတိုင်းရင်းသားအများစုမှာ ယုံကြည်ကြတယ်။ ဒ့ါကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားများ တည်ဆောက်ထားတဲ့ ပင်လုံစိတ်ဓါတ်၊ အမျိုးသားစိတ်ဓါတ် လုံးဝပြိုလဲပျက်စီးသွားခဲ့တယ်။

အဲဒီလိုဥပဒေဘောင်အတွင်းဆောင်ရွက်ခွင့်မရတဲ့အဆုံး တိုင်းရင်းသားများ၊ လူမျိုးစုငယ်များ ပါမကျန် ဒီမိုကရေစီအရေးနှင့် တန်းတူရေးအတွက် ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ကြသဖြင့် ပြည်တွင်းစစ်မီးမှာလည်း အထွင့်အထိပ်သို့ လောင်ကျွမ်းမဆုံး တောက်လောင်သွားတော့တယ်။ ပြည်တွင်းစစ် နှစ်(၄၀) ကြောင့်လည်းကောင်း၊ ဖက်ဆစ်စစ်အာဏာရှင်စနစ်ကြောင့်လည်းကောင်း၊ ဒီမိုကရေစီလူ့အခွင့်အရေးဆိတ်သုဉ်းခြင်းမှာလည်း အမျိုးသားတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပြဿနာရဲ့နောက်ဆက်တွဲ ကပ်ပါလာတော့တယ်။ ဒ့ါကြောင့် ပြည်သူလူထုတရပ်လုံး မခံမရပ်နိုင်တဲ့အဆုံး ၁၉၈၈ ခု၊ ပြည်လုံးကျွတ် ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် ဖဆပလ ပါတီပြုတ်ကျပြီး နဝတ ဖက်ဆစ်စစ်အုပ်စု ပြန်ပေါ်လာတာ ဖြစ်တယ်။

(က) ပြည်တွင်းတိုင်းရင်းသားလူမျိုးများစည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်း။

၁၉၆၂ ခုနှစ်မှစတင်၍ ၁၉၈၈ ခုနှစ်အထိ (၂၆) နှစ်ကာလပတ်လုံး တိုင်းရင်းသားများစုစည်းနိုင်သည့် အခွင့်အရေးလုံးဝမရှိပါ။ မဆလ ဖက်ဆစ်စစ်အုပ်စုက တိုင်းရင်းသားလူမျိုးများ အမျိုးဖြုတ်ရေး လုပ်ရပ်ဖြစ်တဲ့ —

(၁) တိုင်းရင်းသားစာပေများလုံးဝသင်ကြားခွင့်တားမြစ်ခြင်း၊
(၂) အချက်အချာကျ နယ်မြေများသိမ်းယူခြင်း၊
(၃) အတင်းအဓမ္မလူမျိုးသွေးရောနှောစနစ်လုပ်ဆောင်ခြင်း၊
(၄) ဗမာယဉ်ကျေးမှုဓလေ့ထုံးတမ်းကို အာဏာဖြင့် အတင်းသွတ်သွင်းခြင်း၊
(၅) တိုင်းရင်းသားလူမျိုးစုနယ်မြေစစ်ဆင်ရေးအကြောင်းပြပြီး မတရားဖမ်းဆီး၊ ရွာမီးရှို့၊ ပစ္စည်းဥစ္စာလုယက်၊ မုဒိန်းကျင့်၊ သတ်ဖြတ်ခြင်းကိုသာ အလူးအလဲခံလာခဲ့ရပါတယ်။

ဒါပေမဲ့ နဝတလက်ထက် ၁၉၈၈–၈၉ ခုနှစ်ကစပြီး ပါတီစုံကာလမှာ နိုင်ငံရေးပါတီပေါင်း (၂၃၅) ပါတီ ပေါ်ပေါက်သည့်အနက်၊ တိုင်းရင်းသားကိုယ်စားပြုပါတီပေါင်း (၃၀) ခန့်သာပါဝင်ပြီး အဲဒီတိုင်းရင်းသား နိုင်ငံရေးပါတီများအားလုံးကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီ အဖွဲ့ချုပ်မှာ တိုတောင်းလှတဲ့အချိန် ကာလ (၃) လအတွင်း စည်းလုံးညီညွတ်စွာ စုစည်းထားနိုင်ခဲ့တယ်။

UNLD ရဲ့ နိုင်ငံရေးမူဝါဒမှာ —
(၁) စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊
(၂) ပါတီစုံဒီမိုကရေစီထွန်းကားရေး၊
(၃) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကာကွယ်ပြဌာန်းရေး၊
(၄) အမျိုးသားများတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊
(၅) ငြိမ်းချမ်းရေးတည်ဆောက်ရေး စသည့်အခြေခံမူများကို ချမှတ်ထားပါတယ်။ ဒါကြောင့် အဲဒီအခြေခံမူအပေါ် တတိယအကြိမ် တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးကို တည်ဆောက် နိုင်ခဲ့တာဖြစ်ပါတယ်။

(ခ) ပြည်တွင်းတိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစု စည်းလုံးညီညွတ်မှု တည်ဆောက်ရေး။

တိုင်းရင်းသားကိုယ်စားပြုနိုင်ငံရေးပါတီများသည် UNLD အဖွဲ့ချုပ်တွင် စည်းလုံးညီညွတ်မှု တည်ဆောက်ပြီးသည်နှင့်တပြိုင်နက် မိမိနိုင်ငံရေးအခြေခံမူကို စွဲကိုင်ပြီး ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ NLD အဖွဲ့ချုပ်နှင့် (၃) ကြိမ်တိုင်တိုင် ဆွေးနွေးပြီး ၁၉၉၀ ခု ဩဂုတ်လ (၂၉) ရက်နေ့ ဗိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့တယ်။ ဗိုလ်အောင်ကျော်လမ်း ပူးတွဲထုတ်ပြန်ကြေညာချက်မှာ "တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေး တန်းတူညီမျှမှုရှိပြီး ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် အခြေခံ လူ့အခွင့်အရေးများကို ကာကွယ်ပြဌာန်းနိုင်မည့် ပြည်ထောင်စုနိုင်ငံကို တိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်စွာဖြင့် တည်ဆောက်သွားရန် သဘောတူညီကြောင်း" ပါရှိပါတယ်။ အဲဒီ ဗိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက်ကြောင့် တိုင်းရင်းသားများနှင့် ဒီမိုကရေစီ အင်အားစုများ တို့မှာ စည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်ခဲ့ပါတယ်။

အဲဒီလို ဗိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက်ထုတ်ပြန်ပြီး မကြာခင်မှာ NLD ဒီမိုကရေစီ အင်အားစုနှင့် တိုင်းရင်းသားအင်အားစုများညီညွတ်ရေးကို လုံးဝမလိုလားတဲ့ နဝတဟာ UNLD

အဖွဲ့ချုပ်ကို မတရားဖျက်သိမ်းလိုက်တယ်။ UNLD အဖွဲ့ဝင် ပြည်နယ်ကိုယ်စားပြု အမျိုးသားကိုယ်စားပြု (ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရခိုင်၊ မွန်) စသည့်ပါတီကြီးများအားလုံးကို ဖျက်သိမ်းလိုက်တယ်။ နဝတ၊ နအဖ အကြိုက်ဆောင် ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်၊ နဝတ မတတ်သာလို့ချန်ထားရတဲ့ SNLD နှင့် နိုင်ငံတကာကိုဘမ်းပြဖို့ (မြိုခမီး၊ လားဟူ၊ ဝ၊ ပအိုဝ့်နှင့် ကိုးကန့်ကိုယ်စားပြု (၂) ပါတီ စုစုပေါင်း (၈)ပါတီ ချန်ထားတယ်။ နဝတ အဲဒီလို UNLD အဖွဲ့ချုပ်နှင့် အဖွဲ့ဝင်ပါတီကြီးများ ဖျက်သိမ်းလိုက်တာ ၎င်းတို့အတုအယောင် အမျိုးသားညီလာခံ ကျင်းပရေးအတွက်ကြိုတင်ရှင်းလင်းထားခြင်း ဖြစ်တယ်။ NLD ကိုလည်း နည်းမျိုးစုံဖြင့် ပိုမိုပြီးဖိအားပေး လာတာတွေ့ရှိရပါတယ်။

ဒါပေမဲ့ NLD နှင့် UNLD တို့ရဲ့ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာထုတ်ပြန်ကြေညာချက်ရဲ့ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေးပြည်ထောင်စုတည်ဆောက်ရေးအခြေခံမူကြောင့် ယနေ့အထိ CRPP တွင် ခိုင်မြဲစွာ လက်တွဲလျှက်ရှိကြောင်း တွေ့ရှိရပါတယ်။

(ဂ) တော်လှန်ရေးနယ်မြေရှိ တိုင်းရင်းသားအင်အားစု စည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူညီချက်ဖြစ်တဲ့ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ်အခြေခံမူအပေါ် သွေဖယ်အားနည်းသွားပြီး ဗမာပြည်မကို ပြည်ထောင်စုအာဏာနဲ့ တွဲထားလို့ အခြားတိုင်းရင်းသားများတန်းတူရေး အခွင့်အရေး ဆုံးရှုံးသွားတယ်။ ဗမာလက်အောက်ခံဖြစ်သွားတယ်။ ဒါကြောင့် ပြည်တွင်းစစ်မီးလောင်ကျွမ်းသွားတာဖြစ်တယ်။ နောက်တဆင့် ၁၉၆၂ ခုနှစ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် နီးနှောဖလှယ်ပွဲကျင်းပနေစဉ် ဗိုလ်နေဝင်းစစ်အုပ်စုဟာ တိုင်းပြည်အာဏာသိမ်းယူလိုက်တယ်။ ဒါကြောင့် ဥပဒေဘောင်အတွင်း ဆောင်ရွက်ခွင့်မရရှိတဲ့အဆုံး မခံမရပ်နိုင်လို့ တိုင်းရင်းသား လူမျိုးစုများပါမကျန်ရရာ လက်နက်စွဲကိုင်တော်လှန်ကြလို့ ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်လောင်ကျွမ်းသွားခြင်းနဲ့အတူ ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးမှာလည်း လုံးဝပြိုလဲသွားတယ်။။

ဒါပေမဲ့ တိုင်းရင်းသားအင်အားစုများဟာ ဆုံးရှုံးသွားတဲ့မိမိတန်းတူရေးနဲ့ ဒီမိုကရေစီလူ့အခွင့်အရေးများ ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးကို တောက်လျှောက်ကြိုးပမ်းလာခဲ့ကြပါတယ်။ ဒ့ါကြောင့် ၁၉၇၆ ခုနှစ်မှာ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရှမ်း၊ ရခိုင်၊ ပအိုဝ့်၊ ပလောင်၊ ကယန်း၊ ချင်း၊ လားဟူ၊ စတဲ့တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများဟာ အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီအရေး အခြေခံမူ အပေါ်အခြေခံ၍ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF ကို စည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်ခဲ့တယ်။

(ဃ) တော်လှန်ရေးနယ်မြေရှိတိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုများ
စည်းလုံးညီညွတ်မှုတည်ဆောက်ခြင်း။

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုဝင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှာ ၁၉၄၈ ခု၊ လွတ်လပ်ရေးရရှိသည့်အချိန်ကတည်းက ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် ဒီမိုကရေစီအရေးနှင့် တန်းတူရေးအတွက် တိုက်ပွဲဝင်လာခဲ့ကြတယ်။ ၁၉၈၈ ခုနှစ်မှာ နှစ်ပေါင်း

(၄၀) ရှိပြီးဖြစ်တယ်။ NDF တပ်ပေါင်းစုဖွဲ့စည်းလာတာလည်း (၁၂) နှစ်ပြည့်လာပြီးဖြစ်တယ်။ ဒါ့ကြောင့် NDF တပ်ပေါင်းစုဟာ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေး အခြေခံမှုအပေါ်အလေး အနက်ထားပြီး တိုင်းရင်းသားအင်အားစု နှင့် ဒီမိုကရေစီအင်အားစု စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြောင်း တွေ့ရှိရတယ်။

(၁) NDF သည် ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း နဝတက ပစ်ခတ်သတ်ဖြတ်၊ လိုက်လံဖမ်းဆီးလို့ တိုင်းရင်းသားလွတ်မြောက်နယ်မြေသို့ ရောက်ရှိလာကြတဲ့ ကျောင်းသား လူငယ်များနှင့် ဒီမိုကရေစီအဖွဲ့အစည်းများတို့ကို နွေးထွေးစွာကြိုဆိုပြီး မြန်မာပြည်ဒီမိုကရက် တစ်မဟာမိတ်များအဖွဲ့ချုပ် DAB ကို ဖွဲ့စည်းကာ NDF နှင့် တန်းတူရည်တူ တပ်ပေါင်းစုတွင် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ခြင်း။

(၂) ၁၉၉၀ ခု၊ ပါတီစုံဒီမိုကရေစီရွေးချယ်တင်မြှောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၉) ဦး လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာကြရာ NDF နှင့် DAB တို့က ပြည်သူလူထုဆန္ဒကို အလေးအနက်ထားရှိပြီး နိုင်ငံရေးအရလည်းကောင်း၊ ငွေရေးကြေးရေးအရလည်းကောင်း၊ အပြည့်အဝထောက်ခံကာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ကို မိမိတို့အစိုးရအဖြစ် ထောက်ခံခြင်း။

(၃) ပြည်တွင်းမှ လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာကြတဲ့ NLD ပါတီဝင်ဦးရေ (၃၀) ကျော်က NLD (LA) ဖွဲ့စည်းရာမှာ ပြည်တွင်းက ပြည်သူလူထုအများစုထောက်ခံသည့် ပါတီဖြစ် သည့်အတိုင်း NDF-DAB တို့ကလည်း တပ်ပေါင်းစုကြီးတခုအဖြစ် ထောက်ခံလက်ခံခြင်း၊ စသည့်တိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုစည်းလုံးညီညွတ်ရေးအတွက် NCUB တပ်ပေါင်းစုကြီးကို အောင်မြင်စွာ ဖွဲ့စည်းကာ စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပါတယ်။

NCUB တပ်ပေါင်းစုစည်းလုံးညီညွတ်မှုဆောင်ရွက်ချက်များ။

(၁) NCUB တပ်ပေါင်းစုမှာ ပါဝင်ကြတဲ့ NDF, DAB, NLD(LA) နှင့် NCGUB တို့မှာ
၁ ၉ ၉ ၂
ခု ဇူလိုင်လ (၃၀) ရက်နေ့မှာ စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက် မာနယ်ပလောစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြတယ်။

(၂) တိုင်းရင်းသားများ ပထမအကြိမ် နီးနှောဖလှယ်ပွဲကြီးက သဘောတူထုတ်ပြန်ထားသော ၁၉၉၇ ခု ဇန်နဝါရီလ (၁၄) ရက်၊ မယ်သရောထာထုတ်ပြန်ကြေညာချက် စစ်မှန်သော ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး အပေါ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရော NLD ကပါထောက်ခံတယ်၊ လွတ်မြောက်နယ်မြေရောက် ဒီမိုကရေစီအဖွဲ့အစည်းများအသီးသီး ကလည်း ထောက်ခံကြတယ်။

(၃) လွတ်မြောက်နယ်မြေရောက် တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများ နီးနှော ဖလှယ်ပွဲကြီးကို ကျင်းပပြုလုပ်ပြီး ၁၉၉၈ ခု ဒီဇင်ဘာလ (၁၄) ရက်နေ့စွဲဖြင့် စစ်မှန်သော ဒီမိုကရေစီ

နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် သူးမွဲကလိုး ကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့တယ်။

(၄) NCGUB မှာ အနာဂါတ်မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းနှင့်ပတ်သက်လို့ အမျိုးသားတန်းတူရည်တူ စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေခံဥပဒေ ပထမ (မူကြမ်း) ကို ရေးဆွဲနိုင်ကြောင်း တွေ့ရှိရတယ်။

ဒါ့ကြောင့် ပြည်တွင်းဒီမိုကရေစီအင်အားစု NLD နှင့် တိုင်းရင်းသားအင်အားစု UNA, UNLD တို့သည်လည်းကောင်း၊ တော်လှန်ရေးနယ်မြေတွင် NCUB တပ်ပေါင်းစုနှင့် တပ်ပေါင်းစုထဲမှာ မပါဝင်ကြတဲ့ KNPP, RCSS စတဲ့အဖွဲ့အစည်းများအားလုံးသည် လည်းကောင်း၊ စစ်မှန်တဲ့ဒီမိုကရေစီနှင့် အမျိုးသားတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် အခြေခံမူအပေါ် အားလုံးသဘောထား တူညီကြပြီး စည်းလုံးညီညွတ်ရေးကို တည်ဆောက်လျှက်ရှိကြတယ် ဒါပေမဲ့ နအဖ စစ်အုပ်စုကြောင့် ယနေ့အထိ ရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

အင်အားစုနှစ်ရပ်ထိပ်တိုက် တိုက်ပွဲ

နအဖ ဖက်ဆစ်စစ်အုပ်စုမှာ ကုလသမဂ္ဂမှချမှတ်ထားတဲ့ သုံးပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးမှုကို ဆန့်ကျင်ပြီး ၎င်းတို့စစ်တပ် ဆက်လက်အာဏာတည်မြဲရေးအတွက် Road Map (၇) ချက်နှင့် အခြေခံမူ (၁၀၄) ချက်ကို အခြေခံထားတဲ့ အတုအယောင်အမျိုးသားညီလာခံ ဆက်လက်ကျင်းပရန် ကောက်ကျစ်စဉ်းလဲစွာ အတင်းလုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့်ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုပါဝင်တဲ့ ဘက်တော်သားအင်အားစုမှာ စည်းလုံးညီညွတ်ကြပြီး တဘက်မှာနအဖဖက်ဆစ်စစ်အုပ်စုတို့ရဲ့ Road Map လမ်းညွှန် (၇) ချက်ပါ အတုအယောင်အမျိုးသားညီလာခံကို နည်းဟန်မျိုးစုံဖြင့် တိုက်ဖျက်ရေး ပြည်သူလူထုတရပ်လုံး လိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အခြေခံမူ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရမှာဖြစ်တယ်၊ ဒါကြောင့် တတိယအကြိမ် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲမှာ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး တည်ဆောက်ပြီး နောက်တဆင့် ဗမာဒီမိုကရေစီအင်အားစုနှင့် စည်းလုံးညီညွတ်ရေးအတွက် ဆက်လက်တည်ဆောက်သွားရမှာဖြစ် တယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို တဆင့်ပြီး တဆင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းတင်ပြလိုပါတယ်။

တိုင်းရင်းသားများအင်အားစုနှင့် ဗမာဒီမိုကရေစီအင်အားစုများစည်းလုံးညီညွတ်ရေး တည် ဆောက်ရေးမှ စစ်မှန်သောဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက် ဖေါ်ဆောင်ရေးဆီသို့

သဘာပတိကြီးနှင့် ခေါင်းဆောင်ကြီးများခင်ဗျား — နောက်ဆုံးအနေဖြင့်စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်ပြီးတင်ပြလိုတာကတော့ —

(၁) တိုင်းရင်းသားအင်အားစု စုစည်းလျှက်ရှိသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF ကိုလက်ရှိ နိုင်ငံရေးဖြစ်ထွန်းမှုအနေအထားအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ပါဝင်စုစည်းနိုင်မည့်နည်းလမ်းများ ကြိုးပမ်းဆောင်ရွက်သွားရန်။

(၂) မြန်မာနိုင်ငံဒီမိုကရက်တစ်မဟာမိတ်များ အဖွဲ့ချုပ် DAB အနေဖြင့်လည်း လက်ရှိနိုင်ငံရေး ဖြစ်ထွန်းမှု အနေအထားနှင့်အညီ ဒီမိုကရေစီအင်အားစုများအားလုံးပါဝင်သော ဒီမိုကရေစီ မဟာမိတ်များ အဖွဲ့ချုပ်အဖြစ်တိုးချဲ့ ဖွဲ့စည်းရေးအတွက် နည်းလမ်းတရပ်ကြိုးပမ်းဆောင်ရွက် သွားသင့်ကြောင်း။

(၃) ပြည်တွင်း/လွတ်မြောက်နယ်မြေ/နိုင်ငံတကာရောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်း သားအင်အားစုများအားလုံး တဆက်တစပ်တည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းများကို တဆင့်ပြီးတဆင့် ဖေါ်ဆောင်သွားရန်။

လုပ်ငန်းဆောင်ရွက်ရန်နည်းလမ်းများ

ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများသည် ရည်မှန်းချက်ပန်းတိုင် ဖြစ်သော စစ်မှန်သည့် ဒီမိုကရေစီအရေးနှင့် အမျိုးသားတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် အခြေခံမူအပေါ် လုပ်ငန်းများကိုတဆင့်ပြီးတဆင့် အကောင်အထည်ဖေါ်ဆောင်ရွက် သွားနိုင်ရေးအတွက် Forum လုပ်ငန်းပုံစံမျိုးဖြင့်စတင်ကြိုးပမ်း ဆောင်ရွက်သွားသင့်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

- ဖက်ဆစ်စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။
- ဒီမိုကရေစီအရေးနှင့်အမျိုးသားတန်းတူရည်တူစစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး တပြိုင်တည်းအောင်ပွဲခံကြရမည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD(LA)

## ၃း၂။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှတင်ပြသည့်အမြင်သဘောထားစာတမ်း



ပိုလ်မှူး ခိုင်မျိုးမင်း

၁။ တိုင်းရင်းသားများ၏ နောက်ခံသမိုင်း။

ယနေ့ခေါ်တွင်နေသော မြန်မာနိုင်ငံတွင် မတူကွဲပြားသော လူမျိုးစုံတိုင်းရင်းသားများသည် လွတ်လပ်ရေး မတိုင်မီကာလထိ တသီးတခြားစီ ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့် နေထိုင်လာခဲ့ကြသူများဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ် လက်အောက်သို့လည်း တသီးတခြားစီ ကျရောက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဥမကွဲသိုက် မပျက်၊ တမြေတည်းနေ တရေတည်းသောက်၊ တလှေတည်းစီး တခရီး တည်းသွား၊ သမိုင်းစဉ်တလျှောက် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်သည်ဟု သုံးစွဲနေကြခြင်းမှာ ကိုလိုနီလက်အောက် လွတ်မြောက်ရေးတိုက်ပွဲစဉ်ကာလအတွင်း ဗမာနိုင်ငံရေး သမားခေါင်းဆောင်များက စည်းရုံးရေးလိုအပ်မှုအရ အသုံးတော့၍ သုံးစွဲခဲ့ကြခြင်းသာဖြစ်သည်ကို သတိပြုရန်လိုသည်။

ယနေ့ခေတ်ကာလတွင် ပကတိတည်ရှိနေသော အမှန်တရားအပေါ် အဖြေရှာရန်လိုအပ်ပေသည်။ အရှိကိုအရှိအတိုင်း လက်ခံအသိအမှတ်ပြုမှုမရှိလျှင် အမှန်တရားကိုရှာ၍ ရနိုင်မည်မဟုတ်။ အမှန်တရားမရှိလျှင် ညီညွတ်ရေးကိုတည်ဆောက်၍ ရနိုင်မည်မဟုတ်ဟု ယူဆသည်။ ထိုကြောင့် ပကတိတည်ရှိခဲ့သောတည်ရှိနေသော အမှန်တရားအပေါ်တွင် အဖြေရှာသင့်သောကာလသို့ ရောက်ရှိလာပြီဟု ယူဆသည်။ ထိုကဲ့သို့မတူကြသည့် ခြားနားမှုများကို လက်ခံအသိအမှတ်ပြုပြီး တဖက်တွင် တူညီသည့် အချက်အလက်များကိုရှာဖွေကာ ညီညွတ်ရေး (Solidarity) ကိုယနေ့တည်ဆောက်နိုင်မှသာလျှင် အမှန်တကယ် (Unity and diversity) ကိုရရှိနိုင်မည်ဖြစ်သည်ဟု အခိုင်အမာယူဆပါသည်။

ယခုအခါ မိမိတို့တိုင်းရင်းသားလူမျိုးစုံပြည်သူများအနေဖြင့် ဗမာနိုင်ငံရေးသမားများက အစဉ်အလာ သုံးနှုန်းလာခဲ့သော ဝေါဟာရအသုံးအနှုန်းများနှင့် လက်တွေ့လုပ်ဟန်များကို အထူးသတိထားရမည့်အပြင် မိမိတို့လက်တွေ့ဘဝနှင့်ကိုက်ညီသော လုပ်ဟန်များကိုပါပေါင်းစပ်ပြီး နည်းလမ်းရှာသင့်သည်ဟုသုံးသပ်မိပါသည်။ ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုတွင် ညီညွတ်ရေးကို တည်ဆောက်ခဲ့ကြသည့် တူညီသည့်အချက်အလက်များမှာ အင်္ဂလိပ်တို့လက်အောက်တွင် ကျွန်ပြုခံခြင်း တူညီမှု ကိုလိုနီကျွန်ပြုခံဘဝမှ လွတ်မြောက်ရန်ဆန္ဒတူညီမှု၊ အင်္ဂလိပ်တို့အား တဦးတည်းသော ဘုံရန်သူ

အဖြစ်တူညီမှု၊ လွတ်လပ်ရေးကိုတန်းတူရည်တူ ရယူလိုသည့်ဆန္ဒတူညီမှု စသည်တို့သည် ညီညွတ်ရေးကို တည်ဆောက်ခဲ့ကြသည့် မတူကွဲပြားမှုများထဲမှ တူညီသော အချက်အလက်များ အဖြစ်မြင်တွေ့ခဲ့ကြရသည်။

ထို့ကြောင့် တိုင်းရင်းသားများအချင်းချင်းအကြား ကွဲပြားခြားနားသော မတူညီမှုများကို အပြန်အလှန်အသိအမှတ်ပြုနှင့် တူညီမှုများကိုညီညွတ်ရေးအတွက် အားတခုအဖြစ်အသုံးပြုပြီး ညီညွတ်ရေးကို အရယူနိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဗမာနိုင်ငံရေးအဖွဲ့အစည်းများက ဖဆပလအဖွဲ့ချုပ်တွင် စုစည်းခဲ့ကြသည် ဖဆပလအဖွဲ့ချုပ်ကိုယ်စားလှယ် ဦးအောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စာလှယ် များ၏ ညီညွတ်ရေးကို ပင်လုံစာချုပ်ဖြင့် ထိုအချိန်တုန်းက သက်သေထူခဲ့ကြသည်။ ထိုကြောင့် ဗမာပြည်လွတ်လပ်ရေးအောင်ပွဲကို ရယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

2။ တိုင်းရင်းသားလူမျိုးများ၏ လွဲခဲ့ရသောအောင်ပွဲများ

တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်နိုင်ငံထူထောင်ခွင့် ကြိုးပမ်းမှုများသည် မျှော်လင့်ချက်ကင်းမဲ့ခဲ့သည့် ကာလချည်းမဟုတ်ခဲ့ကြောင်း သမိုင်းအတွေ့အကြုံ သင်ခန်းစာများကို တွေ့မြင်နိုင်ပါသည်။ အောင်မြင်မှုပန်းတိုင်ကို မြင်ခဲ့ရသော အကြိမ်ပေါင်းမနည်း ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဗြိတိသျှလက်အောက်မှလွတ် လပ်ရေးကြိုးပမ်းမှုကာလကို ပြန်ကြည့်မည်ဆိုလျှင် ဗမာနှင့်ပေါင်းမယူဘဲ၊ ပင်လုံစာချုပ်သာမချုပ်ဖြစ်ခဲ့ဘဲ တသီးတခြားစီ ကိုယ်ပိုင်လွတ်လပ်ရေးအတွက် လှုပ်ရှားမှုများသာရှိခဲ့လျှင် အားလုံးသောတိုင်းရင်းသားများအတွက် ကိုယ်ပိုင်နိုင်ငံ ကိုယ်ပိုင်တိုင်းပြည်နှင့် ယခုအချိန်တွင် ရှိနေကြပြီးဖြစ်ပါလိမ့်မည်။

ထိုအချိန်က ယခုအတွေ့အကြုံမျိုးမရှိခဲ့ကြသောကြောင့် ဗမာအပေါ်တွင် အကြွင်းမဲ့ယုံကြည် ခဲ့ကြမှုကြောင့် ယနေ့ကာလထိ တိုင်းရင်းသားအားလုံး၏ ကံကြမ္မာသည် ဆိုးသွမ်းသံသရာကို ခါးသီးခံပြင်းစွာ ခံစားနေကြရပါသည်။ မိမိတို့တိုင်းရင်းသားများသည် ယနေ့ကာလရာစု တဝက်ကျော်သက်တမ်းထိ ပြည်ထောင်စုလည်းမဟုတ် တပြည်ထောင်လည်းမဟုတ်ပဲ ဥမမည်စာမမြောက်ဖြစ်နေကြရပါသည်။ ထိုသို့ဖြစ်နေရခြင်းသည် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအပေါ် ရိုးသားစွာတွေးခေါ်နားလည်မှု၊ လုပ်ကိုင်တတ်မှုအပေါ် ဗမာနိုင်ငံရေးသမားများ၏ လူလည်ကျမှုကြောင့်ပင်ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။

မကြာမီက ဖြစ်ပေါ်ခဲ့သော ရှစ်လေးလုံးအရေးတော်ပုံအတွင်းမှာပင် တိုင်းရင်းသားများ၏ အောင်ပွဲနှင့်ကြုံကြိုက်နိုင်သည့် အခွင့်အရေးနှင့်လွဲခဲ့ရမှုသည် တိုင်းရင်းသားအားလုံးအတွက် ဝမ်းနည်းဖွယ်ပင်ဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ တိုင်းရင်းသားလူမျိုးများ၏ တော်လှန်ရေးသည် လူထုထဲမှာ မရှိ၍လော၊ ပြည်သူနှင့် အဆက်အစပ်မရှိ မှုကြောင့်လော၊ သို့မဟုတ် တော်လှန်ရေး သဘောတရားကို နားမလည်၍လော၊ ဖြေဆိုရမည့် မေးခွန်းများကား များစွာရှိပါသည်။ ပြဿနာ တခုကိုမည်သို့မည်ပုံ ကိုင်တွယ်ရမည်၊ မည်သို့မည်ပုံအသုံးချရမည် ဆိုသည်ကို တိုင်းရင်းသားများ မသိရှိခဲ့သောကြောင့်ပင်ဖြစ်သည်ဟု ဝန်ခံကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် အောင်ပွဲကို ဆုံးရှုံးခဲ့ကြရသည်ဟု သုံးသပ်ကြရမည်ဖြစ်ပါသည်။

၁၉၉၀ ခု ရွေးကောက်ပွဲမှာလည်း မြို့ပြတွင် နိုင်ငံရေးအရရှုံးနိမ့်ခဲ့သော စစ်အာဏာရှင်အုပ်စုသည် စစ်ရေးအင်အားရှိနေသော တိုင်းရင်းသားအင်အားစုများနှင့် စစ်ဖက်ယှဉ်ပြိုင် တိုက်ခိုက်ပါက ရှုံးနိမ့်မည်ကိုသိသောကြောင့် ချက်ချင်းဆိုသလို (စေ့စပ်ဆွေးနွေးရေး၊ အပစ်အခတ်ရပ်စဲရေး) ဟု အသံကျယ်စွာအော်ဟစ်လာပါသည်။ တခါမျှမပေးခဲ့ဖူးသော အခွင့်အရေးများကိုပေးပြီး တိုင်းရင်းသားလူမျိုးများ၏လှုပ်ရှားမှုတစုံတရာကို နှောင့်နှေးစေခဲ့ပါသည်။ ထိုအချိန်ကသာ တိုင်ရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏စုစည်းမှုကို အခိုင်အမာဆက်လက် ထိန်းသိမ်းနိုင်ခဲ့ကြလျှင် စစ်အုပ်စု၏ထောင်ချောက်ကိုရှောင်ရှားနိုင်ခဲ့မည်ဆိုလျှင် မိမိတို့၏အောင်ပွဲကိုရနိုင်ခဲ့မည်ဟု မျှော်လင့်နိုင်ပါသည်။

ယနေ့ကာလမှာလည်း စစ်အုပ်စုအတွက် ပြည်တွင်းပြည်ပ ဖိအားအမျိုးမျိုးက အလားတူ အကျပ်အတည်းအမျိုးမျိုးကို ဖြစ်ပေါ်စေလျှက်ရှိနေပါသည်။ သက္ကရာဇ် ၂၀၀၄ နှင့် ၂၀၀၅ ခုနှစ် အတွင်းရှောင်လွှဲမရနိုင်သော အခြေအနေမျိုးတခုနှင့် အမှန်တကယ် စစ်အုပ်စုအဖို့ ကြုံတွေ့ရဖွယ်ရှိနေပါသည်။ ထို့ကြောင့် ရှေးယခင်ကကဲ့သို့ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများကို အသုံးချရန် မိုးကြိုးပစ်ရာထန်းလက်ကာ သဘောမျိုးဖြင့် ကြိုးပမ်းလာနေသည်ကို သတိပြုကြရမယ်ဖြစ်ပါသည်။ တော်လှန်ရေးတရပ်ဆိုသည်မှာ ပြည်တွင်းပြည်ပတွင်ရှိနေသော နိုင်ငံရေးဖြစ်တည်မှုအပေါ် လက်တွေ့ကျကျသုံးသပ်နိုင်မှသာ အောင်ပွဲကိုရရှိနိုင်မည်ဟု ယုံကြည်ယူဆပါသည်။

၃။ အစိုးရအကျပ်အတည်း၏ တန်ပြန်သက်ရောက်မှုများ။

အုပ်စိုးသူအဆက်ဆက်တွင် အကျပ်အတည်းဖြစ်ပေါ်လာတိုင်း နည်းပရိယာယ်အရ စွန့်စားခန်းများလုပ်ပြီး ၎င်းတို့၏အာဏာသက်ဆိုးရှည်ရေးအတွက် ထွက်ပေါက်ရှာတတ်လေ့ရှိသည်ကို သတိပြုရန်လိုအပ်ပါသည်။ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ရလျှင် ၁၉၄၉ ခုနှစ်တွင် ရန်ကုန်အစိုးရအဆင့်သို့ရောက်သွားပြီးမှ စွန့်စားခန်းလုပ်ပြီး ဆွေးနွေးရေး နည်းပရိယာယ်ကို ကျင့်သုံးလာသောကြောင့် မိမိတို့ဘက်တွင်အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ၁၉၅၈ ခုနှစ်အတွင်း ဖဆပလအဖွဲ့အတွင်း အကွဲအပြဲပြဿနာ ပေါ်ပေါက်လာသော အကျပ်အတည်းကို လက်နက်နှင့် ဒီမိုကရေစီ လဲရအောင်ဟူသော နိုင်ငံရေးနည်းပရိယာယ်ကို စွန့်စားခန်းဖြင့် ထိုးစစ်ဆင်မှုကြောင့် ရခိုင်တော်လှန်ရေး၊ ပအိုဝ်းတော်လှန်ရေးနှင့် မွန်တော်လှန်ရေး လှုပ်ရှားမှုများ အားလုံးမျိုးဆက် ပြုတ်သွားခဲ့ရသည်။

၁၉၈၈ တွင် လူထုအုံကြွမှုအရေးအခင်းကြီး၏ အကျပ်အတည်းကို ကျင့်သုံးခဲ့သော နည်းပရိယာယ်စွန့်စားခန်းမှာ လက်နက်ကိုင်လမ်းစဉ်ကိုသာစွန့်ပါ လက်နက်စွန့်ရန်မတောင်းဆိုပါ ဟူသော လှည့်ကွက်အတွင်း ကျရောက်ခဲ့ကြသော အဖွဲ့အစည်းများသည် ယခုအခါ ဆယ်နှစ် ကျော်ကြာလာပြီ ဖြစ်သော်လည်း တစုံတရာအဖြေမပေါ်နိုင်ဘဲ ဖြစ်နေသည်မှာ အထင်အရှားမြင်တွေ့နေရသည်။ ယခုနောက်ဆုံးတိုင်းပြည်၏ ဘက်ပေါင်းစုံသော အကျပ်အတည်းများကြားမှ ဒီပဲယင်းလုပ်ကြံမှု လူသတ်ပွဲကြီးအားဖန်တီးမှုသည် ပြည်တွင်းပြည်ပအာရုံကို တမဟုတ်ချင်း ပြောင်းလဲစေခဲ့သည့် စစ်အုပ်စု၏ သက်တမ်းတလျှောက်အကြီးမားဆုံးသော အကျပ်အတည်းပြဿနာကြီး ဖြစ်သည်။ ထို့အပြင် အမေရိကန်အစိုးရ၏ (မြန်မာနိုင်ငံလွတ်မြောက်ရေးအက်ဥပဒေ ပြဋ္ဌာန်းချက်– ၂၀၀၃) သည်လည်း စစ်အုပ်စုကိုများစွာတုန်လှုပ်ချောက်ချားစေခဲ့သည်။ စစ်အုပ်စုသည် အမှန်တကယ် နိုင်ငံရေးစိတ်ဓါတ် အရင်းခံပြောင်းလဲလို့မှုမဟုတ်ဘဲ ထိုအကျပ်အတည်းပြဿနာကြီးအား အာရုံပြောင်းရန် နိုင်ငံရေးနည်း ပရိယာယ်စွန့်စားခန်းအဖြစ် ဘုံ (၇) ဆင့်ပါသော လမ်းပြမြေပုံကို ခင်းပြခြင်းသာဖြစ်သည်။ သို့သော်လည်း ထိုလမ်းပြမြေပုံ

အားအဓိကကျသော ပြည်တွင်းအတိုက်အခံအင်အားစုများဖြစ်သည့် (NLD,UNLD, UNA, SNLD) နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအဖွဲ့စသော အဖွဲ့အစည်းများ အားလုံးလိုလိုကလည်း လုံးဝလက်မခံဘဲ ပယ်ချထားကြဆဲဖြစ်သည်ကို သတိပြုရန်လိုအပ်သည်ဟု သုံးသပ်မိပါသည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံနှင့် စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သောကြောင့် အခြေခံကျသော နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် လူမျိုးအားလုံး အလွှာအားလုံး ပါဝင်မှုမရှိဘဲ ဖြေရှင်းခြင်းသည် အားလုံးအတွက် ကျေနပ်ပြေလည်မှုကို မရရှိနိုင်ကြောင်း သက်သေမြောက်များစွာ ကြုံတွေ့ခဲ့ကြပြီဖြစ်သည်။ တဖက်တွင် လူတစုလူမျိုးတချို့နှင့် သီးခြားခွဲထုတ်ပြီး ဖြေရှင်း၍လည်း ပြီးပြည့်စုံမှု မရှိနိုင်ကြောင်းကိုလည်း အတွေ့အကြုံများအရ သင်ခန်းစာရရှိခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် အချုပ်ဆိုရလျှင် မြန်မာနိုင်ငံရေးပြဿနာအားဖြေရှင်းရန်အတွက် ရိုးသားသောအရင်းခံစေတနာသည် အရေးကြီးဆုံးဖြစ်ပြီး ပြီးပြည့်စုံသော ပြေလည်မှုကိုရရှိရန်အတွက် လူမျိုးစုံအလွှာစုံပါဝင်သော မျက်နှာစုံညီစကားဝိုင်းမှ ညှိနှိုင်းဆွေးနွေး အဖြေရှာကြမှသာလျှင် အားလုံးကျေနပ်မှုဖြင့် ပြီးပြည့်စုံသော ပြေလည်မှုနှင့် တည်တန့်သည့်ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်သည်ဟု (ALP) မှအပြည့်အဝယုံ ကြည်ပါသည်။

၄။ မျက်မှောက်ခေတ်အတွက် သွေးစည်းညီညွတ်ရေးအရေးပါမှု။

တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်ရေးသည် အရာခပ်သိမ်းအတွက် မဏ္ဍိုင်သဖွယ် အရေးပါသည့် အဓိပ္ပါယ်ကိုနားလည်သဘောပေါက်ခဲ့ကြသော တိုင်းရင်းသားခေါင်းဆောင် အဆက်ဆက်မှ ညီညွတ်ရေးအတွက် ကြိုးပမ်းလာခဲ့သော လုပ်ငန်းစဉ်တရပ်ပင် ဖြစ်သည်။ ဤ လုပ်ငန်းစဉ်သည် ရာသက်ပန်အရေးပါသောကဏ္ဍတွင် တည်ရှိနေမည်ဟု ယုံကြည်ယူဆသည်။ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ အနေဖြင့်ထိပ်ဆုံးတွင် ဦးစားပေးပြီး လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တရပ်အဖြစ်လည်း သဘောပေါက်လက်ခံ ထားရန်လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ အားလုံးအတွက် (တပ်ပေါင်းစုဖြင့်သာလျှင် အောင်ပွဲကိုရယူမည်) ဟူသောကြွေးကြော်သံသည် မိမိတို့လူမျိုးစုံပြည်သူများအတွက် ထိုက်တန်သောကြွေးကြော်သံ ဖြစ်သည်။

မျက်မှောက်ခေတ်စစ်ဝါဒီများသည် မိမိတို့၏မတူညီသော ခြားနားချက်များကို ပို၍ပို၍ ကွဲပြားခြားနားအောင် သွေးခွဲအုပ်စိုးလာခဲ့သည်။ အနီးကပ်ဆုံးသက်သေအဖြစ် (Cease-fire groups) များ၏ အခြေအနေများကို လေ့လာသောအားဖြင့်သိသာနိုင်သည်။ (Divided and Rule Policy) ကို ကောင်းစွာ ကျင့်သုံးနိုင်သည်။ လူမျိုးတခုချင်း အတွင်းတွင်၎င်း၊ အဖွဲ့အစည်း တခုချင်းအတွင်းတွင်၎င်း၊ အနိမ့်ဆုံးအဆင့် မိသားစုတခုချင်းစီ အတွင်းတွင်၎င်း၊ အပြန်အလှန်ယုံကြည်မှုကင်းမဲ့အောင် သံသယသွင်းပြီး အုပ်စိုးထားခြင်း ဖြစ်သည်။ ထို ပေါ်လစီအောင်မြင်မှုကြောင့်သာလျှင် မိမိတို့၏ညီညွတ်ရေး တည်ဆောက်မှုကို နှောင့်နှေးခက်ခဲစေခြင်းဖြစ်သည်။ စစ်အုပ်စုသည် သွေးခွဲရေးလုပ်ဟန်နှင့် သံသယဖန်တီးမှုအတတ်ပညာပိုင်းတွင် တဘက်ကမ်းခတ်နိုင်သည် ဟုဆိုရမည်ဖြစ်သည်။ ထိုကျွမ်းကျင်မှုကို ၎င်းတို့အာဏာဖြင့်တည်မြဲအောင် ယနေ့တိုင်ဆုပ်ကိုင်ထားနိုင်မှုက အခိုင်အမာ သက်သေပြနေပါသည်။

၅။ ညီညွတ်ရေးအကြံပြုချက်များ။

မျက်မှောက်ကာလ မိမိတို့တော်လှန်ရေးအောင်ပွဲအတွက် အရေးကြီးဆုံးပြဿနာသည် ညီညွတ်ရေးပြဿနာ ပင်ဖြစ်သည်။ ညီညွတ်ရေးအတွက် မတူညီသောကွဲပြားခြားနားချက်များထဲမှ တူညီသော

အချက်အလက်များကို ရှာဖွေကြရမည်ဖြစ်သည်။ ဤသို့ ရှာဖွေနိုင်ပါက အောက်ပါတူညီသော အချက်များကို အခြေခံပြီးမျက်မှောက်ခေတ်၏ ပကတိဖြစ်ပွားနေသော တိုင်းရင်းသားသွေးစည်းညီညွတ်ရေး (Solidarity) ကို တည်ဆောက်နိုင်လိမ့်မည် ဟုမျှော်လင့်ယုံကြည်ပါသည်။

(က) စစ်ဝါဒီများ၏ ဖိနှိပ်အုပ်စိုးမှုဒဏ်ကို တိုင်းရင်းသားများ အားလုံးပြင်းထန်စွာ ခံစားနေရသည့် တူညီမှု၊
(ခ) စစ်ဝါဒီအုပ်စုသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ ဘုံရန်သူအဖြစ်တူညီမှု၊
(ဂ) တိုင်းရင်းသားလူမျိုးများအားလုံးစစ်ဝါဒီတို့၏ ဖိနှိပ်အုပ်စိုးမှုအောက်မှ လွတ်မြောက် လိုသည့် ဆန္ဒတူညီမှု၊
(ဃ) မိမိတို့အချင်းချင်းအကြား တန်းတူရည်တူနှင့် အပြန်အလှန်အသိအမှတ်ပြုမှု၊
(င) အပြန်အလှန် သစ္စာရှိမှု၊ ကတိတည်မှု၊ ရိုးသားပွင့်လင်းမှု၊ စေတနာမှန်ကန်မှု

စသည့်အထက်ပါအချက်အလက်များမှာ မိမိတို့အတွက် အရေးကြီးသော သွေးစည်းညီညွတ်ရေး (Solidarity) အတွက် လက်တွေ့တာဝန်ယူအကောင်အထည်ဖော်ကြသူများအနေဖြင့် အလေးထားစဉ်းစားသင့်သည့်အချက်များ ဖြစ်သည့်အချက်များဖြစ်သည်ဟု ယုံကြည်ယူဆပါကြောင်းအကြံပြုတင်ပြအပ်ပါသည်။

မျက်မှောက်ကမ္ဘာမှာ ဒီမိုကရေစီပြဌာန်းချက်များကိုအခိုင်အမာကြိုးစားကျင့်သုံးနေသည့် နိုင်ငံပေါင်း (၁၂၀) ကျော်ရှိနေပါသည်။ အမှန်တကယ်မှာ ဒီမိုကရေစီ၏ကျင့်စဉ်အတွက် အဓိက တွန်းအားသည် လူသားတိုင်းအတွက် လွတ်လပ်စွာရပ်တည်ပိုင်ခွင့်သာဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံမှာနေထိုင်နေကြသော လူမျိုးတိုင်းအတွက်လည်း ရရှိခံစားထိုက်သော အခွင့်အရေးများဖြစ်ပါ သည်။ ဤအခွင့်အရေးကို မည်သူမျှတားမြစ်ပိတ်ပင်ပိုင်ခွင့် မရှိသင့်ပါ။ လူသားတိုင်းသည်၎င်း၊ လူမျိုးသားတိုင်းသည်၎င်း မိမိတို့၏လွတ်လပ်ခွင့်ကို လေးစားမြတ်နိုး တန်ဖိုးထားသကဲ့သို့ တပါးသူလူမျိုးများ၏ အခွင့်အရေးကို တန်ဘိုးထားလေးစားရေးနှင့် အပြန်အလှန်အသိအမှတ်ပြုရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်သည်။ ထိုစံနှုန်းကို တန်ဘိုးမထားတတ်သော ပတ်ဝန်းကျင်တွင် ညီညွတ်ရေးကို ရှာလျှင် ကန္တာရတွင် စမ်းရေရှာသကဲ့လိုသာ ဖြစ်နေပါလိမ့်မည်။ အကြောင်းမှာ လူမျိုးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဂုဏ်သိက္ခာရှိမှု၊ စည်းလုံးညီညွတ်မှုနှင့် အရေးကြီးသော ဘဝအာမခံချက်သည် လွတ်လပ်မှုအပေါ်တွင် ဗဟိုပြုနေသောကြောင့် ပင်ဖြစ်ပါသည်။

၆။ နိဂုံးချုပ်တင်ပြချက်။

မြန်မာ့နိုင်ငံရေးပြဿနာသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးပြဿနာထဲတွင် တခုအပါအဝင် ဖြစ်ပါသည်။ သက်တမ်းရှည်ကြာသလောက်အတွေ့အကြုံအရ ရှေ့မှီနောက်မှီပုဂ္ဂိုလ်ကြီးများ လည်း တချို့တည်ရှိနေကြဆဲ ဖြစ်ပါသည်။ ကွယ်လွန်သွားပြီးဖြစ်သော ခေါင်းဆောင်ကြီးများ၏ အတွေ့အကြုံများကို တဆင့်ပြောပြချက်များအရလည်း သိရှိလေ့လာခွင့်မှတဆင့် သင်ခန်းစာပေါင်းမြောက်များစွာကို ရရှိထားကြပြီးလည်းဖြစ်ပါသည်။ ယင်းအထဲမှ ပညာရှိလည်းသတိမမူရှိခဲ့သော် ဆိုသည့် စကားအရ သတိပြုသင့်သောအချက်တခုကို ထောက်ပြလိုပါသည်။ မိမိတို့၏ ဦးတည်ချက်အား မိမိတို့၏ စွမ်းဆောင်ချက်အားနည်းမှုရှိလျှင် အောင်ပွဲကိုမရရုံသာ ရှိနိုင်ပါသည်။ လုံးဝရှုံးနိမ့်မှုအား မဖြစ်နိုင်ပါ။

စာမျက်နှာ (၅၇) သို့ ဆက်ပါ။

## ၃း၃။ ချင်းအမျိုးသားတပ်ဦး (CNF) မှ တင်ပြသည့် အမြင်နှင့်သဘောထားစာတမ်း

နိဒါန်း



ပူးထန်ယဲန်

လက်ရှိမြန်မာနိုင်ငံ၏ ပြဿနာသည်ဒေါင်လိုက် ဖြစ်သော ပြဿာနာ (Vertical problem) ဖြစ်သည်။ အုပ်ချုပ်သူစစ်အာဏာရှင်များနှင့် အုပ်ချုပ်ခံပြည်သူများအကြား ဖြစ်ပွားနေသော ပြဿနာဖြစ်သည်။ အုပ်ချုပ်ခံပြည်သူများ ဟုဆိုရာတွင် ဗမာလူမျိုးများနှင့် ဗမာမဟုတ်သောတိုင်းရင်းသား လူမျိုးများဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဗမာလူမျိုးများ၏အဓိက ပြဿနာမှာ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် လူ့အခွင့်အရေးရရှိရေးအတွက် တောင်းဆိုနေခြင်းဖြစ်သည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးများအနေနှင့်မူ အထက်ဖေါ်ပြပါ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် လူ့အခွင့်အရေးရရှိရေးအပြင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် အခြားအခွင့်အရေးများရှိရေးအတွက်ပါ တောင်းဆိုတိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။ ထို့ကြောင့်မြန်မာနိုင်ငံ၏ ပြဿနာကိုခွဲခြမ်းစိတ်ဖြာရာတွင် ပြဿနာ၏ သဘောသဘာဝသည် ဒေါက်လိုက်ပြဿနာဖြစ်ပြီး တိုင်းရင်းသားအုပ်စု၊ ဒီမိုကရေစီအုပ်စု နှင့် စစ်အာဏာရှင်အုပ်စုဟူ၍ အဓိကအားဖြင့် အုပ်စုသုံးခု ရှိနေကြသည်ကို တွေ့ရှိရသည်။

မိမိတို့၏ရည်မှန်းချက်များ ရရှိနိုင်ရေးအတွက် (သို့) ယခုတွေ့ကြုံနေရသော ပြဿနာကို ဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးအနေဖြင့် လက်ခံသဘောတူထားသော မဟာဗျူဟာမှာ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်း" ဖြစ်သည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်း ဟုဆိုရာ၌အထက်တွင် ဖေါ်ပြခဲ့သည့် အဓိကအုပ်စုများဖြစ်ကြသော တိုင်းရင်းသားလူမျိုးစုများ၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီများနှင့် စစ်အုပ်စုတို့တွေ့ဆုံဆွေးနွေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။ စစ်အုပ်စုအနေဖြင့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင်သော်၎င်း၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ အတွက်သော်၎င်း၊ တိုင်းရင်းသားလူမျိုးများအကြားတကွဲတပြားဖြစ်နေခြင်းကို အခက်အခဲတခုအဖြစ် တစိုက်မတ်မတ် ပြောဆိုခဲ့သည်။ ထို့အပြင် အချို့အတိုက်အခံ ဒီမိုကရေစီအင်အားစုများမှသော်၎င်း၊ အချို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများမှသော်၎င်း၊ ခနဲ့သောလေသံဖြင့် မေခွန်းထုတ်ထောက်ပြသည်မှာ အကယ်၍ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပါက တိုင်းရင်းသားလူမျိုးများ ကိုယ်စားပြုခြင်းကိစ္စကို ပြဿနာတရပ်အဖြစ် ထောက်ပြခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ ကိုယ်စားပြုခြင်းကိစ္စနှင့် ပတ်သက်၍တိုင်းရင်းသားလူမျိုးများ အကြားကွဲပြားခြားနားသောအမြင်များ ရှိနေကြဆဲဖြစ်သည်။ ဤကဲ့သို့ အမြင်သဘောထားများ ကွဲပြားခြားနားမှုရှိလေလေ နအဖအုပ်စု ထောက်ပြသော ပြဿနာကိုထောက်ခံသကဲ့သို့ ဖြစ်လေလေဖြစ်ခဲ့ရသည်ဟု ဆိုနိုင်သည်။ တနည်းအားဖြင့်ဆိုပါက တိုင်းရင်းသား လူမျိုးများ၏ အားနည်းချက်ပေါ်လွင်လေလေ ဖြစ်ခဲ့ရသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မြန်မာနိုင်ငံ၏ ပြဿနာကိုဖြေရှင်းနိုင်ရန် "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ပြုလုပ်ရန်တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်သည် နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းသောနည်းလမ်းတခုအဖြစ် တိုင်းရင်းသားအင်အားစုများကလည်း ထောက်ခံခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏တောင်ဆိုချက်ဖြစ်သော "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ကိုကြည့်ပါက တိုင်းရင်းသားလူမျိုးများအားလုံးအနေဖြင့် အုပ်စုတခုအဖြစ် ဆွေးနွေးပွဲတွင်ပါဝင်ရန်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် အင်အားစုတခုအဖြစ် (သို့) အသံတခုတည်း ထွက်ဆိုနိုင်ရန်အတွက် စုစည်းရန်လိုအပ်သည်။ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင်တိုင်းရင်းသားလူမျိုးများကို အုပ်စုတစုအဖြစ် ထားရခြင်းမှာ တိုင်းရင်းသားလူမျိုးများ တောင်းဆိုနေသော အခွင့်ရေးတူညီနေခြင်းကြောင့် ဖြစ်သည်။ တနည်းဆိုရသော် တိုင်ရင်းသားလူမျိုးအသီးသီးအနေဖြင့်တူညီသော အခွင့်အရေးရှိရမည် ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအရေးကို ခြုံ၍တင်ပြဆွေးနွေးအရေးဆိုနိုင်ရန် တိုင်းရင်းသားလူမျိုးများ ကိုယ်စားပြုအဖွဲ့အစည်း (Body or Network) တခုခုပြုလုပ်ရန်လိုအပ်ပြီ ဖြစ်သည်။ ယင်းကဲ့သိုသော အဖွဲ့အစည်းမရှိပါက တိုင်းရင်းသားလူမျိုးများအနေဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အတွက်အဆင်သင့် မဖြစ်သေးဟုပြောဆိုရလိမ့်မည် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများစုစည်းမှု အခြေအနေ

တိုင်းရင်းသားလူမျိုးများ စုစည်းမှုအခြေအနေဟုဆိုရာတွင် ယခုလက်ရှိဖြစ်ပေါ်နေသော စုစည်းမှုများကို သုံးသပ်ဖေါ်ပြသွားမည် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ သီးခြားဂုဏ်အင်လက္ခဏာ (Identity) ကိုအခြေခံ၍၎င်း၊ မိမိတို့၏ မတူကွဲပြားသောနည်းလမ်း (Metho - dology) ကိုအခြေခံ၍၎င်း၊ ပါတီနှင့်အဖွဲ့အစည်းအမျိုးမျိုး ရှိကြသော်လည်း အကြမ်းအားဖြင့် အုပ်စုလေးခုအဖြစ် ခွဲခြားသတ်မှတ်နိုင်ကြသည်။ ဤသတ်မှတ်ချက်ကို ၂၀၀၁ ခုနှစ် မတ်လတွင် တိုင်းရင်းသားလူမျိုးများ၏ခေါင်းဆောင်များအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် နှင့် တွေ့ဆုံစဉ်တင်ပြခဲ့ပြီး ဖြစ်သည်။ ယင်းအုပ်စုလေးခုမှာ —

(၁) ၁၉၉၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသော တိုင်ရင်းသားလူမျိုးများ၏အခြေခံနိုင်ငံရေးပါတီများ။
(၂) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)။
(၃) အပစ်အခတ်ရပ်စဲရေးပြုလုပ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ။
(၄) NDF တွင်မပါဝင်သော်လည်း ဆက်လက်တိုက်ပွဲဝင်နေသော တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများဟူ၍ဖြစ်သည်။

ဤအုပ်စုလေးခုအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးမှာ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် စိန်ခေါ်မှု (Challenges) အကြီးဆုံးတရပ်ဖြစ်သည် ဟုဆိုရပေလိမ့်မည်။ ထို့ကြောင့် မတူညီသောအခြေနေ အမျိုးမျိုးအောက်၌ ရှိကြသော တိုင်းရင်းသားလူမျိုးများ၏ အခြေခံနိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို လွှမ်းခြုံနိုင်သော အချိတ်အဆက်ရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်သော ယန္တရား (Mechanism) တခုပြုလုပ်ရန် လိုအပ်ပြီး

တိုင်းရင်းသားအရေးကိစ္စကို "Approach in Holistic Manner" ဖြင့်ချဉ်းကပ်ရန် အရေးတကြီး လိုအပ်လာပြီဖြစ်သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီလူထုအုံကြွမှုနောက်ပိုင်း တိုင်းရင်းသားများ၏ လှုပ်ရှားမှုများကို သုံးသပ်ပါက မယ်သရောထာ သဘောတူညီချက်သည် တိုင်းရင်းသားလူမျိုးများ၏ ကြီးမားသော အောင်မြင်မှုတရပ်အဖြစ် သမိုင်းတွင်မော်ကွန်းတင်ကမ္ပည်းထိုး ရမည်ဖြစ်သည်။ အတိုက်အခံ ဒီမိုကရေစီအင်အားစုများသာမက နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုချီးကျူးခြင်းကိုလည်း ခံခဲ့ရသည်။ "မယ်သရောထာသဘောတူညီချက်" ပြုလုပ်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် "တူညီသောအခြေခံမူ" ရှိပြီး စုစည်းနိုင်ခဲ့ပြီဖြစ်ကြောင်း ကမ္ဘာကိုပြသနိုင်ခဲ့သဖြင့် အသိအမှတ်ပြု ချီးကျူးခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် ဤသဘောတူညီချက်၏ အခြေခံမူအောက်၌ တိုင်းရင်းသားများအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်မည့်အဖွဲ့အစည်း (Body) သတ်သတ်မှတ်မှတ် မရှိခဲ့ချေ။

လက်ရှိတိုင်းရင်းသားလူမျိုးများ၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ တင်ပြရသော် အားလုံးကို လွှမ်းခြုံနိုင်သော နည်းဗျူဟာနှင့် လုပ်ငန်းစဉ်မရှိခဲ့ခြင်းကို တွေ့ရှိရသည်။ အချို့အဖွဲ့အစည်းများအနေဖြင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနိုင်ငံ့ပြဿနာကို ချဉ်းကပ်ရန်ကြိုးပမ်း ခဲ့ကြသည်။ အချို့ လက်နက်ကိုင်အဖွဲ့အစည်းတို့အနေဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြခြင်း ဖြစ်သည်။ အချို့ အပစ်အခတ်ရပ်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးကို စိတ်ဝင်စားခြင်းမရှိတော့ပဲ မိမိကိုယ်ကျိုးစီးပွားအတွက်သာ အားသန်နေကြသည်ကို တွေ့ရသည်။ အချို့ အပစ်အခတ်ရပ်အဖွဲ့အစည်းများမှာ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန်ဖိအားပေး ကြိုးပမ်းခြင်းထက် အပစ်အခတ်ရပ်စဲမှုတည်မြဲရေးကိုသာ ဦးစားပေးဆောင်ရွက်ကြသည်။ ဆက်လက်တိုက်ပွဲဝင်နေကြသော အဖွဲ့အစည်းများတွင်လည်း အခက်အခဲမျိုးစုံကြုံတွေ့နေရပြီး အချို့အဖွဲ့အစည်းများမှာလည်းဘေးကျပ်နံကျပ် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ဤသို့သောအခြေနေတွင် မိမိတို့ဦးတည်သွားရမည့် လမ်းကြောင်းနှင့် ပတ်သက်၍ဇဝေဇဝါ ဖြစ်နေကြသည်။ နိုင်ငံရေးပါတီများကိုသုံးသပ်ကြည့်ပါက အချို့ပါတီများအနေဖြင့် UNLD တွင် စုစည်းသယောင်ယောင်၊ အချို့အနေဖြင့် UNA တွင်စုစည်းသယောင်ယောင်၊ အချို့အနေဖြင့် NLD နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ဦးစားပေးပြီး CRPP တွင် တက်ကြွစွာပါဝင် သယောင်ယောင်ဖြင့် တိကျသောစုစည်းမှု မရှိသည်ကိုတွေ့ရှိ ရသည်။ ခြုံ၍ဆိုရသော် တိုင်းရင်းသားလူမျိုးများအရေးကို ဆောင်ရွက် နိုင်ရန် သီးခြားနည်းဗျူဟာလုပ်ငန်းစဉ်များမရှိပဲ မိမိတို့၏အဖွဲ့အစည်းပါတီအကျိုးစီးပွားနှင့် တကိုယ်ကောင်းဆန်သောနည်းစနစ် (Individual and self-interest) ၌ပို၍ အာရုံစိုက်နေကြသည်ဟု ဆိုနိုင်မည်ဖြစ်သည် ။ အကျိုးဆက်အနေဖြင့် တိုင်းရင်းသားလူမျိုးများ အကြားနားလည်မှု ကွဲလွဲခြင်းကိုဖြစ်စေပြီး အဖွဲ့အစည်းအတွင်းမှာပင် ပြဿနာဖြစ်စေခဲ့သည်ကို တွေ့ရှိရသည်။

၂၀၀၁ ခုနှစ်တွင်ကျင်းပသော ဒုတိယအကြိမ်တိုင်းရင်းသားနီးနှောဖလှယ်ပွဲမှ တိုင်းရင်းသားလူမျိုးများညီညွတ်ရေးနှင့် ပူပေါင်းဆောင်ရွက်ရေးကော်မတီ ENSCC ကိုဖွဲ့စည်းနိုင်ခဲ့ကြသည်။ ENSCC လုပ်ပိုင်ခွင့်ပေးခြင်းနှင့်ပတ်သက်၍ သုံးသပ်ရမည်ဆိုလျှင် ပထမအနေဖြင့် နီးနှောဖလှယ်ပွဲအနေဖြင့်လုပ်ပိုင်ခွင့်သတ်မှတ်ရာတွင် "Scope of Lobby" ကို ရှင်းရှင်းလင်းလင်းဖော်ပြ ဆွေးနွေးမှုမရှိခြင်း၊ ENSCC နှင့်ပါတီများ၊ အဖွဲ့အစည်းများအကြားပေါင်းကူးဆက်သွယ်မည့် "Working

Procedures and Guidelines" မရှိခြင်း စသောအားနည်းချက်များ တွေ့ရှိရသည်။ သို့သော် မည်သို့ပင် အားနည်းချက်ရှိစေကာမူ ENSCC ဖွဲ့စည်းလှုပ်ရှားခဲ့မှုကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် မြန်မာနိုင်ငံ၏ပြဿနာများကို ဆွေးနွေးအဖြေရှာရာတွင် တိုင်းရင်းအားအင်အားစုများ ပါဝင်ရေး (Vital) သည် အသက်တမျှအရေးကြီးပြီး မဖြစ်မနေ (Compulsory) ပါဝင်ရမည်ဟူ၍ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍ (Role of Ethnic) ကို လေးစားအသိအမှတ်ပြုခဲ့ရ သည်ဟု ဆိုလျှင်မှားလိမ့်မည်မဟုတ်ပေ။ ဖော်ပြပါအောင်မြင်မှုများကို ကြည့်ခြင်းအားဖြင့် ENSCC ကို ပြန်လည် မွမ်းမံဖွဲ့စည်းခြင်း (Re-orientation) သို့မဟုတ် တိုင်းရင်းသားလူမျိုးများ ကိုယ်စားပြု အဖွဲ့အစည်း (Body) တခုခုပြုလုပ်ရန်အရေးတကြီးလိုအပ်နေပြီ ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ရေးအတွက် အကြံပြုချက်

အထက်ဖော် ပြပါ မိမိတို့၏လေ့လာတွေ့ရှိ သုံးသပ်ချက်များကို ကြည့်ခြင်းအားဖြင့် မိမိတို့တိုင်းရင်း သားလူမျိုးများအနေဖြင့် နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများကို လွှမ်းခြုံနိုင်သော တိုင်းရင်းသားကိုယ်စားပြုအဖွဲ့အစည်း (Body) တခုခုပြုလုပ်ရေးမှာ မဖြစ်မနေပြုလုပ်ရမည့် အရေး တကြီး လိုအပ်ချက်ဖြစ်သည်ဟု သုံးသပ်သည်နှင့်အညီ ဤသို့သော အဖွဲ့အစည်း (Body) သို့မဟုတ် လုပ်ငန်းယန္တရား (Work Mechanism) ပေါ်ထွန်းလာရေးအတွက် ချင်းအမျိုးသားတပ်ဦး၏ အမြင်ကို တင်ပြမည် ဖြစ်သည်။ ဤသို့ပြုလုပ်မှသာ တိုင်းရင်းသားလူမျိုးများအားလုံး လွှမ်းခြုံနိုင်သော၊ တိုင်းရင်း သားလူမျိုးများအရေးအတွက် အချိတ်အဆက်ရှိရှိ လုပ်ဆောင်နိုင်ရန် လိုအပ်သော နည်းဗျူဟာများ လုပ်ငန်းစဉ်များကိုချမှတ် နိုင်ဖြစ်သည်။

ဘုံအကျိုးစီးပွားကို ဖော်ထုတ်ခြင်း (Identifying common Interests)

ဘုံအကျိုးစီးပွားရှိမှသာ သီးခြားရပ်တည်နေကြသော ပါတီများအဖွဲ့အစည်းများ အနေဖြင့် စုစည်း ကြသည့် အစဉ်အလာရှိခဲ့သည်။ ဘုံအကျိုးစီးပွားရှိမှသာ "စုစည်းမှု" ပြုလုပ်နိုင်ကြသည်။ ယနေ့ ရှန်းကန်တိုက်ပွဲဝင် လှုပ်ရှားမှုတွင် တိုင်းရင်းသားလူမျိုးများအနေဖြင့် ဘုံအကျိုးစီးပွားရှိနေသည်မှာ ငြင်းပယ်၍မရသောအချက်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဘုံအကျိုးစီးပွားနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖော်ထုတ်တင်ပြမှု မရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံတကာဥပဒေ ဟုခေါ်ဆိုနိုင်သော လူနည်းစုလူမျိုးများ၏ အခွင့်အရေးကြေငြာစာတမ်းပါ အခွင့်အရေးများသည် မိမိတို့ တိုင်းရင်းသား လူမျိုးများ ပြောဆိုနေသောအခွင့်အရေးများကို လွှမ်းခြုံနိုင်ခြင်း မရှိချေ။ ထို့ကြောင့် မိမိတို့ ဆိုလိုသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ရှင်းလင်းတိကျစွာ ဖော်ထုတ်ပြုစုပြီး အားလုံးသဘောတူညီမှု ရရှိသည်အထိ ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်သည်။ ဤကဲ့သို့ ဘုံအကျိုးစီးပွားကို ရှင်းလင်းစွာ ဖော်ထုတ်နိုင် မှသာ ယင်းအကျိုးစီပွားများ ရရှိနိုင်ရေးအတွက် နည်းလမ်းရှာဖွေခြင်းဖြင့် တိုင်းရင်းသားလူမျိုးများစု စည်းနိုင်မည်ဖြစ်သည်။

စုစည်းမှုတည်ဆောက်ရာတွင်လိုအပ်သော စိတ်နေသဘောထား
(Attitude on Building Solidarity)

စုစည်းမှုတည်ဆောက်ရာတွင် မိမိတို့၏ စိတ်နေသဘောထားသည် အလွန်အရေးကြီး ပေသည်။ မိမိတို့ ဖေါ်ထုတ်တင်ပြထားသော ဘုံအကျိုးစီးပွားကို စိတ်ရောကိုယ်ပါအကြွင်းမဲ့ (Without any Reservation) လက်ခံသဘောတူရန် လိုအပ်ပေသည်။ ထိုသို့သော စိတ်နေသဘောထား ရှိမှသာ မိမိတို့၏ စုစည်းမှုသည်လည်း တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပြီး ယင်းဘုံအကျိုး စီးပွားပြည့်ပြည့်စုံစုံ ရရှိနိုင်ရေး အတွက် လုပ်ဆောင်ရန်တွင်လည်း မိမိတို့ လုပ်ဆောင်နိုင်သောကဏ္ဍကို တတ်စွမ်းသလောက် ပူးပေါင်းဝိုင်းဝန်းလုပ်ဆောင်နိုင် ကြမည်ဖြစ်သည်။ အကယ်၍ အပေါ်ယံစိတ်သဘောထားခြင်းအားဖြင့်သာ စုစည်းမှုတရပ်ရပ်၌ ပါဝင်ပါက ကောင်းသောအောင်မြင်မှုများတွင် ဝိုင်းဝန်းချီးကျူးကြမည် ဖြစ်သော်လည်း ဆုံးရှုံးမှု သို့မဟုတ် မအောင်မြင်မှုများတွင် ရှာဖွေခြင်းထက် ရှုတ်ချပြောဆိုခြင်း၌ အားသန်ကြမည် ဖြစ်သည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖေါ်မှု တခုလုံးကို သံသယစိတ်၊ သံသယမျက်စိဖြင့် ရှုမြင်သုံးသပ်ကြလိမ့်မည်။ ဤကဲ့သို့သော အပြုအမူက စုစည်းမှုကို ထိခိုက်စေ နိုင်သည်။ ထို့ကြောင့် အကြွင်းမဲ့ယုံကြည်စိတ်ချမှု စိတ်နေသဘောထားသည် စုစည်းမှု တည်ဆောက်ရာ တွင် လိုအပ်သောအရည်အချင်းတခု ဖြစ်ပေသည်။

စုပေါင်းလွှမ်းခြုံမှု (Inclusiveness)

ဖေါ်ပြခဲ့ပြီးသည့်အတိုင်း တိုင်းရင်းသားလူမျိုးအင်အားစုကို အုပ်စုဖြင့်ခွဲခြားထားသည်။ တည်တံ့ခိုင်မြဲပြီး လက်တွေ့၌ ပူးပေါင်းဆောင်ရွက်ရရှိနိုင်မည့် စုစည်းမှုကို တည်ဆောက်မည် ဆိုပါက ယင်းအုပ်စုလေးစု၏ ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးများအသီးသီး ကိုယ်စားပြုမှုတို့ လိုအပ်ပြီး ဘုံအကျိုးစီးပွားရရှိနိုင်ရေးအတွက် လုပ်ဆောင်ရာတွင် တွေးခေါ်ကြံစည်အားထုတ်မှု ဖြည့်စွမ်းနိုင်ရန် ပညာရှင်များလုပ်ငန်းအကောင်အထည် ဖေါ်ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုစွမ်းအားများဖြင့် လုပ်ဆောင်နိုင်မည့် တတ်သိပညာရှင်များ စုစည်းမှုပါဝင်ရန်လည်း လိုအပ်ပေသည်။ ဤစုစည်းမှုကို Body အနေထားဖြင့် လိုအပ်ပါက "ကောင်စီစနစ်" ဖြင့် "တိုင်းရင်းသားလူမျိုးများ၏ကောင်စီ" ဟုအမည်တပ်ကာ ဖွဲ့စည်းနိုင်သည်။ သို့တည်းမဟုတ် ရှင်းလင်းမှုရှိသော လုပ်ငန်းယန္တရား (Work Mechanism) တရပ်ရပ်ကိုလည်း ဖန်တီးသင့်ကြောင်း ချင်းအမျိုးသားတပ်ဦး အနေဖြင့်တင်ပြအပ်ပါသည်။ ■

ချင်းအမျိုးသားတပ်ဦး (CNF)

## ၃း၄။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီKNPP အမြင်နှင့်သဘောထားစာတမ်း

နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာပြည်ကို အုပ်ချုပ်စဉ်က တိုင်းရင်း သားလူမျိုးများနေထိုင်သည့် တောင်တန်းဒေသတွင် မိမိတို့ရိုးရာစဉ် လာ ခေါင်းဆောင်များမှတဆင့် အုပ်ချုပ်ခဲ့ပါသည်။ ဗမာလူမျိုးအများ စုနေထိုင်သော မြေပြန့်ဒေသတွင်မူ အင်္ဂလိပ်တို့က တိုက်ရိုက်အုပ် ချုပ်ခဲ့ပါသည်။

သို့ဖြစ်သောကြောင့်တောင်တန်းဒေသတွင် နေထိုင် သောတိုင်းရင်းသားလူမျိုးများမှာ အုပ်ချုပ်ရေးဘက်၌ ပိုမိုလွတ်လပ် သော်လည်း ပညာရေး၊ နိုင်ငံရေးနှင့် အတွေ့အကြုံဗဟုသုတဘက်မှာ မြေပြန့်ဒေသတွင် နေထိုင်ကြသည့် ဗမာလူမျိုးထက်များစွာ ခေတ် နောက်ကျခဲ့ပါသည်။



ခူဦးရယ်

မည်သို့ပင်ဖြစ်စေကာမူ တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများတို့သည် မြန်မာပြည်အတွက် အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေး တောင်းဆိုတိုက်ပွဲဝင်သောအခါ မြေပြန့်ဒေသရှိ ဗမာလူမျိုးများနှင့်အတူ ပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြသည်။ ထို့ကြောင့် တောင်တန်းဒေသ ခေါင်းဆောင်များနှင့် မြေပြန့်ဒေသခေါင်းဆောင်များတို့သည် သက္ကရာဇ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ညီလာခံတရပ်ပြုလုပ် ကျင်းပပြီး တောင်တန်းဒေသနှင့် မြေပြန့်ဒေသတို့တပြိုင်တည်းလွတ်လပ်ရေးယူမည်။ မြန်မာပြည်အတွက် လွတ်လပ်ရေးရယူပြီး မြန်မာပြည်ကို ဖယ်ဒရယ်ပြည်ထောင်စု ထူထောင်မည်ဟု သဘောတူ လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

သက္ကရာဇ် ၁၉၄၇ ခုနှစ် ဧပြီလနှောင်းပိုင်းတွင် လွတ်လပ်မည့်မြန်မာပြည်အတွက် ဥပဒေပြုလွှတ်တော်အမတ်များရွေးကောက်ပွဲတရပ်ကို ဖဆပလက ဦးဆောင်ပြီး မြေပြန့်ဒေသတွင် ကျင်းပပြုလုပ်ခဲ့သည်။ ဥပဒေပြုလွှတ်တော်အမတ်ပေါင်း (၂၅၅) နေရာပါဝင်ခဲ့သည်။ ၎င်းအမတ် နေရာများတွင် (၂၁၀) နေရာမှာ မြေပြန့်ဒေသအတွက်၊ (၂၄) နေရာမှာ ကရင်အမျိုးသားများအတွက်၊ (၄) နေရာမှာ အင်္ဂလိပ်ဘားမားအတွက် နှင့် (၁၇) နေရာမှာ ရှမ်း၊ ချင်း၊ ကချင်အတွက် ရံထားခဲ့သည်။ ရွေးကောက်ပွဲတွင် ဖဆပလအမတ်ပေါင်း (၂၄၈)ဦး အနိုင်ရရှိခဲ့သည်ဟု ဖဆပလ ဆို၏။ ဥပဒေပြုလွှတ်တော် အစည်းအဝေးကို သက္ကရာဇ် ၁၉၄၇ခုနှစ် ဇွန်လ (၉) ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့သည်။ ဖဆပလ အနေဖြင့် ကရင်နီပြည်အတွက် လွှတ်တော်အမတ် (၂) နေရာလျာထားပေးသော်လည်း ကရင်နီပြည် အနေဖြင့် လွတ်လပ်သောပြည်တပြည် ဖြစ်ခဲ့သည့်အတွက် လွှတ်တော်အစည်းအဝေးသို့ ကိုယ်စားလှယ် လုံးဝ မစေလွှတ်ခဲ့ပေ။ လွှတ်တော်အစည်းအဝေးတွင် မြေပြန့်မှလွှတ်တော်အမတ်များ အများစုဖြစ်သည် ကတကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုကို အာမခံပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရသည် ကတကြောင်း ထို့ကြောင့် ဥပဒေရေးဆွဲပြီးသည့်အခါ မြန်မာပြည်သည် ဖက်ဒရယ်ပြည်ထောင်စုစနစ် မဟုတ်တော့ပဲ လက်တွေ့မှာ တပြည်ထောင်စနစ် ဖြစ်ခဲ့ပါသည်။

မြန်မာပြည်အနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့မှာ အင်္ဂလိပ်အစိုးရထံမှ လွတ်လပ်ရေး ရရှိခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသည့်အချိန်တွင် ဖဆပလက အစိုးရ ဖြစ်လာခဲ့သည်။ လွတ်လပ်ရေး မရရှိခင်နှင့် ရရှိပြီးခါစအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူတို့သည် ဖဆပလနှင့် စိတ်သဘောချင်း မတိုက်ဆိုင်သည့်အတွက် လွတ်လပ်ရေးရလျှင်ရချင်း ဖဆပလအစိုးရကို လက်နက်ကိုင်တော်လှန်ခဲ့ခြင်းဖြင့် မြန်မာပြည်၏ ပြန်တွင်းစစ်မီးကို စတင်မီးမွေးခဲ့သည်။ ဖဆပလ အစိုးရသည် ၁၉၄၈ ခုနှစ် ဩဂုတ်လ (၉) ရက်နေ့မှစ၍ လွတ်လပ်သောကရင်နီပြည်ကို စတင်ကျူးကျော် တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ ဖဆပလ အစိုးရ၏ ဝန်ကြီးအဖွဲ့ဝင် (Cabinet) များမှာ များသောအားဖြင့်

မြေပြန့်ဒေသမှ ဗမာလူမျိုးများဖြစ်ခဲ့သည်။ ထို့ကြောင့် ဗမာလူမျိုးကြီးစိတ်ဓာတ်ဝင်ပြီး တိုင်းရင်းသားအမျိုးသားများ၏ တောင်းဆိုချက်များ၊ လိုလားချက်များကို လျစ်လျူရှုခဲ့သည်။ ဤသည်ကို မကျေနပ်သဖြင့် ၁၉၄၉ ခုနှစ်တွင် ကရင်အမျိုးသားများ၊ မွန်အမျိုးသားများပါ လက်နက်စွဲကိုင်ပြီး ဖဆပလအစိုးရကို တော်လှန်ခဲ့ကြသည်။ ဤနည်းဖြင့် မြန်မာပြည်၏ ပြည်တွင်းစစ်သည် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဤသို့ဖြင့် ဖဆပလအစိုးရနှင့် တိုင်းရင်းသားအမျိုးသားတို့အကြား ပဋိပက္ခ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့နောက် ရှမ်းအမျိုးသား၊ ကချင်အမျိုးသားတို့လည်း လက်နက်စွဲကိုင်ပြီး ဖဆပလအစိုးရကို တော်လှန်လာခဲ့ကြရသည်။ ထို့ကြောင့် ဖဆပလအစိုးရနှင့် တိုင်းရင်းသားအမျိုးသားတို့အကြား ပဋိပက္ခ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဤကိစ္စကြောင့် ဖဆပလနှစ်ခြမ်းကွဲပြီး ပထစ အစိုးရ ဖြစ်လိုခဲ့သော်လည်း တိုင်းရင်းသားအမျိုးသားတို့သည်ဖက်ဒရယ်မူကိုရေးဆွဲပြီး ပထမ ပါလီမာန်တွင် တင်သွင်းရန်ဆက်လက်ကြိုးပမ်းခဲ့သည်။ ဤ ဖဆပလ ပထစ အစိုးရနှင့် တိုင်းရင်းသားအမျိုးသားများ အကြား ပဋိပက္ခကို အခွင့်ကောင်းယူသော ဗိုလ်ချုပ်နေဝင်းနှင့် ၎င်း၏ စစ်ဗိုလ်တစုတို့သည် ၁၉၆၂ ခု မတ်လတွင် တိုင်းပြည်၏အာဏာကိုသိမ်းပိုက်လိုက်ပြီး ပြည်ထောင်စုမပြိုကွဲရန် ကယ်တင်သည်ဟု ကြွားဝါကာ တော်လှန်ရေးကော်စီကိုတည်ထောင်၍ ၁၉၄၇ နှစ် အခြေခံဥပဒေကို ပယ်ဖျက်ခဲ့သည်။ ဤအဖြစ်အပျက်ကိုကြည့်လျှင် မြန်မာပြည်ကိုအုပ်ချုပ်သော အစိုးရအဆက်ဆက်နှင့် တိုင်းရင်းသားအမျိုးသားများအကြား ဖြစ်ပေါ်သော ပဋိပက္ခသည် မြန်မာပြည်၏ ပထမ ပြဿနာဖြစ်ကြောင်း ထင်ရှားလျှက်ရှိနေပေသည်။

တဖန် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ၎င်း၏စစ်ဗိုလ်တစုတို့သည် မြန်မာပြည်ကိုအုပ်ချုပ်ရာတွင် တိုင်းရင်းသားလူမျိုးများအပေါ် မဟာလူမျိုးကြီးဝါဒကို လွတ်လပ်စွာကျင့်သုံးနိုင်ရေးနှင့် တိုင်းရင်းသားများကို စနစ်တကျမျိုးဖြုတ် သုတ်သင်ရှင်းလင်းနိုင်ရေးတို့တွင် ဒီမိုကရေစီသည် အဟန့်အတား တခုဖြစ်သည်ဟု သိမြင်လာသောကြောင့် ဒီမိုကရေစီကိုပါ ပိတ်ပင်တားဆီးလာခဲ့သည်။ ၎င်း၏ မဆလပါတီ သည် ၁၉၇၄ ခုနှစ်တွင်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကိုရေးဆွဲပြဋ္ဌာန်းပြီး ဒီမိုကရေစီအခွင့်အရေးဟူ သမျှ ကို ပိတ်ပင်တားဆီး လာခဲ့သည်။ ဤသည်ကို မကျေနပ်သော ပြည်သူလူထုတို့သည် ဒီမိုကရေစီကို ကြွေးကြော်သံဖြင့် ၁၉၈၈ ခုနှစ် မတ်လတွင် လမ်းမကြီးပေါ်ထွက်ပြီး တပြည်လုံးအတိုင်းအတာဖြစ် ဆန္ဒပြသောကြောင့် နေဝင်း၏မဆလပါတီနှင့် မဆလအစိုးရ ပြုတ်ကျခဲ့ရသည်။ ထို့နောက် ဒီမိုကရေစီကို ဆက်လက်ပိတ်ပင်တားဆီးနိုင်ရန်အတွက် ဗိုလ်ချုပ်စောမောင်နှင့် ၎င်း၏ စစ်ဗိုလ်တစုတို့သည် တိုင်းပြည်အာဏာကိုသိမ်းယူပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေကိုပယ်ဖျက်ကာ ဒီမိုကရေစီကို စစ်အာဏာရှင်စနစ်ဖြင့် ဆက်လက်ပိတ်ပင်တားဆီး ခဲ့ပြန်သည်။ ဤအဖြစ်အပျက်ကို ကြည့်လျှင် ဒီမိုကရေစီအဖွဲ့အစည်းများနှင့် စစ်အုပ်စုအကြားဖြစ်ရှိနေသော ပဋိပက္ခသည် မြန်မာပြည်၏ ဒုတိယ ပြဿနာဖြစ်နေပေသည်။ မည်သို့ပင်ဖြစ်စေ တိုင်ရင်းသားများနှင့် မြန်မာပြည်ကိုအုပ်ချုပ်သော အစိုးရ အဆက်ဆက်အကြား ဖြစ်ပေါ်သောပဋိပက္ခ၊ ဒီမိုကရေစီများနှင့် စစ်အုပ်စုတို့အကြား ဖြစ်ပေါ်သော ပဋိပက္ခ၊ ဤ ပြဿနာနှစ်ခုကို ဖြေရှင်းရာတွင် ဒီမိုကရေစီအဖွဲ့အစည်းနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းဖြေရှင်းသင့်ကြောင်း။ အကြောင်းမှာ စစ်မှန်သောဒီမိုကရေစီမရှိလျှင် တိုင်းရင်းသားအရေးကို အောင်မြင်စွာ မဖြေရှင်းနိုင်ကြောင်း KNPP မှရှုမြင်ပါသည်။ မြန်မာပြည်ကို အုပ်ချုပ်နေသော ဗမာအစိုးရအဆက်ဆက်ကို လက်နက်ကိုင်တော်လှန်နေကြသော တိုင်းရင်းသားအဖွဲ့အစည်းအားလုံးတို့ သည် သွေးစည်းညွတ်မှု တည်ဆောက်နိုင်ရန်အတွက် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြသည်။ ဤသို့ ကြိုးပမ်း မှုကြောင့်

၁၉၇၆ ခုနှစ် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ကို တည်ဆောက်နိုင်ခဲ့ကြသည်။ ဤတပ်ပေါင်းစုကြီးတွင်ရှိပြည်သူလူထုတို့ မပါဝင်ခဲ့ပေ။ ဤ တပ်ပေါင်းစုတွင် ပါဝင်သော လက်နက်စွဲကိုင် တိုင်းရင်းသားအဖွဲ့အစည်းတို့မှာလည်း မိမိတို့အဖွဲ့အစည်း ကိုယ်ပိုင်မူဝါဒလမ်းစဉ် ရှိကြသည်။ ထို့ကြောင့်ပူးပေါင်းဆောင်ရွက်ရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးအကျိုးထက် မိမိတို့၏ အဖွဲ့အစည်း၏ အကျိုးကိုဦးစားပေးခဲ့သည်။ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းသည်ဟုဆိုရ ပေမည်။

ဥပမာ —

(၁) မဒတ တပ်ပေါင်းစုတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်သွားရန် နိုင်ငံရေး ဦးတည်ချက် ချမှတ်ထားသော်လည်း ဖက်ဒရယ်ပြည်ထောင်စုကို အကောင်ထည်ဖော်ရန် အခြေခံဥပဒေ မူကြမ်းရေးဆွဲခြင်း၊ ဖက်ဒရယ်၏ သဘောထားကို ပြည်သူလူထုအားချပြခြင်း စသည်တို့ကို မဆောင်ရွက်နိုင်ခဲ့ပေ။

(၂) နိုင်ငံတကာနှင့် ဆက်သွယ်ရေးမှာလည်း တိုင်းရင်းသားအားလုံးထက် မိမိအဖွဲ့အစည်း၏ အကျိုးကို ဦးစားပေးခဲ့သည်။

(၃) တချို့သော တိုင်းရင်းသားအဖွဲ့အစည်းများသည် မိမိ၏တိုင်းရင်းသားအရေးကို မေ့လျော့ပြီး ဒီမို ကရေစီ အရေးကိုသာ ဦးစားပေးခဲ့သည်။

(၄) တချို့သော တိုင်းရင်းသားအဖွဲ့များမှာ နဝတမှချပေးသောစီးပွားရေး အခွင့်အရေးကို ဦးစားပေး ပြီး နဝတနှင့် အပစ်ခတ်ရပ်စဲရေး ပြုလုပ်ခဲ့သည်။

ထို့ ကြောင့် မဒတတပ်ပေါင်းစုကြီးသည် အားနည်းလာခဲ့ရခြင်း ဖြစ်သည်။ တဖန် ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် မယ်သရောထာ၌ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတရပ် ပြုလုပ်ကျင်းပပြီး ဇန်နဝါရီလ (၁၄) ရက်နေ့တွင် သဘောတူညီချက် (၁၀) ချက်ပါသော တိုင်းရင်းသားလူမျိုးများ၏ သဘောတူညီချက်တရပ်ကို ချမှတ်ခဲ့သည်။ သို့သော် ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်ရန် အားနည်းနေခြင်းကြောင့် ဤ သဘောတူညီချက်များသည်လည်း ထိရောက်စွာအကောင်အထည် ပေါ်မလာခဲ့ပေ။ ထိုကြောင့် KNPP အနေဖြင့် တိုင်းရင်သားအမျိုးသားများသွေးစည်းညီညွတ်မှု တည် ဆောက်ရာတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း ရှုမြင်ပါသည်။

တဖန် တိုင်းရင်းသားအမျိုးသားများတို့သည် နအဖအား ဆက်လက်ပြီး လက်နက်ကိုင်တော်လှန် သော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နအဖနှင့် အပစ်ခတ်ရပ်စဲသော တိုင်းရင်းသားအဖွဲ့အစည်းများ နှင့် ပြည်တွင်းရှိတိုင်းရင်းသားများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများပါဝင်သော တိုင်းရင်းသားပေါင်းစုံ နီးနှောဖလှယ်ပွဲတရပ်ကို လော်ခီးလာ ၌ ၂၀၀၁ ခုနှစ် ဩဂုတ်လ (၂၈) မှ (၃၀) ရက်နေ့ထိ ကျင်းပပြုလုပ် ခဲ့ပြန်သည်။ ဤ နီးနှောဖလှယ်ပွဲတွင် တိုင်းရင်းသားအမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ ENSCC တရပ်ကို ဖွဲ့စည်းခဲ့သည်။ ဤ ကောင်မတီအား ကမ္ဘာ့ကုလသမဂ္ဂ မှ ချမှတ်ပေးသော သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အကောင်အထည်ဖေါ်ရန်အတွက် နိုင်ငံတကာထွက်ပြီး Lobby ပြုလုပ်ရန်နှင့် ပင်လုံစိတ်ဓါတ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုသစ် ပြန်လည်တည်ဆောက်ရေးကို အကောင်အထည်ဖေါ်ရန် တာဝန်ပေးအပ်ခဲ့သည်။ ထိုသို့သော တာဝန်ဆောင်ရွက်ရာတွင် တာဝန် ဆောင်ရွက်ပိုင်ခွင့် (Mandate) အတိုင်းအတာကိုတိကျစွာ ချမှတ်ပေးမထားခဲ့သည်အတွက် ကော်မတီ

အနေဖြင့် တာဝန်ယူဆောင်ရွက်ရာတွင် အချို့သောတိုင်းရင်းသားအဖွဲ့အစည်း၏ လိုအင်ဆန္ဒနှင့် ကိုက်ညီမှု မရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ ဤကော်မတီကို ယခုကျင်းပပြုလုပ်နေသော နီးနှောဖလှယ်ပွဲမှ ဖျက်သိမ်းနိုင်သည်။ ဆက်လက်ထားရှိနိုင်သည် ထပ်မံတိုးချဲ့ နိုင်ပေသည်။ အကယ်၍ ဤကော်မတီကို ဆက်လက် ထားရှိခဲ့သော် သို့မဟုတ်ထပ်မံတိုးချဲ့ခဲ့သော် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အတိုင်းအတာကို တိတိကျကျ ချမှတ်သွားပေးရန် လိုအပ်ကြောင်း KNPP အနေဖြင့် ရှုမြင်ပါသည်။

ယခုအခါ တိုင်းရင်းသားအဖွဲ့အစည်းများတို့သည် ဖက်ဒရယ်ပြည်ထောင်စုသစ်တည် ဆောက်သွားရန်ဆုံးဖြတ်ကြသည်။ ထို ဖယ်ဒရယ်ပြည်ထောင်စုသစ် အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းသည် အချိန်အတိုင်းအတာ တခုပါဝင်ဖို့ လိုအပ်နေသေးသည်။ ထို အချိန်အတိုင်းအတာမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ပြီး အထက်လွှတ်တော်ဖွဲ့စည်းနိုင်ကာ အထက်လွှတ်တော်တွင် တိုင်းရင်းသားပြည်နယ်များမှ ပြည်သူလူထုတို့ရွေးကောက်တင်မြှောက်သော အထက်လွှတ်တော်အမတ်များ အထက်လွှတ်တော်တွင် တာဝန်ယူနိုင်သည်အထိ ဖြစ်သည်ဟု KNPP မှရှုမြင်ပါသည်။ ■

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

---

စာမျက်နှာ (၄၈) (ALP) ဗိုလ်မှူးခိုင်မျိုးမင်းမှအဆက်

ရန်သူ့ထံတွင် အလိမ်ခံရခြင်း ရန်သူ့လှည့်ကွက်ထဲကျရောက်ခြင်းနှင့် ရန်သူ၏ နည်းပရိယာယ်စွန့်စားခန်းလှည့်ကွက်ထဲ ရောပါသွားခြင်းများသည် အောင်ပွဲမရရုံသာမက သမိုင်းပါဆုံးရှုံးတတ်သည်ကို နိုင်ငံရေးခေါင်းဆောင်များ အားလုံး အသိတရားနှင့်ရှောင်ရှား နိုင်ကြစေရန်ကို မိမိတို့အောင်ပွဲ၏ အဓိကကျသော စည်းလုံးညီညွတ်ရေးနည်းလမ်းအား အဆက်မပြတ်ရှာဖွေရင်း ဆက်လက်ကြိုးပမ်းမှုအစဉ်ဖြင့်လုပ်ဆောင်သင့်ပါကြောင်း တင်ပြရင်း ဤအကြံပြုစာတမ်းအား နိဂုံးချုပ်လိုက်ရပါသည်။ ■

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၃း၅။ ကရင်အမျိုးသားအစည်းအရုံး **(KNU)** တိုင်းရင်းသားလူမျိုးများ၏ ကျစ်လစ်ခိုင်မာသော **(Solidarity)** ဆောက်မှုအတွက် အမြင်နှင့်သဘောထားနှင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး **(Tripartite Dialogue)** အပေါ်အမြင်နှင့်သဘောထားစာတမ်း



စောဒေးဖစ်တော

လေးစားအပ်တဲ့အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များခင်ဗျား —

ယခု နှီးနှောဖလှယ်ပွဲကြီးမှာ အောက်ပါအရေးကြီးတဲ့ အကြောင်းအရာတချို့ကို ဆွေးနွေးတင်ပြလိုပါတယ်။

ပထမတင်ပြလိုတဲ့ အကြောင်းအရာကတော့ လက်ရှိ မြန်မာပြည်အခြေအနေ ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း သက္ကရာဇ် ၂၀၀၁ နှင့် ၂၀၀၂ များအတွင်း ပြည်တွင်းပြည်ပ နှစ်ရပ်စလုံးက မြန်မာပြည်အတွင်း အနှစ်သာရရှိတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လာအောင် အပြင်းအထန် နအဖကို တောင်းဆိုခဲ့ တိုက်တွန်းခဲ့ပါတယ်။ UN ကလည်း ကိုယ်စားလှယ်စေလွှတ်ပြီး နအဖနဲ့ NLD တွေ့ဆုံဆွေးနွေးရေး၊ ဘက်သုံးဘက် တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လာအောင် ကြိုးပမ်းခဲ့ပါတယ်။ နောက်ဆုံး ၂၀၀၃ ခုနှစ် အစပိုင်းမှာ ဘာမှဖြစ်မလာသည့် အတွက် UN ကိုယ်စားလှယ်များနှင့် တကွ ပြည်တွင်းပြည်ပ နှစ်ရပ်စလုံးမှာလည်း နအဖအပေါ် စိတ်ပျက်လာကြပါတယ်။ ဒီလိုအချိန်မှာ နအဖ ဟာ ၂၀၀၃ ခုနှစ် မေလ (၃၀) ရက်နေ့ နိုင်ငံရေးလုပ်ကြံသတ်ဖြတ်မှုကြီး တရပ်ဖန်တီးပြီး သူတို့ရဲ့ တင်းမာတဲ့ သဘောထားကို ဖော်ပြခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မြန်မာပြည်အတွင်း နိုင်ငံရေးအရ မကျေနပ်မှုတွေ၊ တင်းမာမှုတွေ ကြီးထွားလာပြီး ပြည်ပဖိအားကလည်း ပြင်းထန်လာလို့ နောက်ဆုံး နအဖက သူတို့ရဲ့ Road Map ကိုထုတ်ဖော်လာတယ်။ ၁၉၉၆ ခုနှစ် ကတည်းက ခရီးဆက်မရတော့တဲ့ အမျိုးသားညီလာခံကို အသက်သွင်းဖို့ကြိုးစားလာတယ်။ လက်ရှိမြန်မာပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေဟာလည်း ယခု ၂၀၀၄ ခုနှစ်မှာ အတော်ဆိုးဝါးလာနေပြီး၊ အလုပ်သမား၊ လယ်သမား၊ မြို့၊ ရွာကျေးလက်နေ ဆင်းရဲသားများ၊ အမှုထမ်း အရာထမ်းများအကြားမှာ မကျေနပ်မှုတွေ ပိုမိုကြီးထွား လာနေပါတယ်။ တဆက်တည်းမှာလည်း ရဟန်းသံဃာများဟာလည်း ရာနဲ့ချီပြီး ထိန်းသိမ်းခံ နေကြရပါတယ်။ ဒါကြောင့် အခြေအနေဟာ တွေ့ဆုံဆွေးနွေး ဖြေရှင်းနိုင်ခြင်း မရှိသည့်အတွက် ပိုမိုဆိုးဝါးလာတာကို အထူးသတိပြုသင့်ပါတယ်။

ဒုတိယ ဆက်လက်တင်ပြလိုတဲ့အချက်အရ UN ဆုံးဖြတ်ချက်မှာ ထည့်သွင်းထားတဲ့ ဘက်သုံးဘက် တွေ့ဆုံဆွေးနွေးရေး ပြုလုပ်ပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးဖြေရှင်းရေးကို မလုပ်ဆောင်နိုင်ခဲ့တာ တွေ့ရပါတယ်။ လူမျိုးစုအဖွဲ့အစည်းများအားလုံးကလည်း နိုင်ငံရေးအရ လေးစားအသိအမှတ်ပြုခြင်း မရရှိခဲ့တာကို တွေ့ရပါတယ်။ ဒါပေမဲ့ ၁၉၉၄ ခုနှစ်၊ ကစပြီး UN မှာ ဘက်သုံးဘက်

တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ တောင်းဆိုလိုက်ခြင်းဟာ လူမျိုးစုများကို နိုင်ငံရေး အင်အားစုကြီးတခုအဖြစ် အခိုင်အမာ အသိအမှတ်ပြုခြင်းကို ဖြစ်ရုံသာမက နအဖရဲ့ အပြုတ်တိုက်ရေးနည်းကို ဆန့်ကျင်ပြီး၊ တွေ့ဆုံဆွေးနွေးရေးနည်းကို အတိအလင်းထောက်ခံထားတာ တွေ့ရပါတယ်။ ဒါကြောင့် UN ရဲ့ ဆုံးဖြတ်ချက်တွေဟာ လူမျိုးစုတွေအတွက် အလွန်အရေးပါတဲ့ ဆုံးဖြတ်ချက်တွေဖြစ်ပါတယ်။ ဒီ ဆုံးဖြတ်ချက်တွေကို ယခင်က လူမျိုးစုအားလုံး ထောက်ခံထားသလို ဆက်ပြီးတော့လည်း ထောက်ခံဖို့ လိုအပ်ပါတယ်။

အခုဆိုရင် နအဖ စစ်အုပ်စုဟာ ဘက်ပေါင်းစုံအကြပ်ဆိုက်လာတဲ့အတွက် ထွက်ပေါက်ရဖို့ သူတို့ရဲ့ အချက် (၇) ချက်ပါ Road Map ကို ဆွဲထုတ်လာတယ်။ ဘယ်သူမှ ယုံကြည်မှု မရှိတော့လို့ ရပ်ဆိုင်း ထားရတဲ့ အတုအယောင် အမျိုးသားညီလာခံဆိုတာကို ပြန်ပြီးအသက်သွင်းဖို့ ကြိုးပမ်းလာပါတယ်။ ဒါဟာ အာဏာရှင်စနစ်ခိုင်မြဲရေး၊ တရားဝင်ဖြစ်ရေးအတွက် လူမျိုးစုအဖွဲ့အားလုံး ဒီ အတုအယောင် အမျိုးသားညီလာခံကို ဆန့်ကျင်သွားဖို့လိုပါတယ်။ နအဖရဲ့ ဖိနှိပ်မှုအောက်ရောက်နေရတဲ့ UNLD, UNA, SNLD တို့၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တောင်မှဘဲ ဒီညီလာခံကို တက်ရောက်မိ ရင် "သမိုင်းတရားခံ" ဖြစ်သွားမယ်လို့ အကြိမ်ကြိမ် ဖော်ပြခဲ့ပါတယ်။ ဒါဟာ အလွန်သတိပြုရမဲ့ ကိစ္စဖြစ်တယ်။

နအဖ ရဲ့ အမျိုးသားညီလာခံကို ကြည့်ရင်၊ အနာဂတ် အမျိုးသားနိုင်ငံရေးမှာ တပ်မတော်က ဦးဆောင် အခန်းက ပါရမည်ဆိုတာတွေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ရမည့်အခန်း (၁၅) ခန်းအနက်၊ အခန်း (၅) ခန်းရဲ့ အခြေခံမူ (၁၀၄) ချက်မှာ ပြည်နယ် (၇) ပြည်နယ်၊ တိုင်း (၇) တိုင်း ပါဝင်မည့် ဖွဲ့စည်းပုံ၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးမှာ တပ်မတော်က ရွေးကောက်ပွဲမဝင်ဘဲ၊ ၂၅% အမတ်နေရာကို အလိုအလျောက် ရရှိမည့် အထူးအခွင့်အရေး ၊ သမတ ဟာ စစ်ရေးအတွေ့အကြုံ (၁၀) နှစ်ရှိရမည် ဆိုတဲ့အချက်၊ ဝန်ကြီး (၃) နေရာ နှင့် တိုင်းနဲ့ ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ (၃) ယောက်ကို စစ်ဦးစီးချုပ်က ခန့်အပ်မယ်ဆိုတာတွေ၊ စစ်ဦးစီးချုပ်က အရေးပေါ်အခြေအနေဆိုင်ရာ အထူးအခွင့်အရေးတွေ၊ ပြည်နယ်ရဲ့ အခွင့်အာဏာဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးအဆင့်တောင် မရှိတာကို ကြည့်ရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ် အနံ့အသက် လုံးဝမရှိတာကို တွေ့ရပါတယ်။ အခုဆိုရင် ဒီ အပိုင်း (၇) ပိုင်းဆိုင်ရာ အခြေခံရမည့် "မူ" ကို ဆက်လက် မဆွေးနွေးတော့ဘဲ၊ ကျန်အပိုင်း (၈) ပိုင်းကို ဆက်ဆွေးနွေး မည်ဆိုတာကို သေချာသလောက်ဖြစ်နေပြီ။ ဒါကြောင့် ယခုပြန်အသက်သွင်းမည့် အမျိုးသားညီလာခံကို ဆန်းစစ်ရာမှာ NLD ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားကို ဆက်လက်ဖမ်းဆီးထားခြင်း၊ ပါတီအဖွဲ့နဲ့လူထုကို လွတ်လပ်စွာရပ်တည် လှုပ်ရှားခွင့် မပြုခြင်း၊ လူမျိုးစုများအပေါ် ဆက်လက်ထိုးစစ်လုပ်နေခြင်း၊ အများလက်ခံနိုင်တဲ့ ညီလာခံ ကော်မရှင်မျိုးကို မဖွဲ့စည်းနိုင်ခြင်း၊ ညီလာခံမှာ စစ်မှန်တဲ့ကိုယ်စားလှယ်များ ပါဝင်ခွင့်မရှိခြင်း၊ ညီလာခံရဲ့ စည်းကမ်းတွေဟာ လွတ်လပ်မျှတမှု မရှိခြင်းနဲ့ ဆက်စပ်ကြည့်လိုက်ရင် ညီလာခံဟာ အတုအယောင် ညီလာခံ ဖြစ်တယ်ဆိုတာ အလွန်ရှင်းပါတယ်။ ဒီညီလာခံကိုတက်ရောက်ခြင်းဟာ နအဖ စစ်အာဏာ ရှင်ကြီးစိုးမှုကို အသိအမှတ်ပြုရာရောက်ပြီး သမိုင်းတရားခံဖြစ်သွားမည်ဆိုတာ ယုံမှားဖွယ်ရာ မရှိပါဘူး။

တတိယအနေနဲ့ ဆက်လက်တင်ပြလိုတဲ့ကိစ္စကတော့ အမျိုးသားစည်းလုံးညီညွတ်ရေးကိစ္စ တွေဖြစ်တယ်။ လက်ရှိကာလမှာ တိုင်းရင်းသားလူမျိုးများရဲ့ အတွင်းပိုင်းမှာ ဖြစ်ဖြစ်၊ တိုင်းရင်းသား

လူမျိုးများအကြားမှာ ဖြစ်ဖြစ်၊ ပြည်သူများ၊ တိုင်းရင်းသားလူမျိုးများ တမျိုးနှင့်တမျိုးကြားမှာဖြစ်ဖြစ်၊ နည်းမျိုးစုံနဲ့ ဖြိုခွဲခြင်းကို ခံနေရတယ်။ မြန်မာပြည်ဟာ တဖက်ကကြည့်ရင် အစိတ်စိတ် ခွဲခြားဖြိုခွဲခံနေရတယ်။ ဒါတွေဟာ လူမျိုးကြီးဝါဒနဲ့ စစ်အာဏာရှင်ကြီးစိုးမှု ဆန့်ကျင်ရေးဟာ အလွန်အရေးကြီးပါတယ်။

တိုင်းရင်းသားလူမျိုးများအားလုံးအကြားမှာ အပြန်အလှန်လေးစား အသိအမှတ်ပြုမှု၊ တဦးရဲ့ အခြေခံအခွင့်အရေးကို တဦးကလေးစားမှု၊ တဦးကိုတဦးနားလည်မှု၊ တဦးကိုတဦး ရိုင်းပင်းကူညီမှု၊ တဦးနဲ့တဦး ပူးပေါင်းဆောင်ရွက်မှု၊ အကျိုးတူ ပူးပေါင်းနေထိုင်မှု လမ်းကြောင်းအတိုင်း အမျိုးသားစည်းလုံးညီညွတ်မှုနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရုပ်လုံးဖော်သွားရမယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေး ဦးတည်ချက်အောက်မှာ တိုင်းရင်းသားလူမျိုးများရဲ့ စည်းလုံးညီညွတ်ရေးကို တည်ဆောက်သွားကြမည်ဖြစ်ပါတယ်။

အချုပ်အားဖြင့် လက်ရှိတိုင်းရင်းသားလူမျိုးများရဲ့ နှီးနှောဖလှယ်ပွဲကြီးကတဆင့် ထူးခြားအရေး ပါတဲ့ အောင်မြင်မှုများကို ရယူနိုင်ဖို့ ကြိုးစားရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ပါတယ်။ ■

ကရင်အမျိုးသားအစည်းအရုံး (KNU)

---

စာမျက်နှာ (၆၁) (MPP) ပူထာဟဲမှအဆက်

စည်းရုံးရေးရယူ နိုင်ခဲ့ပါသည်။ ထိုသို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မနာလိုမုန်းတီးသော အာဏာပိုင်အဖွဲ့အစည်း (နအဖ) သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုဖြိုခွဲရန် အမျိုးမျိုး ကြိုးစားနေပေသည်။

ထို့ကြောင့် မဟာရန်သူစစ်အာဏာတွေဟာ တိုင်းရင်းသားအချင်းချင်း သွေးခွဲပြီး အုပ်ချုပ်ရန် ကြိုးစားနေစဉ် ကျွန်ုပ်တို့တိုင်းရင်းသားဖက်မှလည်း စည်းလုံးညီညွတ်မှု မပြိုကွဲအောင် မူလရပ်တည်ချက်ဖြစ်သော တိုင်းရင်းသားအခွင့်အရေး အပြည့်အဝရရှိရေး၊ လူ့အခွင့်အရေးပြည့်ဝသော ဒီမိုကရေစီရရှိရေး၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်နိုင်ရေးအတွက် ကျစ်လစ်ခိုင်မာသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် အထူးလိုအပ်နေသည်။ ■

မရာပြည်သူ့ပါတီ (MPP)

## ၃း၆။ မရာပြည်သူ့ပါတီ (MPP - LA) ၏အမြင်နှင့်သဘောထားတင်ပြသည့်စာတမ်း



ပူထာဟဲ

မြန်မာနိုင်ငံသည် ကိုလိုနီခေတ်မတိုင်မီနှင့် ကိုလိုနီခေတ် သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့တိုင်းရင်းသား လူမျိုးများ သည် ကိုယ့်မင်းကိုယ်ချင်းနဲ့ လွတ်လွတ်လပ်လပ် နေထိုင်လာခဲ့ သူများဖြစ်ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကို ပြန်ကြည့် လျှင်လည်း ကျွန်ုပ်တို့တိုင်းရင်းသားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါသည်။

(၁) ပထမအချက်အနေဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၆–၇) ရက်တွင် တိုင်းရင်းသားလူမျိုးများစုစည်းပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ရန် သဘောတူညီမှုရရှိခဲ့သည်။ ယင်းကို အခွင့်ကောင်းယူပြီး လွတ် လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက တောင်ပေါ်တိုင်းရင်းသားများကို ဖိတ်ခေါ် ၍ ၁၉၄၇ ခုနှစ် ဖေဖေါ်ဝါရီ (၁၂) ရက်နေ့တွင် ပင်လုံ စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်မှာ အများအသိပင် ဖြစ်ပါသည်။ ၎င်းကို ထောက်ကြည့်ခြင်းအားဖြင့် ပြည်ထောင်စုကြီးတခုလုံးအတွက် ကျွန်ုပ်တို့တိုင်းရင်းသားများကအစပြုခဲ့သည်မှာ ထင်ရှား ပါသည်။ ပင်လုံစာချုပ်၏ အနှစ်သာရမှာတန်းတူ အခွင့်အရေးရှိသော ပြည်ထောင်စုတည်ဆောက် ရန်ဖြစ်သည်။

(၂) ဒုတိယအချက်အနေဖြင့် ၁၉၆၁ ခုနှစ်တွင် တိုင်းရင်းသားသွေးစည်းခိုင်မာရေး အတွက် တောင်ကြီး ညီလာခံ ခေါ်ယူပြီး စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီရေးနှင့် ဗမာပြည်နယ်အပါအဝင် (၁၀) ပြည်နယ်အဆိုကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပြန်သည်။ ၎င်းကို မလိုလားသော လူမျိုးကြီးဝါဒီ စစ်အာဏာရှင် ဗိုလ်နေဝင်းနှင့် အပေါင်းအပါ လူတစုက ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းပြီး တိုင်းရင်းသားများအား ချေမှုန်းအနိုင်ကျင့်လာရာမှ ပြည်တွင်းစစ်မီး စတင်တောက်လောင်လာခဲ့သည်ကို သမိုင်းကသက်သေပြခဲ့ပြီးဖြစ်ပါသည်။

(၃) ၁၉၈၈ ခုနှစ် ပါတီစုံတွင် ကျွန်ုပ်တို့ တိုင်းရင်းသားပါတီ အသီးသီးမှပါတီ (၂၃) ပါတီ၊ စုစည်းပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ကိုပြန်လည်ဖွဲ့စည်း နိုင်ခဲ့သည်။ ၎င်းကို ထောက်ကြည့်လျှင် ကျွန်ုပ်တို့တိုင်းရင်းသားတို့သည် စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်သည့်အချက်ကို တွေ့ရသည်။ ၁၉၉၀ ခုနှစ် ဩဂုတ်လအတွင်း အခြေခံ ဒီမိုကရေစီအင်အားစုဖြစ်သော NLD နှင့်ညှိနှိုင်းပြီး ဗိုလ်အောင်ကျော်လမ်းကြေညာချက်ကို NLD ခေါင်းဆောင်များနှင့် UNLD ခေါင်းဆောင်များလက်မှတ်ရေးထိုးပြီး သဘော ထားထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ NDF နှင့်လည်း

စာမျက်နှာ (၆၀) သို့ဆက်ပါ။

## ၃း၇။ မွန်ပြည်သစ်ပါတီ (NMSP) ၏အမြင်နှင့်သဘောထားတင်ပြသည့် စာတမ်း

ကျွန်ုပ်တို့နိုင်ငံရှိ လူမျိုးရေးဆိုင်ရာ အခွင့်အရေးများ နစ်နာဆုံးရှုံးနေရသော တိုင်းရင်းသားလူမျိုးများတွင် နိုင်ငံရေးအခြေခံအားဖြင့် အုပ်စုသုံးခုရှိပါသည်။ ၎င်းတို့မှာ —

(၁) ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲဝင်အင်အားစု
(၂) စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသောအင်အားစုနှင့်
(၃) လက်နက်ကိုင် တိုက်ပွဲဝင်နေဆဲအင်အားစုတို့ဖြစ်သည်။

ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ၏ နစ်နာဆုံးရှုံးနေရသော အခွင့်အရေးများကို ရရှိနိုင်ရန်မှာ ကျစ်လစ်ခိုင်မာသော စည်းလုံးညီညွတ်နှင့် ပူးပေါင်းရုန်းကန်တိုက်ပွဲဝင်မှု မရှိပဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ လှုပ်ရှားတိုက်ပွဲဝင်နေလျှင် ရနိုင်မည်မဟုတ်ပေ။ ထိုထက်မက ရေရှည်ရပ်တည်ရန်ပင် လွယ်ကူမည်မဟုတ်သည်ကို တိုင်းရင်းသားအများစုတို့ နားလည်ကြပါသည်။ ထို့ကြောင့် တပ်ပေါင်းစုများ တခုပြီးတခု ကြိုးပမ်းဖွဲ့စည်း တည်ဆောက်လာခဲ့ကြသည်မှာ ယခုဆိုလျှင် တဒါဇင် ကျော်ပြီဖြစ်ပါသည်။

တပ်ပေါင်းစုများအထဲတွင် (မဒတ) တပ်ပေါင်းစုသည် သက်တမ်းအရှည်ဆုံးဖြစ်ပြီး ယခုဆိုလျှင် (၁၈) နှစ်နီးပါး ရှိပြီဖြစ်ပါသည်။ သို့သော်လည်း အောင်ပွဲနှင့်ဝေးရုံမက တဖြည်းဖြည်း မှေးမှိန်ကျလာ နေပါသည်။ ဤသို့ဖြစ်နေရခြင်း၏ အကြောင်းရင်းများစွာထဲတွင် "တပ်ပေါင်းစုဖြင့်သာအောင်ပွဲ ရရှိနိုင်မည်" ဆိုသည်ကိုမရှုမြင် မလေးနက်၍ မိမိတို့ ဆိုင်ရာအဖွဲ့အစည်းအရေးကိုသာ အလေးထား ခဲ့ခြင်းသည် အဓိကအကျဆုံးသော အချက်ဖြစ်သည်ဟု မြင်သည်။ ဤ အမြင်သဘောထားကို ပြောင်း လဲပစ်ရန်လိုအပ်သည်။

ကျွန်ုပ်တို့၏ ဘုံရန်သူသည် မိမိတို့ထက် ပိုမိုအားကြီးပြီး တခုတည်းသော အမိန့်ပေးမှုအောက်တွင် ရှိသောကြောင့် မိမိတို့ထက် စုစည်းညီညွတ်မှု ပိုရှိပါသည်။ ထို့ကြောင့် မိမိတို့၏ အခွင့်အရေးများကို တဖွဲ့တပါတီ၊ လူတမျိုးတည်းဖြင့် ရယူရန် မဖြစ်နိုင်ကြောင်းကို ထိပ်တန်းခေါင်းဆောင်များအပြင် အဖွဲ့ဝင်အများစုကပါ လေးနက်စွာနားလည်ထားကြရန် လိုသည်။ ကျွန်ုပ်တို့သည် တပ်ပေါင်းစုအရေးထက် မိမိတို့ဆိုင်ရာအဖွဲ့အစည်းအရေးကိုသာ အလေးထားမိကြရာက ညီညွတ်မှုပျက်ပြားပြီး ကျွန်သက်ရှည်နေကြရခြင်း ဖြစ်သည်။

ယခုအခါတွင် မတူကွဲပြားနေသော အနေအထားမျိုးတွင် ရှိနေသောကြောင့် အားလုံးကို တပ်ပေါင်းစုအသွင် စုစည်း၍ မရနိုင်ပါ။ အထက်ဖော်ပြပါ အုပ်စုတူအလိုက်သော်၎င်း၊ လူမျိုးတူ၊ နယ်မြေခြင်းနီးကပ် ဆက်စပ်သူများ သော်၎င်း တပ်ပေါင်းစုအသွင်ဖြင့် စုစည်း၍ရနိုင်ပါသည်။

လက်တွေ့အခြေနေတွင် တူညီသောအုပ်စုတခုအတွင်းမှာပင်လျှင် မူလရပ်တည်ချက်များ အပေါ်ခိုင်ခိုင်မာမာရပ်တည်လှုပ်ရှားတိုက်ပွဲဝင်နေသော အဖွဲ့များနှင့် အတွေးအခေါ်အမြင်များ တွေဝေယိမ်းယိုင်နေသော အဖွဲ့များ ဟူ၍ ရှိပါသည်။ ထို့ကြောင့် အလုပ်ဖြစ်နိုင်ရန်အတွက် ခိုင်မာသော အဖွဲ့များအချင်းချင်း စုစည်းရေးကို အဓိကထား၍ ညီညွတ်မှုကို ဦးစွာတည်ဆောက်ရန်လိုသည်။ ထိုသို့ စုစည်းပြီးနောက် တွေဝေသောအဖွဲ့များကို စည်းရုံးတွဲခေါ် နိုင်သလောက် စည်းရုံးတွဲခေါ်သွားရမည်။

ထိုသို့ စုစည်းပူးပေါင်းမိသည့်အခါ အထက်ခေါင်းဆောင် သို့မဟုတ် ကိုယ်စားလှယ်များ အချင်းချင်း သာစုစည်းညီညွတ်ခြင်းမျိုးမဟုတ်ဘဲ အောက်ခြေအဆင့်ပါ ညီညွတ်စု စည်းနိုင်ရန် လုပ်ဆောင်ရမည်။ တပ်ပေါင်းစုအပေါ် အမြင်လေးနက်ရန် သီးသန့်နိုင်ငံရေး သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်သည်။

တူညီသောအုပ်စု/ဆက်စပ်နေသောအုပ်စုအလိုက် ညီညွတ်ရေးကို တည်ဆောက်ပြီးပါက အုပ်စုများအချင်းချင်း ဆက်စပ်စုစည်းနိုင်ရန် တိုင်းရင်းသားအားလုံးတွင် တူညီသော အခြေခံရည်မှန်းချက် (ဥပမာ — အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး) ကိုရှာပြီး ၎င်းအပေါ် အားလုံးမှ ရပ်တည်တိုက်ပွဲဝင်သွားရေးကို ချမှတ်လုပ်ဆောင်ကြရန်လိုသည်။ ဆိုလိုသည်မှာ တိုက်ပွဲနည်းနာ မတူညီသော်လည်း ဦးတည်မှုတွင် တူညီကြရန် ဖြစ်သည်။

အဖိနှိပ်ခံ တိုင်းရင်းသားအဖွဲ့အစည်းခေါင်းဆောင်များသည် မိမိတို့တည်ရှိနေသော အစိတ်အပိုင်းထက်ကို ကျော်လွန်ပြီး တစုံလုံးသော အနေအထားကို ရှုမြင်ကြရန်လိုသည်။ တဖက်တွင် ရနိုင်သည့် နည်းလမ်းဖြင့်ညှိနှိုင်းကြပြီး မည်သည့်အချိန်ကာလ အခြေအနေမျိုးတွင် မည်သည့်တိုက်ပွဲနည်းနာကို အဓိကထားရမည်။ မည်သည့်နည်းနာကို အကူအင်အားအဖြစ်ထားမည် ဆိုသည်ကို ချမှတ်ထားပြီး ဟန်ချက်ညီ တိုက်ပွဲဝင်သွားနိုင်ရေးနှင့် အဖွဲ့တိုင်း ကျရာအခဏ်းမှ မိမိတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရေးကို ညှိနှိုင်းဖေါ်ဆောင်နိုင်ပါက ကောင်းမွန်သော စည်းလုံးညီညွတ်ရေးကို ရရှိလာပါလိမ့်မည်။

ယနေ့ နိုင်ငံရေးအခြေအနေသည် ပြောင်းလဲမှုမြန်ဆန်နေသောကြောင့် အချိန်မီလုပ်ငန်းစဉ်များ ညှိနှိုင်းချမှတ်နိုင်ရန် မြန်မြန်ဆန်ဆန် တွေ့ဆုံညှိနှိုင်းနိုင်သော အားလုံးကို ကိုယ်စားပြုသည့် အဖွဲ့အစည်း တခုခုကို ဖွဲ့စည်းထားရှိရန် လိုအပ်ပေသည်။

အထက်ဖေါ်ပြပါ အချက်များအတိုင်း ဖေါ်ဆောင်နိုင်ပါက အခြေအနေနှင့် သင့်တော်ကိုက်ညီ မည့် ကျစ်လစ်ခိုင်မာသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရရှိလာမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြပါသည်။ ■

မွန်ပြည်သစ်ပါတီ (NMSP)

## ၃း၈။ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF) အမြင်နှင့်သဘောထားစာတမ်း



မိုင်အိုက်ဖုန်း

လက်ရှိနိုင်ငံရေးလမ်းကြောင်းအရ စစ်အစိုးရ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်ရေး မတက်ရောက်ရေး အမြင်သဘောထားများ ကွဲပြားစွာပေါ်ပေါက်လာသောအချိန်တွင် မိမိတို့တိုင်းရင်းလူမျိုးများအားလုံး မိမိတို့ ကံကြမ္မာကို ကောင်းမွန်စွာဖန်တီးနိုင်ရန်အတွက် မိမိတို့ အချင်းချင်းအကြား တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် လွန်စွာ အရေးကြီးပါသည်။ ထိုကြောင့် ဤတိုင်းရင်းသားနီးနှောဖလှယ်ပွဲတွင် မိမိတို့ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ တိုင်းရင်းသားလူမျိုးများ၏ကျစ်လစ်ခိုင်မာသော စည်းလုံးညီညွတ်ရေး တည်ဆောက်မှုအတွက် အမြင်နှင့် သဘောထားအပေါ် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများ စည်းလုံးညီညွတ်ရေး အခြေအနေ၊ အပစ်မရပ်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်ပရောက် တိုင်းရင်းသားနိုင်ငံရေးပါတီများ စည်းလုံးညီညွတ်ရေးအခြေအနေနှင့် ပြည်တွင်းပြည်ပ တိုင်းရင်းသားအဖွဲ့အစည်းများ စည်းလုံးညီညွတ်ရေး ဟူ၍အပိုင်း သုံးပိုင်းခွဲကာ တင်ပြလိုပါသည်။

အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်
ပြည်တွင်းရှိ တိုင်းရင်းသားနိုင်ငံ ရေးပါတီများ စည်းလုံးညီညွတ်ရေး အခြေအနေ။

အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများ စည်းလုံးညီညွတ်ရေးအခြေအနေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့စစ် အစိုးရနှင့် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူခဲ့သည်မှာ ၁၅ နှစ်တင်းတင်းပြည့်ပြီး ဖြစ်သည်။ ထို့အတူ ပြည်တွင်းရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများမှာ ပြည်သူလူထုထံထောက်ခံမဲ ရရှိကာ နိုင်ငံ ရေးပါတီအဖြစ်ရပ်တည်လာသည့် သက်တမ်းကာလမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့သည့် အချိန်ကာလနှင့်မတိမ်းမယိမ်း ပင်ဖြစ်သည်။ သို့သော် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီ များအကြား လုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းပေါ်လစီဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်းများကိုမှု အားရကျေနပ်ဖွယ် မတွေ့ရှိရသေးပေ။ ထို့အပြင်အချို့သော လက်နက်ကိုင်အဖွဲ့များမှာ မိမိတို့နှင့် သက်ဆိုင်ရာ အမျိုးသားနိုင်ငံရေးပါတီများအား လုပ်ငန်းဆက်စပ်ပူးပေါင်း လုပ်ဆောင်ခြင်းမရှိသည့် အပြင်ယင်းနိုင်ငံရေးပါတီများအား အသိအမှတ်မပြုဘဲ လစ်လျူရှု ထားကြသည်ကို ဝမ်းနည်းစွာ တွေ့ရသည်။

တိုင်းရင်းသား အပစ်အခတ်ရပ်စဲရေး လက်နက်ကိုင်အဖွဲ့များသည် နိုင်ငံရေးအရ ရပ်တည်နိုင်ရန်ထက် အဖွဲ့အစည်းတောင့်တင်းစွာရပ်တည်နိုင်ရန် မလောက်မင ပမာဏအနည်းငယ်သာလုပ်ပိုင်ခွင့် ရှိသော စီးပွားရေးကိုသာဦးစားပေး လုပ်ကိုင်နေကြသည်။ အကျပ်အတည်း ပေါင်းစုံအောက်တွင်

မလွဲမရှောင်သာ၍ အပစ်အခတ်ရပ်စဲရေး လုပ်သွားကြရသော်လည်း ဆယ်စုနှစ်ကျော်ကြာလာပြီး နောက်ပိုင်း၌ အပစ်အခတ်ရပ်စဲရေး လုပ်လိုက်ရခြင်းကြောင့် ရလာသည့် အကျိုးဆက်များ၊ တိုးတက်မှုများ၊ မိမိတို့လူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးများ မျက်ဝါးထင်ထင်မတွေ့ ရှိရသေးပေ။ မိမိတို့ ထိန်းချုပ်ရာနယ်မြေတွင်းသို့ နအဖ စစ်တပ်များ ယခင်ကထက်အင်အားကြီးမားစွာ ဝင်ရောက်စိုးမိုးချယ်လှယ်လာသည်ကို သာတွေ့ရသည်။ အပစ်အခတ်ရပ်စဲသည့်ကာလ နှစ်ပေါင်းများစွာကြာလာခဲ့ပြီဖြစ်သော်လည်း နအဖသည် အပစ်အခတ်ရပ်စဲရေး လုပ်ထားသည့် အဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ တကြိမ်မျှ တွေ့ဆုံဆွေးနွေးခဲ့ခြင်းပင် မရှိပါ။

နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးကိုတရားဝင်ပူးပေါင်း လုပ်ဆောင်ရန်မဆိုတားနှင့် အဖွဲ့အစည်းများပူးပေါင်းကာ သဘောထားထုတ်ပြန်ကြေညာခြင်းကိုပင် ရှားပါးစွာတနှစ်လျှင် တကြိမ်ခန့်သာ တွေ့ရသည်။ ဤအားနည်းချက်၏ အကျိုးရလာဒ်မှာ နအဖ၏ နိုင်ငံရေးလှည့်ကွက်ကို မှားယွင်းစွာထောက်ခံမိခြင်း၊ မှားမှန်းသိလျှက်နှင့်အကြောင်း အမျိုးမျိုးကြောင့် လက်ခံခေါင်းညိတ်မိခြင်းများ ဆက်တိုက်ကြုံတွေ့ နေကြသည်။ ဥပမာ — နအဖ စစ်အစိုးရမှ ပြန်လည်အသက်သွင်းမည့် အမျိုးသားညီလာခံ တက်ရောက်ရေးကို ဘဝတူ ရည်ရွယ်ချက်ခြင်းတူသော နိုင်ငံရေးမဟာမိတ်အဖွဲ့များ၊ အပစ်အခတ်ရပ်စဲ ထားသည့်အဖွဲ့များနှင့် သဘောထားညှိနှိုင်းမေးမြန်း ဆွေးနွေးခြင်းမပြုပဲ မျက်စိမှိတ်လက်ခံ ကတိပြု လိုက်ခြင်းမှာ စစ်အစိုးရ၏ တရားဝင်အစိုးရအဖြစ် အားပေးအား မြှောက်ပေးလိုက်ခြင်း ပင်ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများအတွင်း အချင်းချင်းကြားတွင်ပင်လျှင် စည်းလုံးညီညွတ်မှုတည်ဆောက်ရန် လွန်စွာလိုအပ်နေသည်။ မိမိတို့ဘဝတူညီအစ်ကိုအဖွဲ့အစည်းများ လုပ်ငန်းပူးပေါင်းဆွေးနွေးဆောင်ရွက်မှုများ နည်းလာလေလေ စစ်အစိုးရ၏ သွေးခွဲဆက်ဆံမှုအောက်တွင် အချင်းချင်း နိုင်ငံရေးအမြင်များကွဲပြားလာလေလေ ဖြစ်လာပေမည်။ စစ်အစိုးရသည် ယင်းတို့ နိုင်ငံတော်ကိုဦးဆောင်နေသည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့သည့်အခြေအနေများကို ရည်ညွှန်းကာ သမိုင်းတွင်မည်သည့်အစိုးရမှ မလုပ်ဆောင်နိုင်ဘဲ ယခုတပ်မတော်အစိုးရ၏ ကြိုးပမ်းမှုကြောင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိနေပြီ ဖြစ်ကြောင်း၊ ဘယ်ခေတ်ကာလနှင့်မျှ မတူအောင် ယခုနယ်စပ်ဒေသများတွင်ဖွံ့ဖြိုးတိုးတက်လျှက် ရှိနေကြောင်း ထပ်ခါတလဲလဲ ဝါဒဖြန့်ချီလျှက် ရှိနေသည်။ သို့ရာတွင် ယင်းအချက်နှင့် ပတ်သက်၍ အပစ်အခတ်ရပ်စဲရေးလုပ်ထားကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများက မည်သို့မျှ တုန့်ပြန်ဖြေရှင်းပြခြင်း မရှိပါ။ ပြည်တွင်းငြိမ်းချမ်းမှုအမှန်တကယ် ရနေပြီးလော၊ စစ်မှန်သည့် ပြည်တွင်းငြိမ်ချမ်းရေးလော၊ အတုအယောင် ပြည်တွင်းငြိမ်းချမ်းရေးလော၊ နယ်စပ်ဒေသများတွင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်နေပြီလောဟူသည်ကို အပစ်အခတ်ရပ်စဲထားကြသည့် တိုင်းရင်းသားအဖွဲ့များနှင့် ဒေသခံ မိမိတို့တိုင်းရင်းသားပြည်သူလူထုတို့ အသိဆုံးဖြစ်သည်။

ထို့ပြင် မိမိတို့တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားပြည်သူလူထုအပေါ် စစ်အစိုးရက အမျိုးမျိုးဖိနှိပ်ညှင်းပန်း ဖမ်းဆီးနေသည်ကို မည်သည့် အပစ်အခတ်ရပ်စဲရေး အဖွဲ့အစည်းကမျှ ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်များကို တရားဝင်ထုတ်ပြန်ခြင်း မရှိကြသည်မှာ စစ်အစိုးရက မိမိတို့ တိုင်းရင်းသားလူမျိုးများအပေါ် ဖိနှိပ်ချုပ်ချယ်နေသည်ကို ထောက်ခံနေသကဲ့သို့ ဖြစ်နေသည်။

ယခုတဖန်လည်း ကရင်အမျိုးသားအစည်းအရုံးက နအဖနှင့် အပစ်အခတ်ရပ်စဲရေး ရယူရန် ဆွေးနွေးနေသည်ကို အားလုံးသိကြပြီး ဖြစ်သည်။ မြန်မာပြည်တွင် ပြည်တွင်းစစ်မီးများရပ်စဲကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်လာနိုင်လျှင် အကျိုးရှိမည်ဟုဆိုသော်လည်း အပစ်အခတ်ရပ်စဲပြီး မိမိတို့တိုင်းရင်းသားလူမျိုးများ အမှန်တကယ်လုပ်ပိုင်ခွင့် မည်မျှရှိမည် ဆိုသည်မှာ ရှေးက အပစ်အခတ်ရပ်စဲထားသော အဖွဲ့များကိုစံနမူနာအဖြစ် တွေ့နိုင်သည်။ သို့သော် လက်နက်ကိုင်တိုက်ခိုက်ခြင်းထက် နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည် အဖြေမှန်နှင့် ပိုမိုနီးစပ်ကာ လူထုအကျိုးထိခိုက်မှုနည်းနိုင်၍ အားလုံးလက်ခံနိုင်သည့် နည်းလမ်းတခု ဖြစ်သည်။

အပစ်ခတ်မရပ်စဲသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ပြည်ပရောက် တိုင်းရင်းသား နိုင်ငံရေး ပါတီများစည်းလုံးညီညွတ်ရေးအခြေအနေ၊

အပစ်ခတ်မရပ်သေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှာ အဖွဲ့အစည်းတဖွဲ့နှင့်တဖွဲ့ ထိတွေ့မှု ပိုများပြီး ယခင်အခြေအနေများနှင့် နှိုင်းယှဉ်သော်ကောင်းသော လက္ခဏာဆောင်လာသည့် သဘော ရှိသည်။ သို့သော် သဘောထားတူသည်များကိုသာ တွဲလုပ်ကြသည့် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် စစ်အစိုးရကို ထိရောက်အောင်တိုက်ခိုက်ရန် အားကောင်းသော စည်းလုံးညီညွတ်မှု မရှိသေးပေ။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ), UNLD(LA) တို့၏ ပူးပေါင်းလုပ်ဆောင်မှုရှိသည်ဟု ဆိုသော်လည်း အခြား တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့က ပါဝင်ပတ်သက်နိုင်မှုတွင် အခက်အခဲများရှိနေသေး သည်ကို တွေ့ရသည်။

နအဖ စစ်အစိုးရက နိုင်ငံရေးလမ်းညွှန် (၇) ချက်ကိုချပြကာ အမျိုးသားညီလာခံပြန်လည် ခေါ်ယူရေးဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တော်လှန်ရေးအင်အားစုများအား ထပ်မံ လှည့်စားရန် ကြိုးပမ်းနေချိန်တွင် မိမိတို့ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်ရေးမှာ လွန်စွာအရေးကြီး ပါသည်။ သမိုင်းနောက်ခံအရ မတူညီကွဲပြားမှုများ မည်မျှပင်ရှိစေကာမူ မိမိတို့တိုင်းရင်းသားများ အားလုံး၏ အခြေခံဦးတည်ချက်မှာ အမျိုးသားတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံ သည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဖြစ်သဖြင့်အတုအယောင်အမျိုးသား ညီလာခံကို ညီညွတ်စွာကန့်ကွက်ရန် အလွန်လိုအပ်ပါသည်။ နအဖ၏ နိုင်ငံရေးလှည့်ကွက်အပေါ် မိမိ တို့အချင်းချင်း စည်းလုံးညီညွတ်မှုမပျက်ဆီးစေရန် ပူးပေါင်းဆွေးနွေးညှိနှိုင်းမှုများဖြင့် ဘုံရည်မှန်းချက်ကို ဆက်လက်အကောင်အထည် ဖော်ရမည်ဖြစ်သည်။

အပစ်ခတ်မရပ်သေးသည့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားနိုင်ငံ ရေးပါတီများ၏ ညီညွတ်ရေးအပေါ် အခြေခံသော ပူးပေါင်းဆောင်ရွက်မှုတွင် ခေါင်းဆောင်များ အချင်း ချင်း နားလည်မှုနှင့် အဖွဲ့အစည်းအပေါ်အခြေခံသည့် နားလည်မှုမှာ အငြင်းပွားဖွယ်ရာ အချက်များ ရံဖန်ရံခါ ဖြစ်လာတတ်သည်ကို သတိပြုမိသည်။ တော်လှန်ရေးကာလအတွင်း တိုင်းရင်းသားခေါင်း ဆောင်တိုင်းက လူထုအပေါ် ကောင်းသောအကျိုးသက်ရောက်ခြင်းများ ရှိလာစေရန် စေတနာများ ဖြင့်ဆောင်ရွက်ကြသည် သာဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသား အဖွဲ့အစည်းများအပြင် ဒီမိုကရေစီအင်အားစုများပါ မဟာမိတ်အဖြစ်လုပ်ကိုင်နေကြရသဖြင့် မိမိတို့ တိုင်းရင်းသားတပ်ပေါင်းစု

အတွင်း စည်းလုံးညီညွတ်မှု ပိုအားကောင်းလာရန်မှာ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအားလုံး နိုင်ငံရေးရိုးသားမှုနှင့် ပွင့်လင်းမှုရှိရန် လိုအပ်သည်။ တပ်ပေါင်းစုကိုအခြေခံပြီး လုပ်ရသောကိစ္စသည် တပ်ပေါင်းစုပေါ်လစီကို အခြေခံရမည်ဖြစ်ပြီး ဘောင်ကျော်မှုများ၊ တာဝန်ခံမှုများ ပိုမိုရှိလာပါက အဖွဲ့ဝင် အချင်းချင်းတွင်ရှိသော ညီညွတ်ရေးအခြေခံကိုထိပါးစေ နိုင်သည်။ ENSCC မှချပြသော နိုင်ငံရေး လမ်းညွှန်ချက်များသည် မိမိတို့ တိုင်းရင်းသားများအပေါ် အကျိုးရှိစေနိုင်ပြီး အချို့ကလက်ခံနိုင် သော်လည်း မိမိတို့တပ်ပေါင်းစုအတွင်း သဘောထားကွဲလွဲမှုကြောင့် မျှော်မှန်းသကဲ့သို့ ဖြစ်မလာ သည့်အချက်မှာ တပ်ပေါင်းစုအတွက် သင်ခန်းစာယူဖွယ်ရာပင် ဖြစ်သည်။ မိမိတို့၏ အားနည်းချက်များ အားသာချက်များ၊ တပ်ပေါင်းစုအတွင်း နိုင်ငံရေးပွင့်လင်းရိုးသားမှုကို ဝေဖန်ဆန်းစစ်ရန် လွန်စွာ အရေးကြီးပါသည်။

အချို့ခေါင်းဆောင်များသည်မိမိတို့တပ်ပေါင်းစုတွင် သော်လည်းကောင်း၊ တပ်ပါင်းစုတွင်မပါသည့် အခြားတိုင်းရင်းသားအဖွဲ့များနှင့် သော်လည်းကောင်း၊ အခြား ဒီမိုကရေစီအင်အားစုများနှင့် သော် လည်းကောင်း တပ်ပေါင်းစုအဖွဲ့ဝင် တိုင်းရင်းသားများအားလုံးကို ကိုယ်စားပြုကိစ္စရပ်များ ဆောင် ရွက်ရာတွင် တပ်ပေါင်းစုရှိသောအဖွဲ့ဝင်ခေါင်းဆောင်များအား ပွင့်လင်းစွာဆွေးနွေးရှင်းလင်း တင်ပြခြင်း သည် ညီညွတ်ရေးအတွက် လွန်စွာအားကောင်းသောအချက်ပင် ဖြစ်သည်။ အမှားများလည်း ကင်းနိုင်သရွေ့ ကင်းစေလာနိုင်လာပြီး အဖွဲ့ဝင်များအားလုံး ပါဝင်ပတ်သက်မှုလည်း ရှိစေသည်။ တန်းညှိ၍ရသော ခေါင်းဆောင်အနည်းငယ်ကသာ ဆွေးနွေးတိုင်ပင်၍ အားလုံးကို ကိုယ်စားပြုသော ဆုံးဖြတ်ချက်များချမှတ်ခြင်းသည် မိမိတို့တပ်ပေါင်းစုအသံ၊ မိမိတို့ကို ကိုယ်စားပြုထားသော တိုင်းရင်း သားအသံများကို ယုတ်လျော့စေလာနိုင်ပြီး စည်းလုံးညီညွတ်ရေးကိုလည်း ထိခိုက်စေမည် ဖြစ်သည်။

စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် နိုင်ငံရေးပွင့်လင်းရိုးသားမှုကို အခြေခံရပါလိမ့်မည်။ ပါးစပ်နှင့်သာ ညီညွတ်ရေးမဟုတ်ဘဲ လက်တွေ့ အကောင်အထည်ဖေါ်သည့် နေရာတွင်ညီညွတ်မှုရှိရမည်။ စိတ်ရင်းစေတနာ ဖြောင့်မတ်မှု၊ တန်းတူ ရည်တူရှိမှု၊ အပြန်အလှန် အထောက်အကူပြုမှု၊ အပြန်အလှန် လေးစားမှု၊ အပြန်အလှန် အသိအမှတ် ပြုမှုနှင့် အဖွဲ့ကြီးသည် ငယ်သည်၊ လူဦးရေများသည် နည်းသည်၊ အတွေ့အကြုံရှိသည် မရှိသည်၊ ပညာရှိသည် မရှိသည်၊ အသက်အရွယ်ငယ်သည် ကြီးသည် ဆိုသည့်သဘောထား အမြင်မျိုး မခွဲခြားဘဲ အတူတကွပူးပေါင်းလုပ်ဆောင်မှုကို ဟန်ချက်ညီညီဆောင်ရွက်ကာ ကျစ်လစ်ခိုင်မာသော ညီညွတ်ရေး ကို တည်ဆောက်ရန်အလွန်အရေးကြီး ပေသည်။

ပြည်တွင်းပြည်ပတိုင်းရင်းသားအဖွဲ့အစည်းများစည်းလုံးညီညွတ်ရေး

ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအဖွဲ့အစည်းများညီညွတ်ရေးသည် အကျပ်အတည်းနှင့် ရင်ဆိုင်နေသော မြန်မာပြည်နိုင်ငံရေးသနာဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍတရပ်ဖြစ်သည်။ ပြည် တွင်းပြည်ပရှိတိုင်းရင်းသား အဖွဲ့များဟန်ချက်ညီညီ မလှုပ်ရှားနိုင်လျှင် နအဖစစ်အစိုးရ လက်သုံးစကား ဖြစ်သည့် မတူညီကွဲပြားနေသော တိုင်းရင်းသားအမျိုးမျိုးကြောင့် နိုင်ငံတော်မပြိုကွဲအောင် စစ်တပ်က အာဏာသိမ်းယူရသည် ဟူသောအဆိုကို မှန်ကန်ကြောင်းပြနေသကဲ့သို့ ဖြစ်နေပေမည်။ ပြည်တွင်း ပြည်ပရှိတိုင်းရင်းသားအဖွဲ့အစည်းများ၏ နိုင်ငံရေးလှုပ်ရှားမှု ဟန်ချက်နှင့်ညီညွတ်ရေးမှာ လက်ရှိ အခြေအနေအရ များစွာအားနည်းနေသည်ကို တွေ့နိုင်သည်။

ပြည်ပရှိတိုင်းရင်းသားအဖွဲ့အစည်းများက စစ်အစိုးရအားပြတ်ပြတ်သားသား ချေမှုန်းဆန့်ကျင်နေသော်ငြားလည်း၊ ပြည်တွင်းရှိ အပစ်အခတ်ရပ်စဲရေး လက်နက်ကိုင်အဖွဲ့များမှာ အဖွဲ့အစည်းရပ်တည်နိုင်ရန် စီးပွားရေးဦးတည်ကာ စစ်အစိုးရအား အပေါင်းလက္ခဏာသဘောဖြင့် ဆက်ဆံနေရသည်။ ပြည်ပရှိအဖွဲ့အစည်းများသည် ပြည်တွင်းအဖွဲ့အစည်းများအား နိုင်ငံရေးအရ ရပ်တည်မှုပိုရှင်းလင်းပြတ်လာစေရန် ဆွဲဆောင်စည်းရုံးနိုင်မှု အားနည်းနေသည်ကို တွေ့ရသည်။ ပြည်တွင်းရှိအပစ်အခတ်ရပ်ထားသော အဖွဲ့အစည်းများအား နိုင်ငံရေးထွက်ပေါက်များ ဖန်တီးပေးနိုင်လျှင် သော်လည်းကောင်း၊ ပြည်ပတိုင်းရင်းသားအဖွဲ့များ၏ နိုင်ငံရေးလှုပ်ရှားမှုလမ်းကြောင်းကို ပြည်တွင်းအဖွဲ့များ ရှင်းလင်းစွာနားလည်သိရှိနိုင်စေလျှင် သော်လည်းကောင်း၊ ဖန်တီးပြုလုပ်နိုင်လျှင် ပြည်ပတွင်လှုပ်ရှားနေသော နိုင်ငံရေးလမ်းကြောင်းကို နားလည်လက်ခံသဘောပေါက်ကာ စစ်အစိုးရအား ထောက်ခံသော နိုင်ငံရေးထွက်ပေါက်ကိုရွေးချယ်လိမ့်မည် မဟုတ်ပေ။

တိုင်းရင်းသားအဖွဲ့အစည်းများအား ကိုင်တွယ်ရာတွင် ပိုင်နိုင်ကျွမ်းကျင်သည်ဟု နာမည်ရနေသော နအဖစစ်အစိုးရသည် ကျဆင်းလာသောတိုင်းရင်းသားစည်းလုံးညီညွတ်ရေးအပေါ် အခွင့်ကောင်းယူပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တဖွဲ့ချင်းနည်းအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်းကာ အာဏာတည်မြဲရန် ကြိုးပမ်းနေလျက်ရှိသည်။ နိုင်ငံရေးလမ်းညွှန်ချက် (၇) ချက်ကို အကောင်အထည်ဖေါ်နေသော နအဖစစ်အစိုးရသည် တိုင်းရင်းသားအဖွဲ့အစည်းများအား စည်းရုံး ကိုင်တွယ်နိုင်လျှင် ယင်းတို့လိုချင်သော အဖြေပိုမိုနီးစပ်လာမည်ဟု ယုံကြည်လာလျက်ရှိသည်။ သို့ရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများအား စုပေါင်းကာအစုအဖွဲ့လိုက်လက်ခံဆုံတွေ့လျှင် အချင်းချင်းတိုင်ပင် တောင်းဆိုမှုများ များနိုင်လာပြီး ဆင်ထားသောအကွက်မှ လွဲသွားနိုင်၍ တိုင်းရင်းသားအဖွဲ့များအား သွေးခွဲနိုင်ရန် တဖွဲ့ချင်းစီသာလျှင် တွေ့ဆုံညှိနှိုင်းနေလျက်ရှိသည်။

လက်ရှိမြန်မာနိုင်ငံရေးအကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရာတွင် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးတို့၏ စည်းလုံးညီညွတ်မှုသည် လွန်စွာအရေးကြီးပြီး နအဖစစ်အစိုးရ၏ လှည့်ကွက်နည်းဗျူဟာအတွင်းသို့ ခြေလှမ်းမှားကာမဝင်မိရန် အထူးသတိချက်ရမည် ဖြစ်သည်။ မိမိတို့တိုင်းရင်းသားအားလုံး၏ ဘုံရည်မှန်းချက်မှာ အမျိုးသားတန်းတူမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံနိုင်သော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေးဖြစ်သည်ကို လက်ကိုင်ထားကာ တိုက်ပွဲဝင်ရန် လိုအပ်ပါသည်။ နအဖ၏ နိုင်ငံရေးလမ်းညွှန် (၇) ချက်ကို အကောင်အထည်ဖေါ်ကာ အမျိုးသားညီလာခံ ပြန်လည်ခေါ်ယူရေးသည် တိုင်းရင်းသားလူမျိုးစုတို့၏ နိုင်ငံရေးရည်မှန်းချက်ကို အာမခံနိုင်မည်မဟုတ်ဘဲ စစ်အစိုးရအား တရားဝင်အစိုးရအဖြစ် အာဏာသက်ရှည်ရန် ထောက်ပံ့နေခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းပြည်ပရှိ မိမိတို့ တိုင်းရင်းသားအဖွဲ့အစည်းများသည် စည်းလုံးညီညွတ်မှုကို ဟန်ချက်ညီညီအခိုင်အမာတည်ဆောက်ကာ မိမိတို့ချုပ်ဆိုခဲ့ကြသော မယ်သရောထာသဘောတူညီချက်များမှ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးမှတ်တိုင်ကို ဆက်လက်ခိုင်မာအောင်ထိန်းသိမ်းကာအကောင်အထည်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

# အခန်း (၄)

## တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများမှ “သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး” (Tripartite Dialogue) အပေါ် အမြင်နှင့်သဘောထားစာတမ်းများ

## ၄း၁။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD(LA) မှအမြင်နှင့်သဘောထားစာတမ်း



ခွန်းမတ်ရ်ကိုဘန်း

လေးစားအပ်တဲ့ သဘာပတိကြီးနှင့်တကွ တိုင်းရင်းသား လူမျိုးကိုယ်စားပြု ခေါင်းဆောင်ကြီးများ ခင်ဗျား

နောက်ခံသမိုင်းကြောင်း

တိုင်းရင်းသားများဖြစ်ကြတဲ့ (ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင်) စတဲ့ တိုင်းရင်းသားများဟာ ရှေးနှစ်ပေါင်း ထောင်နှင့်ချီကတည်းက ကိုယ့်ဘုရင်၊ စော်ဘွား၊ ဒူးဝါး၊ စောဖျာ၊ စော်ကဲ၊ ရမ်အုပ်မင်းများဖြင့် သီးခြားလွတ်လပ်စွာ နေထိုင်လာခဲ့ကြ တယ်။ တဦးနှင့်တဦး အပေါ် အထက်အောက်ဆက်ဆံမှုမျိုး မရှိခဲ့ ပါ။ ကိုယ်စီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝ ရှိကြပါတယ်။ မင်းတုံးမင်းဘုရင်ရှင်ပြုသားဖြစ်သူ ဝန်းသိုစော်ဘွား ကြီး ဦးအောင်မြတ်သည်ပင်လျှင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြောင်း တွေ့ရှိ ရပါတယ်။

အင်္ဂလိပ်ကိုလိုနီခေတ်

အင်္ဂလိပ်ကိုလိုနီခေတ်ကာလမှာ တိုင်းရင်းသားများအားလုံးဟာ ကိုလိုနီလက်အောက်ခံဘဝ ကျရောက် သွားခဲ့ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်အစိုးရကနေပြီးတော့ ဗမာပြည်မနယ်မြေကိုသာ အစိုးရ ဖွဲ့စည်းပြီးတော့ တိုက်ရိုက်အုပ်ချုပ်ခဲ့ပေမဲ့ ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းပြည်၊ သံလွင်ခရိုင် ကရင်နယ်မြေ၊ ရခိုင်တောင်တန်းဒေသများနှင့် အနောက်ဘက်ရှမ်းပြည်ခေါ် သောင်သွတ်၊ ခမ်းတီး၊ ခမ်းတီးလုံနယ် စသည့်နယ်မြေများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခဲ့တဲ့ နယ်မြေများ ဖြစ်ကြပါတယ်။ ကရင်နီပြည်ကို ၁၈၇၅ ခု ဇွန်လ (၂၁) ရက်နေ့ ကတည်းက၊ အင်္ဂလိပ်ဘုရင်ခံ ဆာဒေါက်ကလပ်ဖော့်ဆက်နှင့် ဗမာဘုရင် မင်းတုံးမင်းကနေ ဆက်လက်ပြီး သီးသန့်လွတ်လပ်တဲ့နယ်မြေအဖြစ် သဘောတူအသိအမှတ်ပြုထား တာဖြစ်ပါတယ်။ သထုံအရှေ့၊ တောင်ငူအရှေ့၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ မြဝတီ၊ စီရင်စုနှင့် ဝန်းသိုစော်ဘွားနယ်မြေ၊ စစ်ကိုင်းတိုင်းမြောက်ပိုင်း စသည့်နယ်မြေများမှာ အင်္ဂလိပ်ဘုရင်ခံက စီမံခန့်ခွဲ တဲ့နယ်မြေများဖြစ်ကြတယ်။ ဒါကြောင့် ကိုလိုနီအင်္ဂလိပ်ခေတ်ကာလမှ ဗမာ၊ ရှမ်း၊ ကရင်နီ၊ ကချင်၊ ချင်း၊ ကရင် စတဲ့တိုင်းရင်းနယ်မြေများဟာ ပြည်ထောင်စုပုံစံမတည်ရှိပါဘူး၊ သီးခြားစီတည်ရှိကြတဲ့ နယ်မြေများ ဖြစ်ခဲ့ကြပါတယ်။

လွတ်လပ်ရေးကြိုးပမ်းကာလ

လွတ်လပ်ရေးကြိုးပမ်းကာလမှာ ဗမာပြည်လွတ်လပ်ရေး ရရှိရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလ အဖွဲ့ချုပ်များကြိုးပမ်းကြသလို ရှမ်း၊ ကချင်၊ ချင်းတို့မှာလည်း ဆက်စပ်ညှိနှိုင်းကြပြီး ကြိုးပမ်းခဲ့ ကြပါတယ်။

နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့မှာ ဗမာပြည်မနယ်မြေမှာ ဆန်စပါးထွက်တယ်။ ပင်လယ်ထွက်ပေါက်ရှိတယ်။ ရှမ်း၊ ကချင်၊ ချင်းနယ်မြေဟာ သယံဇာတ ပေါများ တဲ့အပြင် တောင်တန်းဒေသထူထပ်ပြီး ဗမာပြည်မကို မြင်းခွာသဏ္ဍာန်ဝိုင်းရံထားကာ အင်အားကြီး နိုင်ငံများဖြစ်ကြတဲ့ တရုတ်၊ အိန္ဒိယနိုင်ငံနှင့် နယ်ချင်းဆက်စပ်နေတယ်။ တိုင်းပြည်လုံခြုံရေးအရ အရေးပါတယ်။ ဒါကြောင့် အားလုံးအတွက် စီးပွားရေး၊ ကြီးပွားရေး၊ ကာကွယ်ရေး၊ တိုင်းပြည်သာယာဝ ပြောရေးအတွက် အမြင်ကြီးစွာ တိုင်ပင်ဆွေးနွေးကြပြီးမှ ပင်လုံစာချုပ်ကို ချုပ်ဆိုကြတာဖြစ်တယ်။ ပင်လုံစာချုပ်ဟာ အနိုင်အရှုံးစာချုပ်မဟုတ်၊ လူမျိုးကိုအခြေခံထားတဲ့ စာချုပ်လည်းမဟုတ်၊ နယ်မြေ ဒေသကို ကိုယ်စားပြုထားတဲ့စာချုပ်ဖြစ်တယ်။ ပင်လုံစာချုပ်ရဲ့ အနှစ်သာရကတော့ —

၁။ သီးခြားစီတည်ရှိတဲ့နယ်မြေများ တပြိုင်တည်းလွတ်လပ်ရေးရယူရေး နှင့်

၂။ တိုင်းရင်းသားလူမျိုးနယ်မြေများ တန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အချက် နှစ်ချက်ပဲဖြစ်ပါတယ်။

ပင်လုံစာချုပ်ဖေါက်ဖျက်ခြင်းနှင့် ပြည်တွင်းစစ်မီးစတင်လောင်ကျွမ်းခြင်း

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဖဆပလအဖွဲ့ချုပ်ဟာ ပင်လုံစိတ်ဓါတ်အခြေခံမူမှ သွေဖယ် အားနဲသွားပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာမှာ ဗမာပြည်ကို ပြည်ထောင်စုအာဏာနှင့် တွဲထားလိုက်တော့ ကျန်တိုင်းရင်းသားပြည်နယ်များဟာ ဗမာလက်အောက်ခံဘဝ ကျရောက်သွား တယ်။ ပြည်နယ်ရသင့်ရထိုက်တဲ့ ရခိုင်၊ မွန်၊ ကရင် တို့ကိုလည်း ပြည်နယ်သတ်မှတ်ပေးခြင်း မရှိဘူး။ ကရင်နီပြည်စောဖျာနှင့် ပြည်သူလူထုဆန္ဒမပါဘဲ ကရင်နီပြည်ကို လက်အောက်ခံပြည်နယ် တနယ် အဖြစ်သတ်မှတ်လိုက်တယ်၊ ဒ့ါကြောင့် လွတ်လပ်ရေးသက်တမ်း ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ အသက်ဝင်လာတာနဲ့တပြိုင်တည်း ပြည်တွင်းစစ် မီးစတင်လောင်ကျွမ်းသွားတာ ဖြစ်တယ်။

ပြည်တွင်းစစ်ထပ်ဆင့်တောက်လောင်ခြင်း

၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခဏ်း (၁၀) တွင် ခွဲထွက်ခွင့်ပါရှိပြီး အခဏ်း (၁၁) တွင် ပြင်ဆင်ခွင့်ပါရှိတာ တိုင်းရင်းသားများကနေပြီးတော့ အချိန်မရွေး ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်တာဘဲ၊ ညီအစ်ကိုချင်း ဈေးဆစ်မယ်မဟုတ်ဘူးလို့ ယုံကြည်ပြီးတော့ ဖွဲ့စည်းပုံကို အမြန်လက်ခံနိုင်ရန် လက်တလုံးခြားလုပ်တယ်လို့ သုံးသပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖဆပလ စည်းလုံးညီညွတ် နေတဲ့အချိန်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ ပြင်ဆင်ရန် တင်ပြလာတိုင်း အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲနေတာ ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နောက်ဆုံး (၁၀) နှစ်ကျော် ဖဆပလ အဖွဲ့ချုပ် နှစ်ခြမ်းကွဲပြဲပြီး နောက်ပိုင်းမှ ဝန်ကြီးချုပ် ဦးနုဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရန် ခွင့်ပြုလာတာကို တွေ့ရပါတယ်။ ကူမင်တန် တရုတ်ဖြူကိုအကြောင်းပြပြီး ဗမာစစ်သားများကို ရှမ်းပြည်ထဲပို့ခဲ့တယ်။ ရှမ်းပြည် စစ် အုပ်ချုပ်ရေး ချမှတ်ခဲ့တယ်။ ဗမာစစ်သားများဟာ ရှမ်းပြည် ပြည်သူလူထုများကို ဖိနှိပ်အနိုင်ကျင့်တယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာအဖြစ် ပြဌာန်းဖို့ ကြိုးစားလာတယ်။ ကချင်ပြည်သူလူထုဆန္ဒသဘော ထားမပါဘဲ ဖိမော်၊ ဂေါ်လန်၊ ကန်ဖန် နယ်မြေကို တရုတ်ပြည်သို့လွှဲအပ်ပေးခြင်းစသည့် အကြောင်း များကြောင့် ပြည်တွင်းစစ်မီးထပ်ဆင့် လောင်ကျွမ်းသွားခြင်း ဖြစ်တယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် ပြည်တွင်းစစ်မီးအထွဋ်အထိပ်သို့လောင်ကျွမ်းခြင်း

၁၉၆၁ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးအတွက် မြန်မာနိုင်ငံတိုင်းရင်းသားပေါင်းစုံ နီးနှောဖလှယ်ပွဲကျင်းပနေစဉ် အာဏာငမ်းငမ်းတက်ပြီး တိုင်းရင်းသားတန်တူရေးကို လုံးဝလက်မခံဘဲ လူမျိုးကြီးဝါဒ ကျင့်သုံးကာ တိုင်းရင်းသားလူမျိုးစုများကို အမျိုးဖြုတ်လိုတဲ့ ဗိုလ်နေဝင်းဦးဆောင်တဲ့ ဖက်ဆစ်စစ်အုပ်စုဟာ တိုင်းပြည်အာဏာသိမ်းလိုက်တာဖြစ်တယ်။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ တိုင်းပြည်မှာအမြင့်ဆုံးဥပဒေ ဖြစ်တယ်။ ဖွဲ့စည်းပုံပါရှိတဲ့အတိုင်း တိုင်းရင်းသားတွေ ခွဲထွက်တောင်းတောင်မှ သမတ၊ ဝန်ကြီးချုပ် ပယ်ချပိုင်ခွင့်မရှိပါ။ ဒါပေမဲ့ တိုင်းရင်းသားများဟာ ခွဲထွက်ခွင့် လုံးဝမသုံးပါ။ ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် ဥပဒေအတွင်းဆောင်ရွက်တာတောင်မှ ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင်စတဲ့တိုင်းရင်းသားများဟာ ဖက်ဒရယ်သမားများ ဖြစ်ကြပြီး ခွဲထွက်ရေးသမားများ၊ တိုင်းပြည်ဖြိုခွဲသူများ ဖြစ်ကြောင်း၊ တိုင်းပြည်ချောက်ကမ်းပါးကျလုဆဲဆဲမှာ တပ်မတော်မှ အချိန်မီကာကွယ်ထိမ်းသိမ်းနိုင်တယ်လို့ သူခိုးလူဟစ် အော်တယ်။ ဒါကြောင့် ဥပဒေဘောင်အတွင်း လုံးဝဆောင်ရွက်ခွင့်မရတဲ့အဆုံး တိုင်းရင်းသားလူမျိုးပေါင်းစုံပါမကျန် ရရာလက်နက်စွဲကိုင် တော်လှန်ကြလို့ ပြည်တွင်းစစ်မီးမှာလည်း အထွဋ်အထိပ်သို့ လောင်ကျွမ်းမဆုံး တောက်လောင်သွားခြင်း ဖြစ်တယ်။

ဒီမိုကရေစီလူ့အခွင့်အရေးဆိပ်သုဉ်းခြင်း

အဲဒီလို ပင်လုံစိတ်ဓါတ်အားနည်းသွားပြီး ဗမာပြည်မကို ပြည်ထောင်စုအာဏာနှင့် တွဲထားလို့ အခြား တိုင်းရင်းသားများ ဗမာလက်အောက်ခံ ကျရောက်သွားတယ်။ ဒါကြောင့် ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံပြဿနာမှစပြီး ပြည်တွင်းစစ်မီးနှစ်ပေါင်း (၄၀) ကျော်စစ်ဒဏ်ကြောင့်လည်းကောင်း၊ မဆလ တပါတီအာဏာရှင်စံနစ်ရဲ့ နိုင်ငံရေးလမ်းစဉ်မှားယွင်းမှုကြောင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ တန်းတူရေးပြဿနာနှင့် နောက်ဆက်တွဲပါလာပြီး ဒီမိုကရေစီလူ့အခွင့်အရေး ဆိတ်သုဉ်းခြင်း ပြဿနာလည်း တဆက်တစပ်တည်း ပါလာတာဖြစ်တယ်။

ဒါကြောင့်မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေခံပြဿနာဟာ တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံးခြင်းပြဿနာနှင့် ဒီမိုကရေစီလူ့အခွင့်အရေး ဆိတ်သုဉ်းခြင်းပြဿနာနှစ်ရပ်ဟာ ဒွန်တွဲနေတဲ့ ပြဿနာဖြစ်ပြီး တပြိုင်တည်းဖြေရှင်းသွားဖို့လိုအပ်နေတာ ဖြစ်တယ်။

တိုင်းရင်းသားလူမျိုးစုများ၏ အားနည်းချက်များအပေါ် သုံးသပ်ချက်

၁။ ရှမ်းစော်ဘွားများမှာ ရှမ်းပြည်လွတ်လပ်ရေးသီးခြားရယူပြီး ဗမာပြည်မနှင့် နှစ်ပြည်တပြည် အပေးအယူလုပ်ပြီးမှ ပြည်ထောင်စုပူးပေါင်းပါက ပိုပြီးကောင်းမည်ဟု လိုလားပေမဲ့ ရှမ်းလူငယ်များက တပြိုင်တည်း လွတ်လပ်ရေးရယူမည် ဟု စိတ်အားထက်သန်နေသည့်ဘက်ကို လိုက်လျောတယ်။ နောက်ဆုံးတောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများအားလုံး ဗမာပြည်မနှင့် တပြိုင်တည်း လွတ်လပ်ရေးရယူမည့် သဘောထားရရှိသွားတယ်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာခေါင်းဆောင်များအပေါ် အယုံအကြည်လွန်လွန်းတယ်လို့ သုံးသပ်နိုင်ပါတယ်။

၂။ ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အတည်ပြုရေးအတွက် ဦးချန်ထွန်းက ရှင်းလင်းရာမှာ ဗိုလ်ချုပ်အောင်ဆန်း ချပေးထားသည့် "မူ" အတိုင်းဆိုရင် လူအင်အားအများကြီးလိုမည်။ ငွေလည်းအများကြီးကုန်မည်။ စစ်ဒါဏ်ကြောင့် တိုင်းပြည်ဆင်းရဲ နေသေးတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံပြင်ရန်အခဏ်း (၁၁) မှာပြင်ဆင်ခွင့်ပါရှိပြီး အခဏ်း (၁၀) မှာ ခွဲထွက်ခွင့် ပါရှိတယ်။ ဖွဲ့စည်းပုံအတည်မပြုရင် လွတ်လပ်ရေးမရနိုင်ဟု ရှင်းပြရာ တိုင်းရင်းသားခေါင်းဆောင်များက တိုင်းပြည်ဆင်းရဲရာမှာ မှန်ကြောင်း၊ (၁၀) နှစ်ပြည့်လျှင် ခွဲထွက်ခွင့်ရှိတာဘဲ။ ညီအစ်ကိုချင်းမို့ ဖွဲ့စည်းပုံပြင်ဆင်ရန် ငါးမူးတပဲ ဈေးဆစ်မည်မဟုတ် အချိန်မရွေး ပြင်ဆင်နိုင်တာဘဲလို့ ဖဆပလ အပေါ် ယုံကြည်မှုအပြည့်ရှိခဲ့တယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံပြင်ဆင်ရန် တင်ပြတိုင်း ဖဆပလညီညွတ်နေတဲ့အချိန် အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲရုံမက ပြည်နယ်များ အတွင်းခြေကုတ်ယူနိုင်ဘို့အတွက် စစ်တပ်ကို အတင်းချထားတယ်။ ပြည်နယ်အတွင်း အုပ်ချုပ်ရေးအထိ ဝင်ရောက်စွက်ဖက်ခြင်းလုပ်လာခဲ့တယ်။ ၄၇ ဖွဲ့စည်းပုံအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်တလုံးခြား လုပ်လိုက်တာကို ခံခဲ့ကြရတယ်။

၃။ ဖဆပလ အဖွဲ့ချုပ် ဦးနု၊ ဦးကျော်ငြိမ်းသန့်ရှင်း ဖဆပလ နှင့် တည်မြဲ ဖဆပလ ကွဲကြပြီးနောက်ပိုင်းမှာ ဦးနုကနေပြီးတော့ ယိမ်းယိုင်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ဖို့ လိုတယ်။ ဒ့ါကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ခွင့်နှင့် တရားရေးဌာနကိုပါ တပါတည်းချပေးထားတယ်။ ဒါပေမဲ့ ၁၉၆၂ ခု မတ်လ (၂) ရက်နေ့မှာ မြန်မာနိုင်ငံ တိုင်းရင်းသားပေါင်းစုံ နှီးနှောဖလှယ်ပွဲ ကျင်းပနေစဉ် အာဏာငမ်းငမ်းတက်တက်ပြီး လူမျိုးကြီးဝါဒစွဲကိုင်ကာ တိုင်းရင်းသားလူမျိုးစုများကို အမျိုးဖြုတ်လိုတဲ့ ဗိုလ်နေဝင်းစစ်အုပ်စုက တိုင်းပြည်ရဲ့ အာဏာကို သိမ်းယူပြီး တိုင်းရင်းသားခေါင်းဆောင်များအားလုံးကိုလည်း ဖမ်းဆီးထောင်ချခဲ့တယ်။ ထောင်ထဲတွင်ပင် အများအပြား သေဆုံးသွားခဲ့တယ်။ ဒါကတော့ တဗိုလ်တက် တဗိုလ်ကျ တိုင်းရင်းသားအပေါ် အနိုင်ကျင့်တဲ့လုပ်ရပ်လို့ သုံးသပ်နိုင်ပါတယ်။

၄။ ဗိုလ်နေဝင်းအာဏာသိမ်းစဉ် တိုင်းရင်းသားလူမျိုးများဟာ ဖက်ဒရယ်သမားများဖြစ်ကြပြီး ခွဲထွက်သူများဖြစ်ကြောင်း၊ တိုင်းပြည်ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်ကအချိန်မှီ ကယ်တင်နိုင်ကြောင်း သူခိုးလူဟစ်အော်နေသည်ကို နိုင်ငံရေးအားနည်းတဲ့ဗမာတိုင်းရင်းသားအများစုက လွတ်လပ်ရေးရသည်မှာ မကြာသေး၊ တိုင်းရင်းသားများဟာ ခွဲထွက်ရေး၊ တိုင်းပြည်ဖြိုခွဲသူများဖြစ်လို့ တပ်မတော်က အချိန်မှီ ကာကွယ်နိုင်တာ မှန်တယ်လို့ ထင်မြင်ကြတယ်။ ဗိုလ်နေဝင်းကနေ နေရာပေးမလားဆိုပြီး နိုင်ငံရေးသမားအချို့ သွေးထိုးလှုံ့ဆော်မှုကြောင့် ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများအကြား အမြင်လွဲမှုကို ပိုမိုပြင်းထန်စေတယ်။ အထူးသဖြင့် မဆလ စစ်တပ်က တိုင်းရင်းသားနယ်မြေစစ်ဆင်ရေးမှာ မတရားဖမ်းဆီးထောင်ချ၊ သတ်ဖြတ်၊ ရွာမီးရှို့၊ ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာလုယက်ယူ၊ မုဒိန်းကျင့် စတဲ့လုပ်ရပ်များကြောင့် နိုင်ငံရေးအားနည်းတဲ့ တိုင်းရင်းသားလူမျိုးများအများစုဟာ အုပ်ချုပ်သည့်လူတန်းစားကိုမမြင်ဘဲ ဗမာမုန်းတီးမှုဖြစ်ပေါ်စေတယ်။ ဒ့ါကြောင့် ဗိုလ်နေဝင်းစစ်အုပ်စုကနေပြီးတော့ ဗမာနှင့် အခြားတိုင်းရင်းသားများအကြား လူမျိုးပြဿနာ ဖန်တီးပေးနိုင်တဲ့အတွက် မဆလတပါတီ အာဏာရှင်စနစ် (၂၆) နှစ် ရှည်ကြာသွားရခြင်းအကြောင်းတခု ဖြစ်ပါတယ်။

၅။ ပြည်တွင်းစစ်နှစ်ပေါင်း (၄၀) ကျော်ဒါဏ်ကြောင့် လည်းကောင်း၊ မဆလ တပါတီအာဏာရှင်စနစ်များယွင်းချက်ကြောင့် လည်းကောင်း၊ ဒီမိုကရေစီလူ့အခွင့်အရေးဆိတ်သုဉ်းတာမကဘဲ တိုင်းပြည်ဆင်းရဲနက်တွင်းကျပြီး ပြည်သူတရပ်လုံး စားဝတ်နေရေး ဒုက္ခမျိုးစုံခံရလို့ မခံမရပ်နိုင်တဲ့အဆုံး ၁၉၈၈ ခု ဒီမိုကရေစီအရေးတော်ပုံကြောင့် မဆလ ပါတီပြုတ်ကျသွားခဲ့တယ်။ ဒါပေမဲ့ မဆလ တဖြစ်လဲ တစညပါတီဟာ ပြည်သူလူထု သူ့ဘက်မှာရှိဦးမယ်ထင်မြင်လို့ ၁၉၉၀ ခု ပါတီစုံရွေးကောက်ပွဲမှာ NLD အပြတ်အသတ် အနိုင်ရသွားတယ်။ NLD နှင့်UNLD ညီညွတ်ရေးတည်ဆောက်နိုင်ခဲ့တယ်။ ဒ့ါကြောင့် နဝတ စစ်အုပ်စုဟာ မိမိဘက် ပြည်သူမရှိတော့ကြောင်း လန့်ဖြန့်သွားတယ်။

၆။ ပြည်တွင်းမှာ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုများ စည်းလုံးညီညွတ်မှုရှိသလို တော်လှန်ရေးနယ်မြေမှာလည်း NDF, DAB, NCGUB, NLD(LA) တို့ ညီညွတ်နေတာကို နဝတ ကနေ မခံမရပ် နိုင်တော့ နှစ်ပေါင်း (၄၀) ကျော် လက်နက်ကိုင်တိုက်ပွဲဝင်လာတဲ့ NDF အတွင်း နောက်ဆုံးလက်နက်ချ နည်းတနည်းဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးနည်းဖြင့် ဖြိုခွဲတယ်။ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ဖွံ့ဖြိုးရေးလုပ်တယ်ဆိုပြီး ချုပ်ထားတာ ဘာမှမလုပ်နိုင်တော့ကြောင်း တွေ့ရှိရတယ်။ နောက်ဆုံး နအဖ ဖက်ဆစ် စစ်အုပ်စု တရားဝင် ပြည်သူလူထုအပေါ် ဖိနှိပ်ကျွန်ပြုမည့် Road Map ကိုထောက်ခံပြီး ညီလာခံတက်ပါမယ်ဆိုတဲ့ မိမိလူမျိုးအမျိုးဖြုတ်ရေးသမိုင်းတရားခံဘဝ ရောက်မှန်းမသိ ရောက်မည့်အခြေအနေအထိ ဖြစ်သွားတယ်။ NDF တပ်ပေါင်းစုအတွင်း ဖြိုခွဲရေးမက နအဖဟာ တော်လှန်ရေးတဖွဲ့ချင်းအတွင်းကိုလည်း ဘာသာရေး၊ လူမျိုးစုအရေး၊ ပုဂ္ဂိုလ်ချဉ်းကပ်ရေး နည်းမျိုးစုံအသုံးပြုပြီး ဖြိုခွဲနေတာကိုလည်း တွေ့နေရပါတယ်။

၇။ ဒါကြောင့် ကျနော်တို့တိုင်းရင်းသားလူမျိုးများမှာ ဗမာအုပ်ချုပ်သူလူတန်းစားအဆက်ဆက် လက်တလုံးခြား ဖြိုခွဲနည်းလုပ်လာခဲ့တဲ့လုပ်ရပ်အပေါ် ကောင်းကောင်းကြီး ပြန်လည်သုံးသပ်ကာ ခံစားတတ်၊ သင်ခဏ်းစာ ယူတတ်ကြဘို့ လိုအပ်နေပြီလို့ သုံးသပ်မိပါတယ်။

ဒါကြောင့် မိမိတို့ တိုင်းရင်းသားများမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀) ကျော်ကတည်းက ယနေ့အထိ ဗမာအုပ်စိုးသူအဆက်ဆက်က အကြိမ်ကြိမ်လက်တလုံးကြား လိမ်လာတာ၊ သပ်လျှိုဖြိုခွဲလာတာတွေအပေါ် သင်ခဏ်းစာရယူပြီး မိမိတို့ဦးတည်ချက်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီအရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု အကောင်အထည်ဖေါ် နိုင်ရေးအတွက် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးမှ ဗမာတိုင်းရင်းသားဒီမိုကရေစီ အင်အားစုနှင့် စည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆီသို့ နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမယ် ဖြစ်တယ်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး

၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအားနည်းပြီး တိုင်းရင်းသားများ တန်းတူရေးပြဿနာကြောင့် ပြည်တွင်းစစ် ဖြစ်ရတယ်။ ပြည်တွင်းစစ်မီးကြောင့် စစ်တပ်အခန်းကဏ္ဍပေါ်လာပြီး စစ်တပ်ဟာ မိမိကိုယ်ကို တိုင်းပြည်ကယ်တင်ရှင်အဖြစ် ဘဝင်မြင့်ကာ တိုင်းပြည်အာဏာသိမ်းယူတဲ့ စစ်အုပ်စုကြောင့်

ဒီမိုကရေစီလူ့အခွင့်အရေး ဟူသမျှ အားလုံးဆိတ်သုဉ်းသွားရတယ်။ တိုင်းပြည်မှာလည်း ဆင်းရဲနက်တွင်းရောက်သွားခြင်းနှင့်အတူ ပြည်သူလူထု တရပ်လုံးရဲ့ စားဝတ်နေရေးသည်လည်း ဒုက္ခမျိုးစုံ ကြုံတွေ့နေရတာဖြစ်တယ်။

ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂကနေပြီးတော့ မြန်မာနိုင်ငံ၏ ပြဿနာများဖြေရှင်းနိုင်ရန်အတွက် လက်ရှိနှစ်ပေါင်း (၄၀) ကျော် မတရားအာဏာရယူထားတဲ့ နအဖ ဖက်ဆစ်စစ်အုပ်စု၊ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစု သုံးဘက်တွေ့ဆုံဆွေးနွေးရေးဟာ မှန်ကန်တဲ့မြန်မာနိုင်ငံနိုင်ငံရေးပြဿနာ ဖြေရှင်းရေးဘဲ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ပြဿနာကို ဒီမိုကရေစီ ပြဿနာတရပ်ကိုသာ ဖြေရှင်းမယ်ဆိုပါက ပြည်တွင်းစစ်မီး ငြိမ်းဆုံးနိုင်မည် မဟုတ်ပါ။ တိုင်းရင်းသား တန်းတူရေးပြဿနာတရပ်ကိုသာ ဖြေရှင်းသွားမယ်ဆိုရင်လည်း ဆိုဗီယက်ရုရှား၊ ယူဂိုဆလားဗီးယားနိုင်ငံ ပြဿနာလိုဘဲ၊ ဒီမိုကရေစီ လူ့အခွင့်အရေးများမရှိရင်တော့ တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်း သာယာနိုင်မည် မဟုတ်ပါ။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပြဿနာကို ဖြေရှင်းရာမှာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ကိုသာ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နအဖ အတုအယောင်အမျိုးသားညီလာခံကျင်းပရန်ပြင်ဆင်ခြင်း

နဝတ ဟာ ၁၉၉၀ ခု ပါတီစုံဒီမိုကရေစီအထွေထွေရွေးချယ်တင်မြှောက်ပွဲ ကျင်းပပေးပြီး အနိုင်ရရှိသည့် ပါတီကို အာဏာလွှဲအပ်ပြီး စစ်တန်းလျားပြန်မည်ဆိုတဲ့ ကတိကို ဖေါက်ဖျက်တယ်။

၁၉၉၀ ခု နဝတရဲ့ ဇူလိုင်လ (၂၇) ရက်နေ့စွဲပါထုတ်ပြန်ထားတဲ့ အမိန့်အမှတ် ၁/၉၀ မှာ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်များသည် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန် တာဝန်ရှိသည်ဟု မိမိထုတ်ထားသည့်အမိန့်ကိုပင်လျှင် လိုက်နာခြင်းမရှိ ဖေါက်ဖျက်တယ်။ နဝတ ဟာ ၁၉၉၃ ခုမှစပြီး ဦးတည်ချက် (၆) ရပ်ပါရှိတဲ့ စိတ်ကြိုက်အတုအယောင် အမျိုးသားညီလာခံကို စတင်ကျင်းပပြုလုပ်ပြီး စစ်တပ်မှ ပြည်သူလူထုတရပ်လုံးအပေါ် စိုးမိုးကျွန်ပြုနိုင်မည့် မူ (၁၀၄) ချက်ကို အတင်းအဓမ္မ ချမှတ်ထားတယ်။ ယင်း အတုအယောင် အမျိုးသားညီလာခံနှင့် အခြေခံရမည့်မူကို NLD နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်သူလူထုအများ လက်မခံလို့ ၁၉၉၆ ခုနှစ်မှာ ရပ်ဆိုင်းထားရတယ်။

ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားတဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲပြီး ဒီပဲယင်း လူသတ်ပွဲဖြင့် အဆုံးသတ်လိုက်တယ်။ ဒီပဲယင်း လူသတ်ပွဲကြောင့် နအဖ အပေါ် နိုင်ငံတကာမှ အယုံအကြည် မရှိတော့ဘဲ၊ ဒါကြောင့် နအဖဟာနိုင်ငံရေးလက်ဦးမှု ရယူတဲ့အနေနဲ့ ၁၉၉၆ ခု ယာယီရပ်နားထားတဲ့ အမျိုးသားညီလာခံ ပြန်စမယ်ဆိုပြီး Road Map လမ်းညွှန်ချက် (၇) ချက် ချမှတ်ပြီး နည်းမျိုးစုံဖြင့် ကြိုးပမ်းနေတာကို တွေ့ရှိရတယ်။

နအဖ **Road Map** (၇) ချက်နှင့် အမျိုးသားညီလာခံအပေါ် သုံးသပ်ချက်

နအဖ Road Map (၇) ချက်တွင် ၁၉၉၆ ခု ယာယီရပ်နားထားသော အမျိုးသားညီလာခံ ပြန်လည်ကျင်းပရန်ဟု ပါရှိတဲ့အတိုင်း ယခင်က အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း

များပါရှိတဲ့အတိုင်းနှင့် အခြေခံထားရှိမည့် မူ (၁၀၄) ချက်အတိုင်း ပြုလုပ်သွားမှာ သေချာတယ်။ အမျိုးသားညီလာခံ ကျင်းပရေး ဆိုင်ရာလုပ်ထုံးလုပ်နည်းများ —

အခဏ်း (၁) မှာဦးတည်ချမှတ်ထားရာမှာ

(က) ပြည်ထောင်စု မပြိုကွဲရေး
(ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
(ဃ) စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေး
(င) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး
(စ) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဆိုပြီးပါရှိပါတယ်။

အပိုဒ် (က၊ ခ၊ ဂ၊ ဃ၊ င) မှာ ကောင်းမွန်ပါသော်လည်း အပိုဒ် (စ) ကြောင့် အပိုဒ်(၅)ချက်နှင့် လုံးဝဆန့်ကျင်နေပါတယ်၊ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေးနှင့်လည်း လုံးဝဆန့်ကျင်ဘက် ဖြစ်နေပါတယ်။

ထို့အပြင် အခန်း (၄) အပိုဒ် (ဂ) မှ ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် မိမိတင်ပြလိုသော သဘောထားများနှင့် အကြံပြုချက်များကို ဦးတည်ချက်များ (၆) ချက် ဘောင်အတွင်းမှ ရိုးသားပွင့်လင်းစွာ ဆွေးနွေးတင်ပြခွင့်ရှိခြင်း၊ အကြံပြုခွင့်ရှိခြင်း။

အခဏ်း (၄) အပိုဒ် (၄၃) မှ ဆွေးနွေးသည့်ညီလာခံ ကိုယ်စားလှယ်များသည် ဦးတည်းချက် (၆) ချက် ဘောင်အတွင်းးမှ မိမိတင်ပြလိုသော ဆန္ဒသဘောများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြခွင့် ရှိသည်။ သို့သော် ယင်းတို့ဆွေးနွေးရာတွင် လုပ်ထုံးလုပ်နည်းများတွင် ဖေါ်ပြထားသော စည်းကမ်းချက်၊ တားမြစ်ချက်များကို ချိုးဖေါက်ခြင်း မပြုရဟုပါရှိပါတယ်။ ဒါကြောင့် ဦးတည်ချက် (၆) ချက် ဘောင်အတွင်း မလွတ်တမ်းဆွေးနွေးရမည့်အပြင် ကိုယ်စားလှယ်များ လိုက်နာရန် အချက်များ၊ အရေးယူရမည့် အချက်များ တင်းကြပ်စွာ သတ်မှတ်ထားတယ်။ ဒါကြောင့် ဒေါက်တာ အောင်ခင်ဆင့် ယနေ့အထိထောင်ထဲကျခံနေခြင်း ဖြစ်တယ်၊ နအဖရဲ့ Road Map ကိုတောင်းခံပြီး ညီလာခံ တက်ရောက်မည်ရှိပါက ၎င်းတို့ရဲ့လုပ်ထုံးလုပ်နည်းများ ဘောင်အတွင်းချုပ်နှောင့်ထားခံရပြီး ဖြစ်တယ်။ ဘာမှပြောဆိုလို့ရမှာ မဟုတ်ပါ။ သမိုင်းတရာခံဘဝ ရောက်ရှိသွားမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နအဖမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေဆွဲရန် အခြေခံရမည့်မူ (၁၀၄) ချက်ကိုလည်း အရေးကြီးဆုံးအချက်ကိုလည်း ထောက်ပြလိုပါတယ်။

(၁) ပြည်သူ့တော်ကိုယ်စားလှယ်များ (၄၄၀) ဦးတွင် ကာကွယ်ရေး စစ်ဦးစီးချုပ်က စေလွှတ်သော ကိုယ်စားလှယ် (၁၁၀) ဦး (၂၅) ရာခိုင်နှုန်း ပါရှိရမည်။

(၂) တိုင်းနှင့်ပြည်နယ်များ (၁၄) ခုမှ (၁၆) ဦးစီ အညီအမျှစေလွှတ်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ (၂၂၄) ဦးတွင် စစ်တပ်က (၅၆) ဦး (၂၅) ရာခိုင်နှုန်း ပါဝင်ရမည်။

(၃) တိုင်းနှင့်ပြည်နယ် (၁၄) ခု ပြည်သူ့လွှတ်တော်တွင် တပ်မတော်က သုံးပုံတပုံ ပါဝင်ရမည်။

(၄) သမတသည် စစ်တပ်အတွေ့အကြုံ အနည်းဆုံး (၁၀) နှစ် ရှိသူ ဖြစ်ရမည်။

(၅) ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနတွင် စစ်တပ်ကတာဝန်ယူရမည်။

(၆) တိုင်းဒေသကြီးတခုခုတွင်ဖြစ်စေ၊ ပြည်နယ်တနယ်တွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် (သို့မဟုတ်) ပေါ်ပေါက်ရန်အကြောင်းရှိလျှင် ထိုအန္တရာယ်ကို တပ်မတော်သည် တားဆီးကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။

(၇) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု အဓမ္မနည်းဖြင့် ရယူဆောင်ရွက်ခြင်း (သို့မဟုတ်) ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲစေမည့် (သို့မဟုတ်) အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကိုရယူ သုံးစွဲခွင့် ရှိသည်။

(၈) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ပါရှိထားပြီးဖြစ်တယ်။

ဒါကြောင့် ဖက်ဆစ်စစ်အုပ်စုမှာ —

(၁) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များတွင် စစ်တပ်က (၂၅) ရာခိုင်နှုန်း၊ တိုင်းဒေသ/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ စသည့်လွှတ်တော်များ အသီးသီးတွင် သုံးပုံတပုံ နေရာရယူထားခြင်း။

(၂) သမတမှအစ ပြည်ထဲရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသအကြီး အကဲအထိ နေရာရယူထားခြင်း။

(၃) နိုင်ငံတော်အာဏာကိုလည်းကောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အာဏာကို လည်းကောင်း၊ ကာကွယ်ရေး စစ်ဦးစီးချုပ်ကနေပြီး အချိန်မရွေး အာဏာသိမ်းယူနိုင်ခြင်း။

(၄) ပြည်သူ့တပ်မတော်ကနေပြီးတော့ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ပိုင်ခွင့် ရှိသည်။ ပါရှိတဲ့အတိုင်း ပြည်သူတရပ်လုံးအပေါ် ပေါ်တာ ထမ်းစေခြင်း၊ ၎င်းတို့ စစ်တပ် စိုက်ကွင်းစိုက်ကွက် စစ်တပ်အလုပ်ဟူသမျှ ကျွန်ပြုခိုင်းပြီး ခိုင်းပိုင်ခွင့် အထိပါရှိပြီး ဖြစ်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ အမြင့်ဆုံးဥပဒေ ဖြစ်တဲ့အတွက် ပြည်သူလူထုမှာ ဘာမှပြန်တင်ပြခွင့်မရှိ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းသည်ပင်လျှင် ဘာမှ ဝင်စွက်ပိုင်ခွင့် မရှိတော့ပါ။

ဒါ့ကြောင့် နအဖ Road Map နှင့် အမျိုးသားညီလာခံ တိုက်ဖျက်ရေးကို နည်းမျိုးစုံဖြင့် ဆန့်ကျင် တိုက်ပွဲဝင်သွားကြရမည် ဖြစ်တယ်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်လာရေး။

နအဖရဲ့ အတုအယောင်အမျိုးသားညီလာခံဟာ ဖက်ဆစ်စစ်အုပ်စုကနေပြီးတော့ ပြည်သူ လူထုတရပ်လုံးအပေါ် တရားဝင်ကျွန်ပြုနိုင်ရေး၊ တိုင်းရင်းသားလူမျိုးစုများအပေါ် အမျိုးဖြုတ်ရေးသာ ဦးတည်နေပါသဖြင့် နအဖ Road Map ကို ထောက်ခံလေဟန်ပြုပြီး အတုအယောင် အမျိုးသား ညီလာခံ အတွင်းဝင်ရောက်ကာ မိမိတို့လိုချင်တဲ့အချက်ကို အတွင်းဝင်ပြီးတိုက်ယူမယ်ဆိုရာမှာ စိတ်ကူး ယဉ်သက်သက်သာဖြစ်ပြီး သမိုင်းရားခံဘဝသာ ရောက်ရှိသွားမှာ သေချာတယ်။ ဒါကြောင့် နအဖ အမျိုးသားညီလာခံကို တိုက်ဖျက်ရမှာဖြစ်ပြီး ဒီမိုကရေစီရေးနှင့် မိမိတို့တိုင်းရင်းသား တန်းတူရေး အခွင့်အရေးရရှိရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာရေးကိုသာ ဦးတည် ကြိုးပမ်းဆောင်ရွက်သွားကြရမယ် ဖြစ်တယ်။

တိုက်ဖျက်သည့်နည်းလမ်းများ။

နအဖ Road Map (၇) ချက်အပေါ် ပြတ်သားစွာဆန့်ကျင်ပြီး တိုက်ဖျက်သွားရန်ဖြစ်သော်လည်း အဖွဲ့အစည်းများတို့ရဲ့ လက်ရှိအနေအထားအပေါ်တွင်မူတည်ပြီး နည်းလမ်းပေါင်းစုံတိုက်ပွဲဝင်ကြရမည်။ ဘက်စုံနည်းလမ်းများကို အဆက်အစပ်ရှိရှိ အပြန်အလှန်နားလည်မှုရှိကြရန် လိုအပ်မယ် ဖြစ်တယ်။ ၁။ နအဖ Road Map (၇) ချက်အပေါ် ပြတ်သားစွာ တိုက်ဖျက်သွားရန်။

၂။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပြီးမှ အမျိုးသားညီလာခံကျင်းပရမည်ဆိုသည့်နည်းလမ်း တိုက်ပွဲ ဝင်သွားရန်။

၃။ ၂၀၀၃ ခု ဒီဇင်ဘာလ (၁၅) ရက်နေ့ Bangkok Process အပေါ်အခြေခံထားပြီး နိုင်ငံတကာမှ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းအပေါ် အမြင်ရောက်ရှိလာရန်အတွက် တိုက်ပွဲ ဝင်သွားရန်။

၄။ မလွဲမရှောင်သာ နအဖ အတုအယောင် အမျိုးသားညီလာခံသို့ ရောက်ရှိသွားသော အဖွဲ့အစည်း များကနေပြီး ဒီမိုကရေစီအရေးနှင့် အမျိုးသားတန်းတူရေးအခြေခံမူအပေါ် ခိုင်မြဲစွာစွဲကိုင်ပြီး တိုက်ပွဲဝင်သွားရန်။

ထိုသို့ မိမိတို့အဖွဲ့အစည်းအနေအထားအပေါ်မူတည်ပြီး နအဖ Road Map (၇) ချက် နှင့် အမျိုးသားညီလာခံကို နည်းမျိုးစုံဖြင့် နားလည်မှုရှိရှိ အဆက်အစပ်ရှိရှိ တိုက်ဖျက်တိုက်ပွဲဝင်သွားကြရင်း ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားတန်းတူရေးကို ဖော်ဆောင်သွားနိုင်မည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်ရေးအတွက် အခိုင်အမာ ဦးတည်ဆောင်ရွက်သွားကြပါစို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ■

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD(LA)

## ၄း၂။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၏အမြင်နှင့်သဘောထားစာတမ်း



ဗိုလ်မှူးခိုင်မျိုးမင်း

### နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်တွင် ၁၉၆၂ ခုနှစ်မှာ မြန်မာ့တပ်မတော်က အာဏာသိမ်းမှုကြောင့် မူလကတည်းရှိနေသော အစိုးရနဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား ပဋိပက္ခအပြင် ဒီမိုကရေစီအင်အားစုးများနဲ့ စစ်အုပ်စုအကြား ပဋိပက္ခသစ် တခုပေါ်ပေါက်လာခဲ့သည်။ သို့ရာတွင် ယင်း ပဋိပက္ခသည် အာဏာသိမ်းစစ်ကောင်စီအုပ်ချုပ်ရေးမှ တပါတီ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲလိုက်သဖြင့် မပြင်းထန်ဘဲ ယာယီငုတ်လျှိုးသွားခဲ့သည်။

သို့သော် အာဏာသိမ်းပြီးနောက် (၂၆) နှစ်အကြာ ၁၉၈၈ ခုနှစ်မှာ ဒီမိုကရေစီလိုလားသောလူထုသည် နိုင်ငံအဝှမ်းလုံး၌အုံကြွပြီး မဆလတပါတီအာဏာရှင်အစိုးရကို ဖြုတ်ချခဲ့ရာ ယင်းအရေးအခင်းကို နဝတ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) အမည်ခံစစ်အုပ်စုမှ သတ်ဖြတ်နှိမ်နင်းပြီး အာဏာသိမ်းမှုကြောင့် ဒီမိုကရေစီအင်အားစုများသည် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာအနှံ့အပြားသို့ထွက်ပြေးခိုလှုံ သွားခဲ့ရသည်။ ယင်းကြောင့် မြန်မာနိုင်ငံမှာ အဓိကနိုင်ငံရေးပြိုင်ဘက်အင်အားစုတို့သည်

(က) စစ်အာဏာရှင်အုပ်စု၊
(ခ) ဒီမိုကရေစီအင်အားစု နှင့်
(ဂ) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး (အမျိုးသားရေး) အင်အားစုဟူ၍ အင်အားစုသုံးစုသည် ထင်ရှားစွာဖြစ်ပေါ်တည်ရှိလာခဲ့သည်။

ဤပြိုင်ဘက်များတွင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုနဲ့ ဒီမိုကရေစီအင်အားစုတို့သည် မိတ်ဘက်အဖြစ်ရပ်တည်ပြီး စစ်အာဏာရှင်အုပ်စုကို ဆန့်ကျင်ကြသည်။ ယင်းကို နဝတက ငြိမ်ဝပ်သွားအောင်အတွက် ဒီမိုကရေစီအင်အားစုတို့အား ရွေးကောက်ပွဲ လုပ်ပေးမည်။ အနိုင်ရသည့်ပါတီသို့ အာဏာလွှဲပြောင်းပေးမည်ဟု ဂတိပေးသည်။ တပြိုင်တည်းမှ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုတို့ကိုလည်း အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းစွာအတူနေထိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ပြီး ပါတီအတော်များများနှင့် သဘောတူ လက်မှတ်ရေးထိုးခြင်းကို လုပ်ခဲ့သည်။

ယင်းနောက်ပိုင်းတွင် နဝတစစ်အစိုးရသည် ရွေးကောက်ပွဲ၌ အနိုင်ရရှိရသည့် NLD ( အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) နှင့် ဒီမိုကရေစီအင်းအားစုတို့အား အာဏာလွှဲပေရန်ငြင်းဆန်ပြီး ပါတီအချို့ကိုဖျက်သိမ်းပစ်သည်။ ထို့အတူ အပစ်အခတ်ရပ်စဲခဲ့သည့် ပါတီတို့အားလည်း နိုင်ငံရေးလုပ်ပိုင်ခွင့်ကို

ပိတ်ပင်ပြီး လက်နက်ချခိုင်းသည်။ ယင်းကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် တစတစ တင်းမာလာခဲ့သည်။ ဤသို့တင်းမာနေမှုကြောင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရတို့မှ နဝတ၏ ဂတိမတည်မှုကို ပြစ်တင်ရှုတ်ချပြီး ရွေးကောက်ခံအနိုင်ရပါတီ NLD နှင့် ဒီမိုကရေစီအင်အားစုတို့အား အာဏာလွှဲအပ်ပေးရန် တောင်းဆိုသည်။

ဤအတောအတွင်းမှာ ထိုင်း–မြန်မာနယ်စပ်နှင့် အဝေးရောက်တိုင်းရင်းသားလူမျိုးများပေါင်းစုံမှ အဖွဲ့အစည်း (၁၅) ဖွဲ့နှင့် အထူးဖိတ်ကြားခံရသော တိုင်းရင်းသားကိုယ်စားလှယ်များသည် လက်ရှိကြုံတွေ့နေကြရသော နိုင်ငံရေးပဋိပက္ခကို ဖြေရှင်းနိုင်မည့် သဘောထားတခု ချမှတ်နိုင်ရေးအတွက် ၁၉၉၇ ခု ဇန္နဝါရီလမှာ KNU ထိန်းချုပ်နယ်မြေ မယ်သရောထာတွင် မျက်နှာစုံညီနှီးနှောဖလှယ်ပွဲတခုကို ကျင်းပခဲ့သည်။ ယင်း နှီးနှောဖလှယ်ပွဲမှ

၁။ နဝတ(ယခု နအဖ) စစ်အုပ်စုမှ ကိုယ်စားလှယ်များ၊
၂။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော NLD နှင့် ဒီမိုကရေစီအင်အားစုမှကိုယ်စားလှယ်များ
၃။ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များ စုံညီပါဝင်သော သုံးပွင့်ဆိုင် (သုံးဦးသုံးဖက်) တွေ့ဆုံဆွေးနွေးမှုဖြင့် ဖြေရှင်းရမည်ဟူသော သဘောထားတခုကို ချမှတ်ပြီး ထုတ်ပြန်ကြေညာခဲ့သည်။

ဤသဘောထားသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းသောနည်းဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ပြည်တွင်းမှ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော NLD အပြင် (၂၅) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် UNLD (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ်) တို့ကပါ တညီတညွတ်တည်းထောက်ခံကြိုဆိုခဲ့ကြသည်။

သို့ရာတွင် စစ်အာဏာရှင်အုပ်စုမှ အထက်ပါ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာရေးမှုကို လက်မခံပဲ ငြင်းဆန်သည်။ ယင်းကြောင့် မြန်မာနိုင်ငံရေးအခြေအနေသည် သောင်မတင်ရေမကျ ဖြစ်နေရသည်။

နအဖစစ်အုပ်စုမှ လက်မခံခြင်းအကြောင်းအရင်း

သုံးပွင်းဆိုင်တွေ့ဆုံဆွေးနွေးရေးကို နအဖမှ လက်မခံခြင်း၏ အကြောင်းရင်းမှာ ၎င်းတို့သည်

(က) ပြည်နယ် – ပြည်မ မခွဲခြားရေး၊ တန်းတူရေးကို အခြေခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကိုမလိုလားခြင်း၊
(ခ) ၎င်းတို့ ကျူးလွန်ထားသော ရာဇဝတ်မှုပြစ်ဒဏ်ကို ရှောင်ကွင်းလိုခြင်း နှင့်
(ဂ) အာဏာကို လက်မလွှတ်လိုခြင်းတို့ကြောင့်ဖြစ်သည်။

ထို့ကြောင့်နအဖသည် ဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတို့အား ဖြိုခွဲပစ်ရန် ကြိုးပမ်းသည်။ သို့ရာတွင် ယင်းကြိုးပမ်းမှု မအောင်မြင်သည့်အခါ အာဏာကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရေးအတွက် မြန်မာ့နိုင်ငံရေးမှာ တပ်မတော်ကို ဦးဆောင်မှုကဏ္ဍမှ ပါဝင်ခွင့်ပေးရမည်ဟု အခိုင်အမာတောင်းဆိုလာသည်။ ယင်းတောင်းဆိုချက်သည် အပြည့်ပြည့်ဆိုင်ရာ ဒီမိုကရေစီစံနှင့် မကိုက်ညီသောကြောင့် NLD နှင့် UNLD တို့ကပယ်ချသည်။ သို့ဖြစ်၍ နိုင်ငံရေး တင်းမာမှုသည် ပိုမိုမြင့်မားလာခဲ့ပြီး ပြည်သူတို့၏ စားဝတ်နေရေး၊ စီးပွားရေးဘဝသည်လည်း အလွန်

အမင်း အကြပ်အတည်း ဆိုက်လာခဲ့သည်။ ဤကဲ့သို့ ဖြစ်လာရခြင်းသည် နအဖ မှ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းဘဲ အကြမ်းဖက်ဖိနှိပ်သတ်ဖြတ်နေလို့ဖြစ်တယ်။ ယင်းကြောင့် UN, USA, EU, တို့က ဤပြဿနာသည် နအဖမှ တာဝန်ရှိသည်ဟု နားလည်သဖြင့် နအဖကို ဖိအားပေးသည်။ အထူးသဖြင့် အမေရိကန်က စီးပွားရေးပိတ်ဆို့မှုကို တိုးမြှင့် လိုက်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က သတ္တရာဇ် ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်ရမည်ဟု အချိန်ကို ကန့်သတ်ဘောင်ခတ် လိုက်ရာ နအဖစစ်အာဏာရှင်တို့သည် ကုလသမဂ္ဂမှ လက်ခံထားသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ပျောက်ကွယ်သွားအောင် ၎င်း၏ Road Map for Democracy ဖြင့် ဖုံးလွှမ်းခင်းလိုက်သည်။ ဒါကို ကုလသမဂ္ဂနဲ့ ပြည်တွင်းပြည်ပအချို့က လက္ခဏာကောင်းတရပ်အဖြင့် ရှုမြင်ပြီး ထောက်ခံအား ပေးကြသည်။ ယင်းကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးမှုသည် အလိုအလျောက်တိမ်မြှုပ် သွားခဲ့ သည်။

နအဖ၏ Road Map

စစ်အာဏာရှင်များ ရေးဆွဲထားသည့် အခြေခံမူ (၁၀၄) ချက် အပေါ်အခြေပြုထားသော Road Map သည် စစ်အုပ်ချုပ်ရေးကို တရားဝင်ဖြစ်အောင် ဖန်တီးသည့်အတွက် ၁၉၉၆ ခုနှစ်မှာ အမျိုးသား ညီလာခံမှ NLD နှင့် ဒီမိုကရေစီအင်အားစုတို့ နုတ်ထွက်သွားခဲ့လို့ ရပ်ဆိုင်းနေသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ဖြစ်သည်။

ယခုအခါ ဤဖွဲ့စည်းပုံမှာ အငြင်းပွားဖွယ်ရာ အချက်အလက်များနှင့် ဒီမိုကရေစီစနစ် သို့ရှေ့ရှုမှု မရှိသော အချက်အလက်အချို့ကို ထပ်မံပြီးထည့်သွင်းထားကောင်း ထားနိုင်သည်။ အဘယ်ကြောင့် ဆိုသော် UN. USA, EU တို့၏ ပြင်းထန်သောဖိအားနှင့် ထိုင်းဝန်ကြီးချုပ် မစ္စတာတက်ဆင်မှ ကမ်းလှမ်းသည့်Road Map ကိုဖန်တီးရခြင်းဖြစ်ရာ ၎င်းတို့သိမ်းယူထားသော အာဏာကို ဆက်လက် ထိန်းသိမ်းထားရေးအတွက်သာ ကြိုးပမ်းမည်ဖြစ်ပြီး ဒီမိုကရေစီစနစ် အမြန်ဆုံးကျင့်သုံးရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းမည် မဟုတ်ပေ။ ယင်းကြောင့် အမျိုးသားညီလာခံကို ရှည်ကြာအောင်အချိန်ဆွဲကျင်းပရေး၊ NLD နှင့် ဒီမိုကရေစီအင်အားစုတို့အား ရွေးကောက်ပွဲအသစ်မှာ မပါဝင်နိုင်အောင် အပြစ်ရှာ ထုတ်ပယ်ပစ်ရေးနှင့် ကြံ့ဖွံ့နှင့် တစည တို့ အရွေးခံရအောင် ပြင်းထန်သောထိုးစစ်ဖြင့် လက်နက်ချအောင် နည်းမျိုးစုံကိုသုံးပြီး စစ်ရေးမဟာမိတ်အဖွဲ့နှင့် ဒီမိုကရေစီ အင်အားစုတို့အားဖြိုခွဲမည်။

မည့်သို့ပင်ဖြစ်စေ နအဖအနေဖြင့် ဆက်လက်အာဏာရယူရေးအတွက် ဖန်တီးမှုမှန်သမျှသည် မိမိကိုယ်ကို သတ်သေဖို့ ကြိုးပမ်းမှုသာ ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသွင်အမျိုးမျိုး ဖြင့် အုပ်ချုပ်သောစစ်အုပ်ချုပ်ရေးကို မြန်မာနိုင်ငံရှိ ရဟန်းရှင်လူပြည်သူနှင့် နိုင်ငံရေး၊ တော်လှန်ရေးအင်အားစုတို့က လက်မခံ ဆန့်ကျင်သည်။ ယင်းအပြင် ကုလသမဂ္ဂနှင့် ဒီမိုကရေစီနိုင်ငံများက ဒီမိုကရေစီစနစ်ကို မကျင့်သုံးသော ဆန့်ကျင်သော အစိုးရများကို အကူအညီ မပေးသောကြောင့် တာရှည်ရပ်တည်နိုင်မည် မဟုတ်ပေ။ ထို့အတူ နအဖ အမျိုးသားညီလာခံနှင့် ယင်းညီလာခံမှရေးဆွဲမည့် ဖွဲ့စည်းပုံလည်း အပြီးသို့ရောက်မည်မဟုတ်ပေ။

စာမျက်နှာ (၈၇) သို့ဆက်ဖတ်ပါ။

## ၄း၃။ ချင်းအမျိုးသားတပ်ဦး (CNF) ၏အမြင်နှင့်သဘောထားစာတမ်း



Thomas Tang Noe

ပြည်ထောင်စုမြန်မာနိုင်ငံသည် တန်းတူညီမျှမှုကို အခြေခံသောပြည်ထောင်စုဖြစ်ရေး၊ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတော်ကြီးဖြစ်ရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေး စသည့် အခြေခံသဘောတူချက်များဖြင့် တိုင်းရင်းသားပေါင်းစုံမှ စုစည်းတည်ဆောက်ထားသော နိုင်ငံတော်ကြီး ဖြစ်ပေသည်။ သို့သော် လွတ်လပ်ရေး ရရှိသည်နှင့် တပြိုင်နက် တိုင်းရင်းသားလူမျိုးစုတို့၏ အမျိုးသားအခွင့်အရေးဆုံးရှုံးမှု၊ တန်းတူညီမျှရေးဆုံးရှုံးမှုတို့ ကြောင့် အုပ်စိုးသူအဆက်ဆက်နှင့် တိုင်းရင်းသားလူမျိုးစုတို့ အကြား ပဋိပက္ခဖြစ်လာခဲ့သည်မှာ ဆယ်စုနှစ် (၅) စု ကျော်လာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ အရင်းခံပြဿနာသည် နိုင်ငံရေးပြဿနာဖြစ်သဖြင့် ယင်းပြဿနာအား ဖြေရှင်းရာတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ပြေလည်စွာဖြေရှင်းနိုင်မည်ဟု ယုံကြည်ထားသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာတွင် စစ်အုပ်စု၊ တိုင်းရင်းသားလူမျိုးစုများနှင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲ အနိုင်ရပါတီများ ပါဝင်သော "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" သည် လက်ရှိ မြန်မာနိုင်ငံ၏ ပြဿနာ ဖြေရှင်းရာတွင် အသင့်တော်ဆုံးနှင့် အမှန်ကန်ဆုံးနည်းလမ်းဖြစ်သည်ဟု ခံယူသည်။ မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွင် အဓိကအင်အားစုများဖြစ်သည့် အထက်ဖော်ပြပါ အင်အားစုသုံးစုတို့ မပါဘဲ ပြုလုပ်သည့် ဆွေးနွေးပွဲသည် အခြေခံနိုင်ငံရေးပြဿနာများကို လုံးဝဖြေရှင်းပေးနိုင်မည် မဟုတ်ဟု အခိုင်အမာ ယုံကြည်ထားပေသည်။ "နှစ်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" မှ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ဆီသို့ ဦးတည်သည့် တွေ့ဆုံဆွေးနွေးမှုကိုလည်း ကြိုဆိုသည်။

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီထွန်းကားလာရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဒေသဆိုင်ရာနိုင်ငံများအပါအဝင်၊ နိုင်ငံတကာ မိသားစုမှ ဝိုင်းဝန်းအားပေးတိုက်တွန်းမှုများ ပြုလုပ်ခဲ့ကြပေသည်။ နိုင်ငံတကာမှ အသွင်မတူသော ချဉ်းကပ်မှုမျိုးဖြင့် ပေါ်လစီချမှတ်၍ ချဉ်းကပ်ခဲ့ကြသော်လည်း အနှစ်သာရမှာမူ အတူတူဖြစ်သည်။ ၎င်းအပြင် ၁၉၉၄ ခုနှစ် မှစတင်၍ ကမ္ဘာ့ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်ချမှတ်၍ မြန်မာနိုင်ငံအတွင်း အဓိကအင်အားစုများ၏ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ရာ အထူးသံတမန် Special Envoy စေလွှတ်၍ ယနေ့အထိ ကြိုးပမ်းလုပ်ဆောင်မှုများ ပြုလုပ်နေပေသည်။ ထို့ကြောင့် ယနေ့အချိန်ခါကာလအထိ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးသည် နိုင်ငံတကာ၏အမြင်တွင် သော်လည်းကောင်း၊ မြန်မာ့နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသည့် တိုင်းရင်းသားအင်အားစုများ၊ ရွေးကောက်ပွဲ အနိုင်ရပါတီများ၏ အမြင်တွင် သော်လည်းကောင်း၊ ရှင်သန်ဆဲ၊ အားကောင်းဆဲ၊ မှန်ကန်ဆဲဖြစ်သော မဟာဗျူဟာတရပ် ဖြစ်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်စဉ်က ကိုယ့်မင်းကိုယ့်ချင်းဖြင့် နေထိုင်ခဲ့ကြသော လွတ်လပ်သည့် ပြည်များစုပေါင်း၍ အခြေခံသဘောတူညီချက်များ ချမှတ်သည့် ပင်လုံညီလာခံကြီး ကျင်းပကာ နိုင်ငံတော်သစ်ကြီးကို အတူတကွ ထူထောင်ခဲ့ကြသည်။ ယခုအခါတွင် တိုင်းပြည်အား ပဲ့ကိုင်ထိန်းကျောင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိတော့သဖြင့် နိုင်ငံတော်သစ်ကြီး ပြန်လည်တည်ဆောက်ရန် ပင်လုံညီလာခံကဲ့သို့ ညီလာခံတရပ် ကျင်းပရန်လိုအပ်ပေသည်။ ယင်းကဲ့သို့ ညီလာခံကြီးကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒသဘောထား တခုတည်းပေါ်တွင်လည်းကောင်း၊ ၉၀ ခုနှစ်ရွေးကောက်ပွဲအနိုင်ရပါတီများ၏ ဆန္ဒသဘောထား တခုတည်းပေါ်တွင်လည်း ကောင်း၊ စစ်အုပ်စု၏ ဆန္ဒသဘောထား တခုတည်းပေါ်တွင်လည်းကောင်း လုံးလုံးလျားလျား တည်နေခြင်းမျိုးမဟုတ်ဘဲ ဤအစုအဖွဲ့သုံးဖွဲ့အားလုံးတွေ့ဆုံဆွေးနွေး၍ အားလုံးသဘောတူ လက်ခံသည့် အနေအထားမျိုးဖြင့် ဤကဲ့သို့သော ညီလာခံကြီးကျင်းပရန် လိုအပ်ပေသည်။ ညီလာခံကြီးကျင်းပရေးအတွက် ဖွဲ့စည်းရန်လိုအပ်သည့် ကော်မရှင်များ၊ ကော်မတီများ၊ အလုပ်အဖွဲ့များအပေါ် တွင်လည်းကောင်း၊ ကြားကာလအုပ်ချုပ်ရေးကို တာဝန်ယူမည့် အစိုးရတွင် သော်လည်းကောင်း၊ ညီလာခံတွင် တက်ရောက်ကြမည့်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် ဤအစု အဖွဲ့သုံးဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်သင့်သည်ဟု ထင်မြင်ယူဆသည်။

နှစ်ပေါင်း (၅၀) ကျော် ပဋိပက္ခဖြစ်ပွါးခြင်းကြောင့် မယုံသင်္ကာမှုများနက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့ရာ အယုံအကြည်တည်ဆောက်ရန်အတွက် အထက်ဖေါ်ပြပါအတိုင်း လုပ်ဆောင်ရန်လိုအပ်သည်။ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို အားလုံး၏ သဘောတူညီချက် Consensus ဖြင့်ပြုလုပ်ရန်လိုအပ်ပြီး တပ်မတော်အနေဖြင့် ကြားဖြတ်အစိုးရ၏ သစ္စာကိုခံယူကာ ဘက်မလိုက်ပဲ၊ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် မှန်မှန်ကန်ကန်ရပ်တည်ရမည်ဖြစ်သည်။ ညီလာခံ၏ ရလာဒ်အားလုံးကို လေးစားလိုက်နာ၍ ပြည်ထောင်စုသစ်ကြီးတည်ဆောက်ရေးအတွက် ညီလာခံမှချမှတ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျရာကဏ္ဍမှ သစ္စာရှိစွာ ပြည်ထောင်စုကြီးအကျိုးအတွက် တာဝန်ထမ်းဆောင် ကြရမည်ဖြစ်သည်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး (Tripartite Dialogue) သည် Regime Change ဟုခေါ်ဆိုသော အုပ်ချုပ်ရေးဘုတ်အဖွဲ့ ချက်ချင်းပြောင်းလဲရန်မဟုတ်ဘဲ လက်ရှိအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားသော အစိုးရအသစ်ပေါ်ထွန်းလာစေရေးနှင့် ယင်းတို့၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုကို တဆင့်ပြီးတဆင့် ချုပ်ငြိမ်းသွားစေရေး နည်းလမ်းပင်ဖြစ်သည်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်လာရေးအတွက် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရပါတီများ၊ လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများမှ တောင်းဆိုတိုက်တွန်းမှုများ ပြုလုပ်ခဲ့သော်လည်း စစ်အုပ်စုအနေဖြင့် ယင်းသို့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေးအတွက် တခွန်းတပါဒမှ ပြောကြားခြင်းမရှိသည့်အပြင် ယင်းသို့ပြုလုပ်ရမည့်အစီအစဉ်လဲ ရှိပုံမပေါ်ချေ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အများစုအနိုင်ရခဲ့သော NLD ပါတီဝင်များအား ဖမ်းဆီးခြင်း၊ ဖိနှိပ်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်းများနှင့် ပါတီရုံးများ ချိတ်ပိတ်ခြင်းများ ပြုလုပ်သည့်အပြင် အများစုသော နိုင်ငံရေးပါတီများအား တရားမဝင်ပါတီများအဖြစ် ကြေညာကာပြည်တွင်း၌ လှုပ်ရှားမှုများ မပြုလုပ်နိုင်အောင်ဟန့်တားလျှက်ရှိပေသည်။

တဖက်တွင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ "ကိုယ့်လက်နက်ကိုကိုင် ဒေသဖွံ့ဖြိုးရေးလုပ်" ဟူသော မဟာဗျူဟာအဖြစ် အသွင်မတူသောချဉ်းကပ်မှုနှင့် ကွဲပြားခြားနားသော သဘောတူညီချက်များပြုလုပ်စေကာ အပစ်အခတ်ရပ်စဲရေးဟူသော ဆိုင်းဘုတ်အောက်၌ ခုခံတွန်းလှန်လိုစိတ် တဖြည်းဖြည်းလျော့နည်းစေသော နည်းနာများဖြင့် စနစ်တကျသပ်လျှိုဖြိုခွဲ လျှက်ရှိပေသည်။ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် အဓိကအဟန့်အတားကြီးတခုမှာ စစ်အုပ်စု ပင်ဖြစ်သည်။ တဖက်တွင် ဆယ်စု နှစ်တစုကြာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသော်လည်းယနေ့အထိ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ ထိုသို့ ဖြစ်ရခြင်းမှာ —

၁။ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေးနှင့် တန်းတူညီမျှမှုရှိကာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုက်ပွဲဝင်နေသော ပြည်တွင်းပြည်ပအင်အားစုများ အားလုံးတူညီသော မဟာဗျူဟာတခုတည်းအောက်တွင် စုစည်း၍ ပူးပေါင်းလုပ်ဆောင်မှု မရှိခြင်း။

၂။ သုံးပွင့်ဆိုင်ဆွေးနွေးမှု ဖြစ်ပေါ်လာရေး မဟာဗျူဟာအား အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် တက်ညီလက်ညီ ညီညီညွတ်ညွတ် လုပ်ဆောင်အကောင်ထည်ဖော်မှု မပြုလုပ်နိုင်ခြင်း။

၃။ လုပ်ငန်းများ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာတော်ငွေလုံလောက်မှု မရှိခြင်း။

၄။ အတတ်သိပညာရှင်၊ အသိပညာရှင်များ ပါဝင်စေရန် မစွမ်းဆောင်နိုင်ခြင်း တိုကြောင့်ဖြစ်သည်။ ဤအားနည်းချက်များကို ဖြည့်ဆည်းရန်လိုအပ်ပေသည်။

စစ်အုပ်စုအား တွေ့ဆုံဆွေးနွေးပွဲ စားပွဲဝိုင်းပေါ်သို့ ဆွဲယူ၊ တွန်းပို့နိုင်ခြင်း မရှိသေးသရွေ့ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာမည့် အလားအလာ မတွေ့ရှိရသေးပေ။ သို့ဖြစ်၍ တိုင်းရင်းသားအားလုံးနှင့် ပြည်သူတရပ်လုံးမှ တွေ့ဆုံဆွေးနွေးပွဲသို့ ရောက်ရှိလာရေးအတွက် စစ်အုပ်စု၏ စီမံကိန်းနှင့် လုပ်ဆောင်အကောင်အထည်ဖေါ်နေမှုတွင် အားပေးထောက်ခံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မပြုလုပ်ရန်၊ ၁၉၉၀ ခုနှစ် အနိုင်ရပါတီများနှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ စစ်အုပ်စုအား တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းဆီသို့ ရောက်ရှိနိုင်ရေးအတွက် ညီညီညွတ်ညွတ်နဲ့ မိမိတို့ မူဝါဒ၊ ပေါ်လစီအတိုင်း မားမားမတ်မတ် ရပ်တည်ကာ နိုင်ငံရေးဆွေးနွေးပွဲဆီသို့ ဆွဲဆောင်သိမ်းသွင်းရန်၊ ဆက်လက်တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ အရေးပါသောပစ်မှတ်များ ရွေးချယ်တိုက်ခိုက်၍ ဖိအားပေးရန်၊ တိုက်ပွဲဝင်အင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများမှ နိုင်ငံတကာသို့ ပန်ကြားမှုများ ပြုလုပ်၍ စစ်ရေး၊ သံတမန်ရေး၊ စီးပွားရေး ပိတ်ဆို့မှုများ များနိုင်သမျှ များလာစေရန်တွန်းအား ပေးလုပ်ဆောင်ရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂတွင်အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးမှုများပြုလုပ်ပြီး၊ အရေးယူမှုများ ပြုလုပ်နိုင်ရေးအတွက်ကြိုးပမ်းဆောင် ရွက်ရန်လိုအပ်ပေသည်။

ချင်းအမျိုးသားတပ်ဦး (CNF)

## ၄း၄။ ကရင်နီတိုးတက်ရေးပါတီ (KNPP) မှ အမြင်နှင့်သဘောထားစာတမ်း



ခွန်းရီမန်ထူး

မြန်မာပြည်အတွင်း ဖြစ်ပေါ်လျှက်ရှိသော ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုလျှင် တိုင်းရင်းသားလူမျိုးများအုပ်စုနှင့် မြန်မာပြည်ကို အုပ်ချုပ်သော အစိုးရအဆက်ဆက်တို့အကြား ဖြစ်ပေါ်နေသော ပဋိပက္ခ၊ ဒီမိုကရေစီအုပ်စုနှင့် စစ်အုပ်စုများအကြား ဖြစ်ပေါ်နေသော ပဋိပက္ခများ တို့ကို တွေ့မြင်သိရှိ မည်ဖြစ်သည်။ ထို ပဋိပက္ခများကို နအဖစစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစု နှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ကြသည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြင့်သာဖြေရှင်း နိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂမှလည်း မြန်မာပြည်တွင် ဖြစ်ပေါ်နေသော ပဋိပက္ခများကို ဖြေရှင်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ရန်အတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို လမ်းညွှန်အဖြစ်ချမှတ်ပေးခဲ့သည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို တိုင်းရင်းသားအမျိုးသားအုပ်စုနှင့် ဒီမိုကရေစီအုပ်စုတို့က လက်ခံကြိုဆိုပြီး အကောင်အထည်ဖေါ်ဆောင်ရွက်ရန် ကြိုးပမ်းသော်လည်း နအဖစစ်အုပ်စုမှာမူ လက်မခံပဲနည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ဖျက်လျှက်ရှိနေသည်။ နအဖစစ်အုပ်စုအနေဖြင့် မည်ကဲ့သို့ဆန့်ကျင်တိုက်ဖျက်နေကာမူ တိုင်းရင်းသားအမျိုးသားအုပ်စုနှင့် ဒီမိုကရေစီအုပ်စုတို့သည် ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအကူအညီဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်အကောင်အထည်ပေါ်လာစေရန်အတွက် ပူးပေါင်းသင့်ကြောင်း KNPP အနေဖြင့် ရှုမြင်ပါသည်။

နအဖစစ်အုပ်စုသည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ရှောင်ရှားရန်အတွက် အချက် (၇) ချက်ပါသည့် နိုင်ငံရေးလမ်းညွှန် ခေါ် Road Map ကိုရေးဆွဲပြီး အမျိုးသားညီလာခံကို တိုက်ရိုက်ခေါ်ဆိုရန် စိုင်းပြင်းလျှက်ရှိနေသည်။ ထို အမျိုးသားညီလာခံ ခေါ်ဆိုနိုင်ရန်အတွက် ဗိုလ်ခင်ညွန့်သည် နအဖစစ်အုပ်စုနှင့် အပစ်ခတ်ရပ်စဲရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများတို့ကို ညီလာခံတက်ရန်အတွက် အတင်းအဓမ္မစည်းရုံးလျှက်ရှိနေသည်။ အချို့သော အပစ်ခတ်ရပ်စဲရေး ရယူထားသည့် တိုင်းရင်းသားအဖွဲ့အစည်းတို့သည် အဆိုပါညီလာခံသို့ တက်ရောက်မည်ဟု ကတိပေးကြသည်ကို သိရှိရသည်။ ထို့ကြောင့် နအဖစစ်အုပ်စုနှင့် အပစ်ခတ်ရပ်စဲရေးရယူထားသော တိုင်းရင်းသား အဖွဲ့အစည်းများအား နအဖ၏ ညီလာခံကို မတက်ရောက်ရန် အောက်ဖေါ်ပြပါ အချက်အလက်များကို နအဖထံမှ တောင်းဆိုရန် ဤနှီးနှောဖလှယ်ပွဲမှ အကြံပြုပါသည်။

အချက်အလက်များမှာ။

(၁) တတိုင်းတပြည်လုံးအပစ်အခတ်ရပ်စဲရေး၊
(၂) မြန်မာပြည်နှင့် သက်ဆိုင်သော ညီလာခံအသစ်တရပ်ကိုခေါ်ယူပြီး စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်များစေလွှတ်ရေး၊

(၃) ညီလာခံတွင် နအဖ၏ အချက် (၁၀၄) ကို ထပ်မံမတင်သွင်းရေး၊
(၄) ညီလာခံသို့ မတက်ရောက်မိ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး၊ ခေါင်းဆောင်များအားလုံး လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ရှိရေး၊
(၅) ညီလာခံတွင် လွတ်လပ်စွာတင်ပြပြောဆို နိုင်ခွင့်ရှိရေး၊
(၆) နအဖနှင့် အပစ်ခတ်ရပ်စဲထားသော အဖွဲ့များအား ဤနီးနှောဖလှယ်ပွဲမှ အထက်ပါ အချက်အလက်များကိုဝိုင်းဝန်းတောင်းဆိုသွားရန်။

အထက်ပါအချက်အလက်ကို တောင်းဆိုရန် နအဖနှင့် အပစ်ခတ်ရပ်စဲရေးယူထားသော တိုင်းရင်းသားအဖွဲ့စည်းများကို မေတ္တာရပ်ခံရခြင်းမှာ ထိုအထက်ပါအချက်အလက်များသည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲနှင့် သက်ဆိုင်ပတ်သက်သောကြောင့် ဖြစ်သည်။

နအဖစစ်အုပ်စုသည် ၎င်း၏ညီလာခံအတွက် ၎င်းနှင့်အပစ်အခတ်ရပ်စဲရေး မယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးလာနိုင်ပါသည်။ ထိုသို့ ဆွေးနွေးလာလျှင်လည်း အပစ်အခတ်ရပ်စဲရေး မယူထားသော တိုင်းရင်းသားအဖွဲ့အစည်းတို့သည် အထက်ပါ အချက်အလက်များကို တောင်းဆိုသင့်သည်ဟု မြင်ပါသည်။

ဤနီးနှောဖလှယ်ပွဲတွင် ကြေညာချက်ထုတ်ပြန်သော အခါတွင်လည်း အထက်ပါ အချက်အလက်များကို ထည့်သင့်ကြောင်း မြင်မိပါသည်။

၂၀၀၁ ခုနှစ်တွင် ပြုလုပ်ကျင်းပသောတိုင်းရင်းသားလူမျိုးများ၏ နီးနှောဖလှယ်ပွဲမှ ဖွဲ့စည်းပေးလိုက်သော ENSCC ကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲနှင့် ပင်လုံစိတ်ဓါတ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စု သစ်တည်ဆောက်ရေးတို့ကို အကောင်အထည်ဖေါ်ရန် တာဝန်ပေးအပ်ခဲ့ ပေသည်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲမှ ဆက်လက်ပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အကောင်အထည် ဖေါ်သင့်ကြောင်း KNPP အနေဖြင့် ရှုမြင်ပါသည်။ ■

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

---

စာမျက်နှာ (၈၂) (ALP) ဗိုလ်မှူးခိုင်မျိုးမင်းမှအဆက်

ယင်းကြောင့် ဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများသည် ကမ္ဘာ့ကုလသမဂ္ဂမှ လက်ခံထားသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးမူကို အခိုင်အမာဆုပ်ကိုင်ပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် တွေ့ဆုံဆွေးနွေးဖြေရှင်းသွားရေးအတွက် ဆက်လက်တောင်းဆိုသင့် ကြောင်း ALP ၏ သဘောထားကို တင်ပြအပ်ပါသည်။ ■

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

## ၄း၅။ မရာပြည်သူ့ပါတီ (MPP-LA)အမြင်နှင့်သဘောထား တင်ပြသည့်စာတမ်း



ပုထာဟဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတော်ဖြစ်ရေး၊ တန်းတူညီမျှမှုကို အခြေခံသော ပြည်ထောင်စုဖြစ်ရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေး စသည့် အခြေခံသဘောတူညီချက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံတော် ဖြစ်ပါသည်။ သို့သော် လွတ်လပ်ရေး ရရှိသည်နှင့်တပြိုင်နက် တိုင်းရင်းသားလူမျိုးစုတို့၏ အခွင့်အရေး၊ တန်းတူညီမျှမှု ဆုံးရှုံးမှု တို့ကြောင့် အုပ်စိုးသူစစ်အစိုးရနှင့် အအုပ်ချုပ်ခံပြည်သူများ အကြား ယနေ့ထိတိုင် ပဋိပက္ခ ဖြစ်နေလျှက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာအရင်းခံပြဿနာသည် အုပ်စိုးသူလူတန်းစားနှင့် အအုပ်စိုးခံ လူတန်းစားအလွှာလွှာရဲ့ ခံယူချက်မတူညီမှု ပြဿနာဖြစ်သည့်အားလျော်စွာ ထိုပြဿနာကြီး ဖြေရှင်းနိုင်ရန် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကသာလျှင် ပြေလည်စွာဖြေရှင်းနိုင်လိမ့်မည်ဟု အတိအလင်း ယုံကြည်သည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် စစ်အုပ်စု၊ တိုင်းရင်းသားလူမျိုးစု၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီတို့ ပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြင့်သာ မြန်မာနိုင်ငံရေး ပြဿနာဖြေရှင်းရာတွင် အောင်မြင်မှုရရှိစေမည်ဟု ထင်မြင်ယူဆသည်။

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီထွန်းကားရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံတကာမှ ဝိုင်းဝန်းဖိအားပေးတိုက်တွန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်မှ စတင်၍ ကမ္ဘာ့ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်ချမှတ်ကာ မြန်မာနိုင်ငံအတွင်း သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးပွဲ ဖြစ်ပေါ်လာစေရေးအတွက် အထူးသံတမန်များ စေလွှတ်ပြီး ယနေ့အထိကြိုးပမ်း လုပ်ဆောင်မှုများ ပြုလုပ်နေသည်။ သို့ဖြစ်၍ ယနေ့အထိသုံးပွင့်ဆိုင် ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးသည် နိုင်ငံတကာအမြင်တွင်လည်းကောင်း၊ တိုင်းရင်းသားအင်အားစုများ၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ ပါတီများအမြင်တွင်လည်းကောင်း ရှင်သန်အားကောင်းဆဲဖြစ်သည်။

လွတ်လပ်ရေးမတိုင်ခင် ၁၉၄၇ ခုနှစ်ကစပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံစာချုပ်ချုပ်ဆိုရန် တိုင်းရင်းသားခေါင်းဆောင်များကို အကြိမ်ကြိမ် ညှိနှိုင်းတိုင်ပင်ပြီး လူမျိုးပေါင်းစုံပါဝင်သော ပင်လုံညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည်။ ယနေ့ကျင်းပရန် စီစဉ်နေသော အမျိုးသားညီလာခံတွင်လည်း တိုင်းရင်းသားပေါင်းစုံပါဝင်သော ညီလာခံဖြစ်ရန် အရေးကြီးပေသည်။ စစ်အုပ်စု၏ ဆန္ဒသဘောထားတခုတည်းပေါ်၌ ၎င်း၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီများ၏ ဆန္ဒသဘောထား တခုတည်းပေါ်၌၎င်း လုံးလုံးလျားလျားရပ်တည်ခြင်း မရှိဘဲ ယင်း သုံးဖွဲ့စလုံးလက်ခံနိုင်မည့် အနေအထားမျိုးဖြင့် ညီလာခံကျင်းပရန် လိုအပ်သည်။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် အဟန့်အတားကြီးမှာ စစ်အုပ်စုဖြစ်သဖြင့် ဆက်လက်တိုက်ပွဲဝင်နေသော အင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများမှ နိုင်ငံတကာသို့ ပန်ကြားမှုများ ပြုလုပ်၍ စစ်ရေး၊ သံတမန်ရေး၊ စီးပွားရေးပိတ်ဆို့မှုများ တတ်နိုင်သမျှများလာရန် တွန်းအားပေးလုပ်ဆောင်ရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ဆွေးနွေးသူများ ပြုလုပ်ပြီး အရေးယူမှုများပြုလုပ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

နောက်ဆုံးအနေဖြင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံ အကျဆုံးဖြစ်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ မဖြစ်မချင်း မည်သည့်အခြေအနေသို့ ရောက်ရောက် မလျော့သောလုံ့လဖြင့် ပြည်ထောင်စုတိုင်းရင်းသား၊ ဌာနေသားများနှင့် အတူတကွ အမြဲချီတက်မှ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ■

မရာပြည်သူ့ပါတီ (MPP-LA)

## ၄း၆။ မွန်ပြည်သစ်ပါတီ (NMSP) ၏ အမြင်နှင့်သဘောထားစာတမ်း

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းခြင်းသည် အကောင်းဆုံးနည်းဖြစ်သည်ဟု အများက ရှုမြင်ထားကြသည်ဖြစ်၍ ထိုသို့ဖြေရှင်းနိုင်ရန် နိုင်ငံရေးအင်အားစုတိုင်းက ကြိုးပမ်းကြရန် တာဝန်ရှိသည်၊ ।

နိုင်ငံရေးအရ ဖြေရှင်းကြမည်ဆိုပါက ကျွန်ုပ်တို့နိုင်ငံတွင် အာဏာကိုရယူ ချုပ်ကိုင်ထားသူ စစ်အစိုးရ၊ ပြည်သူလူထု၏ ထောက်ခံမဲအများစုကို ရရှိထားသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် လက်နက်ကိုင်တိုက်ပွဲဖြင့် စစ်အစိုးရကို အဓိက ယှဉ်ပြိုင်ခုခံတိုက်ခိုက်နေသူ တိုင်းရင်းသား အဖွဲ့အစည်းများဟူ၍ အင်အားစုကြီး (၃) ခုကိုထင်ထင်ရှားရှား တွေ့ရှိနေရသည်။ ထို အင်အားစု (၃) ခုအနက် တခုခုကို ချန်လှပ်ဘေးဖယ်ထားပါက ပြဿနာကိုဖြေရှင်း၍ ရနိုင်မည်မဟုတ်ပေ။ ထို့အတူ တခုခုကို နှောက်ချန်ပြီးမှ ပါဝင်စေခြင်းသည်လည်း ခံစားချက်၊ ယုံကြည်ချက် ကောင်းမည်မဟုတ်ပေ။ ထို့ကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းသည် အကောင်းဆုံးနှင့် အမှန်ကန်ဆုံး နည်းလမ်းဖြစ်သည်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို တိုင်းရင်းသားအင်အားစု၊ NLD နှင့် ဒီမိုကရေစီအင်အားစု၊ UN အပါအဝင် နိုင်ငံတကာအင်အားစုနှင့် မြန်မာပြည်နိုင်ငံရေး အခြေအနေကို ကောင်းစွာနားလည် လေ့လာထားကြသော နိုင်ငံရေးပညာရှင်များတို့က လိုလားထောက်ခံ တောင်းဆိုနေကြသည်။

အာဏာရစစ်အစိုးရသည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို ကြောက်လန့် ဆန့်ကျင်နေသည်။ ဤအနေအထားတွင် ၎င်းတို့လက်ခံပါဝင်လာနိုင်ရန်မှာ ၎င်းတို့အတွက် အန္တရာယ်ကင်းရေး၊ ဂုဏ်သိက္ခာ မထိခိုက်ရေးနှင့် တဆင့်ပြီးတဆင့် ဆုတ်ခွာနိုင်ရေးကို ကျွန်ုပ်တို့လက် ခံတာဝန်ယူပြီး ထိုသဘောထားကို ပွင့်ပွင့်လင်းလင်း ထုတ်ပြန်ကြေညာပေးရန် လိုသည်။ ဤကိစ္စကို တိုင်းရင်းသား အတွင်းတွင်လည်း ကောင်း၊ ဒီမိုကရေစီအင်အားစုနှင့် လည်းကောင်း ညှိနှိုင်းရမည်။

မိမိတို့၏သဘောထားကြေညာချက်ကို ထုတ်ပြန်ပြီးသည့်နောက် ပြည်တွင်းပြည်ပ လှုပ်ရှားမှု ပေါင်းစုံဖြင့် ဖြည့်စွက်ဖိအားပေးလှုပ်ရှားမှုတွေ ပြုလုပ်ပေးရန် လိုအပ်သည်။

ဤသို့အဆင့်ဆင့်လုပ်ဆောင်သွားပါက သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (Tripartite Dialogue) သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း မိမိတို့အမြင်ကိုတင်ပြပါသည်။ ■

မွန်ပြည်သစ်ပါတီ (NMSP)

## ၄း၇။ NDF အထွေထွေအတွင်းရေးမှူးမှ သုံးသပ်တင်ပြချက်

ဦး အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး ဇင်ကျုံးမှ သုံးသပ်တင်ပြချက်



ဗိုလ်မှူးကြီး ဇင်ကျုံး

ကျနော်တို့ Tripartite Dialogue ကို ဘယ်လိုနားလည်ကြသလဲဆိုတာ အရင်ချပြီးတော့ နည်းဗျူဟာပိုင်းမှာ ပိုမိုရှင်းရှင်းလင်းလင်းပြတ်သားတဲ့ လုပ်ဆောင်မှုတွေ၊ ဗျူဟာတွေ ချမှတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ သုံးပွင့်ဆိုင်မှာ ကျနော်တို့ဘာကြောင့်ကိုင်စွဲသလဲဆိုရင် နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းနဲ့ ဖြေရှင်းမှသာလျှင် မြန်မာနိုင်ငံလုံးရဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မယ်လို့ အားလုံးကသဝေမတိမ်း ကိုင်စွဲထားကြတယ်။

၁၉၉၇ ခုနှစ်တုန်းကလုပ်တဲ့ မယ်သရောထာမှာ သုံးပွင့်ဆိုင်နှင့်ပတ်သက်တဲ့ အချက်ပါပါတယ်။ အဲဒီမှာဘယ်လိုပါသလဲဆိုတော့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် NDF, UNLD, CF Groups နှင့် အခြားတိုင်းရင်းသားလူမျိုးများပါဝင်သော အင်အားစု၊ ဒေါ်စုဦးဆောင် သော ဒီမိုကရေစီအင်အားစုနှင့် နဝတ စစ်အုပ်စုသုံးခု ပါဝင်စေရမည်လို့ အတိအကျဖော်ပြထားတယ်။ ကျနော်တို့ ၂၀၀၁ ခုနှစ် လောခီးလာမှာလုပ်တဲ့ ထုတ်ပြန်ကြေညာချက်ထဲမှာ စစ်အုပ်စု၊ ဒေါ်စု ဦးဆောင်သော ဒီမိုကရေစီ အင်အားစုနှင့် တိုင်းရင်းသားအင်အားစုတို့ ပါပါတယ်။

နောက်ဆုံး ၂၀၀၃ ဩဂုတ် (၂၉) ရက်ကနေ စက်တင်ဘာ (၂) ရက်အထိကျင်းပပြီး Ethnic workshop မှာ တိုင်းရင်းသားခေါင်းဆောင် တော်တော်များများ ပါပါတယ်။ ကျနော်တို့ ဘယ်လိုဖော်ပြထားသလဲဆိုတော့ စစ်အုပ်စု၊ တိုင်းရင်းသားအင်အားစုနှင့် ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ပါတီလို့ ဖော်ပြထားပါတယ်။ အဲဒီမှာ (၁) နှင့် (၂) ကတော့ သိပ်ပြီးမှကွာခြားတယ်လို့ မဆိုနိုင်ဘူး။ (၃) ခုမြောက်မှာ ၁၉၉၀ ခုနှစ်မှာ အနိုင်ရထားတဲ့ပါတီလို့ အတိအကျပါပါတယ်။ ကျနော်တို့ ပထမနေ့မှာတင်ပြထားတဲ့ စာတမ်းကို အကုန်လုံး ကြည့်လို့ရှိရင် UNLD(LA), ALP, KNPP, NMSP, PSLF ဒီအဖွဲ့ကနေပြီးမှ တွေ့ဆုံဆွေးနွေးပွဲ လုပ်တဲ့နေရာမှာ စစ်အုပ်စုရယ်၊ တိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုများလို့ အတိအလင်းဖော်ပြထားပါတယ်။ CNF, MPP, ENSCC ကျနော်တို့ စာတမ်းနှစ်စောင်ကတော့ စစ်အုပ်စုရယ်၊ ၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့အင်အားစုနှင့် တိုင်းရင်းသားအင်အားစုရယ်လို့ ဖော်ပြထားပါတယ်။ ဒီတိုင်းရင်းသားတွေ အနေနဲ့ ဘယ်သူဘယ်ဝါဟာဖြင့် သုံးပွင့်ဆိုင်မှာပါရမယ်ဆိုတဲ့ ကိစ္စကိုအတိအကျဖော်ပြဖို့ လိုမယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီအင်အားစုလို့ ပြောလိုက်တာနဲ့ ကျယ်ပြန့်ပါတယ်။ နောက် ၉၀ ခုနှစ်ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ပါတီနဲ့ တကယ့်ကိုတိကျတဲ့အစုအဖွဲ့ကို လုပ်လိုက်တာ ဖြစ်ပါတယ်။ အဲဒါကြောင့် သုံးပွင့်ဆိုင်ဆွေးနွေးရေးမှာ ဘယ်သူပါမလဲ ဆိုတဲ့ဟာကို ရယူပြီးတော့ လုပ်သင့်တယ်လို့ယူဆတယ်။

နောက် ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ လုပ်တုန်းက ENSCC ပေါ်လာတုန်းက စာတမ်းမှာ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲက Mandate ပေးတုန်းက နအဖကို Dialogue Partner အနေနဲ့လက်ခံတယ်။ ကျနော်တို့ အကုန်လုံးကြည့်လိုက်လို့ရှိရင် သုံးပွင့်ဆိုင်လို့ အော်လိုက်တာနဲ့ နအဖ ကို Dialogue partner အနေနဲ့လက်ခံထားတယ်လို့ ယေဘုယျအားဖြင့် ယူဆထားတယ်။

နောက်ထပ်တချက် ထပ်ဆင့်ပြန်စဉ်းစားစေချင်တာက အဲဒီလို တွေ့ဆုံဆွေးနွေးရေးလုပ်တဲ့ နေရာမှာ ဘယ်အတိုင်းအတာအထိ လုပ်မယ်ဆိုတဲ့ဟာ အင်မတန်မှအရေးကြီးပါတယ်။ တချို့က ပြောတယ် ကျနော်တို့ နအဖနဲ့ စာပွဲးပေါ်မှာ တချို့က တခါတည်းတွေ့မယ်။ အဲ့ဒီ နောက်ပိုင်းမှာ ကျနော် တခုပြီးတခုစီစစ်ပြီး ချလိုက်တဲ့နောက်ပိုင်း နအဖ မပါတော့ဘူး။ နောက်တချို့ တိုင်းရင်းသားအဖွဲ့ အစည်းက နအဖ နိုင်ငံရေးလုပ်ချင်လို့ရှိရင် ယူနီဖောင်းချွတ်ပါ။ တချို့တော့ အမျိုးသားညီလာခံအထိ ပါဝင်စေချင်တယ်။ Bangkok Process ကိုကြည့်လို့ရှိလည်း ဒီလို ချဉ်းကပ်မှုမျိုးကို တွေ့ရတယ်။ အဲဒီလို ချဉ်းကပ်တဲ့ အဖွဲ့အစည်းမျိုးတွေကို နည်းနည်း ခပ်ကြီးကြီးမားမား ပြန်ကောက်လို့ ရှိရင် ကျနော်တို့တပ်ပေါင်းစုမှာ နှစ်ပေါင်း ဆယ်နှစ်ကျော် ဦးဆောင်လာခဲ့တဲ့ NUCB ရဲ့ သူ့ရဲ့ Road Map ထဲမှာ အတိအကျ ပါပါတယ်။ Road Map ရဲ့အဆင့် (၄) မှာ ကြားဖြတ်ညွှန့်ပေါင်း အစိုးရကြေညာပြီး နောက်ပိုင်းမှာ SPDC က စစ်တန်းလျားကို ပြန်ရမယ်လို့ ပါပါတယ်။

ဒါကြောင့် NCUB ရဲ့ Road Map ထဲမှာ ကြားဖြတ်အစိုးရ ထွက်ပေါ်လာတဲ့အထိ Dialogue Partner အနေနဲ့ သဘောထားတယ်။ ကျနော်တို့ ပြောဆိုလို့ ရပါတယ်။ နောက် ကျနော်တို့အနေနဲ့ ၁၉၉၄ ခုနှစ်ကတည်းက သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်လာတယ်။ နောက် Razali Ismail ကိုလဲ ပေးလိုက်တဲ့ အခြေအနေကို ကြည့်လိုက်လို့ရှိရင် ကျနော်တို့ တိုင်းရင်းသားတွေ တွေ့ဆုံပြီးမှ ကျနော်တို့ရဲ့ ပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်။ နောက် ကျနော်အကဲခတ်ရသလောက် သူတို့ရဲ့ စာသား အတိအကျရေးထားတာကို မတွေ့ရဘူး။ ဒါပေမဲ့ ကျနော်တို့ ဒီညီလာခံမှာတောင်မှ သုံးပွင့်ဆိုင်ပါလာတဲ့ အခြေအနေမျိုး၊ သူတို့မှာ စာသားရှိလိမ့်မယ်လို့ ယူဆပါတယ်။ နောက်တခု အင်မတန်မှ အငြင်းပွား စရာလည်းဖြစ်တဲ့ ကျနော်တို့ တိုင်းရင်းသား ကြားမှာလည်း ပြောပြောနေတဲ့ တစိတ်တဒေသ အတိုင်း အတာတခုအထိ အငြင်းပွားနေတာက ကျနော်တို့ရဲ့ ENSCC Road Map ပါဘဲ။ အဲဒီအထဲမှာ Congress for National Unity ဆိုတာ အမျိုးသားညီလာခံနဲ့ အတူတူပါ။ သုံးပွင့်ဆိုင်ရဲ့ သဘော သဘာဝကို ဆောင်တဲ့အသွင်မျိုး တွေ့ပါတယ်။

နောက်ကျနော်တို့ အစိုးရဖွဲ့တဲ့နေရာမှာ လွှတ်လပ်တဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ဖွဲ့တဲ့အခါမှာ သုံးပွင့်ဆိုင်သဘောသဘာဝပုံစံကို လုပ်ထားပါတယ်။ အဲ့ဒါကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ စဉ်းစားချက်ထဲမှာ စစ်အုပ်စုဟာ Dialogue Partner အဖြစ်နဲ့ ညီလာခံ အထိ ရောက်သွားတယ်လို့ ဆိုလို့ရပါတယ်။ အဲဒါကြောင့်မို့လို့ တိုင်းရင်းသားအားလုံးထဲမှာ ကျနော်တို့ အချင်းချင်း တူညီတဲ့အမြင်မျိုးမရှိလို့ရှိရင် နည်းဗျူဟာမှာဘဲဖြစ်ဖြစ်၊ လုပ်ငန်းအကောင်အထည် ဖော်တဲ့နေရာမှာဖြစ်ဖြစ်၊ အခုက ကျနော်တို့စာသားရွေးတဲ့နေရာမှာ ဖြစ်ဖြစ်၊ အဲဒါတွေ ရောင်ပြန် ဟပ်တာဖြစ်ပါတယ်။ အဲဒီလိုမျိုး Dialogue Partner အနေအထားမျိုး ရှင်းရှင်းလင်းလင်း ရှိလို့ရှိရင် စာသားရွေးတဲ့နေရာမှာ ပြဿနာ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် Dialogue Partner ကို ဘယ်အတိုင်း

အတာအထိ ကျနော်တို့ နအဖ စစ်အစိုးရကို လက်ခံထားတယ်ဆိုတာ အတိအလင်းချဖို့ လိုလိမ့်မယ်လို့ ယူဆတယ်။ နောက်ကျနော်တို့ အဲဒီစဉ်းစားတဲ့နေရာမှာ တခုစဉ်းစားစေချင်တဲ့ အပိုင်းအနည်းအကျဉ်းရှိပါတယ်။ ကျနော်တို့ သုံးပွင့်ဆိုင် ဖြစ်ပေါ်လာရေးအတွက် နအဖကို ကျနော်တို့ တွန်းအားပေးနိုင်တယ်။ ဒီမနက် ဗိုလ်ချုပ်မြ ပြောသွားပါတယ်။ ကျနော်တို့ဆီမှာ ဘယ်လောက်အထိ အင်အားရှိသလဲ၊ ဒီ နအဖကို စားပွဲပေါ်ထိုင်လာအောင် ကျနော်တို့မှာ အင်အားဘယ်လောက်ရှိသလဲ။ ဆွဲငင်အားဘယ်လောက်ရှိသလဲ။ အဲလိုဆိုရင် ပြည်တွင်းမှာ ပြည်သူတွေရှိတယ်။ အပြင်မှာရှိတဲ့ အဖွဲ့အစည်းတွေလည်း ဘယ်လောက်အထိ သူတို့တွန်းနိုင်တယ်ဆိုတာ ကျနော်တို့မှာရှိတဲ့ အင်အားနဲ့ အခြေအနေအရ အင်မတန်မှ အရေးကြီးပါတယ်။ နောက် အင်အားကြီးတာက ကျနော်တို့ထဲမှာ KNU, NMSP, SSA နှင့် KNPP သူတို့ Base လုပ်နေတဲ့နိုင်ငံတွေဟာ ထိုင်းနိုင်ငံမှာ လုပ်တာ၊ ဒီ ထိုင်းနိုင်ငံကရော ကျနော်တို့ဘယ်လောက်အထိ Base လုပ်ခွင့်ပေးသလဲ။ နောက်ကျနော်တို့ ALP, CNF တို့က  အိန္ဒိယနိုင်ငံမှာရော ဘယ်လောက်အထိ Base လုပ်နိုင်သလဲ။ နောက် တရုတ်ပြည်မှာရော ဘယ်လောက်အထိကျနော်တို့ ရပ်တည်နေနိုင်တာလဲဆိုတာ သိဖို့လိုပါတယ်။ နောက်ပြည်တွင်းမှာရှိတဲ့ မဟာလူမျိုးကြီးဝါဒကိုင်စွဲတဲ့ ဗမာစစ်အုပ်စု၊ နအဖ ဘက်မှာရှိတယ်ဆိုတာ သိဖို့လိုအပ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျနော်တို့နအဖကို Dialogue လုပ်နိုင်မလုပ်နိုင်ဆိုတဲ့ အပိုင်းကို အလေးအနက်စဉ်းစားပြီးမှ ကျနော်တို့ရဲ့ Dialogue အပေါ်မှာ ရှင်းရှင်းလင်းလင်းအမြင်ချမှတ်မယ်ဆိုလို့ရှိ ရင် ကျနော်တို့ရဲ့ရှေ့ဆက်သွားမဲ့ သုံးပွင့်ဆိုင်ဆွေးနွေးသွားမဲ့ မဟာဗျူဟာ၊ နည်းဗျူဟာချမှတ်တဲ့နေရာမှာ အင်မတန်မှ လွယ်ကူလိမ့်မယ်လို့ ကျနော်ယူဆပါတယ်။ တပ်မတော်အနေနဲ့ သူကိုင်စွဲထားတာ သူကနိုင်ငံတော်ရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကနေ ဦးဆောင်ချင်ပါတယ်။ သူအမြဲတမ်း ပြောပါတယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်လို့ ပြောပါတယ်။ တပ်မတော်သည်သာ အမိ၊ တပ်မတော်သည်သာ အဖ ဆိုတာမျိုးပေါ့လေ၊ ဒါက သူ့ရဲ့ရပ်တည်ချက် ဘယ်လောက်ခိုင်မာသလဲ ဆိုတာ သိစေချင်လို့ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ သိမ်သိမ်မွေ့မွေ့ နဲ့ Dialogue Partner အနေ အထားမျိုးနဲ့ သူ့ကို စနစ်တကျဆွဲဆောင်သွတ်သွင်းဖို့ လိုပါတယ်။ ■

## ၄း၈။ UNLD(LA) နာယကကြီး Dr. Chao Tzang Yawnghwe မှ Dialogue အပေါ် ဆွေးနွေးတင်ပြခြင်း။

ကျနော်ပြောလိုတာက လမ်းပြမြေပုံနဲ့ ပါတ်သက်ပြီး ပြောဖို့တောင်မလိုဘူး။ ဒါပေမဲ့ ဒီ Road Map ကို ပြန်စဉ်းစား ရမယ်။ ဒီ Road Map ကနေ Dialogue Process ဖြစ်အောင် လုပ်ရမယ်ဆိုတာ ဟုတ်တယ်။ ဘယ်သူလုပ်မလဲ? ဘယ်လို လုပ်မလဲ? အဲဒါက မေးခွန်းဘဲ။ ကျနော်တို့ လက်မခံတာ မတရား တာ ကောက်ကျစ်တယ်ဆိုတာ လူတိုင်းသိတယ်။ ဒါပေမဲ့ Process ကြီးက ဘာနဲ့တူသလဲဆိုတော့ "နိုင်ငံရေးစစ်ဆင်ရေး" လုပ်နေတာနဲ့တူပါတယ်။ Flexible နဲ့ နိုင်ငံရေးထိုးစစ်ဆင် နေတယ်။ ဒီလို ထိုးစစ်ဆင်နေတဲ့အခါမှာ ကျနော်တို့ဘယ်လို တန်ပြန်ထိုးစစ်ဆင်မလဲ? သို့မဟုတ် သူတို့မောင်းသွားတဲ့ လှေကြီးကို သူတို့ရောက်ချင်တဲ့နေရာ မရောက်ဘဲနဲ့ ကျနော်တို့ ရောက်ချင်တဲ့နေရာ ရောက်အောင်လုပ်ပါ၊ လုပ်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ? ဘယ်သူလုပ်မလဲ? အဲဒါဘဲ။


Dr. Chao Tzang Yawnghwe

ရန်သူဖက်က ထိုးစစ်ဆင်တဲ့အခါမှာ ကျနော်တို့က ခံစစ်အနေနဲ့ခံမလား။ နိုင်ငံရေးမှာ ခံစစ်ဆိုတာဘာလဲ? ခံစစ်တွေနဲ့ တန်ပြန်မယ်ဆိုတာ ဘာလဲဆိုတော့ — ရန်သူလုပ်သမျှ မကောင်းဘူး၊ နအဖလုပ်သမျှ မတရားဘူး၊ လက်မခံဘူး၊ အဲဒါတွေက ခံစစ်ဘဲ။ ခံစစ်အမြင်နဲ့စဉ်းစားရင် ရန်သူလိုချင်တဲ့အချက်တွေကို လက်ခံတယ် ဆိုလိုက်တာနဲ့ ရာဇဝင်တရားခံဖြစ်သွားမယ်ဆိုတာဘဲ မြင်တယ်။ နအဖအကြိုက်လုပ်သွားရင် ရာဇဝင်တရားခံဖြစ်သွားမယ်ဆိုတာ အားလုံးကသိတယ်။ ကလေးကစ သိတယ်။ အခု စာရင်းပေးထားတဲ့ အဖွဲ့တောင်မှကြည့်လေ၊ ကျနော်တို့ဒီနေရာမှာတော့ ညီညွတ်နေပြီ၊ ကျနော်တို့ အခုလိုနေတာက ညီညွတ်မှုကိုရနေပြီ၊ Cease-Fire လုပ်တဲ့ အဖွဲ့တွေရော၊ မလုပ်တဲ့အဖွဲ့တွေရော၊ နိုင်ငံရေးအဖွဲ့ တွေရော၊ ကျနော်တို့ တိုင်းရင်းသားအဖွဲ့တွေရော၊ ဗမာဒီမိုကရေစီ အဖွဲ့တွေရော၊ အားလုံးတူနေတယ်။ လက်ခံချင်တဲ့ လူတယောက်မှမရှိဘူး။

ဒါပေမဲ့ တက်လာတဲ့ ထိုးစစ်က နအဖ တခုတည်း မဟုတ်ဘူး။ တပ်စ်ဆင်လဲပါတယ်။ ဒါတင်မက ဘူး။ တရုတ်လဲပါနေတယ်။ အိန္ဒိယလည်းထောက်ခံနေပြီ၊ ကုလသမဂ္ဂတောင်မှ ထောက်ခံသလိုလို ဖြစ်နေပြီ။ သူတို့က ဘယ်လိုကြည့်သလဲဆိုရင် ဒီအမျိုးသားညီလာခံကို နိုင်ငံရေးစစ်ပွဲတပွဲအဖြစ်နဲ့ မြင်တယ်။ ဒီစစ်ပွဲကို ခင်ဗျားတို့ဝင်သင့်တယ်ဆိုပြီး အကြံဉာဏ်ပေးတဲ့ လူလည်းရှိပါတယ်။ ဒီစစ်ပွဲကို ခင်ဗျားတို့ ဘယ်လိုတန်ပြန်မလဲ? ခြေကျင်နဲ့ တန်ပြန်မလား၊ တန်ပြန်တဲ့နေရာမှာ တန်ပြန်ထိုးစစ်ဆင်မလား၊ မဆင်ဘူးလား။ ပြီးတော့ တန်ပြန်ထိုးစစ်ဆင်နေတာက ပိုအကျိုးရှိသလား၊ ခံစစ် Defend Strategy နဲ့သွားတာက ပိုအကျိုးရှိသလား၊ ဘယ်ဟာက အကျိုးပိုရှိမလဲ။ ဘယ်လို အကျိုးအမြတ်ထုတ်မလဲ? ဒါကို စဉ်းစားထားရမယ်။ မစဉ်းစားဘဲနဲ့ ဒီလမ်းကြောင်းမကောင်းဘူး ဆိုရုံနဲ့ မရဘူး။ နောက်တချက်ကလည်း မတတ်သာလို့တက်ရတဲ့ အဖွဲ့လည်းရှိတယ်။ အဲဒီအဖွဲ့ တွေကလည်း

ကျနော်တို့အဖွဲ့တွေဘဲ။ အတွင်းနဲ့အပြင် ဘယ်လိုချိတ်ဆက်မယ်။ ဘယ်လိုတန်ပြန် နိုင်ငံရေးထိုးစစ် ဆင်မယ် ဆိုတာရှိထားရမယ်။

၁၉၆၄ ခုနှစ်မှာ Peace Talk လုပ်လာတယ်။ ပြီးတော့ ၁၉၇၄ ခုနှစ်မှာ ဖွဲ့စည်းပုံ ကိစ္စ လုပ်လာတယ်။ ဒါပေမဲ့ ကျနော်တို့မပါဘူး။ လူထုတွေက ပါရတယ်။ ကြိုက်လဲပါ မကြိုက်လဲ ပါရတယ်။ ၁၉၇၄ ဖွဲ့စည်းပုံလုပ်တော့ မဲပုံးတွေချတော့ လူထုတွေက ခပ်များများက ကန့်ကွက်မဲ ပေးတာ ဘဲ ထောက်ခံမဲမပေးဘူး။ ဒါပေမဲ့ ထောက်ခံမဲ ဖြစ်သွားတာဘဲ သူတို့ကလုပ်တတ်တယ် ဒီနိုင်ငံရေး ထိုးစစ်ဆင်မှုတွေကိုတန်ပြန်ဖို့ Strategy မရှိဘူးဆိုရင် ဘယ်လိုဖြစ်သွားမလဲ။ အဲဒါကို စဉ်းစားဖို့ လိုတယ်။ ဒီနေရာမှာ စောစောပိုင်းက လွန်ခဲ့တဲ့ လေးငါးနှစ်ကတည်းက ကျနော်တို့လဲ စိတ်ပူမိတယ်။ ဘာဖြစ်လို့လဲဆိုရင် ၁၉၉၆/၉၇ ခုနှစ်ကတည်းက ခင်ညွန့်သာ Dialogue ခေါ်ခဲ့မိရင် ကျနော်တို့ အားလုံးသွားကြမှာဘဲ။ အမျိုးသားညီလာခံ မဟုတ်ဘဲ Dialogue ခေါ်ခဲ့ရင် အားလုံးသွားကြမှာပဲ၊ သွားရင် ဖရိုဖရဲဖြစ်မယ်။ ညှိနှိုင်းမှုမရှိ ပြင်ဆင်မှုမရှိ တယောက်တပေါက်စီ ဟိုတောင်း ဒီတောင်း ရှုပ်နေမှာပဲ။ ဒီလိုနဲ့သာ စာရင်းချုပ်ခဲ့ရင်တော့ ခင်ညွန့်နဲ့နအဖ က ကမ္ဘာကိုပြောနိုင်တယ်။ ဘယ်လိုပြောမလဲဆိုတော့ — “သူတို့တောင်းဆိုတဲ့ Dialogue ကိုခေါ်ပေးတယ်။ ဒါပေမဲ့ သူတို့က ဘာမှပြင်ဆင်မှုမရှိဘူး။ ညီညွတ်မှုမရှိကြဘူး။ ဒါကြောင့်မို့ ကျနော် Dialogue မခေါ်တော့ဘူး။ ကျနော့်နည်းနဲ့ကျနော့်ဟန်နဲ့ဘဲ ရှေ့ဆက်လုပ်သွားမယ်” —ဆိုရင်ပြီးပြီပေါ့။ ဒါကိုကြောက်လို့ပြင်ဆင်မှုတွေအတတ်နိုင်ဆုံးလုပ်နေတာဖြစ်တယ်။ ကျနော်တို့က Dialogue ခေါ်တာ၊ ကိုယ်ခေါ် ပြီးတော့ ကိုယ်ကပြင်ဆင်မှု မရှိဘူးဆိုရင် ဒုက္ခရောက်မယ်။ ကံကောင်းလို့ နအဖက ၁၉၉၇ ကတည်းက မခေါ်တာ။ ဒါကြောင့် ပြင်ဆင်မှုတွေ၊ ဘာတွေလုပ်လာတယ်။Dialogue ဆိုတာ နိုင်ငံရေးစစ်ဆင်ရေး လုပ်ဖို့ ကျနော်တို့ခေါ်နေတာ။ ကျနော်တို့ ခေါ်နေတာက တိတိကျကျ စိန်ခေါ်မှုမရှိခဲ့ဘူး။ ဒါပေမဲ့ ပြင်ဆင်မှုတော့ရှိတယ်၊ အပြည့်အဝရှိတယ်၊ တတ်နိုင်သလောက်တော့ ပြင်ဆင်နေတာဘဲ၊ ဒါပေမဲ့ ဒီလိုစိန်ခေါ်ဖို့ Initiative အရ Specifically တိတိကျကျ စိန်ခေါ်ဖို့ဆိုတာ မဖြစ်လာဘူး။ ခေါင်းဆောင်တွေလည်း တိုက်တွန်းပါတယ်။ ဒါပေမဲ့ အခြေအနေအမျိုးမျိုးကြောင့် ဖြစ်မလာဘူး။

ဒါပေမဲ့ ဒီပဲယင်း အရေးအခင်းပြီးနောက်ပိုင်း တက်စ်ဆင်က စလုပ်လာတယ်၊ စလုပ်လာပြီးတော့ ထတ်ဆင်ပြောလာတဲ့စကားကို ခင်ညွန့်က အလိုက်သိပြီးတော့ ဆက်နင်းတာလား သို့မဟုတ် အကြံဉာဏ်တူနဲ့ လုပ်တာလားမသိဘူး။ တိတိကျကျ စိန်ခေါ်လိုက်တော့ ထတ်ဆင်ကပြေးပြီးတော့ ထောက်ခံတာဘဲ၊ ဒါတင်မကဘူး။ တရုတ်လည်း ထောက်ခံတယ်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယလည်း ထောက်ခံတယ်။ အဲလိုဖြစ်တဲ့ အခြေအနေမျိုးမှာ ကျနော်တို့ ခံစစ်ဘဲလုပ်မလား၊ တန်ပြန် ထိုးစစ်ဘဲလုပ်မလား ဆိုတာကို ဆုံးဖြတ်ဖို့ဘဲ။ ခံစစ်လုပ်မယ်ဆိုရင် ရှင်းနေပြီ၊ သိပ်လွယ်တယ်။ အားလုံး သပိတ်မှောက်ကြ၊ လက်မခံနဲ့၊ ဒီ Process ကိုလည်းမဝင်နဲ့၊ ကြေညာရင် တကမ္ဘာလုံးကို ကြေညာ။ ဘယ်သူမှ မပါဘူး။ ဘယ်သူမှ စိတ်မဝင်စားဘူး။ အဲဒါ အလွယ်ဆုံး။ ဒါပေမဲ့ အကျိုးက ဘာဖြစ်မလဲ၊ အမြတ်က ဘာရှိမလဲ။ ကျနော်တို့ပုခုံးပေါ်မှာ ကျနော်တို့လူမျိုး တတိုင်းပြည်လုံး၊ ဒီတာဝန်ကြီး ကျ လာတယ်။ ပြည်တွင်းမှာ လူထုဘယ်လောက် ဒုက္ခဖြစ်နေလဲ၊ ကျနော်တို့ ဘာလုပ်မလဲဆိုတာ ခေါင်း အေးအေးနဲ့ စဉ်းစားဖို့လိုတယ်။ Strategy ရှိလာပြီဆိုရင် ဘယ်သူက ဒီ Strategy ကို သယ်ဆောင် သွားမလဲ။ ပြီးတော့ လုပ်ဆောင်သွားတဲ့နည်း၊ နိုင်ငံရေးရှိရှိနဲ့ အထက်ထိပ်သီးကနေ ဦးဆောင်သွား မလား။

အဲဒီလို ဦးဆောင်သွားမယ်ဆိုရင် ကစားဖို့၊ ကစားတဲ့နေရာမှာ မလွတ်လပ်တော့ဘူး။ ဘာလို့လဲ ဆိုရင် ထိပ်သီးက သဘောမတူဘူးဆိုရင် အချိန်ဆွဲလို့မရဘူး၊ No ပြောရင် No ဘဲ။ Yes ပြောရင် Yes ဘဲ။ ကျနော်တို့ နောက်ထပ်တဆင့်မှာ ဒီလိုနိုင်ငံရေးကစားဖို့ အဖွဲ့တခုရှိရမယ်။ Machanism တမျိုးရှိထားမယ်ဆိုရင် Yes or No ပြောလိုက်၊ အချိန်ဆွဲလိုက်၊ အဲဒါက ကျနော်တို့ ကစားခြင်းအားဖြင့် ကျနော်တို့ခေါင်းဆောင်တွေ၊ တပ်ပေါင်းစုတွေကို တုပ်ချည်တဲ့ သဘောတူညီချက် မဖြစ်နိုင်ဘူး။ ကစားတဲ့ အဖွဲ့ကစားတုန်းပဲ၊ ဒါပေမဲ့ ဒီကစားတဲ့နည်းကို တခြားအဖွဲ့က ခေါင်းဆောင်တွေက လက်မခံဘူးဆိုရင် လက်မခံဘူး။

ENSCC တင်ပြတဲ့ Road Map က ခင်ညွန့် Road Map ကို ချိုးတဲ့သဘောဘဲ။ သူတင်တဲ့ လမ်းပြမြေပုံက ကျနော်တို့တိုင်းရင်းသား အဖွဲ့အစည်းအားလုံး ခေါင်းဆောင်အဖွဲ့အစည်း အားလုံးရဲ့ လမ်းပြမြေပုံလို့မပြောဘူး။ မဟုတ်ဘူးလို့လဲမပြောဘူး။ အဲဒါဆိုရင် တင်ပြတဲ့ လမ်းပြမြေပုံက ဓမ္မတာဘဲ။ ထူးဆန်းတာ ဘာမှမရှိဘူး။ တခြားတိုင်းပြည်တွေ အသွင်ကူးပြောင်းလာတယ်၊ ဒီအတိုင်းဘဲ သွားတာပဲ။ National Council လိုမျိုး Body ဖွဲ့တယ်။ ဒုတိယတဆင့်ဆိုရင် National Accord လုပ်တယ်။ တတိယအဆင့်ဆိုရင် Interim Arrangement နှင့် Transition Arrangement လုပ်တယ်။ ဒီလိုလုပ်ပြီးမှသာ National Convention. လုပ်သင့်တယ်။ အဲဒီ National Convention မှ Constitution လာတယ်။ လူထုရဲ့သဘောကိုယူပြီးမှ လူထုကကြိုက်တယ်ဆိုရင် ၁၉၇၄ ခုက Referendum လိုမဟုတ်ဘဲနဲ့တကယ့်စစ်မှန်တဲ့ Referendum လုပ်သွားပြီးမှ ရွေးကောက်ပွဲလာ မယ်။ အဲဒါကြောင့် ကျနော်တို့ ENSCC ရဲ့ Road Map က ထူးခြားတဲ့ လမ်းပြမြေပုံ လည်းမဟုတ်ဘူး၊ တနည်းအားဖြင့် ခင်ညွန့် လုပ်တာမမှန်ဘူး၊ ပထမအဆင့်မှာ National Convention လုပ်နေတယ်။ ဘယ်သူမှပါဘူး၊ Inclusive မဖြစ်ဘူး စသည်ဖြင့်တော့ ထောက်ပြထားပါတယ်။ ENSCC ရဲ့ Road Map က တခြားအဖွဲ့အစည်း၊ တခြားခေါင်းဆောင် လက်ခံနိုင်တဲ့လမ်းပြမြေပုံ မဟုတ်ဘူး။ ဒါပေမဲ့ တန်ပြန်ထိုးစစ်ဆင်တဲ့အနေနဲ့ — နိုင်ငံရေးစစ်ဆင်ရေး လက်နက်တခုအနေနဲ့ — နိုင်ငံရေးအရတင်ပြခြင်း ဖြစ်ပါတယ်။ ■

## ၅း၁။ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်ကြီးတာမလာဘော၏ အဖွင့်မိန့်ခွန်း

# အခန်း (၅)

## လက်ရှိနိုင်ငံရေးအပေါ် သုံးသပ်ချက်များ

## **KNU** နှင့် **KNPP** တို့၏အခြေအနေ

## ၅း၁။ အလှည့်ကျသဘာပတိဗိုလ်ချုပ်ကြီးတာမလာဘော၏အဖွင့်မိန့်ခွန်း



ဗိုလ်ချုပ်ကြီးတာမလာဘော

နောက်ခံသမိုင်းကြောင်း

ကြွရောက်လာကြတဲ့ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်ကြီးများနှင့်တကွ ဖိတ်ကြားထားတဲ့ မဟာမိတ်ခေါင်းဆောင်များတို့ကို ကျနော်တို့ အမျိုးသားနီးနှောဖလှယ်ပွဲမှာ တွေ့ဆုံရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ အဲဒီတော့ ကျနော်ပြောချင်တာကတော့ ကျနော်တို့အခုလို လုပ်ရတဲ့ ဒီ နီးနှောဖလှယ်ပွဲဟာ ကျနော်တို့လူမျိုးစုတွေရဲ့ စည်းလုံးညီညွတ်ရေးကို ကျနော်တို့ ခိုင်ခိုင်မာမာတည်ဆောက်နိုင်ဖို့နဲ့ ကျနော်တို့ရဲ့ ရည်ရွယ်ချက်တွေကို စုစုစည်းစည်းညှိနှိုင်းပြီး တခုတည်းဖြစ်သွားအောင်ကြိုးပမ်းဖို့လို့ ကျနော်တို့နားလည်တယ်။ အဲဒါမှလည်း ကျနော်တို့ ဒီလူမျိုးစုတွေရဲ့ ရသင့်ရထိုက်တဲ့ တရားမျှတတဲ့ အခွင့်အရေးကို ရနိုင်မယ်လို့ ကျနော်အဲဒီလိုပဲ ယုံကြည်တယ်။ ကျနော် တို့ဟာက အကွဲကွဲအပြားပြားဖြစ်နေမယ်ဆိုရင် ကျနော်တို့ရည်မှန်းထားတဲ့ လူမျိုးစုတွေရဲ့ တရားမျှတ တဲ့ အခွင့်အရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ အခွင့်အရေးတွေဟာ အလွန်ပင် ခက်ခဲသွားမှာဖြစ်တယ်။ ကျနော်တို့ ညီညွတ်ရေးတည်ဆောက်တဲ့နေရာမှာ စဉ်းစားစရာတခုရှိတာက ကျနော်တို့ ဒီအခြေအနေ မတူတဲ့အပိုင်းတွေပေါ်မှာ တူညီရအောင် ဘယ်လိုညှိနှိုင်းလုပ်ဆောင်သွားကြမလဲဆိုတာကို ညှိနှိုင်းလုပ်ဆောင်သွားဖို့ ဖြစ်တယ်။ ဘာဖြစ်လဲဆိုတော့ ကျနော်တို့လူမျိုးစုတွေမှာ ဒီ နအဖနဲ့ လွန်ခဲ့တဲ့ လေး၊ ငါး၊ ဆယ်နှစ်တုန်းက အပစ်ခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းတွေနဲ့ ကျနော်တို့လူမျိုးစုတွေနဲ့ ပြန်ဆက်စပ်မှု၊ ဆက်စပ်တဲ့နေရာမှာ ဘယ်လိုမျိုးဆက်စပ်မလဲ လူမျိုးစုတွေအခွင့်အရေးကို ရန်သူဆီက ကျနော်တို့တခုတည်းဖြစ်သွားအောင် ဘယ်လိုတောင်းဆို တိုက်ပွဲဝင်သွားမလဲ ဆိုတာ ဒီနေရာမှာ လုပ်နည်းလုပ်ဟန် နှစ်မျိုး ဖြစ်သွားနိုင်တယ်။

ဒီတော့ ကျနော်တို့ အတွင်းဘက်မှာရှိနေတဲ့ လူမျိုးစုတွေနဲ့ ကျနော်တို့အပြင်ဘက်မှာရှိနေတဲ့ လူမျိုးစုတွေအကြား ဘယ်လိုနားလည်မှုတည် ဆောက်ကြမလဲ ဆိုတာကို ဒီ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲမှာ ညှိပြီးလုပ်သွားကြရမှာ ဖြစ်တယ်။ ကျနော်တို့ လုပ်နည်းလုပ်ဟန်၊ စုစည်းပုံ စုစည်းနည်း တခြားစီရှိပေမဲ့ ကျနော်တို့ဒီလိုလားတဲ့ ဟာတွေကတော့ ကျနော်တို့တစီးထဲ ၊ တသံထဲ ဖြစ်ဖို့ တိုက်တွန်းချင်တယ်။ အဲဒါလုပ်လဲ လုပ်ကြရမယ်။ အဲဒါကြောင့်မို့ ဒီနေ့မှာ ကျနော်တို့ရည်မှန်းထား တဲ့ လူမျိုးစုတွေရဲ့ အခွင့်အရေးတွေကိုရရှိဖို့အတွင် ကျနော်တို့တတွေရဲ့ အခြေအနေတွေမတူလင့်ကစား၊ တိုက်ပုံတိုက်နည်းကွဲလင့်ကစား ညီညွတ်ရေးနှင့် စုစည်းရေးကို ဦးတည်တည်ဆောက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ■

## ၅း၂။ KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာမှ လက်ရှိနိုင်ငံရေးအခြေအနေကို တင်ပြရှင်းလင်းခြင်း


ပဒိုမန်းရှာ

လေးစားအပ်သော သဘာပတိနှင့် ခေါင်းဆောင်များ ခင်ဗျား — ဒီအကြောင်းအရာမှာ သူတို့ရေးထားတာက ဒီအကြောင်းအရာ ကို KNU က ဦးဆောင်ဆွေးနွေးဖို့ဖြစ်ပါတယ်။ သို့သော်လည်း ကျနော်ပြောချင်တာကတော့ ဒီအကြောင်းအရာကို ကျနော်တို့က ဦးဆောင်ဆွေးနွေးတာ မဟုတ်ဘဲနဲ့ ကျနော်တို့သဘောထား ကျနော်တို့မြင်တာကို ကျနော်တို့မြင်တဲ့အတိုင်း တင်ပြတဲ့ သဘောပဲ ဖြစ်ပါတယ်။ နောက်အကြောင်းအရာနဲ့ ပတ်သက်လို့ အကျယ်အဝန်းကလည်း ဘယ်လောက်ကျယ်ဝန်းတယ် ဆိုတာ ကျနော်ကသိပ်မသိဘူး။ သို့သော်လည်း အကြောင်းတရားအား ဖြင့် Picture ထဲမှာ (ပုံကားချပ်တခုထဲမှာပေါ့) ထည့်သွင်း စဉ်းစားရမဲ့ကိစ္စတချို့ကို နည်းနည်းလေးတင်ပြသွားမှာ ဖြစ်ပါတယ်။

တခုက ဘာလဲဆိုတော့ ယနေ့ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်မှာရှိနေတဲ့ အဓိကဇာတ်ကောင်ဖြစ်တဲ့ နအဖ အကြောင်းကို ကျနော်နည်းနည်း တင်ပြချင်ပါတယ်။ အခု နအဖနဲ့ ပတ်သက်တာကတော့ အားလုံးသိတဲ့ အတိုင်းပဲ၊ ဒါက မဟာဗမာလူမျိုးရေးဝါဒကို စွဲစွဲမြဲမြဲကိုင်ဆောင်လာတဲ့ အာဏာရှင်စနစ်ကိုလည်းပဲ စွဲစွဲမြဲမြဲ ကိုင်ဆောင်လာတဲ့ အဖွဲ့တခုဖြစ်တယ်။ ယနေ့အထိ သူတို့နဲ့ ကျနော်တို့ အကြားမှာ ရန်ဘက်ဖြစ်နေတဲ့ အနေအထားကို ကျနော်တို့က ကြိုးစားပမ်းစားပြောင်းဖို့ ကြိုးစားပေမဲ့ ယနေ့ရန်ဘက်အနေအထားကနေပြီးတော့ အခုထက်ထိပြောင်းလို့ မရသေးဘူး။ ရန်ဘက် အနေထား ကနေပြီးတော့ မိတ်ဘက်အနေထားဖြစ်အောင်ဆိုရင်တော့ နိုင်ငံရေးအရတူတဲ့ ကျနော်တို့အကြားမှာ တူညီတဲ့အရာ တခုခုရှိရမယ်။ အဲဒီအနေအထား ရောက်ပြီဆိုရင်တော့ ကျနော်တို့က မိတ်ဘက် အနေအထား ရောက်သွားမယ်။ သို့သော်လည်းပဲ ယနေ့ ရန်သူအနေအထားကတော့ နဂိုမူလအတိုင်း ရွေ့လျားခြင်းမရှိဘူး။ ကျနော်တို့က Dialogue တောင်းတယ်။ သူတို့က Dialogue မလုပ်ချင်ဘူး။ UNကနေစပြီးတော့ International Community နဲ့ ပြည်တွင်းအထိ အားလုံးက Dialogue တောင်းတယ်။ သူတို့က တကယ့် Dialogue မလုပ်ချင်ဘူး။ Tripartite Dialogue ဆိုတာ သာပြီးတောင်ဝေးသေးတယ်။ ကျနော်တို့ရတဲ့ သတင်းအရဆိုရင် Tripartite Dialogue လုံးဝ မလုပ်ချင်ဘူး။ အဲဒီအခြေအနေရှိတယ်။ သူတို့က ဘာလဲဆိုတော့ နိုင်ငံရေးလုပ်ချင်ရင် National Convention မှာ သွားလုပ် ဆိုတဲ့ဟာမျိုးတွေ ပြောတယ်။ ဒီနေ့သူ့ Road Map နဲ့ NC ဆိုတာ Dialogue ကိုရှောင်ရှားလိုက်ဖို့အတွက် ပုတ်ချလိုက်ဖို့အတွက် သူတို့လုပ်ထားတဲ့ဟာ ဖြစ်တယ်။ အဲဒါ သူတို့အခုသွားနေတဲ့နိုင်ငံရေး၊ သူတို့က အာဏာရှင်စနစ် ခိုင်မြဲရေးကို သွားတုန်းပဲ အာဏာရှင် စနစ်တရားဝင်ဖြစ်ရေးကို သွားနေတာဖြစ်တယ်။

နောက်စစ်ရေးနဲ့ ပတ်သက်လို့ကတော့ သူတို့အနေနဲ့ကတော့ သေနတ်တချက်မှ မဖေါက်ပဲနဲ့ အဖွဲ့ (၁၇) ဖွဲ့ကို သူက သူ့လက်အောက်ကိုသွင်းနိုင်တယ်ဆိုလည်း မမှားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဖွဲ့အစည်းတွေက သိပ်ပြီးတော့ နိုင်ငံရေးအရ လွတ်လပ်မှုမရှိဘူး။ သူ့ဩဇာကို သိပ်မလွန်ဆန်နိုင်ဘူး။ သူ့ကိုကြောက်နေရတဲ့ သဘောရှိတယ်။ တချို့အဖွဲ့အစည်းဆိုရင် တော်တော်ကြောက်တယ်။ မကြောက်တဲ့ အဖွဲ့အစည်းက (၁) ဖွဲ့ (၂) ဖွဲ့ပဲရှိတယ်။ မကြောက်ရင်တောင်မှ နေ့စဉ်ချဉ်းကပ်ရတဲ့ သဘောရှိတယ်။ ဒါကြောင့်မို့ သူတို့အဲဒီအခြေအနေရှိတယ်။ ဒါတခုပေ့ါ။ နောက်တခုကတော့ ကျန်တဲ့အပိုင်းတွေမှာ သူ့စစ်ရေးအင်အားတွေကို တိုးချဲ့ပြီးတော့ ကျနော်တို့ကို တိုက်နေရတယ်ဆိုပေမဲ့ တဖက်က ကြည့်မယ်ဆိုရင် တပ်အင်အားကြီးတယ်လို့ယူဆရပေမဲ့လို့ တပ်တွေက တအားအလုပ်များနေတယ်။ ပညာရေးလုပ်ငန်းတွေလဲ သူတို့ဘဲလုပ်ရတယ်။ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေးကအစ သံတမန်ရေးအဆုံး သူ့တပ်မှူးဟောင်းကြီးကိုပဲ သူတာဝန်ပေးပြီးတော့ သံအမတ်တွေ ခန့်နေရတယ်။ အဲဒါမျိုးတွေဖြစ်နေတဲ့အခါကျတော့ စစ်ရေးမှာသူတို့က စစ်မြေပြင်မှာဘဲဖြစ်ဖြစ် သူတို့က ကျန်တဲ့အလုပ်တွေကို မနိုင်မနင်း ဖြစ်နေတယ်။ ယန္တရားကိုထိမ်းသိမ်းဖို့အတွက် အခက်အခဲ ရှိတယ်။ အဲဒါတခု ကျနော်တို့ မြင်ရတယ်။ နောက် စစ်တပ်ဆိုလို့ရှိရင်တော့ ကလေးစစ်သားတွေ အများကြီးဖြစ်နေတယ်။ မနေ့တနေ့ ကလေးစစ်သားတယောက် ထပ်ရောက်လာတယ်။ မနှစ်တုန်းက ကျနော်တို့ဆီမှာ ကလေး (၄) (၅) (၁၀) ယောက်လောက် ရောက်လာတယ်။ မနေ့တနေ့က ရောက်လာတဲ့ ကလေးဆိုရင် တော်တော်ငယ်ပါသေးတယ်။ သူတို့ သင်တန်းတက်တဲ့အချိန်မှာ သင်တန်းသား (၂၅၀) လောက်ဟာ တဝက်လောက်က ကလေးတွေဖြစ်နေတယ်။ စစ်မြေပြင်မှာလည်းပဲ (၁၈) နှစ်အောက်က တဝက်နီးပါးလောက်ရှိတယ်။ သုံးပုံတပုံလောက်ရှိတယ်။ ဒါကြောင့် ဒါတွေက စစ်ရေးဖက်မှာ အဲဒီလိုရှိတယ်။ တပ်တွေကိုလည်း မထောက်ပံ့နိုင်ဘူး။ တပ်တွေကလည်းရှေ့တန်းမှာ လုစားနေရတယ်။ တိုက်စား နေရတယ်။ ဒါမျိုးတွေဖြစ်နေတယ်။ အမိန့်ဩဇာနာခံမှုမှာလည်း တော်တော်အားနည်းလာတာကိုလည်း ကျနော်တို့တွေ့ရတယ်။ ဒါတွေကို ကျနော်တို့ စစ်ရေးဘက်မှာ ဖက်တဖက်က သူ့အင်အား ကိုယ့်အင်အားကြီးမှားပါတယ်ဆိုတဲ့ အခြေအနေကို ပြချင်လို့ နိုင်ငံခြားက လက်နက်ကြီးတွေ တင့်ကားတွေ လေယဉ်ပျံတွေ သင်္ဘောတွေ အများကြီးပဲ ဝယ်လာတာကိုတွေ့ရတယ်၊ အဲဒါကတော့ သူတို့စစ်ရေးတည်ဆောက်ပုံတွေ ဖြစ်ပါတယ်။

နောက်တကြိမ် စီးပွါးရေးနဲ့ ပါတ်သက်လို့ကတော့ တော်တော်လေး အခြေအနေဆိုးပါတယ်။ မနေ့တနေ့တုန်းက ကျနော်တို့စီးပွါးရေး လုပ်ငန်းကိုလုပ်တဲ့ လူတယောက်ကို တွေ့တဲ့အခါကျတော့ သူပြောတာက Gas Pipeline နဲ့ပါတ်သက်လို့ တနှစ်ကို ဒေါ်လာငွေ သန်းပေါင်း (၈၀၀) လောက်ရတယ်။ ဒါက နိုင်ငံခြားဝင်ငွေ စုစုပေါင်းတဝက်လို့ ပြောတယ်။ အဲလိုဖြစ်တဲ့ အခါကျတော့ နိုင်ငံခြားဝင်ငွေဟာ အားလုံးပေါင်းမှ ကုန်သွယ်မှုပမာနဟာ ဒေါ်လာသန်းပေါင်း (၁၅၀၀–၁၆၀၀) လောက်ပဲဆိုတော့ ဗမာပြည်လို တိုင်းပြည်တပြည်အနေနဲ့အတော့်ကို အခက်ခဲရှိပါတယ်။ ကျန်တဲ့ ကုန်ထုတ်လုပ်မှုတွေကတော့ တော်တော်လေးကို ပြဿနာရှိပါတယ်။ Investment တွေမလုပ်ဖို့ သူများတွေ Sanction လုပ်တဲ့အခါကျတော့ နိုင်ငံခြားဝင်ငွေရှိဖို့ အခက်အခဲရှိနေတယ်။ လယ်သမားတွေလည်း အခုစာတင်နေပြီ တဖွဲ့ပြီးတဖွဲ့ တသုတ်ပြီးတသုတ် သူတို့သည်းမခံ နိုင်တော့ဘူးလို့ ပြောတယ်။ အကယ်၍ နိုင်ငံခြားကို စပါးရောင်းချခွင့် မရဘူး ဆိုလို့ရှိရင် သူတို့စပါးမစိုက်တော့ဘူး။ တခြားပြောင်းစိုက်တော့မယ်လို့ပြောလာကြတယ်။ ဒါပြဿနာကြီးဘဲ ဖြစ်လာတယ်။ ဘဏ်ပြဿနာ

ဒီနေ့အထိ ပြန်ကောင်းလာသေးတာ မဟုတ်ဘူး။ အဲဒီအခြေအနေတွေ ရှိတယ်။
ငွေကြေးလဲ့နှုန်းမှာ အကြီးအကျယ် ထိုးကျမသွားအောင် မနည်းထိန်း ထားရတယ်။ ဒါ စီးပွါးရေးဘက်မှာ ကျနော်မြင်နေရတဲ့ အပိုင်းပေ့ါ။

နောက်သံတမန်ရေးနဲ့ ပါတ်သက်လို့လည်း အခြေခံအားဖြင့်ကောင်းလာပြီလို့ ပြောလို့လည်း မရသေးဘူး။ ဘယ်လိုဘဲဖြစ်ဖြစ်ပေ့ါလေ တဖက်ကကြည့်မယ်ဆိုရင် အင်အားကြီးတယ်လို့ ကျနော် ယူဆရပေမဲ့ ၁၉၄၈ ခုနှစ်ကနေပြီး ဒီနေ့အထိ ဗမာပြည်မှာ တက်လိုက်ပြုတ်ကျလိုက် တက်လိုက်ပြုတ်ကျလိုက်ဆိုတဲ့ အဖွဲ့အစည်းအားလုံးနဲ့ နှိုင်းယှဉ်မယ်ဆိုရင် နအဖစစ်အစိုးရဟာ အင်အားအနည်းဆုံးလို့ပြောလို့ရပါတယ်။ ဒါကတော့ ကျနော်တို့မြင်ရတဲ့ကိစ္စ တခုပေ့ါလေ။

နောက်တခုက ဒီမိုကရေစီအင်အားစု အခြေအနေနှင့်ပတ်သက်လို့ ကျနော်တို့မြင်ရတဲ့ကိစ္စ တခုကို တင်ပြချင်ပါတယ်။ ယခုက NLD ကရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ပါတီဖြစ်ပါတယ်။ သို့သော်လည်းပဲ စုပ်ပြတ်သပ်အောင် တိုက်ခံနေရဆဲပဲ ဖြစ်တယ်။ တခုကောင်းတာက ဘာလဲဆိုတော့ NLD တွေ စိတ်ဓါတ်မကျဘူးဖြစ်နေတယ်။ ပြန်လည်ဖွဲ့စည်းထားသည့် ခေါင်းဆောင်များဟာ သူတို့ရပ်တည်ချက်တွေဟာ နောက်မဆုတ်ဘူး။ ရပ်တည်ချက်တွေကတော့ တော်တော်ကောင်းတယ် လူငယ်အဖွဲ့စည်းတို့တွေ အမျိုးသမီးတွေဟာ တော်တော်လေးကို ရပ်တည်ချက် ခိုင်မာတယ်။ အဲဒီလိုဖြစ်နေတဲ့ခါကြတော့ NLD အခြေအနေက တဖက်ကအတင်းအကြပ် တိုက်ခံနေရပေမဲ့လို့ တဖက်က အတော်ခိုင်ခိုင်မာမာရပ်တည်နေပါတယ်ဆိုတာ ကျနော်တို့တွေ့ရပါတယ်။ ဒါနဲ့ ဆက်စပ်ပြီးတော့ CRPP ကလည်း အခိုင်အမာရပ်တည်နေပါတယ်။ ဦးအေးသာအောင်တို့ အင်တာဗျူးလုပ်တဲ့အခါမှာ အံ့သြစရာကောင်း လောက်အောင် သူ့ရပ်တည်ချက်က ခိုင်မာနေတာ ကျနော်တို့တွေ့ရတယ်။ နောက်ပြီးတော့ ဝါရင့်နိုင်ငံရေးသမားတွေရဲ့ ရပ်တည်ချက်တွေ ကြည့်မယ်ဆိုရင်လည်း အင်မတန်အထိုက်အလျောက် ကောင်းပါတယ်။ သူတို့က နအဖနဲ့ ပူးပေါင်းရေးဆိုတဲ့လိုင်းမဟုတ်ဘဲနဲ့ ဆန့်ကျင်တဲ့လိုင်းတွေ သူတို့ရပ်တည်ပြီးနေတယ်။ နောက်တခုက မြေအောက် အဖွဲ့အစည်းတွေ အများကြီးရှိတယ်။ နိုင်ငံရေးပါတီအားလုံး (၂၀၀) ကျော်ရှိတယ်၊ အဲဒီအထဲမှာ (၁၀) ပါတီဘဲ တရားဝင် ကျန်ရှိခဲ့ပြီးတော့ ကျန်တဲ့ပါတီတွေဟာ မြေအောက်ပါတီတွေဖြစ်သွားတယ်။ တချို့ကပျက်သွားတယ်။ တချို့က မြေအောက်ပုံသဏ္ဍာန်နဲ့ လှုပ်ရှားနေတာတွေ့ရတယ်။ အဲဒီလိုဖြစ်တော့ နိုင်ငံရေးပါတီ အဖြစ်ဆက်လက်ပြီးတော့ တည်ရှိနေတယ်။ သူတို့ဟာ မြေအောက်ပါတီမြေအောက်တိုက်ပွဲ ပုံစံလုပ်နေတယ်။ သူတို့က လူထုလူတန်းစား အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီးတော့ သူတိုကြိုးစားနေတာတွေ့ရတယ်။

နောက်တခုက ဒီတလအတွင်းမှာဘဲ အလုပ်သမားတွေ၊ လယ်သမားတွေ၊ ကျောင်းသားတွေ၊ ရဟန်းသံဃာတွေ အားလုံးအဖမ်းခံရတယ်။ နောက်တခု ကျောင်းသားတွေလည်းဘဲ သူတို့ရဲ့ လှုပ်ရှားမှုဟာ ပြင်ဖက်မှာ မတွေ့ရပေမဲ့ ကျောင်းသားတွေ တော်တော်ခွဲထားတာရှိတယ်။ အခု တက္ကသိုလ်တွေက ခရိုင်အဆင့်ရှိတဲ့နေရာတွေမှာ ဖွင့်လှစ်ထားပါတယ်။ ကျောင်းသားတွေကို ခွဲထားပစ်လိုက်တယ်။ သူတို့ကျောင်းသားတွေကို ကြောက်နေတယ်။ ဥပမာ ခရိုင်အဆင့်ရှိတဲ့နေရာမှာ တက္ကသိုလ်ဆောက်နေတယ်။ အဲဒီလိုဖြစ်နေတဲ့အခါဆိုတော့ ကျောင်းသားတွေကို သူတို့စိုးရိမ် နေရပါတယ်။ နောက်တခုကတော့ ဘာလဲဆိုတော့ အလုပ်သမားတွေ လယ်သမားတွေ ဆိုလို့ရှိရင်လည်း

ဒီအတိုင်းဘဲ အလုပ်သမား လယ်သမားတွေကို တနှစ်စာ တနှစ်စာ ရပ်တည်နိုင်ဖို့ဘဲပေးတယ်။ ရန်ကုန်မှာသွားမယ် ဆိုလို့ရှိရင်လည်း တကယ်ရပ်တည်တဲ့အခါမှာ ပိုပြီးတော့သိတယ်။ အပေါ်ယံကတော့ ကျနော်တို့ကြည့်တဲ့အခါ မင်္ဂလာဒုံလေယာဉ်ကွင်း ကနေပြီးတော့ ရန်ကုန်မြို့အထိ အရင်တုန်းကလို မဟုတ်ဘူး။ လမ်းတွေကို ကျကျနန ခင်းထားတယ်။ ထုံးတွေဘာတွေ သုတ်ထားတယ်။ ကြီးကြီးကျယ်ကျယ် အခမ်းအနားတွေ တိုက်တာအဆောက်အအုံ တလုံးစ နှစ်လုံးစတွေ့ရတယ်။

နိုင်ငံခြားအမြင်မှာ ကောင်းအောင်ပေ့ါ။ ဒါပေမဲ့ အတွင်းဘက်မှာဆိုလို့ရှိရင် အင်မတန်မှ စိတ်ပျက်ဖွယ်ရာ ကောင်းပါတယ်။ အထူးသဖြင့် ကျနော်တို့ ဒီလုပ်ငန်းတွေလုပ်တဲ့အခါမှာ ထွက်လာတဲ့ သတင်းတွေ လူထုတွေ တိုက်အမြင့်ကြီးမှာ ဆောက်ထားပေမဲ့ ရေတင်လို့မရဘူး၊ လျှပ်စစ်ပါဝါ ကောင်းကောင်းမရဘူး၊ နောက်ပြီးတော့ ကျနော်တို့ Email တို့၊ ဖုန်းတို့ဆိုတာကလည်း ဖုန်းတလုံးတလုံး ဆိုလို့ရှိရင် သူ့ကိုပေးနေရတာ နည်းတာမဟုတ်ဘူး သိန်း နဲ့ ချီပြီးတော့ ပေးနေရတယ်။ တခြားနိုင်ငံတွေမှာ ကလေးတွေကအစ ဖုန်းတွေ သုံးနိုင်ကြတယ်။ အဲဒီလို ဖြစ်နေတဲ့ အခါကျတော့ လူထုတွေရဲ့ မြင်ကွင်းထဲမှာ လူထုတွေရဲ့ အသိစိတ်ထဲမှာ အဲဒါတွေရှိနေတယ်။ နောက်တခုက လယ်သမားတွေက ခုနပြောသလိုဘဲ တော်တော်အခြေအနေဆိုးနေတယ်။ အဲဒီ ဆန်ကိစ္စ ဆန်က မနှစ်ကကျနော်တို့ ဆန်ရောင်းတဲ့အခါကျတော့ ဆန်တင်း (၁၀၀) ကိုတသိန်းခွဲရောင်းပြီး ဒီနှစ်ဆိုလို့ရှိရင် ခြောက်သောင်းဘဲပေးတယ်။ တသိန်းခွဲပေးတာ အကြွေးတောင်မကျေဘူး။ ဒီတော့လယ်သမားတွေမတ်ပဲတွေပြန်စိုက်တယ်။ မတ်ပဲတွေပြန်စိုက်တော့ ရတဲ့ငွေတွေနဲ့ တာဝန်ကျေစပါးဖိုးပေးရတယ်။ ဒီနှစ်မှာအဲဒီလိုလုပ်ရတယ်။ ဒီလိုဆိုတော့ လယ်သမားတို့ အုပ်စုဖွဲ့ပြီးတော့ လက်မှတ်ထိုးလာ တာမနည်းတော့ဘူး၊ သူတို့အနေနဲ့ သူတို့ အခြေအနေက အင်မတန် ဆိုးနေတာကို သိနေကြရတယ်။

နောက်တခုကတော့ သာမန်လူထုတွေရဲ့ အခြေအနေကို သိတဲ့အတိုင်းဘဲ တော်တော်ဆိုးတယ်။ ခု ဒီ ထိုင်းဖက်မှာ ပိတ်ပင်တားဆီးတဲ့ကြားထဲမှာ ထိုင်းဖက်မှာတိုးဝင်လာတဲ့သူတွေရှိတယ်။ တနှစ်တနှစ်ပျမ်းမျှ ဦးရေ နည်းတာမဟုတ်ဘူး။ အဲလိုသွားနေတယ် အဲတော့ လူတွေအသတ်ခံ နေရတယ်။ မနှစ်တုန်းကလည်း အကြီးအကျယ် အသတ်ခံနေရတယ်။ အုပ်စုလိုက် အုပ်စုလိုက် ရှိနေတယ်။ ၂၇ယောက်တတွဲ ၁၇ယောက်တတွဲ ဟိုး ကမ္ဘောဒီးယား နယ်စပ်ဖက်မှာ ၁၇၊ ၁၈ ယောက်တတွဲ ဒါတွေဟာ မီဒီယာထဲမှာထွက်နေတာ တွေ့ရတယ်။ တချို့က အသတ်ခံရပြီးတော့ ပင်လယ်ထဲမှာ ပျောပစ်လိုက်တာတွေရှိတယ်။ အဲဒါတွေက ပြည်သူတွေဟာ အခြေအနေတော်တော် ဆိုးလို့ ရရာအလုပ်ထွက်ရှာရင်းနဲ့ သူတို့ဘဝဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ကိစ္စတွေဖြစ်တယ်။ ဒါက ဒီနေ့ ပြည်သူတွေရဲ့ အခြေအနေတွေဖြစ်တယ်။ ဒါကြောင့် ပြည်သူတွေက အခုလက်ရှိရှိနေတဲ့ စစ်အာဏာရှင်စနစ်ကို ထောက်ခံမှု လုံးဝမရှိပါဘူး၊ အဲဒီ အခြေအနေမှာ ရှိနေတယ်။ နောက်တခုက ဘာလဲဆိုတော့ ပြည်ပမှာရောက်ရှိနေတဲ့ အဖွဲ့အစည်းတွေကလည်း ဒီပဲယင်းကိစ္စပြီးတဲ့ နောက်မှာ ပိုပြီးတော့ ညီညွတ်လာတယ် အစတုန်းကတော့ အဖွဲ့အစည်းတွေက အများ ကြီးရှိတယ်။

အဖွဲ့အစည်းတွေဟာ နှစ်ဆယ်သုံးဆယ်လောက် ရှိတယ်။ အဲဒီ အဖွဲ့အစည်းတွေဟာ တဖွဲ့နဲ့တဖွဲ့ ကုတ်ကြကိုက်ကြ တိုက်ကြခိုက်ကြနဲ့ အဆင်မပြေဘူး။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ညီလာခံတွေ လုပ်ကြရင်းနဲ့ တူညီတဲ့အခြေခံ နိုင်ငံရေးလုပ်ငန်းတွေချမှတ်ကြနဲ့ အများကြီးညီညွတ်လာတယ်။ နောက်တခုကတော့ အမေရိကမှာရောက်ရှိနေတဲ့ အဖွဲ့အစည်းတွေက မနှစ်တုန်းက အစည်းအဝေး

လုပ်တယ်။ အဖွဲ့အစည်းအားလုံးပေါင်း (၃၃) ဖွဲ့ တက်တယ်။ သူတိုချလိုက်တဲ့ Resolution အင်မတန်ကောင်းတယ်လို့ ကျနော်တို့ထင်တယ်။ အခုဆိုတော့ ပြည်တွင်းမှာ NLD ဝိုင်းရံ နေတယ်။ တော်လှန်ရေးနယ်ပယ်မှာ ဆိုလို့ရှိရင်တော့ NCGUB နဲ့ NCUB ဝိုင်းရံနေတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ လက်ရှိတိုက်ပွဲတွေကို ရောက်နေတဲ့နေရာကနေပြီးတော့ လုပ်ဆောင်နိုင်ဖို့ ပြီးတော့ အစီအစဉ်တွေ ချမှတ်နိုင်ဖို့ လုပ်လာတာရှိတယ်။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ လှုပ်ရှားမှုကို သူတို့အတတ်နိုင်ဆုံးကူညီမယ်ဆိုတဲ့ Resolution ချတယ်။ အဲဒါ အင်မတန်ကောင်းတယ်လို့ ယူဆတယ်။ ဒါဟာဒီမိုကရေစီအင်အားစုတွေရဲ့အခြေအနေတွေဖြစ်တယ်။ နောက်တခု ကျနော်တို့ လူမျိုးစုတွေနဲ့ ပါတ်သက်တာကတော့ အများကြီး ကျနော်တို့ကွဲနေတယ်။ တခုကတော့ ဘာလဲဆိုတော့ အတွင်းမှာရှိတဲ့အင်အားစု ဉပမာ UNLD သူဘာမှ သိပ်မလုပ်နိုင်ဘူး။ ဒါပေမဲ့ နိုင်ငံရေးရပ်တည်ချက်တော့မစွန့်လွှတ်ဘူး။ နောက်တခု UNA, SNLD, ZNC ဒီလို အဖွဲ့တွေပေါ့၊ ဒီလိုအဖွဲ့အစည်း တွေဟာနိုင်ငံရေးလှုပ်ရှားမှုတွေ များများမလုပ်နိုင်ဘူး။ သို့သော်လည်းဘဲ နိုင်ငံရေးရပ်တည်ချက်တွေသိပ်ကောင်းတယ်။ မနေ့တနေ့တုန်းက လက်ရှိ နိုင်ငံရေးအခြေအနေနဲ့ ပါတ်သက်ပြီး UNLD ကထုတ်လိုက်တဲ့ ထုတ်ပြန်ချက်တွေ အင်မတန်ကောင်းတယ်။ လက်ရှိ နအဖရဲ့ လမ်းပြမြေပုံကို တချက်မှလက်မခံဘူး။ နောက်အမျိုးသားညီလာခံ လုံးဝလက်မခံဘူး။ ဒါအတိအလင်းဘဲ။ ဒါက နအဖ လက်အောက်မှာရောက်နေတဲ့ အဖွဲ့တွေကို အချိန်မရွေးဖမ်းဆီးပြီးတော့ အချိန်မရွေးသတ်ပစ်လို့ရတယ်။

မနေ့တနေ့တုန်းက အားကစားဂျာနယ်တခုမှာ အလုပ်လုပ်တဲ့ လူတယောက်ကနေပြီးတော့ သူများတွေက အားကစားအတွက် ဒေါ်လာ လေးသန်း လာကူညီတယ်။ ဒီ ဒေါ်လာလေးသန်းကို အားကစားဖက်မှာမရောက်ဘဲ ဘယ်မှာရောက်သလဲဆိုပြီးတော့ နည်းနည်းစာရေးမိတာနဲ့ သေဒဏ်ကျသွားတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းမှာဆိုရင် အချိန်မရွေး အသတ်ခံနိုင်တယ်။ အချိန်မရွေး အဖမ်းအဆီးခံ ရနိုင်တယ်။ အချိန်မရွေးဖမ်းဆီးပြီးတော့ နှိပ်စက်ခံရနိုင်တယ်။ နှိပ်စက်ခံ ရရင်လည်း တိရစ္ဆာန်လိုဘဲ နှိပ်စက်ခံရတယ်။ သိပ်ဆိုးတယ်။ ကြားကနေပြီးတော့ ခုနလိုမျိုး UNLD တို့ သူတို့ ရဲရဲရင့်ရင့်ထုတ်ပြန်တိုက်တယ်။ နိုင်ငံရေးအမြတ်ရရှိတယ်။ နောက်တခု UNA လဲ အဲဒီအတိုင်းဘဲ ရပ်တည် ချက်လဲအဲဒီအတိုင်းဘဲ လမ်းပြမြေပုံတို့ အမျိုးသားညီလာခံတို့ လက်မခံနိုင်ဘူးဆိုတာ ထုတ်ပြန်တယ်။ SNLD လည်းဒီတိုင်းဘဲ ခွန်ထွန်းဦး ဆိုရင်လည်း မေးမြန်းခန်းလုပ်တာ သုံးကြိမ်တိုင်တိုင်ရှိပြီ။ ထပ်ခါတလဲလဲပြောတယ်။ ဒီမှာတက်ရင် ကျနော်တို့ သမိုင်းတရားခံ ဖြစ်မယ်။ ဒါ အတွင်းမှာရှိတဲ့ကျနော်တို့လူမျိုးစုတွေရဲ့ နိုင်ငံရေးရပ်တည်ချက် တွေဖြစ်တယ်။ နောက်တခုက ဘာလဲဆိုတော့ဦးကျင်းရှန်ထန်ဆိုတာ ခွန်းမာတ်ရ်ကိုဘန် ကောင်းကောင်းသိတယ်။ ဒီပုဂ္ဂိုလ်ဟာ အင်မတန်မှဘဲနိုင်ငံရေးရပ်တည်ချက် ကောင်းတယ်။ အဲဒီအဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်တွေ ကောင်းတယ်။ လူထုတွေနဲ့ ပါတ်သက်လာရင် အခုကျနော်တို့သိရတဲ့ လူထုတွေကပိုပြီးတော့ ရဲရင့်လာတယ်။ မနေ့တနေ့တုန်းက ကရင်တွေ ကျနော်တို့ဟိုမှာ ခေါင်းဆောင်တအုပ်လာတယ်။ သူတို့အနေနဲ့ကကျနော်တို့ကို လာဆွေးနွေးတယ်။ သူတို့လုပ်တဲ့အလုပ်တွေ သူတို့ရဲ့ အခြေအနေတွေ လာရှင်းပြတယ်။ ရှင်းပြတဲ့အထဲမှာ ထူးထူးခြားခြားပေါ့လေ ကရင်ဆိုတာသိပ်ပြီးတော့ အဖိနှိပ်ခံရတာပါတယ်။ အဲဒီကြားထဲက ကရင်ခေါင်းဆောင်တွေ ကရင်လူထုတွေ တော်တော်ရဲရဲရင့်ရင့် ဖြစ်လာတယ်။ ကျနော်တို့ကို အဲဒီလို ပြောလာတယ်။ သူတို့ရဲ့ ထူးခြားချက်တခုဘဲလို့ ပြောချင်တယ်။ ဘာလဲဆိုတော့ကရင်တွေမကပါဘူး ကျန်တဲ့လူထုတွေလည်း အဲဒီအတိုင်းဘဲ သူတို့ရင်ထဲကတော့ သူတို့ဒီအတိုင်း

ဆက်နေလို့မရဘူး တခုခုတော့လုပ်ရမယ်။ လုပ်နိုင်တဲ့အလုပ်ကို ထလုပ်တယ်။ သူတို့အရေးကို စဉ်းစားလာတယ်။ နိုင်ငံရေး ပိုမိုနိုးကြားလာတယ်ဆိုတာဖေါ် ပြတယ်။ ကျနော်တို့ကြည့်တဲ့အခါမှာ ကျနော်တို့အတွင်းမှာရှိတဲ့ ပြည်သူတွေ လူမျိုးစုနိုင်ငံရေးပါတီတွေ အင်မတန် ကောင်းပါတယ်။

နောက်တခုက နိုင်ငံတကာနဲ့ ပါတ်သက်ဆက်စပ်ပြီးတော့ တင်ပြချင်တယ်။ နိုင်ငံတကာမှာ ကတော့နှစ်ပိုင်းရှိတယ်။ Constructive Engagement ပေါ်လစီကျင့်သုံးတဲ့အပိုင်း၊ နောက်တပိုင်း ကဖိအားကိုကျင့်သုံးနေတဲ့ အပိုင်း၊ ဖိအားကို ကျင့်သုံးတဲ့အပိုင်းကတော့ အမေရိကန်တို့လုပ်နေတဲ့ အပိုင်း Constructive Engagement ကျင့်သုံးနေတဲ့ အပိုင်းကတော့ အာစီယံနဲ့ အိမ်နီးနားချင်းနိုင်ငံတရုတ်တွေပါတယ်။ တရုတ်တွေဆိုရင် Contract တင်မကပါဘူး၊ နဝတကို ဝင်ပြီးတော့ ထမ်းတော့မလိုလို ဖြစ်နေတယ်။ အဲဒီအခြေအနေရှိပါတယ်။ ဘယ်လိုဘဲ ဖြစ်ဖြစ်ပေ့ါလေ၊ Constructive Engagement လို့ဆိုကြပါစို့။ အဲဒီအပိုင်းကလည်း အားပြိုင်နေတယ်။ Constructive Engagement ပေါ်လစီကို ကျင့်သုံးရတာ အရင်တုန်းက အကြာကြီးပါဘဲ။ အထူးသဖြင့် အာဆီယံတိုင်းပြည်တွင်မှာ အိမ်နီးချင်းတိုင်းပြည်တွေမှာ မဟာသီယာတို့ ကျင့်သုံးနေတဲ့ Engagement ကိုသူတို့အားမရတော့ဘူး။ အဲဒီအခါကျတော့ မနီလာ အစည်းအဝေးမှာ မီဒီယာတခုမှာ Constructive Engagement ကို ပြန်ပြင်ရင်ကောင်းမယ်လို့ အာဆီယံအဖွဲ့ဝင်တွေက တင်ပြလာတယ်။ ဒီပေါ်လစီတွေဟာ ဟုတ်မှဟုတ်ရဲ့လားလို့ အဲသလိုဖြစ်ရှိနေတဲ့ကာလမှာ International involvement အပြုသဘောဆောင်တဲ့ ပါဝင်လုပ်ကိုင်မှု ပါဝင်စွဲဖက်မှုတွေဟာ လုပ်ရင်ကောင်းမလားလို့ သူတို့စဉ်းစားလာတယ်။ ဒီကိစ္စတွေဟာ အာဆီယံထဲမှာ တော်တော်ပြောလာကြတယ်။ နောက်ပိုင်းကျတော့ နဝတလမ်းပြမြေပုံကိုထုတ်လိုက်တဲ့အခါ အထူးသဖြင့် ကျနော်တို့အာဆီယံနှင့် ထိုင်းအဖွဲ့တွေက နဝတ ထုတ်တဲ့လမ်းပြမြေပုံကို ထောက်ခံကြတယ်။ သူတို့မူလအတိုင်း ဒုံရင်းဒုံရင်း ပြန်သွားကြတယ်။

တရုတ်ကတော့ နဂိုအတိုင်းဘဲ။ ထိုင်းကတော့ ဒီပေါ်လစီအတိုင်းပါဘဲ။ အိန္ဒိယလည်း ဒီပေါ်လစီအတိုင်းပါဘဲ။ ဒါကြောင့်မို့ International ကိုကျနော်တို့ကြည့်မယ်ဆိုရင် ကျနော်တို့မြင်ရတာဖိအားပေးတဲ့တိုင်းပြည်နဲ့ ဒီ Constructive Engagement ပေါ်လီစီကျင့်သုံးတဲ့တိုင်းပြည်ကြားအားပြိုင်နေတာကို တွေ့နေရပါတယ်။ နောက်တခုကတော့ UN ကအားရစရာ မရှိဘူးဆိုတာ လွန်ခဲ့တဲ့ ၃–၄ နှစ်အခြေအနေကို ကြည့်ရင် သိပါတယ်။ ဒါပေမဲ့နောက်ပိုင်း UN အနေနဲ့သူ့ကိုယ်စားလှယ်တွေက စိတ်ဓါတ်ကျလာတယ်။ စိတ်ဓါတ်ကျလာတဲ့အခါကျတော့ ဘာဖြစ်လာသလဲဆိုတော့ ဒိုင်ယာလော့လည်းဘာမှဖြစ်မလာဘူး။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးလည်း ဘာမှဖြစ်မလာဘူး။ အဲဒီလိုဖြစ်လာတဲ့အခါကျတော့ သူတို့အနေနဲ့စိတ်ပျက်လာတာဘဲ ရှိတယ်။ နောက်ပိုင်း မှာဆိုလို့ရှိရင် ဒီပဲယင်းကိစ္စဖြစ်လာတယ်။ ပြီးခဲ့တဲ့နှစ် မေလ (၃၀) ရက်နေ့ဖြစ်တယ်။ ဒီပဲယင်းကိစ္စဖြစ်လာတဲ့ အခါကျတော့ UN အနေနဲ့ကြီးကျယ်ရှုတ်ချလာတယ်။ သို့သော်လည်းဘဲ မနေ့တနေ့ကအသံပြန်ကြားတာက ကိုဖီအာနန်ကိုယ်တိုင်ကိုက ခင်ညွန့်ကို အချိန်ပေးဖို့ဆိုတာ ပြောဆိုလာတယ်။ ကျနော်တို့ ကြည့်တဲ့အခါကျတော့ UN က သိပ်ပြီး ခိုင်မာပြတ်သားမှုမရှိဘူးလို့ကျနော်တို့ မြင်နေရတယ်။ ဒါကြောင့် ဗမာပြည်ကနေအပြင်ကို ရောက်နေတဲ့ အဖွဲ့အစည်းအားလုံးကနေ တချို့ကစာရေးလိုက်တယ်။ UN က UN Resolution ပေါ်မှာ ဆက်ပြီးတော့အရေးယူဖို့ စာရေးခဲ့တာတွေရှိတယ်။ ဒါကိုလည်း သူတို့ဆက်ပြီးရှင်းထားတယ်။ နဂိုတုန်းက UN Resolution ပေါ်မှာသူက မသွေဖီပါဘူး ဆိုပြီးတော့ ကိုဖီအာနန်

ကပြန်ရှင်းထားတာတွေ ရှိတယ်။ ဘယ်လိုဘဲဖြစ်ဖြစ်ပေ့ါလေ UN ကတော့ ဘာမှအားရစရာ သိပ်မရှိဘူး။ နောက်တခုက လုပ်ငန်းရှင်တွေနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုပေ့ါ ရင်းနှီးမြှုပ်နှံမှု Investment ဝင်လုပ်တဲ့လူတွေက သူတို့ပြန်ပြီးတော့ ရုပ်သိမ်းသွား တဲ့လူတွေလည်းရှိပါတယ်။ ရှိပြီးသားလူတွေက လည်း တချို့တိုးချဲ့ပြီးတော့ လုပ်လာတာလည်းရှိတယ်။ ဉပမာ မလေးရှားကုမ္ပဏီ၊ ထိုင်းကုမ္ပဏီတို့ပေ့ါ၊ အခုကုမ္ပဏီ တော်တော်များများက International ကုမ္ပဏီတွေက သူတို့ Invest လုပ်လိုက်တဲ့ အခါကျတော့ Export လုပ်မည့် ပစ္စည်းတွေတင်ပို့ ရောင်းချမဲ့ပစ္စည်းတွေ အများကြီးနည်းလာတယ်။ အဲဒါ သူတို့ရင်ဆိုင်ရတဲ့အခက်ခဲ့တွေပါ။ ဒါကြောင့်မို့လို့ အခုဆိုလို့ရှိရင် အားလုံးသိတဲ့အတိုင်းပဲ။ နောက်ဆုံး မှာ ဘယ်လောက်ထိဖြစ်တယ်ဆိုလို့ရှိရင် အခုဒေါ်လာနဲ့ ဆက်စပ်နေတဲ့ကိစ္စတွေအားလုံး အမေရိကန်က ဖြတ်ထုတ်လိုက်တဲ့ အခါကျတော့ သူတို့ကဘာမှမတတ်နိုင်တော့ဘူး။ EU နဲ့ ဆက်စပ်ပြန်တယ်။ EU နဲ့ ဆက်စပ်ဖို့ကလဲ အခက်အခဲရှိတယ်။ Euro ငွေနဲ့ဆက်စပ်တဲ့ အခါအခက်အခဲရှိတယ်။ အခုဘယ်လောက်ထိဖြစ်လာလဲဆိုရင် မနေ့တနေ့တုန်းက ပုဂံမှာအစည်းအဝေးတခု လုပ်တယ်။ ပုဂံအစည်းအဝေးမှာ ထိုင်းမှာအရံငွေတွေ ရှိတယ်။ အဲဒီ အရံငွေတချို့ကို ကမ္ဘောဒီးယား၊ လော နှင့် မြန်မာ ကိုထုတ်ချေးတယ်။ အဲလို ထုတ်ချေးတာနဲ့ တပြိုင်ထဲမှာ ဘာလုပ်သလဲဆိုတော့ ဒီငွေတွေက ထိုင်းမှာရှိတဲ့ ကုန်ပစ္စည်းတွေကို ပြန်ဝယ်ရမဲ့ အခြေအနေရှိတယ်။ တချက်ထဲမှာ ဘာဖြစ်သွားလဲ ဆိုလို့ရှိရင် ထိုင်းကို ဗဟိုပြုတဲ့ စီးပွားရေးကို ထိုင်းက Initiate ယူပြီးတော့ လုပ်လာတယ်။ အခုနောက်ဆုံး ဘယ်လောက်အထိ ဖြစ်နေသလဲဆိုရင် ထိုင်းငွေကို ဒီ နိုင်ငံလေးနိုင်ငံမှာ သုံးတဲ့ငွေ အဖြစ်နဲ့ အသုံးပြုရလောက်အောင် ထိုင်းရဲ့ Initiate က အဲဒီလောက် အဆင့်ထိဖြစ်လာတယ်။ Europe တခုလုံးက Euro ငွေသုံးသလိုပေ့ါဗျာ။ အဲဒီအဆင့်တွေ ဖြစ်လာတယ်။ ဒါက ထိုင်း Initiate တချို့ပေ့ါလေ၊ ၊ အခုသူတို့ Euro ငွေနဲ့အလဲအလည် လုပ်ဖို့ကိစ္စဆိုတာလဲ မလွယ်ပါဘူး။ နောက်ပြီး တော့ ထိုင်းက ဗဟိုပြုတဲ့ စီးပွားရေးစနစ်ဆိုတာလဲ အခက်အခဲရှိပါတယ်။ လွယ်လွယ်ကူကူဖြစ်နိုင်တယ် ဆိုတဲ့ကိစ္စကတော့ မဖြစ်နိုင်ဘူးလို့ယူဆတယ်။ အဲဒါတွေကတော့ ကျနော်တို့ မြင်တွေ့ရ တဲ့ကိစ္စတွေ ပေ့ါလေ။ တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ပတ်သက်လို့ ကျနော် ကျယ်ကျယ်ဝန်းဝန်းတော့ မပြောတော့ ဘူး။ ကျနော်တို့မှာ အခက်အခဲ အများကြီးရှိတယ်။ ဆက်လက်ပြီးတော့ ဖိအားတွေ အများကြီးရှိ တယ်။ ဖိအားတွေက ပုံစံအမျိုးမျိုးနဲ့ ရှိတယ်။ အဲဒီအခြေအနေအောက်မှာ ကျနော်တို့ ကိုယ့်ခြေထောက်ပေါ်မှာကိုယ်ရပ်တည်နေရပြီး၊ ကြိုးပမ်းနေရတဲ့အပိုင်း ရှိတယ်။ ကြိုးပမ်းတဲ့အပိုင်းမှာ NDF လဲ NDF အလျောက် ပေ့ါဗျာ။ NCUB လဲ NCUB အလျောက်ပေ့ါဗျာ။

ကျနော်တို့ တဖွဲ့ချင်းတဖွဲ့ချင်းကလဲ အဲဒီအတိုင်းပဲ ကြိုးစားပြီးရပ်တည်နေရတဲ့ အပိုင်း ရှိတယ်။ နောက်ပြီးတော့ နအဖ ဘက်က Pressure ပေးတာတွေရှိတယ်။ အခြားနိုင်ငံတကာအဖွဲ့အစည်းတွေ ကလဲ Pressure ပေးတာတွေ ရှိတယ်။ အဲဒီ Pressureတွေကလဲ အကန့်အသတ်ရှိတယ်။ အခြေခံကတော့ နိုင်ငံရေးအရ ခိုင်ခိုင်မာမာရပ်တည်နေတဲ့ အခါကြတော့ ကျနော်တို့အင်္ဂါပျက်ယွင်း မသွားသေးဘူး။ ဒုက္ခိတ မဖြစ်သွားသေးဘူး။ အဲဒီ အခြေအနေတွေ ရှိတယ် ကျနော်တို့ အခြေခံဒေသတွေ အခြေခံလူထုတွေ ကျနော်တို့ရဲ့ စစ်တပ်တွေ ကျနော်တို့ရဲ့လွတ်လပ်မှုတွေ ထိန်းသိမ်း ထားနိုင် ရေးဘဲ။ တပ်ပေါင်းစုတွေအားလုံး အခုလိုဆွေးနွေးနိုင်တဲ့အခြေအနေတွေရှိတယ်။ အဲဒါက ကျနော်တို့ ဘက်က အခြေအနေတွေဘဲ နောက်တခုက ဘာလဲဆိုတော့ ဒါတွေက ကျနော်တို့ရင်ဆိုင်နေရတဲ့ အတိုင်း

ကျနော်တို့တင်ပြတာ ဖြစ်တယ်။ ဒီနေ့ ကျနော်တို့ လူမျိုးစုတွေ အရေးကြီးတဲ့ ကဏ္ဍတခုဟာ ဘာလဲဆိုတော့ ဒီနေ့တိုက်ပွဲရဲ့ ဆုံချက်ဘဲဖြစ်တယ်။ နိုင်ငံရေးဘက်ကနေကြည့်မယ်ဆိုရင်တော့ နအဖရဲ့ လမ်းပြမြေပုံအပေါ် ကျနော်တို့ ဘယ်လိုတုန့်ပြန်မလဲဆိုတာ အဓိက ဆုံချက်တခုဖြစ်တယ်။ အဓိက တိုက်ပွဲတခု ဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အခါကျတော့ နအဖ ရဲ့လမ်းပြမြေပုံဟာ ကျနော်တို့ရဲ့အဓိက တိုက်ပွဲဖြစ်တယ်။ အဲဒီတိုက်ပွဲကို ကျနော်တို့တိုက်တဲ့အခါမှာတော့ အတွင်းဘက် ကနေ တိုက်တဲ့ တိုက်ပွဲနဲ့ ကျနော်တို့တိုက်တဲ့တိုက်ပွဲ နောက်ပြီးတော့ နိုင်ငံတကာမှာ တိုက်တဲ့တိုက်ပွဲ၊ အဲဒါတွေဟာ ထပ်တူထပ်မျှ ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ အဲဒီဟာကို ကျနော်တို့ စုပြီးတိုက်သလို ဖြစ်နေ တယ်။ အဲဒါကြောင့် မနေ့က ကျနော်တို့ ရှင်းရှင်းလင်းလင်းဖြစ်အောင် မေးချင်တာက အဲဒါပါဘဲ၊ လမ်းပြမြေပုံကို လမ်းပြမြေပုံနဲ့ တိုက်ရမယ် ဆိုတဲ့နေရာမှာ နအဖရဲ့ လမ်းပြမြေပုံဟာ စစ်အာဏာရှင်စနစ် ခိုင်မြဲရေးအတွက်နဲ့ မဟာဗမာလူမျိုးကြီးဝါဒ ခိုင်မြဲရေးအတွက် ဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အခါကျတော့ ကျနော်တို့အနေနဲ့ ဒီ Road Map ထဲမှာဘဲ Constitution ရေးဆွဲရမယ် ဆိုတဲ့အခါကျတော့ မိမိတို့ သတိထားဖို့ အများကြီးလိုအပ်ပါတယ်။ ၁၉၄၇ Constitution ဟာ ကျနော်တို့ကြည့်တာတော်တော် မြင့်တယ်။ တနေ့နေ့မှာ ခွဲထွက်ချင်ရင် ခွဲထွက်နိုင်တယ်။ ဒါဟာ Referendum လုပ်ပြီးခွဲထွက်နိုင်တယ်။

ဒါကကျနော်တို့ဘက်က Advantage ရထားတယ်။ ဒီနေ့ Constitution ရေးတဲ့အခါမှာ ကျနော်တို့အနေနဲ့ လက်ဦးမှု သေသေချာချာ ရထားဖို့လိုတယ်။ Constitution ကို ကျနော်တို့ အလျော့အတင်းလုပ်လွန်းအားကြီးရင် ကျနော်တို့ဘဝဟာလည်း ရေစုန်မျောပြီလို့ ကျနော်တို့ ယူဆပါတယ်။ ကျန်တဲ့တခြား ထီးရိုပ်နန်းရိပ်တွေနဲ့ဆိုရင် ကျနော်တို့ ဘယ်တော့မှ ကောင်းစွာ နေရတော့မှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဒီကိစ္စကတော့ လက်ရှိ NC နဲ့ ပါတ်သက်၍ လမ်းပြမြေပုံနဲ့ ပတ်သက်တဲ့ကိစ္စဟာ ကျနော်တို့ တိုက်ပွဲရဲ့ဆုံချက်တခုဖြစ်တယ်။ အတွင်းမှာ ရှိတဲ့ အဖွဲ့အစည်းတွေ လည်း အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့ (၁၇) ဖွဲ့ရှိတယ်လို့ သတင်းကြားတယ်။ NC မှာ (၈) ဖွဲ့တက် မယ်လို့လည်း စာရင်းပေးထားတယ်။ သူတို့တက်ပြီးအထဲက မွေနိုင်မယ်လို့ပြောတာဘဲ။ တိုက်ဖျက်မယ် လို့လည်းပြောတယ်။ အခြေအနေတခု ၁၈၀ ဒီဂရီ ပြောင်းသွားမယ်လို့လဲပြောတယ်။ အနေအထားတခု ပြောင်းသွားအောင် တို့ တိုက်ပစ်မယ်။ တခုရှိတာက သူတို့အခြေအနေနဲ့ သူတို့လုပ်သလို ကျနော်တို့ လိုက်မလုပ်မိဖို့ အရေးကြီးမယ်။ အဲဒီအခြေအနေကို သူ့အခြေအနေနဲ့သူ မတူတဲ့ Direction ကနေပြီးတော့ ဝိုင်းတိုက်တာဖြစ်တယ်။ ကျနော်တို့ Position တွေက သိပ်တူကြတာ မဟုတ်ဘူး၊ အဲဒီလိုဖြစ်တဲ့အခါကျတော့မတူတဲ့ Position ကနေသူတို့က Nation Convention ကိုဝင်တိုက်နေ တာဖြစ်တယ်။

NC ဟာ နအဖရဲ့ ပလက်ဖောင်းပဲ။ သူ့ပလက်ဖောင်းပေါ်မှာ ခင်ဗျားတို့ဘယ်လိုတိုက်မလဲ။ သူ့အတွက် အခိုင်အမာပြုထားတဲ့ ပလက်ဖောင်းဟာ သူ့ကတုတ်လည်း ဖြစ်တယ်။ အဲဒီအပေါ်မှာ ကျနော်တို့ဆက်တိုက်မယ်ဆိုရင် ကျနော်တို့သတ္တိက စစ်သူကြီးမဟာဗန္ဓုလရဲ့သတ္တိမျိုးလောက် ရှိရင် ထားအုံးတော့ အဲဒီ ပလက်ဖောင်းမှာတိုက်ပြီးတော့ အနိုင်ရဖို့ဆိုတာမလွယ်ကူဘူး။ အဲဒီအခြေနေတွေရှိ တယ်။ ဒါဟာကျနော်တို့စဉ်းစားရမဲ့ကိစ္စ။ သို့သော်လည်းပဲ သူတို့အနေနဲ့က ဒီပလက်ဖောင်းပဲရှိတယ်။

စာမျက်နှာ (၁၁၀) သို့ဆက်ပါ

## ၅း၃။ KNPP ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ်မန်းအောင်သန်းလေးမှ လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေကိုတင်ပြခြင်း



ဗိုလ်ချုပ်မန်းအောင်သန်းလေး

သဘာပတိနှင့်တကွ ကြွရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို လေးစားပါတယ်။ ကျနော်တို့ ဒီနေ့ KNPP ရဲ့သဘောထားအမြင်ကို ဆွေးနွေးတဲ့နေရာမှာ ဖြစ်ပျက်နေသော အခြေအနေ အရပ်ရပ်ကို တော့အဖွဲ့အစည်းအသီးသီးက ဆွေးနွေးတင်ပြ သွားပြီး ဖြစ်တဲ့အတွက် ကရင်နီအနေနဲ့ တခြားလိုအပ်သော ကိစ္စရပ်များကိုဘဲ ဦးစားပေး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကရင်နီရဲ့ အမြင်သဘောထားက မနေ့ကပြောသွားပြီးပါပြီ။ တိုင်းရင်းသားတွေ စုစည်းကြဖို့ဆိုတာ အဖွဲ့အစည်းအသီးသီးက ပြောကြပါတယ်။ ဘယ်လိုပုံနဲ့ စုစည်းကြမှာလဲ။ လက်တွေ့ပြန်လည်စဉ်းစားဖို့ ကျနော်တို့ ကရင်နီအနေနဲ့ လက်တွေ့ တိုင်းရင်သားအသီးသီးစုစည်းကြဖို့ဟာ Federal Council ဖွဲ့စည်းချင်တဲ့ ဆန္ဒရှိတယ်။ အဲဒီ Federal Council ကိုကျနော်တို့ ပြင်ဆင်ထားတာက အဖွဲ့အစည်းအသီးသီးက သို့မဟုတ် ပြည်နယ် ရယ်လို့ရှိနေတဲ့ ပြည်နယ်ကိုယ်စားလှယ် အသီးသီးက ကိုယ်စားလှယ်တွေ အားလုံးဟာ ဒီ Federal Council မှာ ကျနော်တို့လာစုကြမယ်။ မဒတ တချိန်တခါတုန်းက လုပ်ခဲ့တဲ့ ဖြစ်ရပ်တခု ရှိပါတယ်။ မဒတ ထဲမှာ အဖွဲ့ဝင်တဖွဲ့ဖြစ်နေပြီဆိုလို့ ရှိရင်လဲ လူမျိုးတမျိုးထဲမှာ ကျန်တဲ့အဖွဲ့ဝင်တွေ ကျနော်တို့ လက်မခံကြတော့ဘူး။ အဲဒါဟာ အင်အားစုတဲ့နေရာမှာ ပျော့ကွက်ဖြစ်တယ်လို့ ကျနော်တို့သုံးသပ် မိပါတယ်။ ဒီနေ့ကျနော်တို့ ကရင်နီက ပြင်ဆင်ထားတဲ့ Federal Council က လူမျိုးတမျိုး အတွင်းမှာ သော်လည်းကောင်း၊ ပြည်နယ်တပြည်နယ် အတွင်းမှာသော်လည်းကောင်း၊ ဘယ်လိုဘဲနိုင်ငံရေး အဖွဲ့အစည်း မတူသော်လည်းဘဲ ရန်သူကိုတိုက်တဲ့နေရာမှာ တူညီခဲ့သော် ဒီ Federal Council မှာ ကျနော်တို့အားလုံးစုခဲ့ ကြတယ်။ ဒီ Federal Council မှာ စုပြီးတော့မှ Federal Council ရဲ့ လွှတ်လပ်မယ့် ဌာနအသီးသီးမှာ တာဝန်ခွဲပြီးတော့ အလုပ်လုပ်ကြမယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် ကျနော်တို့ရဲ့ စုစည်းမှုဟာ ပိုပြီးတော့လဲ ပိုပြင်ပြီး တိုးတက်မှုလည်း ရှိလာမယ်လို့မြင်တဲ့အတွက် Federal Council ကို ကျနော်တို့ ပြင်ဆင်လိုက်တာ ဖြစ်ပါတယ်။

ဘယ်လိုဘဲ ပြောပြော ဒီနေ့ရန်သူကို ရင်ဆိုင်ရာမှာ အားရှိဖို့လိုတယ်။ အားဆိုတဲ့နေရာမှာ နိုင်ငံရေးအင်အား၊ စစ်ရေးအင်အား ဖြစ်ပါတယ်။

ဥပမာ ပြောမယ်ဆိုလို့ရှိရင် ၁၉၈၈ ခုနှစ်တုန်းက ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ နယ်စပ်ဒေသကို ရောက်လာတယ်။ အဲဒီအချိန်မှာ အိမ်ရှင်နိုင်ငံက ကျောင်းသားတွေဖမ်းပြီး ပြန်ပို့လိုက်တယ်။ နိုင်ငံရေးလုပ်ငန်းတွေမှာ အမျိုးမျိုးနှောက်ယှက်ခဲ့တယ်။ အဲဒီတော့ အတိုက်အခံအဖွဲ့အစည်းတွေက အစိုးရကို အတိုက်အခံလုပ်နေတာ အိမ်ရှင်နိုင်ငံကဝေဖန်တယ်။ ထိုင်းက ဘာတွေပြောသလဲဆိုတော့ အလုပ်လုပ်တဲ့နေရာမှာ တရားဝင်သူတွေနဲ့တွဲပြီး လုပ်တာမှန်တယ်။ ဟိုလူတွေဟာ

တရားဝင်တဲ့လူတွေ မဟုတ်ဘူး။ အဲဒီတော့ တရားဝင်တဲ့လူတွေနဲ့ လုပ်ရမယ်။ ဆိုလိုတာက ကျနော်တို့လို လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ တရားဝင်တဲ့ လူတွေမဟုတ်ဘူး။ တရားဝင်တာက နဝတ အဲဒီတော့ နဝတနဲ့ လက်တွဲပြီးလုပ်ရမည် ဆိုတဲ့အပြောအဆိုတွေ ပြောလာတယ်။ အဲဒီအချိန်တုန်းက နဝတက အာဏာလုထားတဲ့ လူ ဖြစ်တယ်။ စစ်အင်အားကို အားကိုးပြီး အာဏာလုနေတဲ့ လူ ဖြစ်တယ်။ ပြည်သူလူထုက တင်မြှောက်ထားတဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ သို့သော်လည်းဘဲ တရားဝင် တယ်လို့ သူက ပြောတော့ပြန်စဉ်းစားကြည့်တော့ ဘာကြောင့်တရားဝင်ရသလဲ။ သူ့မှာ အားရှိတယ် အားကဘာလဲ စစ်အင်အားဘဲ။ နိုင်ငံရေးအား မဟုတ်ဘူး။ စစ်အင်အားရှိနေလို့ တရားဝင်တယ်လို့ပြောကြတယ်။ နောက်တခါ သိပ်မကြာသေးပါဘူး။ လွန်ခဲ့သော (၂) လ (၃) လ က ဘန်ကောက်မှာ (၁၂) သို့ (၁၃) နိုင်ငံပေါင်းပြီး အစည်းအဝေးလုပ်တဲ့အခါ စာနယ်ဇင်းတွေက မေးတယ်။ အဲဒီအဖွဲ့အစည်းမှာ အတိုက်အခံ အဖွဲ့အစည်းတွေပါဝင်ခွင့်မရှိဘူးလား။ မကြာခင်တော့ပါလာမှာပါ။ အခုလောလောဆယ်ကတော့ အစိုးရအစစ်တွေနဲ့ဘဲဆွေးနွေးတိုင်ပင် ပါသေးတယ်။ အဲဒီတော့ အဲဒီ အစည်းအဝေးမှာ နအဖကိုလည်းဖိတ်ခေါ်တော့တက်တယ်။ နအဖဟာ တရားဝင်ရွေးကောက်ခံရတဲ့ အစိုးရမဟုတ်ပေမယ့် အစိုးရ အခေါ်ခံရလို့သူ့မှာ အားရှိတယ်။ သူ့ရဲ့အားက နိုင်ငံရေးအင်အား မဟုတ်ဘူး။ စစ်အင်အားဘဲ။ အဲဒီလို နမူနာတွေရှိတော့ ယနေ့ကျနော်တို့မှာလဲဘဲ သူ့ကို တိုက်ဖျက်တဲ့ နေရာမှာ နိုင်ငံရေးအားရော၊ စစ်ရေးအားရော ရှိဖို့လိုတယ်လို့ မြင်တယ်။

ကျနော်တို့မှာ မလုပ်လို့သာ စစ်အင်အားမရှိတာ၊ စစ်အင်အားရှိနိုင်တယ်။ လက်ရှိ နအဖရဲ့ စစ်အင်အားကို မမှီသည့်တိုင်အောင် သူများအထင်မသေးနိုင်တဲ့ အင်အား ကျနော်တို့ရနိုင်တယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဒီအချိန်အခါမှာ ကျနော်တို့ရဲ့ စစ်ရေးအင်အားကို ကျနော်တို့စုဖို့လိုတယ်။ ကျနော် လုပ်ငန်းတွေတိုးတက်စေချင်တယ်။ ပတ်ဝန်းကျင်က လေးစားမှုကိုခံချင်ရင် ကျနော်တို့ စစ်အင်အားကို ကျနော်တို့ စုရမယ်။

ဒီလို စုတဲ့နေရာမှာ (၈) ပြည်ထောင်စုကို အခြေခံပြီးကျနော်တို့ စပြီးလုပ်ကြစို့ဆိုပြီး RCSS က ခေါင်းဆောင်တဦး တင်ပြသွားတာ မှန်တယ်လို့ ယူဆတယ်။ ဆိုတော့ (၈) ပြည်ထောင် ဆိုတဲ့နေရာမှာ (၈) ပြည်ထောင်မရရင် (သောတီ) Federation လုပ်မယ်။ ဒီကနေ သုံးပွင့်ဆိုင်လို့ ပြောနေကြတယ်။ ကျနော်တို့ ကရင်နီရဲ့ သဘောထားက သုံးပွင့်ဆိုင်မရရင် နှစ်ပွင့်လုပ်မယ်။ အင်အားစုတွေနဲ့နှစ်ပွင့်၊ အလုပ်မဖြစ်ရင် တပွင့်လုပ်မယ်။ တပွင့်ဆိုတာက မတူတဲ့ တိုင်းရင်းသားတွေ အားလုံးစုစည်းဖို့ဘဲ။ အဲဒီ တပွင့်မရရင်လဲဘဲ သောတီ Federation လုပ်မယ်။

သောတီ Federation ဆိုတာဘာလဲ။ ကျနော်နည်းနည်း ရှင်းပြပါရစေ။ ဟိုဒေါနတောင်တန်း ကနေ တဆင့်တဆင့်တက်လိုက်လို့ရှိရင် ပေ (၈၀၀၀) လောက်မြင့်တဲ့ အမြင့်ဆုံးနေရာမှာ “သောတီတောင်” ရှိတယ်။ အဲဒီ ပတ်ပတ်လည်မှာ ကရင်လူမျိုးတွေဘဲရှိတယ်။ သောတီတောင်ဟာ ကရင်နီကတပိုင်း၊ ကရင်ကတပိုင်း ပိုင်တယ်။ အဲဒီတော့ တခြားမျိုးနွယ်စုတွေနဲ့ အင်အားစုဖွဲ့လို့ မရရင် သောတီ Federation လုပ်မယ်။ ဆိုလိုတာကတော့ ကရင်မျိုးနွယ်စုတွေလို မဟုတ်ဘဲနဲ့ အနယ်နယ် အရပ်ရပ်ကရှိတဲ့ ကရင်လူမျိုးတွေ အမျိုးသားရော၊ အမျိုးသမီးရောအားလုံး သောတီတောင်တန်းကို ဝိုင်းရံဖို့ အားပေးကြဖို့ ဒီနီးနှောဖလှယ်ပွဲကနေပြီးတော့ ဖိတ်ခေါ်ပါတယ်။

ဟိုတုန်းက ဦးနုက ပြောဖူးတယ်။ ကရင်လူမျိုးတွေဟာ ကိုယ်ဟာကို ကရင်လူမျိုးတွေလို့ သိပြီးစုစည်းတဲ့ နေ့ဟာ တိုက်ဖို့မလွယ်တော့ဘူး။ ဒီနေ့လည်း ကျနော်တို့ သောတီ Federation လုပ်လို့ ကရင်တွေပြန်စုလိုက်ရင် ကျန်တဲ့ မျိုးနွယ်စုတွေအနေနဲ့ စိုးရိမ်စိတ်မရှိကြပါနဲ့လို့ ကျနော်ပြောလို ပါတယ်။ တလောက လူတယောက် အလါပ သလါပ ပြောသွားတယ်။ ကရင်တွေ မဟာ ဖြစ်တော့မယ် ထင်တယ်တဲ့။ ကျနော်တို့ မဟာ မလုပ်ပါဘူးလို့ အားလုံးကိုကျနော်ပြောလိုပါတယ်။

နိဂုံးအနေနဲ့ ပြောချင်တာက သဘာပတိအနေနဲ့ ဦးဆောင်ပြီးပြောသွားတဲ့အထဲမှာ ကျနော်တို့ တိုင်းရင်းသားလူမျိုးအားလုံးဟာ စုစည်းပြီး ညီညွတ်ရေးကို ဦးဆောင်ပြောသွားပါတယ်။ အဲဒီတော့ ကျနော်တို့ဟာ စုစည်းရေး၊ ညီညွတ်ရေးဆိုတဲ့အပိုင်းကို အပြောနဲ့မဟုတ်ဘဲ လက်တွေ့လုပ်တဲ့နေရာမှာ ကျနော်တို့ပြင်ဆင်ထားတာက Federal Council ဆိုတဲ့အမည်နာမအောက်မှာ အားလုံးစုစည်းကြဖို့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြောကြားရင်း ရပ်နားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ ■

---

စာမျက်နှာ (၁၀၇) KNU ပဒိုမန်းရှာ မှအဆက်

တခြားအဖွဲ့ (၇) ဖွဲ့ (၈) ဖွဲ့ (၁၅) ဖွဲ့ ကျနော်တို့ Ceasefire Alliance ဆိုတဲ့ပလက်ဖောင်းတခုသာရရင်၊ သူတို့အများကြီးလုပ်လို့ရတယ်။ ဒါပေမဲ့ အဲဒီ ပလက်ဖောင်းကို သူတို့မရဘူး၊ အဲဒါလည်း ကျနော်တို့ စဉ်းစားစရာပဲ။ ဒါပေမဲ့သူတို့မှာ အဲဒါပဲရှိတော့ အဲဒါဘဲ သွားတိုက်ရမှာပေ့ါ၊ တိုက်ပါစေ၊ကိစ္စမရှိဘူး၊ ကျနော်တို့က အကြံဉာဏ်ပေးသင့်တာတွေပေးမှာပဲ။ သို့သော်လည်း ကျနော်တို့ဖက်ကတိုက်တဲ့ ပလက်ဖောင်းကတော့ သူတို့နဲ့ကွာလိမ့်မယ်လို့ထင်ပါတယ်။ ကျနော်တို့ ပုံစံနဲ့ ကျနော်တို့ပလက်ဖောင်းကတော့ ပိုပြီးတော့ လွတ်လပ်တဲ့ ပလက်ဖောင်းဖြစ်တယ်။ ပိုပြီးတော့လွတ်လပ်တဲ့ ပလက်ဖောင်းကို ရွေးချယ်ရမယ်။ အဲဒီအခြေအနေရှိတယ်။ ကျနော်တို့မှာ လွတ်လပ်တဲ့လူဖြစ်ရင်းသားနဲ့ ကိုယ့်ပလက်ဖောင်းကို လွတ်လပ်စွာ မရွေးချယ်နိုင်ဘူးဆိုရင် ကျနော်တို့ညံ့တာပဲလို့ ထင်တယ်။ ကျနော်တို့ကတော့ နအဖသြဇာခံ မဟုတ်ဘူးလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ■

## ၅း၄။ KNPP တွဲဖက်အတွင်းရေးမှူး ခူဦးရယ်မှ ကရင်နီပြည်အတွင်း လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေတင်ပြချက်။



ခူဦးရယ်

ကရင်နီပြည်၏ လူဦးရေ ၄ ပုံအနက် ၃ ပုံသည် ယခင် ၁၅ နှစ် မတိုင်ခင်အချိန်ကနှင့်စာလျှင် ဒုက္ခဆင်းရဲကြီးစွာဖြင့် အခက်အခဲမျိုးစုံအောင်တွင် လုပ်ကိုင်စားသောက်နေရလျှက် ရှိပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်သောပြည်သူများ၏ ဘဝမှာအထူးစိုးရိမ်ရလျှက် ရှိပါသည်။ လယ်ယာမြေများတွင် အချိန်ပြည့်လုပ်ကိုင်မှသာ လောက်ငအောင်စားသောက်ရသည့် လူထုများမှာ အချိန်အကန့်အသတ်ဖြင့်သာ လုပ်ကိုင်ချိန်ရရှိပြီး နေ့စဉ်နှင့်အမျှ နအဖစစ်တပ်များ၏ တပ်စခန်းများတွင် လုပ်အားပေးခြင်း၊ တပ်တည်ဆောက်ရေးအတွက် သစ်ဝါးများကို ရှားပါးလှသည့်ကြားက ခက်ခဲစွာ ရှာဖွေ ခုတ်ယူပြီး အချိန်မှီပေးပို့ကြ ရပါသည်။ ၎င်းတို့လယ်ယာခြံမြေမှထွက်ရှိ သောသီးနှံများကို တပ်ကမည်မျှပေးဆောင်ရမည်ဆိုသည့် နအဖတပ်များ၏ တောင်းခံမှုများကို မလွဲမသွေပေးဆောင်ကြရသဖြင့် မိသားစုအများစုမှာ အစားအစာလောက်ငှခြင်း မရှိတော့ပေ။

ထို့အပြင် အချို့ဒေသများတွင် မတော်မတရားစွပ်စွဲပြီးဖမ်းဆီးညှင်းဆဲကာ ချုပ်နှောင်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့များမှ တဆင့် လုပ်ဆောင်စေလျှက်ရှိပါသည်။ အိမ်သားချင်း မျက်နှာအိုးမည်းသုတ်ပြီး ရန်တိုက်ပေးနေပါသည်။ ငွေကြေးအဆင်ပြေသူများမှာ နအဖ တပ်မှူး၊ ထောက်လှမ်းရေးမှူးများနှင့် လာဒ်ပေးမှုပြုလုပ်ပြီး စီးပွားရှာကြရပါသည်။ မြို့တွင်းနေထိုင်သူများမှာ နအဖ ထောက်လှမ်းရေးများ၏ အမြဲတမ်းစောင့်ကြည့်မှု အောက်တွင် လှုပ်ရှားနေရသကဲ့သို့ ကရင်နီပြည်၏ မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် နေထိုင်ကြသောပြည်သူများမှာ နအဖတပ်များ၏ အတင်းအကြပ် ကျေးရွာရွှေ့ပြောင်းစေခြင်းနှင့် မကြာခဏ စစ်ဆင်ရေးပြုလုပ်မှုများကြောင့် တောတွင်းတွင်သော်လည်းကောင်း၊ အိမ်နီနားချင်း ပြည်နယ်များတွင်သော်လည်းကောင်း ထွက်ပြေးတိမ်းရှောင်နေကြရဆဲ ဖြစ်ပါသည်။ ဤသို့ ထွက်ပြေးတိမ်းရှောင်နေရမှုကြောင့် အစာရေစာ ပြတ်လတ်ပြီး အင်အားချိနဲ့ခြင်း သေဆုံးခြင်းများ ဖြစ်ပေါ် လျှက်ရှိနေပါသည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် မော်ချီးအခြေစိုက် နအဖ ခမရ (၄၂၇) မှ ကျေးရွာ (၁၅) ရွာအား မော်ချီး–တောင်ငူနှင့် မော်ချီး–လွိုင်ကော်လမ်းမပေါ်သို့ ဒီဇင်ဘာလကုန်အပြီး ရွှေ့ပြောင်းကြရန် အမိန့်ထုတ်ခဲ့ပါသည်။ ထိုအမိန့်စာထုတ်ပြန်ပြီး မကြာမီတွင် တိုက်ပွဲများ အဆိုပါဒေသတွင် ဆက်တိုက်ဖြစ်ပွားခဲ့ကာ ဒေသတခုလုံးရှိ ကျေးရွာများအား အကန့်အသတ်မရှိ အတင်းအကြပ် ရွှေ့ပြောင်းစေပါသည်။ မော်ချီးအနီးတဝိုက်ရှိ ကျေးရွာသားများကို အတင်းအကြပ် ပေါ်တာဆွဲခေါ်ပြီး စစ်မြေပြင်သို့ထွက်စေသဖြင့် ရွာသားအချို့မြေမြုပ်မိုင်းနင်းမိပြီး ဒါဏ်ရာရခြင်း၊ သေဆုံးခြင်းရှိခဲ့ပါသည်။ လူမမယ်နို့ဆို့ မိခင်များပင် ပေါ်တာအဖြစ် အတင်းအကြပ် ဆွဲခေါ်ပါသည်။ ကရင်နယ်စပ်နှင့်

နီးစပ်သည့် ကျေးရွာသားများမှာ ကရင်နယ်မြေတွင်းသို့ထွက်ပြေးတိမ်းရှောင်သော်လည်း ကရင်နယ်မြေတွင်လည်း တိုက်ပွဲများကူးစက်ဖြစ်ပွားသဖြင့် ကရင်နီလူထုပါမက ကရင်လူထုများပါ အတူတိမ်းရှောင်နေကြရပါသည်။ ကျေးရွာများ မီးရှို့ဖျက်ဆီးခြင်း ခံနေရပါသည်။ သက်ကြီးရွယ်အိုအချို့မှာ လိုက်ပါနိုင်ခြင်းမရှိဘဲ ချန်ရစ်ထားခံရပြီး အစာတော်ပြတ်သေဆုံး ကြရပါသည်။ အချို့မှာ တောတွင်းတွင် ပြေးလွှားပုန်အောင်း နေထိုင်နေကြဆဲပင်ဖြစ်ပါသည်။ နယ်မြေအရှေ့ခြမ်းတွင် နေထိုင်သော ကျေးရွာသားများမှာ တောတွင်းပြေးလွှားပုန်အောင်းနေထိုင်ရင်း ထိုင်းနယ်မြေအတွင်း ဒုက္ခသည်အဖြစ်ဝင်ရောက် အခြေချနေထိုင်လျှက်ရှိသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ရှမ်းနယ်မြေအတွင်း ထွက်ပြေးနေထိုင်သူများမှာ အချို့ရလလဖထိန်းချုပ်နယ်မြေတွင် ဒေသခံလူထုများနှင့် နေထိုင်ရင်း ရလလဖထံ အခွန်ပေးဆောင်ရင်းနေထိုင်ကြရပါသည်။ အဘယ်ကြောင့်ဆိုသော် နအဖ နှောက်ယှက်မှုမှ လွတ်ကင်းစေရေးအတွက် ရလလဖ၏ အကာအကွယ်ပေးမှုကိုယူရသည့်အတွက် ဒေသခံထံ အလုပ်ရှာဖွေလုပ်ကိုင်ရင်း အသက်ရှင်ရသည့်ကြားက ၎င်းတို့ကို အခွန်ပေး ဆောင်နေရပါသည်။ အချို့မှာ နေရပ်ရင်းသို့ ပြန်လည်အခြေချနေထိုင်ရန် ပြင်ဆင်လျှက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကလလတ မှ ၎င်းတို့အား မပြန်လာပါက အခြားနယ်မြေမှ ပြည်သူများကို ခေါ်ဆောင်လာပြီး အခြေချနေထိုင်စေမည် ဟု ခြိမ်းခြောက်သောကြောင့် ဖြစ်သည်။ ကျေးလက်ဒေသများတွင် နေထိုင်သောပြည်သူများကို ဤသို့နအဖမှ နည်းမျိုးစုံဖြင့် ဖိနှိပ်ပြီး၊ မြို့တွင် နေထိုင်သောပြည်သူများကိုမူ သွားလာနေထိုင် လုပ်ကိုင်စားသောက်မှုကို ချုပ်ကိုင်ပြီး ၎င်းတို့၏လုပ်ဆောင်မှုကို အားပေးထောက်ခံလာအောင် ဖိအားပေးနေပါသည်။ စီးပွားရေးကြပ်တည်း လာအောင် ပွဲလမ်းသဘင်အလှူပွဲ၊ ကြိုဆိုပွဲ၊ အခန်းအနား အမျိုးမျိုးဖန်တီးပြီး စီးပွားရေးလုပ်ငန်းကြီးငယ်ဟူသမျှ လုပ်ကိုင်နေသူများကို အလှူငွေ အဆမတန်မဖြစ်မနေပေးလှူစေပါသည်။ မြို့ရွာစည်ပင်သာယာရေးနှင့် ဖွံ့ဖြိုးရေးအတွက် လုပ်အားပေးမှုအမျိုးမျိုးတွင် တအိမ်တယောက်မသွားမနေရ လုပ်အားပေးစေပါသည်။

ဤနည်းဖြင့် မြို့တွင်းနေလူထုမက ကျေးလက်နေ လူထုများပါ အသက်ချမ်းသာမရှိဘဲ နေ့တစ္ဆနအဖ စစ်တပ်၏ ဖိနှိပ်မှုအောက်တွင် အသက်ပင် မရှုရဲလောက်အောင်ပင် ကြောင်ရွံ့မှုအောက်မှ ရုန်းထွက်မရအောင် ရှိနေပါသည်။

## နအဖ၏ ဒီမိုကရေစီလမ်းပြမြေပုံ စီမံကိန်းလုပ်ရှားမှု

နအဖတို့သည် ၎င်းတို့၏ ဒီမိုကရေစီဆီသို့ ဦးတည်သည်ဟု ဆိုသောအချက် (၇) ချက်ပါ လမ်းပြမြေပုံ အစီအစဉ် ကို ကရင်နီလူထုများသဘောပေါက်နားလည်ပြီး ထောက်ခံမှုပေးလာအောင် နည်းမျိုးစုံဖြင့် စည်းရုံးဟောပြော မဲဆွယ်လျှက်ရှိပါသည်။ တဖက်မှာလည်း ပြည်သူများထဲမှ အများရိုသေမှု ပိုမိုရရှိသည်ဟု ယူဆရသူများကို ချည်းကပ်ကာ ကေအဲန်ပီပီအား အပစ်အခတ်ရပ်စဲရေးပြုလုပ်လာအောင် ဆွဲဆောင် စည်းရုံးစေပါသည်။ ၎င်းတို့အား နအဖမှ ဖိအားပေးမှုကြောင့် မဟုတ်ဘဲ ၎င်းတို့ ဆန္ဒသဘောထားအလျောက် လာရောက်တွေ့ဆုံခြင်းသာ ဖြစ်သည်ဟုပြော ဆိုစေပါသည်။ အခြားတဖက်တွင်မူ အပစ်အခတ်ရပ်စဲထားသော အဖွဲ့များနှင့် မိမိတို့ထံအညံ့ခံသွားသူများအား မြှောက်ထိုးပင့်ကော်လုပ်ပြီး ကေအဲန်ပီပီအား အပြတ်ချေမှုန်းရေးကို ငွေကြေးပေးခြင်း၊ လက်နက်

တပ်ဆင်ပေးခြင်းနှင့် စီးပွားလုပ်ကွက်များပေးခြင်းတို့ဖြင့် မြူဆွယ်နေပါသည်။ အဆိုပါ အဖွဲ့အစည်းများမှ ခေါင်းဆောင်လုပ်နေသူများကို ပြန်လည်ကျင်းပတော့မည့် ညီလာခံသို့ မိမိတို့၏ ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ်များအနေဖြင့် တက်ရောက်ရန် ဖိတ်ခေါ်ထားပါသည်။ လူထုများအကြား၊ အဖွဲ့တခုနှင့် တခုအကြား မသင့်မမြတ်ဖြစ်အောင် စည်းခြားပြီး အကွက်ကျကျကိုင်တွယ်ကာ သပ်လျှိုစည်းရုံး လျှက်ရှိနေပါသည်။ ညီအစ်ကို ဆွေမျိုးချင်းပင်လျှင် မသင့်မမြတ်ကြအောင် မြှောက်ထိုးပင့်ကော်မှု ပြုလုပ်ပါသည်။

ကေအဲန်ပီပီအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာအောင် ဆွဲဆောင်စည်းရုံးပြီး ညီလာခံ တက်ရောက်သည်အထိ လူထုများကို စည်းရုံးစေပါသည်။ ညီလာခံသို့ တက်ရောက်ပြီး မိမိလိုလားမှုများကို တောင်းခံလျှင် ရမည်ဟူသော မက်လုံးများ ပြောဆိုစေပါသည်။ ၎င်းတို့ ပြုလုပ်မည့် အချက် (၇) ချက်ပါ လမ်းပြမြေပုံ အစီအစဉ်ကို ညီလာခံတွင် အပြီးသတ် အတည်ပြုရေးဆွဲနိုင်လျှင် ပြည်သူတရပ်လုံး လိုလားတောင်းတသည့် ဒီမိုကရေစီနိုင်ငံတော်ဆီသို့အရောက် တက်လှမ်းနိုင်မည်ဟု လူထုကို စည်းရုံးပြောဆိုနေပါသည်။ ကေအဲန်ပီပီအနေဖြင့် တထစ်ချယုံကြည် သည်မှာ ပြန်လည်ပြု လုပ်မည့် ညီလာခံသည် ဟိုလူပါမှ ဒီလူပါမှဆိုပြီးတော့ စောင့်နေမည်မဟုတ်ဘဲ ၎င်းတို့ မူလအစီအစဉ် အတိုင်း ဖြစ်မြောက်အောင် ဆက်လုပ်မည်သာဖြစ်သည်။ ညီလာခံမှ ထွက်လာမည့် ရလဒ်သည် နအဖအား တရားဝင်မှုရရှိအောင် ထောက်ခံလိုက်သည့် အဖြေတခုအဖြစ် ကမ္ဘာအား ပြလိုခြင်းသာ ဖြစ်သည်ဟု ယူဆသည်။ ပြည်သူများမျှော်လင့်နေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် တည်တံ့ ခိုင်မြဲမည့် စစ်မှန်သည့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် မဟုတ်ဟု တထစ်ချ ယုံကြည်သည်။

နအဖ၏စစ်ရေးလှုပ်ရှားမှု

၂၀၀၃ ခုနှစ် နိုဝင်ဘာလကုန်ချိန်မှစပြီး နအဖသည် တပ်မ (၅၅) လက်အောက်ရှိ တပ်ရင်း (၁၀) ရင်းကို ကရင်နီပြည်နယ်သို့ ထပ်မံအင်အားဖြည့်ဆည်းခဲ့ပါသည်။ ဤတပ်ရင်းသစ်များအား မော်ချီး နောက်ဖက်ဒေသတွင် အပစ်ရပ်အဖွဲ့ဝင်များ၏ အကူအညီဖြင့် တပ်စခန်းအသစ်များဖွင့်လှစ်တိုးချဲ့ ထားပါသည်။ အပစ်ရပ်အဖွဲ့ဝင်များအား ပြည်သူများကို စည်းရုံးစေ၍ တမျိုး၊ ခြောက်လှန့်၍ တဖုံ ပြုလုပ်စေပါသည်။ ကရင်နီနှင့် ကရင်နယ်စပ်တလျှောက်တိုက်ပွဲ အရှိန်မြင့်မားနေသကဲ့သို့ မြောက်ပိုင်း ရှမ်းပြည်နယ်စပ်ဒေသများတွင်လည်း စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေပါသည်။ တိုက်ပွဲကြီးငယ်များ ဖြစ်ပွားလျှက်ရှိနေပါသည်။ ထိုင်း ကရင်နီ နယ်စပ်တလျှောက်တွင်လည်း ခြောက်သွေ့ရာသီအတွင်း ထိုးစစ်များ ပြုလုပ်ရန် အရှိန်ယူလျှက်ရှိနေပါသည်။

ကေအဲန်ပီပီ၏ အခြေခံရပ်တည်မှု

ကေအဲန်ပီပီသည် စစ်ရေးမဟာမိတ်အဖွဲ့ဝင် အင်အားစုဖြစ်သကဲ့သို့ တခြားသောဗမာအပါအဝင် တိုင်းရင်းသား လူမျိုးစုအဖွဲ့အစည်းများနှင့် စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရ သော်လည်းကောင်း၊ အနီးကပ်ပူးပေါင်း တိုက်ပွဲဝင်လျှက်ရှိပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နေသည့် အပေါ် နိုင်ငံရေးအရဖြစ်စေ၊ စစ်ရေးအရဖြစ်စေ တပ်ပေါင်းစု၊ မဟာမိတ်ပြုလုပ်ထားသော အဖွဲ့များနှင့်

စာမျက်နှာ (၁၁၅) သို့ဆက်ပါ။

## ၅း၅။ ENSCC အတွင်းရေးမှူးဒေါက်တာဆလိုင်းလျန်မှုန်း၏ ကြားဖြတ်မေတ္တာရပ်ခံချက်


ဒေါက်တာဆလိုင်းလျန်မှုန်း

သဘာပတိမှတဆင့် ကျနော် ဆွေးနွေးတင်ပြချင်တာက တော့ ခုန KNPP ဝန်ကြီးချုပ်နဲ့ KNPP တွဲဖက်အတွင်းရေးမှူး တင်ပြတဲ့အပေါ်မှာ ကျနော်ထပ်ဆင့် ဆွေးနွေးရင်းနဲ့ မေတ္တာရပ်ခံ ချက်တွေ၊ ပြီးတော့မေးခွန်းတွေ ကျနော်လုပ်ချင်ပါတယ်။ ကျနော် ပြောဆိုတဲ့အခါကျရင် ကျနော်တယောက်ထဲအနေနဲ့မဟုတ်ဘဲနဲ့ ကျင်းပရေးကော်မီတီ ကိုယ်စားအနေနဲ့ တင်ပြချင်ပါတယ်။

ကျနော်တို့ ကျင်းပရေးကော်မီတီ အခမ်းအနား အစီအစဉ် တွေ ရေးဆွဲတုန်းက ဘာဖြစ်လို့ ဒီမနက်အစီအစဉ်မှာ KNU နဲ့ KNPP နှစ်ခုထဲကိုဘဲထည့်သွင်းပြီးတော့ ဆွေးနွေးတင်ပြစေချင် သလဲ ဆိုလို့ရှိရင် ကျနော်တို့အားလုံး သိရှိထားသည့်အတိုင်း နိုင်ငံရေးအခြေအနေဟာ ကျနော်တို့တိုင်းရင်းသားလူမျိုးစု အားလုံးရဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုမှာ ကျနော်တို့ အားကိုးအားထားပြုနေတဲ့ KNU ရဲ့ အနေအထားဟာ ကျနော်တို့အတွက် အများကြီးအရေးကြီးပါတယ်။ အဲဒီအတွက်ကြောင့် အားလုံး သိရှိထားတဲ့အတိုင်း လက်ရှိ KNU အတွင်းမှာဖြစ်ပေါ် တိုးတက်နေတဲ့ နိုင်ငံရေးနဲ့ ပါတ်သက်ပြီးတော့ ကျနော်တို့ ဒီနီးနှောဖလှယ်ပွဲမှာ ကြွရောက်လာတဲ့ ခေါင်းဆောင်တွေအားလုံးက လက်ရှိနောက်ဆုံး အခြေအနေတွေကို ကျနော်တို့ သိရှိထားခြင်းအားဖြင့် မနက်ဖြန် သဘာက်ခါတွေမှာ ဆက်လက် ဆွေးနွေးမည့် ကိစ္စတွေမှာ ကျနော်တို့ ဆွေးနွေးသုံးသပ်ဖို့နဲ့ မဟာဗျူဟာ၊ နည်းဗျူဟာ ချမှတ်တဲ့ အခါကျလို့ရှိရင် ပိုပြီးတော့ အမြင်ရှင်းရှင်း လင်းလင်းနဲ့လုပ်ဆောင်နိုင်မယ်လို့ ကျနော်သုံးသပ်ပါတယ်။ အဲဒီ အတွက်ကြောင့် ဒီကဏ္ဍကို ကျနော်တို့ ပြန်ထည့်ခြင်းဖြစ်ပါတယ်။

ဒီမနက် တင်ပြသွားပေးတဲ့ KNU က ပဒိုမန်းရှာရော KNPP က ဗိုလ်ချုပ်အောင်သန်းလေးရော အထူးကျေးဇူးတင်ပါတယ်။ သို့သော် ကျနော်တို့ ကျင်းပရေးကော်မီတီကနေပြီးတော့ ဒီ အခန်းကဏ္ဍ ထည့်သွင်းရခြင်း အကြောင်းရင်းကိစ္စဟာ လူကြီးမင်းတို့၏ တင်ပြဆွေးနွေးမှုအထဲမှာ ပေါ်မလာသေးတာ ကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီကဏ္ဍကို ကျေးဇူးပြုပြီးတော့ နောက်ဆုံး KNU အနေနဲ့ ဖြစ်ပေါ် ပြောင်းလဲနေတဲ့ ရန်ကုန်ခရီးစဉ်အပါအဝင် ကျနော်တို့ အသေးစိတ်မဆိုလိုပါဘူး။ ကျနော်တို့ ဆက်ပြီး ဆွေးနွေးရမဲ့ နအဖရဲ့ NC ကို ဘယ်လို တုန့်ပြန်ရမလဲ။ နအဖရဲ့ Road Map ကို ကျနော်တို့ ဘယ်လို သုံးသပ်ရမလဲ။ အဲဒီပေါ်မှာ ကျနော်တို့သုံးသပ်ချက်ပေါ်မှာ ဘယ်လို Strategies တွေဘယ်လိုရေးဆွဲ ရမလဲ Tactics တွေ ဘယ်လို လုပ်ရမလဲ။ ပူးပေါင်းဆောင်ရွက်မှုတွေ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ အပိုင်းက ကျနော်တို့အနေနဲ့ ရှင်းရှင်းလင်းလင်း မြင်ထားဖို့လိုပါတယ်။ ကျနော်တို့အပိုင်းမှာ အားနည်းချက်လို့ ပြောရမလားမသိဘူး။ ကျနော်တို့ အခမ်းအနားတွေ စီစဉ်တဲ့နေရာမှာ ကျနော်တို့တိုင်းရင်းသားလူမျိုး များတို့၏ နိုင်ငံရေးပါတီများနှင့် လက်နက်တော်လှန်ရေး အင်အားစုတို့၏ လက်ရှိ တွေ့ကြုံနေရသော နိုင်ငံရေးအခြေအနေများဆိုပြီးတော့ ဒီလိုပဲ ယေဘုယျရေးထားပါတယ်။ ဒီလိုရေးထားရတဲ့ အကြောင်း

ရင်းကလဲ ခုနကကျနော်ပြောသလို KNU ကနေပြီးတော့ သူတို့ရဲ့ နောက်ဆုံး အခြေအနေတွေကို တင်ပြရန် ဆိုပြီးရေးလိုက်လို့ရှိရင် နိုးနှောဖလှယ်ပွဲအစီအစဉ်တွေ အပြင်ရောက်သွားလို့ရှိရင် ကျနော်တို့ အတွက် လုံခြုံရေးအရ မကောင်းမှာစိုးရိမ်ပါတယ်။ အန္တရယ်လဲ ဖြစ်လာနိုင်ပါတယ်။ အဒီအတွက် ကြောင့် ကျနော်တို့ကျင်းပရေးကော်မတီအတွင်းမှာလဲ KNU ခေါင်းဆောင်တွေ ရှိပါတယ်။ ပြီးလို့ရှိရင် ကျင်းပရေးကော်မီတီ ဥက္ကဌ ကိုယ်တိုင်ကလဲ KNPP ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျင်းပရေး ကော်မီတီအတွင်း နားလည်မှုနှင့် ကျင်းပရေးကော်မီတီမှာ ပါဝင်တဲ့ ခေါင်းဆောင်တွေကနေပြီးတော့ မိမိတို့ရဲ့အဖွဲ့အစည်း အထူးသဖြင့် KNU နဲ့ KNPP ရဲ့ အခြေအနေ ကို ကျေးဇူးပြုပြီးတော့ ဆွေးနွေး ပေးကြဖို့ မေတ္တာရပ်ခံတာဖြစ်ပါတယ်။။ အဲဒါမှဘဲ ကျနော်တို့ရှေ့ဆက်လုပ်ငန်းကို ဆက်လုပ်လို့ရမယ်လို့ ကျနော်တို့ ကျင်းပရေးကော်မီတီကနေပြီးတော့ ဆွေးနွေးထားတာရှိပါတယ်။ ဒါပေမဲ့ အဲဒီ ဆွေးနွေး ထားတဲ့အတိုင်း ကျနော်တို့မျှော်မှန်းထားတဲ့အတိုင်း ဒီနေ့ဆွေးနွေးချက်က ဖြစ်မလာသေးတဲ့အတွက် ကျနော်တို့ကျင်းပရေး ကော်မီတီအနေနဲ့ ထပ်ဆင့်ပြီးတော့ မေတ္တာရပ်ခံလိုတာက ကျနော်တို့ မျှော်မှန်းထားတဲ့ ကဏ္ဍလေးကိုဖြစ်နိုင်လို့ရှိရင် အထူးသဖြင့် KNU ဖက်က နှစ်မိနစ်၊ သုံးမိနစ် လောက်ဖြစ်ဖြစ်၊ ၅ မိနစ်၊ ၁၀ မိနစ် လောက်ဘဲ ဖြစ်ဖြစ်ထပ်ဆင့်ပြီးတော့ ရှင်းပြနိုင်လို့ရှိရင် ရှေ့ဆက် ဆွေးနွေးရမဲ့ကဏ္ဍမှာ အကျိုးရှိမယ်လို့ ကျနော်မျှော်လင့်ပါတယ်။

ဒီမနက် တင်ပြပေးတဲ့ KNU အထွေထွေ အတွင်းရေးမှူး ဖဒိုမန်းရှာ ကို အထူးဘဲကျေးဇူးတင် ပါတယ်။ ဒါပေမဲ့ အထွေထွေဆွေးနွေးခြင်းဖြစ်တဲ့အတွက် ကျနော်တို့လိုချင်တဲ့အဓိက ပွိုင့်က မရောက်သေးဘူး၊ အဲဒီအတွက်ကြောင့် ဒီကဏ္ဍကို KNU ဖက်က ခေါင်းဆောင် တဦးဦးကနေပြီးတော့ ထပ်ဆင့်ပြီးတော့ရှင်းပြပေးပါလို့ အနူးအညွတ်ဘဲ မေတ္တာရပ်ခံလိုပါတယ်။ ■

---

စာမျက်နှာ (၁၁၃) KNPP ခူဦးရယ်မှအဆက်

သဘောတူညီချမှတ်ထားသည့် အခြေခံရပ်တည်ချက်များအပြင် မိမိတို့ ယခင်ပါတီ၏ အခြေခံနိုင်ငံရေး ရပ်တည်ချက်အပေါ် မားမားမတ်မတ် ရပ်တည်ပြီး တိုင်းရင်းသားလူမျိုးအားလုံးတို့၏ တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာတိုးတက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေးနှင့် ဒီမိုကရေစီအရေးတို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်အထိ ဆက်လက်တိုက်ပွဲဝင် သွားမည်သာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ■

၅း၆။ KNU ဒု–ဥက္ကဌ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ KNU နှင့် နအဖစစ်အစိုးရ တွေ့ဆုံဆွေးနွေးပွဲအပေါ် ရှင်းလင်းတင်ပြခြင်း



ဗိုလ်ချုပ်ကြီးစောဘိုမြ

လေးစားအပ်တဲ့ တိုင်းရင်းသားခေါင်းဆောင်များခင်ဗျား–

ဒီနေ့ဟာ ကျနော်တို့ တိုင်းရင်းသားနှီးနှောဖလှယ်ပွဲဖြစ်တယ်။ ဒါကြောင့် ကျနော်ပြောချင်တာက ကရင့်တော်လှန်ရေးဟာ ၁၉၄၉ ခုနှစ်မှ စတင်ပြီးတော့ တော်လှန်ရေး လုပ်ခဲ့ပါတယ်။ ကျနော်တို့ စတင်တာ ကရင်တဦးထဲ မဟုတ်ဘူး။ ကရင်နီ ပါတယ်။ မွန် ပါတယ်။ ကျနော်တို့ သုံးဖွဲ့တပြိုင်ထဲ တော်လှန်ရေး တင်ပြီးတော့ အစိုးရကိုတော်လှန်တယ်။ အစိုးရကိုတော်လှန်တာက ကျနော် တို့တိုင်းရင်းသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေး မရရှိတဲ့အတွက် ကျနော်တို့တော်လှန်တာဖြစ်တယ်။ ပြီးတော့ ကရင်ပြည်တို့၊ မွန်ပြည်တို့၊ ကရင်နီပြည် ပြန်တောင်းတာဘဲ ဖြစ်တယ်။ သူတို့က အပိုင်စီးတော့ ဖဆပလ အဖွဲ့အစည်းအနေနဲ့ လူမျိုးစုအခွင့်အရေး အကုန်လုံးပိတ်ပင်တယ်။ စာလည်း မသင်ရဘူး၊ လူမျိုးစုဘာသာတွေလည်း မသင်ရဘူး၊ အကုန်လုံးပိတ်ထားတယ်။ လူမျိုးစုအခွင့်အရေးကို အကုန်လုံးပိတ်ထားတယ်။ ပိတ်ထားတဲ့အတွက် ကျနော်တို့ဟာ ကျနော်တို့လိုချင်တဲ့ ကျနော်တို့ ပြည်ကိုပြန်တောင်းတယ်။ တောင်းရင် လည်း သူတို့မပေးဘူး။ မပေးတော့ တိုက်ပွဲဖြစ်တယ်။ တိုက်ပွဲဖြစ်တော့ တဆင့်တဆင့် ကျနော်တို့ တော်လှန်ရေးတလျှောက်လုံးမှာဆိုရင် ကျနော်တို့သိရတာက ကျနော်တို့ဗမာနိုင်ငံရေးသမားနဲ့ ပူးပေါင်းတယ်၊ ဆက်သွယ်တယ်။ တပ်ပေါင်းစုလုပ်ခဲ့တယ်။ ဒါပေမဲ့ ကျနော်တို့တွေ့ရတာ အားလုံး ဗမာနိုင်ငံရေးသမားဟာ အကုန်လုံး မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲတဲ့အဖွဲ့အစည်းတွေ ဖြစ်တယ်။

ကျနော်တို့ ပြန်ကြည့်လိုက်မယ်ဆိုရင် အရင် အစိုးရလည်း မဟာလူမျိုးကြီးစနစ်ကို ကိုင်စွဲတယ်။ ပြီးတော့ ဗမာကလည်း မဟာလူမျိုးကြီးစနစ်ကို ကိုင်စွဲတာဘဲ၊ တခြားအဖွဲ့လည်း ဒီအတိုင်းဘဲ။ ဒါကြောင့်မို့လို့ ကျနော်တို့တွေ့တယ်။ ဒီ မဟာတွေဟာ အကုန်လုံးဘဲ၊ ဒီဗမာတွေဟာ အကုန်လုံး မဟာလူမျိုးကြီးဝါဒ ကိုင်စွဲတယ်။ ကျနော်တို့ လူမျိုးစုအခွင့်အရေးကို လုံးဝမပေးချင်ဘူး။ မပေးချင်တဲ့အတွက် ကျနော်တို့ကရင်နီပြည်မှာ သွားပြီးတော့ ကျနော်တို့ NDF သွားဖွဲ့တယ်။ အဲဒီတုန်းက ပဒိုမန်းဘဇံ ပါတယ်။ ကျနော်တို့ ဖွဲ့စည်းထားတဲ့ NDF ဟာ ကျနော်တို့ ဟိုတုန်းက သတ်မှတ်တယ်။ အဲဒီဥစ္စာဟာ လူမျိုးစုတွေရဲ့ နိုင်ငံရေးအခြေခံ စခန်းဘဲ။ ဒါကြောင့် ကျနော်တို့ လူမျိုးစုဟာ ဒီ NDF မှာ စုစည်းပြီးတော့ ဒီရန်သူကို ဆန့်ကျင်ဖို့၊ ဒီရန်သူကို တိုက်ခိုက်ဖို့ ဖြစ်တယ်။ ပြီးတော့ ကျနော်တို့ဟာ ဒီ NDF မှာ ဗမာတွေ ဝင်ပိုင်ခွင့်မရှိဘူး။ ဗမာဝင်ခွင့်လည်း မပေးဘူး။ လူမျိုးစုချင်းတွေဘဲ ကျနော်တို့ ဝင်ခွင့်ပေးတယ်။ ပြီးတော့ ဗမာတွေတက်လာတော့ ကျနော်တို့ကလည်း သူတို့နဲ့လည်း တပ်ပေါင်းစု လုပ်မယ်။ သူတို့ကို မပစ်ထားဘူး။ ကျနော်တို့ DAB ဖွဲ့တယ်။ ဖွဲ့တော့ လူမျိုးစုတွေ အကုန်လုံးပါတယ်။ ဗမာအဖွဲ့အစည်းတွေလည်း အများကြီးပါတယ်။ ဒါပေမဲ့ ကျနော်တို့တွေ့ရတာ ဗမာအဖွဲ့အစည်း

တွေဟာ အကုန်လုံး မဟာဆန်ဆန်တွေဘဲ။ ကျနော်တို့တပ်ပေါင်းစု လုပ်ခဲ့တဲ့ ဗမာအဖွဲ့တွေဟာ ဦးနု အဖွဲ့၊ ဦးနုလည်း သူ့အာဏာပြုတ်ပေမဲ့လို့ သူ့မဟာကတော့ မပြုတ်ဘူး။ သူဆက်လက်ပြီး ကိုင်စွဲတာဘဲ။ ဒါနဲ့ နောက်ဆုံး မဟာလူမျိုးကြီးကို ကိုင်စွဲတဲ့အတွက် သူအလုပ်အောင်မြင်အောင် အကောင်အထည် ဖော်လို့မရဘူး။ ထိုနည်းတူ ကျနော်တွေ့တယ်။ ဗကဗလည်း ဒီအတိုင်းဘဲ ဗကဗကိုတရုတ်ပြည်က အကူအညီအများ ကြီးပေးခဲ့ပါတယ်။ အကူအညီအများကြီး ပေးခဲ့ပေမဲ့လို့ သူဟာမဟာလူမျိုးကြီး စနစ်ကို ကိုင်စွဲတဲ့အတွက် သူရတဲ့လက်နက်ဟာ လူမျိုးစုကိုမပေးချင်ဘူး။ တချို့ပေးတာတောင်မှ စိတ်ချ လက်ချ မပေးဘူး။ ယုံယုံကြည်ကြည်နဲ့ ပေးတာမဟုတ်ဘူး။ ကျနော်သိရတာ ကချင်ကို ပေးတယ်။ ရှမ်းကို ပေးတယ်။ ဒါပေမဲ့ ခဲယမ်းမီးကျောက် အပြည့်အစုံ မပေးဘူး။ လုံလုံလောက်လောက် မပေးဘူး။ တိုက်ပွဲ တခါစာတခါစာ သာပေးတယ်။ တိုက်ပွဲကုန်ရင် သွားပြန်တောင်း အဲဒီလိုဘဲ။ ဒါကြောင့် လူမျိုးစုတွေဟာ ရန်သူကို ပြန်မတိုက်နိုင်ဘူး။ ပြီးတော့ ကျနော်တွေ့ရတာ ကျနော်တို့ ကရင်တွေဟာ မရဘူး။ အမှန်သူတို့ မဟာလူမျိုးကြီးစနစ်ကို မကိုင်စွဲ လို့ရှိရင် လူမျိုးစုအားလုံး လက်နက်ဖြန့်ပေးမယ် ဆိုလို့ရှိရင် ရန်ကုန်အစိုးရ ပြုတ်အောင် တိုက်နိုင်တယ်၊ ပြုတ်အောင် တိုက်နိုင်တဲ့ အနေအထားမှာ ရှိတယ်။

ဒါပေမဲ့ မဟာလူမျိုးကြီးကြောင့် ဗမာပြည်အစိုးရကို တိုက်လို့မရဘူး၊ ပြီးတော့ ကျနော်တို့ ကြိုတင်သိထားတယ်။ ကျနော်တို့ တွက်တယ်၊ ကျနော်တို့ တပ်ပေါင်းစုတွေ အားလုံးဟာ အကယ်၍ တွေ့ဆုံဆွေးနွေးပွဲပေါ်လာလို့ရှိရင် တဖွဲ့တစည်း ကျနော်တို့ မသွားဘဲနဲ့ ကျနော်တို့ တပ်ပေါင်းစုအနေနဲ့ ကျနော်တို့စုစုစည်းစည်း ခိုင်ခိုင်မာမာနဲ့ ကျနော်တို့သွားရင် ပိုပြီးတော့ အကျိုးရှိမယ်။ တပ်ပေါင်းစု အနေနဲ့သွားရင် ကျနော်တို့ ပိုမိုအင်အားကြီးပြီးတော့ ရန်သူကိုပိုပြီးတော့ တိုက်နိုင်မယ်။ နိုင်ငံရေးအရ ဘဲဖြစ်ဖြစ် စစ်ရေးအရဘဲဖြစ်ဖြစ် အကုန်လုံးတိုက်နိုင်တယ်။ ဒါပေမဲ့ဟိုတုန်းက ကျနော်တို့လုပ်ထား တဲ့စာချုပ်ဟာ DAB လည်း ဒီအတိုင်းရှိတယ်။ ပြီးတော့ NDF လည်း ဒီအတိုင်းဖြစ်တယ်။ လိုလားတဲ့ တွေ့ဆုံခြင်းပေါ်လာရင် ကျနော်တို့ သီးခြားသီးခြားသွားမတွေ့ဘဲနဲ့ ကျနော်တို့ တပ်ပေါင်းစုအနေနဲ့ သွားတွေ့ကြပါစို့လို့ အဲဒီလို သဘောတူစာချုပ်လုပ်ထားတယ်။ အကုန်လုံး တပ်ပေါင်းစု ခေါင်းဆောင် တွေလည်း လက်မှတ်ထိုးတယ်။ ဒါပေမဲ့ တွေ့ဆုံဆွေးနွေးဖို့ခေါ်လာတဲ့အခါ ကျတော့ နားမထောင်တော့ ဘူး။ သူသွားချင်သွား၊ ကိုယ်သွားချင်သွားဖြစ်နေကြတယ်။

ဒါပေမဲ့ ကျနော်တို့ကရင်တော်လှန်ရေးကတော့ ဒီနေ့အထိဘဲ ရှိနေပါသေးတယ်။ ကျနော်တို့ ရန်သူနဲ့သွားတွေ့တာ အခုဘဲ သွားတွေ့တယ်။ အရင်တုန်းက ကျနော်တို့က ခိုင်ခိုင်ဘဲ ဒီရန်သူကို တိုက်တယ်။ ဒီရန်သူကို အခိုင်အမာကို တိုက်တယ်။ ပြီးတော့ ကျနော်တို့ စာချုပ်ကို ပြည်ကြည့်မယ် ဆိုလို့ရှိရင် ကျနော်တို့မဟာမိတ်တွေ၊ တပ်ပေါင်းစုခေါင်းဆောင်တွေ၊ ရန်သူတွေ့ဆုံဆွေးနွေးပွဲ ခေါ်လာသရွေ့ သီးခြားသီးခြားမသွားပါစေနဲ့ဆိုတဲ့ သဘောတူညီချက်နဲ့အညီ ကျနော်တို့နဲ့ အတူတူ အကြာဆုံးဟာ မွန် ရှိတယ်။ မွန်ခေါင်းဆောင် နိုင်ရွှေကျင် သူမသွားဘူး၊ သူ့အဖွဲ့ အကုန်လုံးသွားပေမဲ့ သူမသွားဘူး။ မာနယ်ပလောမှာကျန်ခဲ့တယ်။ နောက်ဆုံးတော့ သူသွားရတာဘဲ၊ သူတယောက်ထဲ ကျန်တာကိုး ပြီးတော့ ကျနော်တို့ကရင်တော်လှန်ရေး ပြောရမယ်ဆိုရင် ကျနော်တို့အခက်အခဲ အမျိုးမျိုး ရှိတယ်။ ဒါပေမဲ့ ကျနော်တို့ခံနိုင်တာဘဲ၊ ကျနော်တို့ ရင်ဆိုင်တာဘဲ၊ ဒီရန်သူတွေဟာ ကျနော်တို့ ကရင်ရွာ တွေကို အကုန်လုံး မီးရှို့၊ အကုန်လုံးဖျက်ဆီး၊ ဒါပေမဲ့ ကျနော်တို့ ကရင်တွေဟာ ခံနိုင်တာဘဲ။ အရှုံးမပေးဘူး၊ ပြီးတော့ ကျနော်တို့ ကရင်လူထုလည်း ဒီအတိုင်းဘဲ KNU လိုဘဲ ခံတိုက်တာဘဲ၊

အထူးသဖြင့် ဖါပွန်ခရိုင်မှာ လူထုတွေကသေနတ်ကိုင်ပြီး ရန်သူကိုတိုက်တာဘဲ၊ ရန်သူကို ဗုံးနဲ့ ထောင်တာဘဲ။ တချို့က ဒုက္ခသည်အဖြစ်မသွားချင်ဘူး၊ ဒုက္ခသည် သွားရင် ဘာသွားလုပ်မလဲ၊ ဒါဟာ တို့တိုင်းပြည် မဟုတ်ဘူးလို့ အဲဒီလို သဘောထားတယ်။ အဲဒီ ခံယူချက်ရှိတယ်။ သေရင်တို့တိုင်းပြည် မှာဘဲ သေမယ်။ ဒီလို လူစားအများကြီးရှိတယ်။ ပြီးတော့ လူထုလည်း ရန်သူကိုထိထိရောက်ရောက် တိုက်တယ်။ ဒီရန်သူကို ထိထိရောက်ရောက် တိုက်တဲ့အတွက် ကျနော်တို့ ရွာတွေကို အကုန်လုံး မီးရှို့ပစ်တယ်။ ရှို့ပစ်ရင်လည်း ကျနော်တို့ အရှုံးမပေးဘူး၊ ဒီနေ့အထိရှိတာဘဲ၊ ပြီးတော့ ရန်သူလည်း သိတယ်။ သူ့ကိုတိုက်တာ ကရင်ဟာ အကြာဆုံးဘဲ၊ နှစ်ပေါင်းများစွာကြာတယ်။ ပြီးတော့ နအဖ ဗိုလ်ချုပ်ထဲက တယောက်ကပြောတယ်။ ကရင်တော်လှန်ရေးဟာ သူတို့အသိအမှတ်ပြုတယ်။ ဘာဖြစ် လဲဆိုတော့ ကရင့်တော်လှန်ရေးဟာ သူ့အမျိုးသားတွေအတွက် သူတိုက်တယ်။ သူ့အမျိုးသားအတွက် တိုက်ပွဲဝင်တယ်။ ဒါကြောင့် သူတို့အသိအမှတ်ပြုတယ်။ ပြီးတော့ နောက်ဆုံးသူတို့ တွေ့ဆုံဆွေးနွေးဖို့ ခေါ်တယ်။ အပစ်အခတ်ရပ်စဲရေးခေါ်တယ်။ တခြားအဖွဲ့အစည်းတွေ သွားတယ်။ ကျနော်တို့ မသွားဘူး၊ ရန်သူက ပြောတယ်၊ အပစ်အခတ်ရပ်စဲရေး လာလုပ်၊ ဥပဒေဘောင်တွင်းမှာဝင် လက်နက်ကိုင်လမ်းစဉ် စွန့်၊ နိုင်ငံရေးစကားမပြောနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ပါလို့ ဒီလိုပြောတယ်။ ဒါပေမဲ့ ကျနော်တို့ ကရင် ကတော့မလုပ်ဘူး၊ ကျနော်တို့ နှစ်ပေါင်းများစွာ တိုက်နေတာ စီးပွားရေးလုပ်ဖို့ မဟုတ်ဘူး။ ကျနော်တို့ အမျိုးသားလွတ်မြောက်ရေး၊ လွတ်မြောက်ဖို့အတွက် တိုက်တယ်။ ဒါကြောင့် သူတို့ပြောတာ ကျနော် တို့ လက်မခံဘူး၊ လက်မခံတော့ ကျနော်တို့က သူတို့ကိုနှစ်ပေါင်းများစွာ ပြန်လည်တိုက်ခိုက်တယ်။ တိုက်နေရတော့ နောက်ဆုံးက ဒီဇင်ဘာလမှာ စန်းပွင့်ကလာတယ်။ လာတော့ ဟိုတုန်းက သတ်မှတ် ချက်တွေ အကုန်လုံးဖြုတ်လိုက်ပြီ၊ မရှိတော့ဘူးတဲ့၊ ဘာမှ မလိုတော့ဘူးတဲ့၊ လက်နက်ကိုင် လမ်းစဉ် စွန့်လွှတ်တာလည်း မရှိတော့ဘူး၊ ဥပဒေဘောင်အတွင်းသို့ ဝင်တာလည်း မပါတော့ဘူး၊ ပြီးတော့ မယ်သရောထာလည်း မပါတော့ဘူး၊ လာပြီးတော့ တွေ့ဆုံဆွေးနွေးနိုင်တယ်။ ကျနော်ပြောတာ တကယ်ဟုတ်လား၊ သူက ဟုတ်တယ်တဲ့၊ တကယ်ဟုတ်ရင်တော့ ကျနော်တို့ စဉ်းစားမှာပေ့ါလေ၊ ဒါဆို ရင် ကျနော်တို့ ပြန်လည်ဆွေးနွေးရအုံးမှာပေ့ါ တယောက်ထဲက ဘာဖြစ်နိုင်မှာလဲ၊ ဒါနဲ့ ကျနော်တို့ ပြန်လာတယ်၊ ပြန်လာတော့ ဗဟိုမှာ ကျနော်တို့ လူငါးဦး လွှတ်တယ်။ လွှတ်တော့ ယုံကြည်မှုအတွက် တည်ဆောက်ဖို့ လွှတ်ပါတယ်။ ကျနော်ပြောတယ်၊ ခင်ဗျားတို့လုပ်တာ မှန်လား၊ မမှန်ဘူးလား၊ ရိုးသားမှုရှိလား၊ မရှိလား၊ သူက ရိုးသားမှုရှိတာမရှိတာ သူမပြောတတ်ဘူးတဲ့၊ ခင်ဗျားတို့ဘဲ သွား ကြည့်တဲ့၊ ဒါနဲ့ ကျနော်တို့ လူလွှတ်တယ်၊ ပြန်လာတယ်၊ ပြန်လာတော့ နောက်တွေ့ဆုံနိုင်ရေးအတွက် ကျနော်တို့သွားတယ်။ သွားတော့ ကျနော်သူ့ကို ပြောတာဘဲ၊ အခု ကျနော်တို့ လာတာ တခြားအဖွဲ့ တွေနဲ့ မတူဘူး၊ ကျနော်တို့လာတာက ဥပဒေဘောင်အတွင်းထဲမှာဝင် လက်နက်ကိုင်လမ်းစဉ်စွန့်၊ ကျနော်တို့ လက်မခံတဲ့အတွက် ခင်ဗျားတို့ အရင်တုန်းကခေါ်တယ်။ ကျနော်တို့ မလာဘူး၊ လက်နက် ကိုင်လမ်းစဉ်စွန့်ဆိုတာက လက်နက်ချဘဲ၊ ကျနော်တို့ လက်နက်မချနိုင်ဘူး၊ ပြီးတော့ ဥပဒေဘောင် အတွင်းထဲမှာဝင်ဆိုတာက ကိုယ့်ကိုယ်ကို နဝတ ဆီလာပြီး အသိအမှတ်ပြုခိုင်းတာဘဲ၊ ဒို့ကိုအသိ အမှတ်ပြုပါ၊ အဲဒီလို သဘောရှိတယ်။ ရှိတဲ့အတွက်ကြောင့်လည်း လက်မခံနိုင်ဘူး၊ လက်မခံတော့ မလာဘူး၊ အကယ်၍ ကျနော်တို့လာမယ်ဆိုရင် ကျနော်တို့ကို ကျနော်တို့လာပြီး အသိအမှတ်ပြု တဲ့အတွက် ကျနော်တို့ဟာ နဝတလူဖြစ်သွားပြီ၊ နဝတလူဖြစ်သွားတော့ ကျနော်တို့ဟာ ဘာမှပြောစရာမလိုဘူး၊ တောင်းစရာလည်း မလိုတော့ဘူး၊ ကျနော်သူ့ကို ဒီလိုပြောတယ်။

အခုကျနော်လာတာ ဒီလိုမဟုတ်ဘူး၊ အခု ကျနော်တို့လာလုပ်တဲ့ အပစ်အခတ်ရပ်စဲရေးဟာ လက်နက်ချဖို့ မဟုတ်ဘူး၊ ဥပဒေဘောင်အတွင်းမှာ ဝင်ဖို့လည်းမဟုတ်ဘူး၊ ကျနော်တို့လုပ်မဲ့ အပစ်အခတ်ရပ်စဲရေးဟာ အပစ်အခတ်ရပ်စဲရေးလုပ်ပြီး နောက်ပိုင်းမှာ နိုင်ငံရေးစကား ပြောရမယ်။ နိုင်ငံရေးဆွေးနွေးရမယ်။ အဲဒါ သဘောတူညီမှု ရှိရှိ ၊ သဘောတူညီမှု မရှိဘူး ဆိုလို့ရှိရင် ကိုယ့်နေရာကိုယ်ပြန်ဘဲ၊ ပြန်တိုက်မှာဘဲ၊ ဒါဘဲ ကျနော်လိုချင်တယ်။ ဒါကြောင့် ခင်ဗျားတို့ ငြိမ်းချမ်းရေးလုပ်ရင် ကောင်းကောင်းမွန်မွန်လုပ်၊ ခင်ညွန့်က သူ့လူကို ပြောတယ်။ ကျနော်ပြောတယ် ခင်ဗျား ငြိမ်းချမ်းရေးဟာ မမှန်သေးဘူး၊ စည်းလုံးညီညွတ်မှုနဲ့ ငြိမ်းချမ်းရေးဆိုရုံနဲ့ဆိုရင် ကျနော်သဘောမကျဘူး၊ မမှန်ဘူး၊ ခင်ဗျားတို့ အဲဒီလိုရေးပါ။ စစ်မှန်တဲ့ငြိမ်းချမ်းရေးနဲ့ စစ်မှန်တဲ့ညီညွတ်ရေး ဖြစ်ရမယ်။ ခင်ညွန့်က သူ့လူကို ပြောတယ်၊ နားထောင်ပါ အဲဒီလို ပြန်ရေးပါတဲ့၊ နောက်တနေ့ သူတို့က စစ်မှန်တဲ့ငြိမ်းချမ်းရေးနဲ့ စစ်မှန်တဲ့ ညီညွတ်ရေးလို့ ပြန်ထည့်တယ်။ ပြီးတော့ ခင်ညွန့်က ကျနော့ကိုပြောတယ်၊ မနက်ဖြန်လုပ်မဲ့ အစည်းအဝေးက ကျနော်နဲ့ခင်ဗျားက ပါဝင်စရာမလိုဘူးတဲ့၊ အောက်ခြေက ဆွေးနွေးပါစေတဲ့၊ သူပြောတယ် ဦးလေးကသိပ်အိုပြီ နားဖို့လိုပြီတဲ့၊ ကျနော်လည်းနားလိုက်တယ်။ ကျနော်တို့ လူတွေက ဆွေးနွေးတယ်။ ဆွေးနွေးတော့ သူတို့က အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးဘူး၊ ကျနော်ပြောတယ်။ အခု ကျနော်တို့လာတာ အပစ်အခတ်ရပ်စဲရေး ကိစ္စဘဲ၊ ခင်ဗျားလက်မှတ်မထိုးရင် ကျနော်တို့ ပြန်သွားရင် ကျနော်တို့လူတွေ ကျနော်တို့ကို ဘယ်ယုံမှာလဲ၊ ခင်ဗျားတို့ ဒီလိုလုပ်တာဘာဖြစ်သလဲ၊ မထိုးရင်တော့ ကျနော်တို့ ဒီလိုဘဲ ပြန်သွားရတော့မှာပေါ့။ နောက်ဆုံးသူတို့က ဘယ်လိုပြောသလဲ ဆိုတော့ ကျနော်တို့က ခင်ဗျားတို့ကို အပြည့်အစုံ မယုံကြည်သေးဘူး။ ခင်ဗျားတို့လည်း ကျနော်တို့ကို အပြည့်အစုံ မယုံသေးဘူးဆိုတာ ကျနော်တို့ သိပါတယ်တဲ့။ ဒါပေမဲ့ နောက်တဆင့်ပြီးတဆင့် ဆွေးနွေး ပြီးတော့ ယုံကြည်မှုကြီးထွားလာတဲ့အခါ ကျမှဘဲ ကျနော်တို့လက်မှတ်ထိုးမယ်တဲ့။ အကယ်၍ ကျနော်တို့ အခုလက်မှတ်ထိုးမယ်ဆိုရင် ပျက်သွားရင်မကောင်းဘူး၊ ပျက်သွားရင် နာမည်ပျက်တယ်။ ဒါကြောင့် လက်မှတ်မထိုးသေးဘူးလို့ သူကပြောသွားတယ်။ ကျနော်တို့ လိုချင်တာမရဘူးဆိုလို့ရှိရင် နောက်ဆုံး ကျနော်တို့ ပြန်တိုက်ရမှာဘဲ။ ကျနော်တို့အပြီးအပိုင်မဟုတ်ဘူး၊ ဒါပေမဲ့ ငြိမ်းချမ်းရေး ဖြစ်လာနိုင်အောင် ကြိုးစားရမှာ ဖြစ်တယ်။ နှစ်ဖက်စလုံးဘဲပေါ့၊ ကျနော်တို့ကတဖက်တည်းမဟုတ်၊ သူတို့လည်းကြိုးစားရမယ်။ ဘာဖြစ်လဲဆိုတော့ အခုပြည်သူတွေလည်း အတော်ဒုက္ခရောက်တယ်။ ပြီးတော့ ကျနော်တို့တပ်မှူး၊ ရဲဘော်တွေလည်း တိုက်ပွဲမှာ အများကြီးကျဆုံးသွားတာရှိတယ်။ သူတို့ လူတွေလည်း ဒီအတိုင်းဘဲ၊ သူတို့ ခြေပြတ်တာအများကြီးဘဲ ထောင်နဲ့ချီပြီး ခြေပြတ်တယ်။ သူတို့လည်း အဲဒါကို ကြောက်တာဘဲ။ သူတို့လည်းလုပ်ရဲရင် ကျနော်တို့လည်း လုပ်ရဲပါတယ်။ သူတို့ရိုးသားရင် ကျနော်တို့လည်း ရိုးသားမှာဘဲလေ။ ဒါပေမဲ့ ကျနော်တို့လူမျိုးစုဟာ ညီညွတ်ဖို့ လိုအပ်ပါတယ်။ စည်းလုံးညီညွတ်မှုဟာ အရေးကြီးတယ်။ စည်းလုံးမှုမရှိရင် ရန်သူက အမြတ်ထုတ်သွားမှာဘဲ၊ ကျနော်တို့ စည်းလုံးတယ်ဆိုတာ ပါးစပ်နဲ့ဘဲ ပြောဖို့မဟုတ်ဘူး၊ ကိုယ်ရောစိတ်ပါရှိရမယ်။ လက်တွေ့ ရှိရမယ်။ ရန်သူက ကျနော်တို့ကို မချယ်လှယ်နိုင်အောင် ကျနော်တို့ လုပ်ရမှာဖြစ်တယ်။ အဲဒီလိုလုပ်မှ သာ လူမျိုးစုတွေရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိမှာဖြစ်တယ်။ သို့မဟုတ်ရင် မရနိုင်ဘူး၊ အရင်တုန်းက ကျနော်တို့ အမျိုးမျိုးပြောကြတယ်။ ကြွေးကြော်သံတွေ တော်လှန်ရေးဆိုတာ တဖွဲ့ တည်းနဲ့ အောင်ပွဲမခံနိုင်ဘူး။ တပ်ပေါင်းစုနဲ့သာ အောင်ပွဲခံနိုင်တယ်။ ကျနော်က ဟိုတုန်းကလက်မခံဘူး၊ ဘာဖြစ်လို့လက်မခံသလဲ၊ ကျနော်တွေ့ရတာ တော်လှန်ရေးတလျှောက်လုံး တပ်ပေါင်းစုမှ မတိုးတက်ဘဲ၊

တပ်ပေါင်းစု မတိုးတက်တော့ တော်လှန်ရေးဘယ်လိုအောင်ပွဲခံမလဲ။ တပ်ပေါင်းစုက အစည်းအဝေး လုပ်တယ်။ တက်တယ် ညီညွတ်တယ် အားရမှုရှိတယ်။

ဒါပေမဲ့ တပ်ပေါင်းစုကိုစနစ်တကျဖြစ်ဖို့ ကိုယ်စားလှယ်ပေးကြပါ။ တဖွဲ့ကိုဘယ်လောက်၊ ဘယ်သူ့မှ မပေးနိုင်ဘူး၊ ဘယ်သူ့မှမပေးနိုင်တော့ မပေးချင်တော့ဘူး၊ ကျနော်တို့ လူမအားဘူး။ အဲဒီလိုဘဲ ပြောကြတယ်။ ပြီးတော့ တပ်ပေါင်းစုဝင်ကြေး ထည့်ပါ။ အဲဒါလည်း ဘယ်သူ့မှ မထည့်ချင်ဘူး၊ သူလည်း အခက်အခဲရှိတယ်။ ကိုယ်လည်း အခက်အခဲရှိတယ်။ ဒါကြောင့် တော်လှန်ရေးဟာ တပ်ပေါင်းစုနဲ့ အောင်ပွဲခံတယ်ဆိုတာ ကျနော်လက်မခံဘူး၊ ကျနော်လည်း မမြင်ပါဘူး၊ ဒါကြောင့် ကျနော်တို့ပြောသလို ကျနော်တို့လုပ်ရမယ်။ ကျနော်တို့ပြောသလိုလုပ်ရင် အောင်ပွဲခံ နိုင်တယ်။ ကျနော်တို့ အပြောကြီးဘဲရှိပြီး၊ အလုပ်မရှိရင် အလကားဘဲ၊ ကျနော် ဒီအတိုင်းဘဲတွေ့တယ်။ ဒီအတိုင်းမြင် တယ်။ ဒီအတိုင်းဘဲပြောတယ်။ ရန်သူလည်း ကျနော်ရှင်းရှင်းဘဲပြောတာဘဲ၊ အခု ကျနော်တို့လာတာ ခင်ဗျားတို့ကို ကြောက်လို့လာတာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရင် ခင်ဗျားတို့ကို ချစ်ဖို့လာတာ၊ ဒါကြောင့် ခင်ဗျားတို့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုလုပ်၊ ခင်ဗျားမလုပ်ရင် ကျနော်တို့ မလက်ခံနိုင်ဘူး၊ ပြီးတော့ ကျနော်ပြောတယ်၊ တချို့တိုင်းပြည်မှာ စစ်အာဏာရှင်စနစ်ကျင့်သုံးတော့ အာဏာမရှိတဲ့တနေ့ သူ့ကိုတရားစွဲတယ်။ ထောင်ချတဲ့လူလဲရှိမယ်၊ သေဒဏ်ရှိတဲ့လူလဲ ရှိမှာပေ့ါ၊ အဲဒါ ခင်ဗျားတို့ မကြောက်နဲ့၊ ကျနော်ရှိတယ်။ ခင်ဗျားတို့ကို ကျနော်တာဝန်ခံတယ်။ အကယ်၍ ခင်ဗျားတို့ မှန်မှန်ကန်ကန်နဲ့ လုပ်မယ်ဆိုရင် ခင်ဗျား အာဏာမရှိတဲ့တနေ့ ခင်ဗျားကို လူများတရားစွဲရင် ကျနော်က ခင်ဗျားတို့အတွက်တာဝန်ခံမယ်။ ကျနော်ပြောမယ်၊ ခံရတာ ကရင်က အများဆုံးခံတယ်။ ဒါပေမဲ့ ကရင်က ခွင့်လွှတ်နိုင်ရင် တခြားအဖွဲ့တွေလည်း ခွင့်လွှတ်ရမှာပေ့ါ၊ ခင်ဗျားတို့ အဲဒီလို တရားစွဲတာတို့ ဘာတို့မလုပ်နဲ့ ကျနော် ပြောမယ်၊ ခင်ဗျားယုံပါ။ သူတို့ဗိုလ်ချုပ်တချို့က အဲဒါဆိုပြီးပြီပေ့ါလို့ ပြောတယ်။ ကျနော်သွားတာ ရန်သူလို့ ကျနော်မထင်ဘူး။ ဒီလိုဘဲ ကျနော်ထင်တယ်။ သူငယ်ချင်းလို မိတ်ဆွေလိုပေ့ါ၊ ကျနော်ပြောတယ်၊ ခင်ဗျား ကောင်းကောင်းလုပ်ပါ။ ကောင်းကောင်းမလုပ်ရင် လူထုဒုက္ခရောက်တယ်။ ခင်ဗျားတို့ဟာ ခေါင်းဆောင်မကောင်းလို့လူထုတွေ ဒုက္ခရောက်တယ်။ ခေါင်းဆောင်ကောင်းရင်လူထု ဒုက္ခမရောက်ဘူး၊ ဒါကြောင့် ခင်ဗျားတို့ ရာဇဝင်ကောင်းအောင်လုပ်ပါ။ သူပြောတယ်လုပ်ပါမယ်၊ လုပ်ပါမယ်တဲ့၊ ကျနော်ပြောတယ်၊ ကရင်–ဗမာစစ်ပွဲဟာ ခင်ဗျားတို့ မဟာဗမာကျင့်သုံးတဲ့အတွက် ကျနော်တို့နဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ ပြီးတော့ စစ်အာဏာရှင်စနစ် ကျင့်သုံးတဲ့အတွက် စစ်အာဏာရှင် ဖြစ်တယ်။ ကျနော်နှစ်ပေါင်းများစွာ ဗမာနဲ့စစ်တိုက်တယ်။ ဗမာအစိုးရနဲ့ စစ်တိုက်တယ်။ ဒါပေမဲ့ ကျနော့် ရန်သူဟာ ဗမာမဟုတ်ဘူး၊ မဟာလူမျိုးကြီးစနစ်နဲ့ စစ်အာဏာရှင်စနစ်ဘဲ။ အဲဒီဟာ မရှိရင် ကျနော်တို့ တိုက်စရာ ဘာမှမရှိဘူး။ သူပြောတယ်။ နောက်ဆို စစ်အာဏာရှင် မရှိတော့ပါဘူး၊ နောက်ဆို ဒီမိုကရေစီဘဲ သွားတော့မှာပါ။ ကျနော်သူ့ကိုပြောတယ်၊ ကျနော်ဟာ ရှင်းရှင်းပဲပြောတတ်တယ်။ မဟုတ်တာ ကျနော်မပြောဘူး၊ ကျနော်တို့ ကရင်ဟာ ရိုးရိုးဘဲ ပြောတယ်။ ခင်ဗျားတို့က ပြောတယ်။ နိုင်ငံခြား အားမကိုးနဲ့။ နိုင်ငံခြားအားကိုးတာ ဘယ်သူလဲ ခင်ဗျားတို့ဘဲ၊ ခင်ဗျားတို့ တရုတ်ဆီမှ လက်နက်မျိုးစုံ၊

၆း၁။ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်ကြီးစောဘိုမြ၏အဖွင့်မိန့်ခွန်း စာမျက်နှာ (၁၂၆) သို့

# အခန်း (၆)

## နိုင်ငံတကာအခြေအနေများကိုဆွေးနွေးသုံးသပ်ချက်ခြင်း

လေးစားအပ်သောခေါင်းဆောင်များ၊ ကိုယ်စားလှယ် တော်ကြီးများ အားလုံး– ဒီနေ့ နီးနှောဖလှယ်ပွဲမှာ စကားပြော ခွင့်ရတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ဒီနေ့ ကျနော်တို့ အမျိုးသားလူမျိုးစုများအခွင့်အရေး ပြန်လည်ရရှိရေးအတွက် တိုင်ပင်ဆွေးနွေးကြပါတယ်။ ဒါပေမဲ့ ကျနော်ပြောလိုတာက ရန်သူကို အခြေအနေသုံးသပ်တဲ့နေရာမှာ မှန်ကန်မှုရှိဖို့လိုတယ်၊ ရိုးသားမှု၊ မှန်ကန်မှုမရှိရင် ကျနော်တို့အတွက်ဘာမှ အကျိုးမရှိဘူး။ မှန်ကန်မှုရှိမှ ရန်သူကိုတိုက်နိုင်မှာ ဖြစ်တယ်။ တစုံတခုက ဆုံးဖြတ်မှု မမှန်ကန်လို့ရှိရင် ကျနော်တို့ရန်သူကိုတိုက်တာ ထိရောက်မှု မရှိဘူး။ တချို့ခေါင်းဆောင်တွေ ကျနော်တွေ့ခဲ့တယ်။ မှန်ကန်မှု မရှိဘူး။ ရန်သူကိုလွယ်လွယ်နဲ့ဘဲတွက်တယ်။ ရန်သူဟာ အခြေနေ မကောင်းဘူး။ စီးပွားရေး ကျဆင်းနေတယ်။ ရန်သူဟာ ပြုတ်ကျတော့မယ်။ ဒါပေမယ့် ကျနော်ကတော့ အဲဒီလိုမထင်ပါဘူး။ ရန်သူကို အထင်ကြီးစရာမလိုဘူး။ ကျနော်တို့ လုပ်ငန်းကို မှန်မှန်ကန်ကန် လုပ်သွား ဖို့ဘဲလိုတယ်။ အခု ကျနော်တို့သုံးသပ်ကြတာ ရန်သူဟာ အခြေအနေမကောင်းဘူး။


ဗိုလ်ချုပ်ကြီးစောဘိုမြ

ရန်သူဟာမကြာတော့တဲ့ အချိန်အတွင်းမှာဘဲ ပြုတ်ကျတော့မယ်။ ကျနော်ကတော့ ဒီလိုမထင်ဘူး။ ရန်သူဟာ ဘယ်လိုပဲဖြစ်ဖြစ်၊ နိုင်ငံတကာက သူ့ကိုဖိအားပေးသလို၊ ဆန့်ကျင်သလို သူ့ကိုထောက်ခံမဲ့ လူတွေ အများကြီးရှိတယ်။

ကျနော်တို့တွေ့ရတာ ထိုင်းနိုင်ငံကလည်း သူ့ကိုထောက်ခံတယ်။ အိန္ဒိယနိုင်ငံကလည်း ထောက်ခံတယ်။ ဒါကြောင့်မို့ သူပြုတ်ကျမှာမဟုတ်သေးဘူး၊ ကျနော်တို့က ရန်သူကိုတိုက်တဲ့ နေရာမှာ စည်းလုံးညီညွတ်မှုရှိဖို့လိုတယ်။ သတ္တိလည်းရှိဖို့လိုတယ်။ ရန်သူကို မသုံးသပ်တတ်ရင် ကျနော်တို့ အတွက်အကျိုးမရှိဘူး။ အခုနိုင်ငံတကာကလည်း ရန်သူကိုဖိအားပေးတယ်။ ဆန့်ကျင်တယ်။ ကမ္ဘာမှာ ပြန်ကြည့်ရမယ်ဆိုရင် ဒီနေ့အမေရိကန်ဦးဆောင်တဲ့ ကုလသမဂ္ဂထဲမှာ နအဖလည်းအဖွဲ့ဝင်ဖြစ်ပါတယ်။ သူဘယ်လိုပဲ နအဖကို ဖိအားပေးပေး နအဖကို ကုလသမဂ္ဂအဖွဲ့ဝင်ထဲကမထုတ်ပယ်နိုင်ဘူး။ ဆက်လက်ပြီးတော့ တည်ရှိနေတာပဲ။ ပြီးတော့ အောင်ဆန်းစုကြည်လည်း သူ့လူပဲ။ ဒါပေမဲ့ အောင်ဆန်းစုကြည်ကို လွှတ်ပေးပါဆိုပေမဲ့လို့ နအဖမလွှတ်ပေးတော့ သူဘာမှမတတ်နိုင်ဘူး။ ဒီလိုပဲရှိနေတယ်။ အောင်ဆန်းစုကြည်လည်း သူ့လူပဲ။ နအဖလည်း သူ့လူပဲ။ ပြီးတော့ ကမ္ဘာပေါ်မှာ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး၊ နှိမ်နင်းရေးကို အမေရိကန်က သွားလုပ်တယ်။ အမေရိကန် ဘာလုပ်သလဲဆိုတာ ခင်ဗျားတို့သိလား၊ ကျနော် ကတော့သိတယ်၊ မူးယစ်ဆေးဝါးကို လုပ်နေတဲ့သူတွေ ကို ကျနော်တို့ KNU က တောက်လျှောက်ပဲ ဆန့်ကျင်တယ်၊ ကျနော်တို့မလုပ်ဘူး၊ မတိုက်တွန်းပေးဘူး။ ဒါပေမဲ့ အမေရိကန်က ကျနော်တို့ကိုအားမပေးဘူး။ မပေးတဲ့အပြင် မူးယစ်ဆေးဝါးထုတ်နေတဲ့ နအဖကိုတောင် မှသူက ကူညီပေးသေးတယ်။ ဘိန်းနှိမ်နင်းရေး အတွက်ဆိုပြီးတော့ပေးတယ်။ ပြီးတော့ ငွေတွေပါ အမြောက်အများပေးတာကို ကျနော်သိတယ်။ ဒါပေမဲ့ နအဖက ဒီငွေတွေကို ယူပြီးတော့ မူးယစ်ဆေးဝါး ကို နှိမ်နင်းတာမဟုတ်ဘူး။ ဟယ်လီကော်ပတာတွေ၊ လေယာဉ်ပျံတွေဝယ်ပြီး ကျနော်တို့ ကရင်တော်လှန်ရေးကို လာတိုက်တာ။ သူတို့လက်နက်ကို ဟယ်လီကော်ပတာနဲ့ လာပို့ပေးတယ်။ အဲဒါ

ကျနော်တို့ကို ဆန့်ကျင်တာပဲ။ ကျနော်တို့အပေါ်မှာ အမေရိကန် သူတို့ဘယ်လို သဘောထားသလဲ၊ တော်တော်မိုက်တဲ့ KNU ပဲ၊ သူများမူးယစ်ဆေးဝါး လုပ်တဲ့လူတွေတောင်မှ သူတို့ဘာမှမလုပ်ဘူး။ ကျနော်တို့က မူးယစ်ဆေးဝါးကို နှိမ်နှင်းတယ်။ ဒါပေမဲ့ သူတို့က မူးယစ်ဆေးဝါးလုပ်တဲ့လူကို အကူညီပေးတယ်။ ကျနော်တို့ KNU က ဒီလောက် ကင်းကင်း နေတာတောင်မှ သူတို့ဘာမှမပေးဘူး။ အဲဒါ ခင်ဗျားတို့စဉ်းစားကြည့်၊ အမေရိကန်က ပြောတယ်။ အကြမ်းဖက်ရှိတဲ့ နေရာသူလိုက်တိုက်မယ်။ နအဖအကြမ်းဖက်သမားပဲ။ ဒါပေမဲ့ အမေရိကန်က မတိုက်ဘူး။ သူ့အတွက် အကျိုးမရှိတဲ့သူကိုပဲ သူတို့တိုက်တယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးရောင်းဝယ်တဲ့ နေရာမှာ သူလည်းပါတာဘဲ။ မူးယစ်ဆေးဝါးက ဗမာပြည်ကထွက်တယ်။ အမေရိကန်ကိုတော့ လေယာဉ်နဲ့ သွားတယ်။ အဲဒါ သူ့အတွက် အကျိုးရှိတယ်။ ကျနော်တို့ကရင်ကတော့ မူးယစ်ဆေးဝါး အတွက်က အမေရိကန် ဘာမှအမြတ်မရဘူး။ အမြတ်မရတဲ့အတွက် နဝတကို လက်နက်ပေးတယ်၊ ငွေပေးတယ်၊ ကရင်ကို လာတိုက်ခိုင်းတယ်။ တိုက်ရိုက်မပြောပေမဲ့ သွယ်ဝိုက်တဲ့နည်းတွေနဲ့ ပြောတယ်။ အဲဒါကြောင့် ကျနော်တို့က ရန်သူကို မှန်မှန်ကန်ကန် သုံးသပ်ဖို့လိုတယ်။ တချို့က ထင်တယ်၊ နဝတ မကြာခင်ပြုတ်ကျတော့မယ်တဲ့၊ လွယ်လွယ်နဲ့မပြုတ်ဘူး၊ ဒါကြောင့်မို့လို့ ကျနော်တို့ တော်လှန်ရေးက လည်း ကိုယ့်အားကို ကိုယ်ကိုးတယ်၊ ၊ ဘယ်သူမှ ကျနော်တို့ကိုလာပြီးတော့ တော်လှန်ရေးလာ လုပ်ပေးမှာမဟုတ်ဘူး။ ကျနော်တို့ဟာ ကျနော်တို့လုပ်ရမယ်။ ကျနော်တို့လုပ်တတ်ရင်ရမယ်၊ မလုပ်တတ်ရင် မရဘူး။ ဒီလိုဘဲ နားထောင်ပြီးတော့ အမေရိကန် ဖိအားပေးရင်တော့ နဝတက မကြာခင် ပြုတ်သွားနိုင်တယ်။ ကျနော်က ဒီလိုမထင်ဘူး။ ကျနော်တို့က စည်းလုံးညီညွတ်ရေးရရှိဖို့အတွက် နဝတကို တိုက်တဲ့နေရာမှာ ဒေါသထွက်တဲ့ပုံစံမျိုးနဲ့ တိုက်ဖို့မလိုဘူး။ အဲဒီလို ရန်ဖြစ်တဲ့ပုံစံမျိုး ဒေါသ ထွက်တဲ့ ပုံစံမျိုးတိုက်လို့ရှိရင် ဒီဗမာပြည်မှာ စည်းလုံးညီညွတ်ရေး ဘယ်တော့မှရမှာ မဟုတ်ဘူး။ ကျနော်တို့က တိုက်တဲ့နေရာမှာ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုမဲ့အစား ပျော့ပျော့ပျောင်းပျောင်း ပြောဆိုလို့ရှိရင် ပိုပြီးတော့အကျိုးရှိမယ်လို့ ကျနော်ထင်တယ်၊ ၊ တချို့လူကတော့ပြောတာပဲ နအဖကို အပြုတ်တိုက်မယ်၊ နဝတကို လုံးဝဆန့်ကျင်မယ်၊ နောက် ညီလာခံကို လုံးဝဆန့်ကျင်မယ်၊ နဝတပြုတ် တဲ့အထိ ပြောတာဘဲ၊ ပါးစပ်ပဲ ပြောတယ်၊ လက်တွေ့ကျတော့ ဘာမှမလုပ်ဘူး။ ပြီးတော့ ကျနော်တို့က လေနဲ့ပဲတိုက်တယ်။ ကျနော်တို့က နဝတကို လေနဲ့တိုက်လို့မရဘူး။ ကမ္ဘာမှာ အင်အားအကြီးဆုံးဟာ အမေရိကန်ဘဲဖြစ်နေတယ်။ ဒါပေမဲ့ နဝတကို သူဆန့်ကျင်တဲ့နေရာမှာ ပြုပြင်တဲ့နေရာမှာ လေနဲ့ဘဲပြုပြင်တယ်။ ဘယ်လိုပဲပြုပြင်ပြုပြင် ကျနော်တို့က ကျနော်တို့တော်လှန်ရေးအတွက် ဆုံးအောင် လုပ်ရမှာဘဲ၊ အကျိုးရှိအောင် ကျနော်တို့လုပ်ရမယ်၊ အကျိုးမရှိဘဲနဲ့တော့ ကျနော်တို့လုပ်လည်း အလကားဘဲ။ ကျနော်တို့ကပြောသလိုလုပ်၊ တိုက်ဆိုလည်းတိုက်၊ အဲဒီလိုလုပ်မှဖြစ်မယ်။ ကျနော်တို့က တိုက်တယ်၊ ကျနော်တို့အတွက် ပြောတော့ကောင်းတယ်။ အသိတရားကောင်းတယ်။ စီစဉ်တာဘဲ ရှိတယ်။ အလုပ်မရှိဘူး။ အဆက်အစပ်မရှိဘူး။ အဆက်အစပ်မရှိတဲ့အတွက် ရန်သူကို တိုက်တဲ့နေရာမှာ ထိရောက်မှုမရှိဘူး။ ကျနော်တို့ ကရင်ကတော့ များသောအားဖြင့် ကတိဘဲကြိုက်တယ်။ ကျနော်တို့က ကျနော်တို့လူမျိုးအတွက် စစ်တိုက်တယ်၊ ကျနော်တို့လူမျိုး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး အတွက် ဘဲဖြစ်တယ်။ ကျနော်တို့တိုက်တာနှစ်ပေါင်း (၅၀) ကျော်သွားပြီ။ ဒါပေမဲ့ ကျနော်တို့ အရှုံးမပေးဘူး၊ ကျနော်အမြဲတမ်းပြောတယ်။ တော်လှန်ရေးဆိုတာ အရှုံးမပေးရင် ဘယ်တော့မှ ရှုံးမှာမဟုတ်ဘူး။ ပြီးတော့ နယ်စပ်မှာရှိတဲ့ ကျနော်တို့စခန်းတွေကို ရန်သူကအကုန်လုံးသိမ်းပိုက်တယ်။ သူတို့ပြောတယ်၊

KNU တော့ရှုံးပြီ။ တချို့သတင်းစာဂျာနယ်ထဲမှာ ဝေဖန်မှုတွေ အများကြီးရှိတယ်။ ကျနော်က ပြောတယ်၊ ကျနော်တို့မရှုံးပါဘူး။ ကျနော်တို့ ကရင်တော်လှန်ရေးဟာ ဘယ်တော့မှမရှုံးဘူး။ အခက်အခဲ ဘယ်လောက်ပဲရှိရှိ ကျနော်တို့ ဆက်တိုက်မှာဘဲ။ ကျနော်တို့ မဟာမိတ်တွေအားလုံး ရန်သူနဲ့ပေါင်းပြီး တော့ အပစ်ခတ်ရပ်စဲရေးလုပ်လုပ်၊ ကျနော်တို့ ကရင်ကတော့ မလုပ်ဘူး။ မလုပ်တာက ဘာကြောင့်လဲ ကျနော်သိတယ်၊ ကျနော်တို့ သွားလုပ်ရင် ကျနော်တို့အတွက် အကျိုးမရှိဘူး။ ရန်သူက ဟိုတုန်းက ပြောတာဘဲ၊ ရန်သူက လိမ်တာမဟုတ်ဘူး။ ရန်သူကပြောင်ဘဲပြောတယ်။ ခင်ဗျားတို့ အပစ်အခတ်ရပ်စဲ ရေးလုပ်၊ ဥပဒေဘောင်အတွင်းကို ဝင်၊ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၊ နိုင်ငံရေးစကား မပြောနဲ့၊ ဒေသ ဖွံ့ဖြိုးရေးလုပ်ပါ၊ အဖွဲ့အစည်းကို မစွက်ဖက်နဲ့၊ စစ်တပ်ကိုမတိုးချဲ့နဲ့၊ သင်တန်းမပေးနဲ့ ကုန်နေပြီဘဲ။ ခင်ဗျားတို့သွားလည်း အကျိုးရှိမှာမဟုက်ဘူးလို့ ကျနော် မဟာမိတ်တွေကို ပြောတယ်။ မဟာမိတ် တွေက ကျနော့်ကိုမယုံဘူး၊ မယုံတော့ ကျနော်တို့က ဆက်တိုက်တယ်။ ကျနော်တို့ စခန်းမရှိပေမဲ့လို့ ကျနော်တို့က ဆက်တိုက်တယ်။ တိုက်ရင်းနဲ့ ကျနော်တို့ နယ်စပ်စခန်းကို ကျနော်တို့ ပြန်ထူထောင် နိုင်တယ်။ ဒါပေမဲ့ ကျနော်တို့မှာ အခြားသော လျှို့ဝှက်စခန်းတခုရှိသေးတယ်၊ ဒါပေမဲ့ အဲဒီ စခန်းကို ပြောင်ဘဲ ထားတယ်။ အဲဒါ (၂၀၂) စခန်းဖြစ်တယ်။ ပြီးတော့ (၂၀၁) စခန်း ကျနော်တို့ထူထောင် တာတော်တော်ကြာသွားပြီ။ သုံးနှစ်လောက်ရှိပြီ၊ ရန်သူက လာတိုက်တယ် မရဘူး။ ကျနော်တို့က ခံတိုက်တော့ ရန်သူက ပြန်ဆုတ်သွားတယ်။ ဒီလိုကြာကြာ ကျနော်တို့ ခံတိုက်တော့ သူတို့ကလည်း သိတယ်။ KNU က သူ့လူမျိုးကို သူသိတတ်တယ်။

ဒါကြောင်မို့လို့ သူအသိမှတ် ပြုတယ်။ နအဖကြေငြာတာတော့ အားလုံးကြားမှာဘဲ။ နဝတတွေ က သူတို့သတ်မှတ်ချက်တွေကို အားလုံးဖြုတ်ပစ်ပြီး ကျနော်တို့ကို ဆက်သွယ်တယ်။ ကျနော်တို့က တော့ စမ်းကြည့်တာဘဲ၊ သူတို့ကို ယုံတာမဟုတ်ဘူး။ ဖြစ်မလား၊ မဖြစ်ဘူးလား၊ သူက ပြောသလို လုပ်မလား၊ မလုပ်ဘူးဆိုရင် ကျနော်တို့လည်း လက်ခံမှာ မဟုတ်ဘူး။ ကျနော်တို့တော်လှန်ရေးလုပ် နေတာ ကျနော်တို့ပြည်သူတရပ်လုံး အတွက်ဖြစ်တယ်။ ကျနော်တို့ တယောက်တည်းအကျိုးအတွက် မဟုတ်ဘူး၊ ကျနော်တို့တော်လှန်ရေးလုပ်နေတာ၊ စီးပွားရေးလုပ်တာမဟုတ်ဘူး၊ ကျနော်တို့ တော်လှန်ရေးလုပ်တာ ကျနော်တို့ကရင်လူမျိုးအားလုံး ကျွန်ဘဝက လွတ်မြောက်ဖို့ဘဲ ဖြစ်တယ်။ ဒါ ကြောင့်မို့လို့ အခြားမိတ်ဆွေတွေ ရန်သူနဲ့ နားလည်မှုယူပေမဲ့ ကျနော်တို့မယူဘူး။ ကျနော်တို့ယူရင် လည်း တခြားအဖွဲ့ထက် ထူးခြားမှုရှိရမယ်။ ကျနော်တို့က တွေ့ဆုံဆွေးနွေးတယ်။ ဒါပေမဲ့ ကျနော်တို့အရှုံးပေးတာမဟုတ်ဘူး၊ ကျနော်တို့က ရပ်တည်မြဲရပ်တည်နေတာဘဲ၊ တခြားအဖွဲ့တွေ အပစ်ခက်ရပ်စဲရေးသွားလုပ်တာ လက်နက်စာရင်းပေးရတယ်၊ လူစာရင်းပေးရတယ်၊ ကျနော်တို့ KNU က လက်နက်စာရင်းလည်း မပေးရဘူး၊ လူစာရင်းလည်း မပေးရဘူး။ ရန်သူကလည်း မတောင်းဘူး၊ ဒါကြောင့်မို့လို့ တခြားအဖွဲ့တွေထက် ထူးခြားမှုရှိတယ်။ ဒါပေမဲ့ ကျနော်ကြားရတာ တချို့အဖွဲ့တွေ က စိုးရိမ်တယ်။ ကျနော်တို့ကို ရန်သူတွေ လိမ်မလား၊ အလိမ်ခံ ရမလား။ ကျနော်တို့ကလည်း အလိမ် မခံပါဘူး၊ အလိမ်ခံဖို့လည်း ကျနော်တို့လုပ်တာ မဟုတ်ဘူး။ ကျနော်တို့တိုက်တာ ကျနော်တို့ ကရင် အတွက် တိုက်တယ်၊ တိုက်တဲ့အတွက်ကြောင့် ကျနော်တို့ လူမျိုးတွေရဲ့အရေးမှာ အောင်ပွဲခံတဲ့အထိ တိုက်မယ်လို့ ကတိခံထားတယ်။ ကျနော်တို့ဘယ်တော့မှ အရှုံးမပေးဘူး၊ ကျနော်တို့ ရဲဘော်တွေက လည်း နားလည်မှုပေးတယ်။ စစ်တိုက်တယ်ဆိုတာ သေတဲ့ လူလည်းသေမှာဘဲ၊ ဒါပေမဲ့ ကျနော်တို့က

အရှုံးမပေးဘူး၊ အဲဒါကြောင့် သေတဲ့လူလည်း အကျိုးရှိတယ်။ တိုက်ပွဲမှာသေဆုံးတဲ့ ရဲဘော်တွေကို ကျနော်တို့သစ္စာမဖောက်နိုင်ဘူး။ ဒါကြောင့်မို့ ကျနော်တို့ အခုထက်ထိ အလုပ်လုပ်နေတာဖြစ်တယ်။ ကျနော်တို့အခက်ခဲလည်းရှိမှာပဲ၊ အကျပ်အတည်းလည်းရှိမှာပဲ၊ ဒါပေမဲ့ ကျနော်တို့ ဆက်လုပ်နေတယ်။ ကျနော်တို့ အောင်ပွဲခံတဲ့အထိ တိုက်မယ်လို့ ပြည်သူတွေကို ပြောထားတယ်။ စစ်တိုက်တဲ့နေရာမှာ သတ္တိရှိရမယ်။ ဖြတ်လတ်မှုရှိရမယ်၊ ကျနော် မဟာမိတ်တွေကိုပြောချင်တာက စည်းလုံးညီညွတ်စွာနဲ့ တိုက်ရမယ်။ ကျနော်တို့ တောင်းဆိုတဲ့နေရာမှာ လူမျိုးစုအခွင့်ရေးကို အပြည့်အဝပေးပါ၊ ကျနော်တို့က ရတဲ့အထိလုပ်ပေးရမယ်။ ကျနော် နိုင်ငံရေးသမား မဟုတ်ဘူး။ ကျနော်တော်လှန်ရေးသမား ဖြစ်တယ်။ နိုင်ငံရေးအကြောင်းအရာတွေကို ပြေပြေလည်လည်ပြောတတ်တဲ့ လူမဟုတ်ဘူး။ အဲဒီတော့ ဒီအထဲမှာ နိုင်ငံရေးသမားတွေလည်းပါတယ်။ ဒါကြောင့်မို့ ကျနော်တို့တိုင်းပြည်ရရှိဖို့အတွက် တိုက်ကြရမယ် လို့ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ■

---

စာမျက်နှာ (၁၂၀) ဗိုလ်ချုပ်ကြီး စောဘိုမြမှအဆက်

စစ်သဘော်၊ တိုက်လေယာဉ်တို့ အမြောက်တို့ယူပြီးတော့ ကျနော်တို့ကိုတိုက်တယ်မဟုတ်လား။ ပြည်သူလူထုကို နှိပ်စက်တယ်မဟုတ်လား။ သူတို့ကပြန်ပြောတယ် ဒါဟာလွန်သွားပြီတဲ့။ လွန်သွား တော့လည်း ဒါဟာရာဇဝင်မှာတော့ ထားရမှာပေ့ါလို့ ကျနော်ကပြောတယ်။ ကျနော်ပြောချင်တာက တော့ဒါဘဲ။ ကျနော်တို့အရှုံးပေးတာ မဟုတ်ဘူး။ ကျနော်လိမ်တာမဟုတ်ဘူး။ တချို့ကပြောတယ် ရန်သူ ကသူတို့ကို တဖြည်းဖြည်းဆွဲတယ်။ ကျနော်တို့ကို ဆွဲလို့မရပါဘူး။ ကျနော်တို့ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကရင်ပြည်ကို ပေးရမယ်။ နိုင်ငံရေးဆွေးနွေးမယ်။ သူပြောတယ်၊ ဖြေးဖြေးပေ့ါ၊ ဖြေးဖြေးဆိုလည်း ဖြေးဖြေး ပေ့ါ၊ ဒါဘဲ။ ■

## ၆း၂။ ENSCC အကြံပေးပုဂ္ဂိုလ် Sao Harn Yawnghwe မှ International နှင့် Bangkok Process အပေါ်ဆွေးနွေးခြင်း



Sao Harn Yawnghwe

လေးစားအပ်တဲ့သဘာပတိများနှင့် ခေါင်းဆောင်ကြီးများခင်ဗျား ပထမဆုံးပြောချင်တာတော့ ကျနော်တို့နှစ်ရက်တိုင်တိုင် ဆွေးနွေးလာခဲ့တဲ့အချက်တွေကို ကျနော်ထောက်ခံပါတယ်။ နအဖက ဘယ်လောက်ဆိုးတယ်။ ကျနော်တို့က ဘယ်လောက် အမှန်ဖက်မှာ နေတယ်ဆိုတဲ့ကိစ္စကို ငြင်းစရာမရှိဘူး။ ကျနော်တို့ အတိတ်ကို ပြန်ကြည့်ရင်တော့ ဘာမြင်သလဲဆိုတော့ ကျနော်တို့ အမှန်ဖက်က နေပေမဲ့ အမှားဖြစ်နေတယ်။ ကျနော်တို့ လွတ်လပ်ရေးရတဲ့ ခေတ်တုန်းကဆိုရင် ကိုလိုနီကိုခံတိုက်တဲ့ခေတ် ကမ္ဘာစစ်ပြီးတဲ့ အချိန်ပေါ့။ အဲဒီအချိန်မှာ ဖြစ်လာတဲ့နိုင်ငံအသစ်တွေကို သူများ အားပေးချင်တယ်။ ကိုလိုနီကိုဆန့်ကျင်လို့ ဖြစ်လာတဲ့ ဦးနု အစိုးရကို အကုန်လုံးဝိုင်းရံတိုက်ခိုက်နေတဲ့အချိန် ကိုလိုနီနိုင်ငံအသစ်ကို ပြန် ဖြိုခွဲမည့်သဘောလို့ ကမ္ဘာကယူဆတဲ့အတွက် ကျနော်တို့မှန်ပေမဲ့ လူဆိုးဖြစ်ခဲ့တယ်။ ဖြစ်လာတဲ့ နိုင်ငံသစ်တွေကို အားပေး ချင်တယ်။ နောက်ထပ်တကြိမ် ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းတဲ့အချိန်မှာ တကယ်ဆိုရင် သူက လူဆိုးပါဘဲ။ အခြေခံဥပဒေကို သူဖျက်သိမ်းလိုက်တယ်။ ဒါပေမဲ့ သူ့ကို ဘယ်သူကမှ လူဆိုးလို့မခေါ်ဘူး။ ကျနော်တို့ကဘဲ လူဆိုးဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်ကလည်း စစ်အေးကာလ၊ စစ်အေးကာလတုန်းကလည်း အာဏာရှင်က ကွန်မြူနစ်ကို တိုက်နေရတယ်။ ကွန်မြူနစ်ကို ဆန့်ကျင်တယ်။ ဆိုတော့ ဘယ်သူမှအာဏာရှင်ကို ဂရုမစိုက်ဘူး။ သူ့ကို တိုက်နေတာက လူဆိုးဘဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ကအင်အားတောင့်တင်းတဲ့ အစိုးရကို သူတို့လိုချင်တယ်။ ကွန်မြူနစ်ကို တိုက်တဲ့လူကို လိုချင်တယ်။

၁၉၇၄ ခုနှစ်က လိမ်ပြီးတော့ မဆလ စနစ်တည်ဆောက်လာခဲ့တယ်။ အဲဒီခေတ်က စစ်အေး ကာလဖြစ်ပေမဲ့ သူတို့ကလည်း နေဝင်းတို့နဲ့ ဆက်ပြီးသွားလို့ မရတော့ဘူး။ စနစ်တခုပြောင်းမှဖြစ်မယ် ဆိုတာသိပေမဲ့ တိုင်းပြည်ကဆက်ပြီးတည်ငြိမ်နေတယ် ဆိုတဲ့သဘောဘဲ။ ဒါကြောင့်မို့လဲ သူတို့က ဆက်ပြီးလက်ခံတယ်။ ကျနော်တို့အနေနဲ့ကြည့်ရင်တော့ မတရားဘူး၊ မဖြစ်သင့်ဘူး၊ မခံချင်ဘူး ပြောပေ မဲ့ နိုင်ငံတကာကကြည့်ရင်တော့ သူတို့အကြောင်းအရာတွေ ရှိတယ်။ အဲဒါကြောင့်လဲ ကျနော်တို့က တိုးလို့မရဘူး။ ကရင်၊ ကချင်၊ ရှမ်း အကြောင်းတွေပြောရင်လည်း ဘယ်သူမှ နားမထောင်ချင်ဘူး။ ပုန်ကန်တဲ့လူတွေ၊ သူပုန်တွေလို့ ပြောတယ်။ အစိုးရကိုဘဲ ထောက်ခံရမယ်။

ဒါပေမဲ့ တပ်မတော်က ၁၉၆၂၊ ၁၉၇၄၊ ၁၉၈၈ သူတို့မပြောင်းဘူး။ ၁၉၈၈ ခုနှစ်မှာ ဒီမိုကရေစီ ထွန်းကားတဲ့ခေတ်ဖြစ်လာပြီ။ လူ့အခွင့်အရေးထွန်းကားတဲ့ ခေတ်ဖြစ်လာပြီ။ ဒါပေမဲ့ နအဖက မပြောင်း ဘူး။ ဒါပေမဲ့ ၈၈ မှာ နဝတက လူဆိုးဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုရင် ကမ္ဘာကပြောင်းသွားပြီ။ စစ်အေးခေတ်လည်း ပြီးသွားပြီ။ ဒီမိုကရေစီခေတ်ဖြစ်နေတော့ ဒီမိုကရေစီကို ဖိနှိပ်တယ်။ လူ့အခွင့်အရေး

ကို ချိုးဖောက်တယ်။ ဒါကြောင့် သူကလူဆိုး ဖြစ်သွားတယ်။ ဒီမိုကရေစီခေတ်က ထွက်ပြေးလာတဲ့ လူတွေက သူရဲကောင်း ဖြစ်သွားတယ်။ သူတို့ကို ကူရမယ်။ အဲဒီလို ဖြစ်လာတယ်။ ထွက်ပြေးလာတဲ့ ဒီမိုကရေစီအင်အားစုနဲ့ပေါင်းပြီး အလုပ်လုပ်တော့ နိုင်ငံတကာကလည်း ဖြည်းဖြည်းချင်း တိုင်းရင်းသား ကဏ္ဍကို လက်ခံလာတယ်။ သူတို့က လူ့အခွင့်အရေး ရှုထောင့်ကကြည့်တယ်။ သူတို့က လူ့အခွင့် အရေးလေးစားဖို့ သူတို့လိုချင်တယ်။ ဒီမှာတော့နည်းနည်း ကျနော်တို့ဖက်က ပါလာတယ်။ ကမ္ဘာက ကျနော်တို့ အကျိုးကိုလိုက်ကြည့် နေတာမဟုတ်ဘူး။ နအဖလည်း မပြောင်းဘူး။ ကျနော်တို့လုပ် နေတာကလည်း မပြောင်းဘူး။ ဒါပေမဲ့ ကမ္ဘာကပြောင်းနေတယ် Globalization ဖြစ်နေပြီ။ အခုက ကမ္ဘာ့စီးပွါးရေးခေတ် ဖြစ်လာပေမဲ့ နောက်ထပ်ခေတ်အသစ် ပေါ်လာတယ်။ အမေရိကန်ဦးဆောင်တဲ့ Terrorist ပေါ့။ အကြမ်းဖက် ဆန့်ကျင်ရေးစစ်ပွဲ ဖြစ်နေတယ်။ အဲဒါကို နအဖက သူတို့အကျိုးဖြစ် အောင် ကြိုးစားခဲ့ပါတယ်။ ဘာလဲဆိုတော့ အမေရိကန်ဖက်ကို နေချင်တယ်။ အကြမ်းဖက်သမားတွေကို တိုက်မယ်။ အကြမ်းဖက်သမားက KNU, SSA, KNPP တို့ဖြစ်ပါတယ်လို့သူတို့က ကြိုးစားခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ အဲဒါကို ကျနော်တို့က သတိထားရမယ်။ ဒါကြောင့်လဲ သူတို့က ရန်ကုန်မြို့မှာ ခဏခဏ ဗုံးခွဲတယ်။ ဒါကို KNU လုပ်ပါတယ် လို့စွပ်စွဲပါတယ်။

ကျနော်တို့ကို အဲဒီဖက် သွတ်သွင်းချင်တယ်။ ကျနော်တို့ကလည်း ဟိုဖက် မဝင်သွားအောင် စဉ်းစားထားရမယ်။ အခုအထိတော့ နအဖက လူကောင်း၊ အကြမ်းဖက်သမားတွေကို တိုက်ခိုက်နေ တယ်လို့ပြောတာ ဘယ်သူမှ မယုံပါဘူး။ ဒါပေမဲ့သူတို့က ဒါကိုကြိုးစားနေတာကို သိထားရမယ်။ ဒါပေမဲ့ ဒီခေတ်ပေါ်လာတော့ နအဖ ကတဖက်၊ ဒီမိုကရေစီအင်အားစုကတဖက်၊ ကျနော်တို့ တိုင်းရင်းသားတွေ ကတဖက် ဘယ်သူကကမ္ဘာ့စီးပွါးရေးကို အထောက်အကူပြုနိုင်မလဲ၊ ဘယ်သူကမြန်မာပြည်ရဲ့အကျိုးကို လုပ်နိုင်မလဲ။ အဲဒါကြောင့်ဘဲ နဝတ တက်လာတုန်းက ဒီလူတွေက လူ့အခွင့်အရေးကို ချိုးဖောက်တဲ့လူ ဒီမိုကရေစီကိုဖိနှိပ်တဲ့လူ ဆိုပြီးမှ အမေရိကန်က ရှုတ်ချတယ်။ တချိန်တည်းမှာပဲ ထိုင်းတို့၊ အာဆီယံတို့၊ တရုတ်တို့လည်း နအဖက တိုင်းပြည်ကိုဆက်ထိမ်းပြီးတော့ စီးပွါးရေးလုပ်နိုင်မယ် ထင်တယ်။ သူတို့က ကမ္ဘာထဲမှာ စီးပွါးရေးပြိုင်နိုင်မယ်ဆိုပြီး ဆက်ပြီးအားပေးသင့်တယ်လို့ ခံယူကြတယ်။ ခပ်များများက ငွေရေးကြေးရေး ပေးကြပါတယ်။ Investment များများလုပ်ပေးကြတယ်။ ဒါပေမဲ့ (၁၀) နှစ်ကျော် လာတဲ့အချိန်ထိ တိုးတက်မှုမရှိပါဘူး။

နောက်ထပ်တဖက်က ကြည့်ပြီးပြောချင်တယ်။ Bangkok Process က အခုမှဖြစ်တာ မဟုတ် ပါဘူး။ ၁၉၉၇ ခုနှစ် မြန်မာနိုင်ငံက အာဆီယံထဲဝင်တဲ့အချိန်မှာ နိုင်ငံတကာမှာ ပြဿနာ အကြီးအကျယ်တက်တယ်။ အရင်တုန်းကဆိုရင် အာဆီယံနှင့် အီးယူနဲ့ဆိုရင် ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတွေ အားလုံးအဆင်ပြေတယ်။ မြန်မာဝင်လာမှ ပြဿနာအကြီးအကျယ် တက်တယ်။ ဘာလို့လဲဆိုတော့ အီးယူဖက်က လူ့အခွင့်အရေးကို ချိုးဖောက်တဲ့ အစိုးရကို လက်မခံနိုင် ဘူးဆိုတော့ ပြဿနာတက်တယ်။ အမေရိကန်တို့ကလည်း ပြဿနာတက်တယ်။ နဝတ နဲ့ပေါ့။ ဥရောပသမဂ္ဂဖက်က သူတို့ကြိုးစားတာ၊ အာဆီယံကိုပြောတာ ဘာလဲဆိုတော့ ခင်ဗျားတို့အဖွဲ့ဝင် ဖြစ်တဲ့နိုင်ငံကို ခင်ဗျားတို့ ဆုံးမသင့်တယ်။ ခင်ဗျားတို့ လုပ်ပါ။ အမေရိကန်ကလည်း ထိုင်းကိုတိုက်တွန်း တာ အနီးအနားနိုင်ငံကို လုပ်ပါ။ အဲဒီအချိန်က ထိုင်းတို့အာဆီယံတို့ မလက်ခံဘူး။ သူတို့ကတော့ သူတို့ရဲ့အဖွဲ့ဝင်ဖြစ်လို့ ကာကွယ်ပေးရမယ်ဆိုတဲ့ သဘောဘဲရှိတယ်။ ဝင်လာပြီးနောက် ၁၉၉၇ နောက်ပိုင်း

နှစ်တိုင်းလိုပဲ ကုလသမဂ္ဂဖြစ်ဖြစ်၊ အမေရိကန် ဖြစ်ဖြစ်၊ အီးယူဖြစ်ဖြစ်၊ အဲဒီနိုင်ငံတွေက တချိန်လုံးတိုက်တွန်းနေတယ်။ လုပ်ပါလုပ်ပါ၊ ခင်ဗျားတို့ မလွှတ်ထားပါနဲ့။ ဒါပေမဲ့ မဖြစ်လာဘူး။ ပထမဆုံးဖြစ်လာတာက မလေးရှား မဟာသီယာက ၂၀၀၁ ခုနှစ်မှာ ပါဝင်လာတယ်။ မြန်မာပြည် အကြောင်း ဒါပေမဲ့ကျနော်တို့က အကြောင်းအရာမသိဘဲနဲ့ ဝိုင်းဆဲကြတယ်။ မြန်မာပြည်ရဲ့ စီးပွါးရေးကို ရချင်လို့ နအဖကို အားပေးတယ်လို့ဝိုင်းပြီး မြင်ကြတယ်။ တကယ်ကတော့ မဟာသီယာက ဘယ်လိုလဲဆိုရင် ကမ္ဘာ့စီးပွါးရေးမှာ မလေးရှားက အာဆီယံထဲမှာ ရှိလာတယ်။ တိုးတက်ချင်ရင် အာဆီယံက ကမ္ဘာမှာ ပြိုင်နိုင်ရမည်။ စီးပွါးရေးဖက် နိုင်ငံရေးဖက် အကုန်လုံးပေါ့။ ဒါပေမဲ့ ပြဿနာဖြစ်နေရင် အာဆီယံအနေနဲ့ ဘယ်လိုမှပြိုင်လို့မရဘူး။ ဆိုတော့ ဒီပြဿနာကို ရှင်းရမယ်ဆိုတဲ့သဘောပဲ။ မဟာသီယာက နအဖကို ချဉ်းကပ်ပုံတွေကတော့ **“ဒီမိုကရေစီကို ခင်ဗျားတို့ကျွာမကြောက်နဲ့ကျွာ ကျနော်တို့ကျွာ နိုင်ငံလည်း ဒီမိုကရေစီဘဲ ကျနော်တို့ကျွာထိန်းထားနိုင်တယ်”** လို့တင်ပြချင်တယ်။ မလေးရှားမှာဆိုရင် မဟာသီယာရဲ့ ပါတီက တချိန်လုံးအာဏာကို ထိန်းထားနိုင်တယ်။ ဒုတိယအချက် သူစဉ်းစားတာ ကတော့ နအဖကိုပြောတော့ ဒီမိုကရေစီဖြစ်လာရင် စီးပွါးရေးကောင်းလာမယ်။ ခင်ဗျားတို့လူထုအတွက်လည်း ကောင်းလာမယ် ဆိုပြီးတော့ မလေးရှားစီးပွါးရေးသမားတွေကို သူရန်ကုန်ကို ခေါ်သွားတယ်။ အဆက်အသွယ် လုပ်ပေးတယ်။ ဒါပေမဲ့ နအဖက သိတဲ့အတိုင်းဘဲ။ သူက အာဏာဘဲ။ နောက်တချက် မဟာသီယာ အပြောမှားသွားတာက ဘာလဲဆိုရင် သူကသန်းရွှေကိုပြောတာက မြန်မာနိုင်ငံမှာ လူမျိုး (၁၃၅) ရှိတာ မကြောက်နဲ့ ကျနော်တို့လည်းရှိတာပဲ၊ တရုတ်၊ ကုလား၊ ခတ်ဒန်စန် ဆိုတဲ့ လူမျိုးအများကြီးရှိတယ်။ ကျနော်တို့ ဆီမှာ လူမျိုးပြဿနာမရှိဘူး။ ဘယ်လိုဖြေရှင်းသလဲဆိုရင် “ဖက်ဒရယ်စနစ်” နဲ့လုပ်တယ်လို့ သူ ပြောမိတယ်။ အဲဒါ သူ့အမှားပဲ။ အဲဒါကို သူသွားပြောမိလို့ သန်းရွှေက ဘယ်လိုမှလက်မခံနိုင်ဘူး။ တကယ်လို့ ကျနော်တို့က မဟာသီယာရဲ့ အစီအစဉ်ကိုသိရင် မဟာသီယာကို အားပေးသင့်တယ်။ မြန်မာတွေပြော တာကတော့ မဟာသီယာက ကျနော်တို့ရဲ့ စီးပွါးရေးကိုပဲ လိုချင်တယ်ထင်ပြီး သူ့ကို ဆန့်ကျင်ရမယ်ဆိုပြီး နအဖနဲ့ပေါင်းနေမယ်ဆိုပြီး ယုံကြည်လို့တိုက်တာ၊ အမှန်မှာ ဖက်ဒရယ်ဖြစ်နေရင် ခင်ဗျားတို့ ပြဿနာကို ဖြေရှင်းနိုင်မယ်။ တခါတလေကျနော်တို့က အဲဒီပြဿနာကို မသိလို့မှားပြီး တိုက်နေတာ ဖြစ်တယ်။

အခုလည်း တချို့က ကုလသမဂ္ဂကို တိုက်နေတယ်။ မကောင်းဘူး၊ ကိုဖီအာနန်က ဘာမှမလုပ်ဘူး ဆိုပြီးတိုက်နေတယ်။ ဒါလည်းမှားတယ်လို့ ကျနော်မြင်တယ်။ တချို့ကပြောတာက ထတ်ဆင်က ခင်ညွန့်တို့နဲ့ ပေါင်းသွားပြီ။ နအဖကို အားပေးနေပြီလို့ပြောကြပြီ။ ကျနော်ပြောချင်တာက နည်းနည်း သတိထားဖို့လိုမယ်။ ထတ်စင်က နအဖနဲ့ တကယ်ပေါင်းနေပြီလား။ ဘာကြောင့်လို့ ပေါင်းနေတာလဲ။ သူ နအဖ နဲ့ဘာလုပ်သလဲဆိုတာကို သိဖို့လိုမယ်။ ထိုင်းအစိုးရက ၂၀၀၃ ခုနှစ်မှာ ဆုံးဖြတ်တာတခု ရှိပါတယ်။ မြန်မာပြည်ရဲ့ လက်ရှိအခြေအနေဟာ ထိုင်းနိုင်ငံအတွက် အကျိုးမရှိဘူးလို့ သူတို့ဆုံးဖြတ်လိုက်ပါတယ်။ အဲဒါဘာလဲဆိုတော့ မူးယစ်ဆေးဝါးရော၊ ဒုက္ခသည်တွေရော၊ ခိုးဝင် လာသူတွေရော ပြဿနာပေါင်းစုံပေါ့။ မဟာသီယာ စဉ်းစားသလိုဘဲ ထတ်ဆင်စဉ်းစားနေသလိုပါဘဲ။ ကမ္ဘာထဲမှာ မပြိုင်နိုင်ဘူး။ ကမ္ဘာမှာ ပြိုင်မယ်ဆိုရင် ဒီပြဿနာကို အရင်စဉ်းစားရမယ်။ လက်ရှိ အခြေအနေကို ဒီတိုင်းထားလို့ မရဘူး။ ပြောင်းရမယ်။ ဒီပြောင်းတဲ့ပြဿနာကို ဘယ်လိုပြောင်းရမလဲ ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတာဖြစ်ရမယ်လို့ သူတို့လက်ခံတယ်။ အမျိုးသား ပြန်လည် သင့်မြတ်ရေးဆိုလဲ တိုင်းရင်းသားမပါရင် မပြီးနိုင်ဘူး။ ဒါဟာကျနော်တို့အတွက် တကယ်ကောင်း တယ်။

ထိုင်းအစိုးရ လက်ခံထားတာက နအဖက မြန်မာနိုင်ငံရဲ့ပြဿနာကို မဖြေရှင်းနိုင်ဘူး။ မြန်မာနိုင်ငံရဲ့ ပြဿနာကိုဖြေရှင်းမယ်ဆိုရင် တိုင်းရင်းသားပါရမယ်။ တိုင်းရင်းသားမပါရင် ပြဿနာမရှင်းနိုင်ဘူးလို့ ထိုင်းအစိုးရက ယုံကြည်တယ်။ တကယ်ဆိုရင် ထတ်ဆင်ကို အားပေးရမယ်။ သူကမြင်နေပြီလေ၊ ကျနော်တို့မပါရင် ပြဿနာမရှင်းနိုင်ဘူး။ တိုင်းပြည်ပြဿနာ မရှင်းရင် ထိုင်းအတွက် အကျိုးမရှိဘူးလို့ သူတို့ယုံတယ်။ သူတို့ဘာကြောင့်လုပ်တယ်ဆိုတာ ပုဂံဆိုက်ဘာဆိုက်နဲ့အလုပ်တွဲလုပ်တယ်။ ဒါလေးကို တချို့က မြင်ပြီးပြောတယ်။ ဒါပေမဲ့ ထတ်ဆင် မြန်မာပြည်ကရတာ နဲနဲလေးဘဲ၊ သူက တကမ္ဘာလုံးကို တောင်စားချင်တယ်။ ကမ္ဘာမှာတိုးတက်ချင်တယ်။ ပုဂံမှာစားတာမလုံလောက်ဘူးဆိုရင် ပြဿနာကို အရင်ရှင်းရမယ်။ ဆိုတော့သူက အဲဒီမှာ အဓိကဖြစ်ပါတယ်။ အဲဒါကြောင့် Bangkok Process ဟာ ကျနော်တို့အတွက် အကျိုးရှိမရှိ ကျနော်တို့ကြည့်သင့်တယ်။ ကျနော့်အမြင်ကတော့ ကျနော်တို့လုပ်တတ်ရင် အကျိုးရှိနိုင်တယ်။ မလုပ်တတ်ရင် ကျနော်တို့လိုချင်တဲ့အတိုင်း မဖြစ်နိုင်ဘူး ရှုံးသွားနိုင်တယ်။ Bangkok Process မလုပ်ခင် ကျနော့်အနေနဲ့ ထိုင်းဖက်ကနည်းနည်းပြောစရာရှိတယ်။ ဒါပေမဲ့ နောက်ထပ်တမျိုး ကျနော်ပြောကြည့်ချင်တယ်။ ခေါင်းဆောင်များလက်ခံနိုင် လက်မခံနိုင်တော့မသိဘူး။ ဒါက နအဖရှုထောင့်ကနေ ပြောချင်တယ်။ သူတို့က Bangkok ကို ဝင်လာတယ်။ အရင်တုန်းက သူတို့ ပထမအချက်သူတို့ ငြင်းတာက မြန်မာပြည်မှာ ပြဿနာမရှိဘူး၊ ပြောင်းစရာမလိုဘူး၊ ဒုတိယအချက် သူတို့ပြောတာက နိုင်ငံတကာ ဝင်ရှုတ်ဖို့ မလိုဘူး။ ငါတို့ဟာ ငါတို့ရှင်းနိုင်တယ်။ ဒါပေမဲ့ Bangkok Process ဆိုတဲ့ကိစ္စမှာ သူတို့ အသိအမှတ်ပြုတယ်... ပြင်ရမယ်။ ဒုတိယအချက်က နိုင်ငံတကာပါဝင်ဖို့ သူတို့မငြင်းနိုင်ဘူး။ ဆိုတော့ ဘာလို့အခု ဒီလောက်ပြောင်းလဲလာသလဲ။ KNU နဲ့စကားပြောတာလဲ ပြောင်းလာတယ်။ အစတုန်းကဆိုရင် လက်နက်ချရမယ်ဆိုပြီး အမျိုးမျိုးကန့်သတ် ထားတယ်။ အခုမရှိတော့ဘူး။ ဘာ ကြောင့်လဲ သူတို့က အခုထိသိပ်ကောင်းလာတာ မဟုတ်ဘူး။

ဒါပေမဲ့ အကြောင်းအရာရှိပါတယ်။ ဘာတွေလဲလို့ ကျနော်တို့စဉ်းစားသင့်တယ်လို့ ကျနော်ထင်တယ်။ အခု ခေါင်းဆောင်တွေသိတဲ့အတိုင်း ၈၈ အာဏာသိမ်းပြီးနောက် နအဖ ကလုံးဝမပြောင်းတာမဟုတ်ဘူး ပြောင်းပါတယ်။ ဆိုရှယ်လစ်ကနေ အရင်းရှင်ဖြစ်သွားတယ်။ နိုင်ငံခြားကို စီးပွါးရေးလုပ်ဖို့ ဖိတ်ခေါ်တယ်။ ၁၉၇၄ ကနေ ၁၉၈၈ အထိ ဆိုရှယ်လစ်စနစ်၊ အရင်းရှင်တွေကို မကြိုက်ခဲ့တဲ့သူတွေက ၁၉၈၉ မှာ နိုင်ငံတကာကို စီးပွားရေးလုပ်ဖို့၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်တယ်။ ဒါဟာ သူတို့ ပြောင်းလဲနေတာပဲ ဖြစ်ပါတယ်။ သူတို့ အာဏာထိမ်းသိမ်း နိုင်အောင် သူတို့ပြောင်းတယ်။ ကျနော်ပြောချင်တာကတော့ သူတို့ မပြောင်းတာမဟုတ်ဘူး၊ သူတို့ပြောင်းတယ်။ သူတို့ပြောင်းတာက ကျနော်တို့ အတွက် မဟုတ်ဘူး။ သူတို့အာဏာတည်မြဲအောင် သူတို့ပြောင်းတယ်။ ကျနော်တို့က ဘယ်လို ကျနော်တို့လိုချင်တဲ့ပုံစံဖြစ်အောင် လုပ်နိုင်မယ်ဆိုတာစဉ်းစားရမယ်။ ပထမ သူတို့အဲဒီမှာ ပြောင်းတယ်၊ အရင်းရှင်အဖြစ်ကို ပြောင်းတယ်။ ဒုတိယ သူတို့ရွေးကောက်ပွဲ ခေါ်တယ်။ ကျနော်ပြောချင်တာကတော့ သူတို့အသက်ရှင်ဖို့အတွက် နည်းလမ်းတွေရှာပါတယ်။ ရွေးကောက်ပွဲခေါ်တာလဲ ဒီမိုကရေစီကို အားပေးချင်လို့ မဟုတ်ဘူး။ သူတို့ရည်မှန်းထားတာက သူတို့ရွေးကောက်ပွဲနိုင်မယ်။ သူတို့ ရွေးကောက်ပွဲနိုင်တယ်ဆိုရင် ဒီမိုကရေစီကို ဟန်ဆောင်လုပ်နိုင်တယ်။ သူတို့အသက်ရှင်ဖို့ သူတို့အာဏာတည်မြဲဖို့ ဖြစ်သွားတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပရခြင်း ဖြစ်တယ်။ သူတို့သာ ရွေးကောက်ပွဲနိုင်ခဲ့တယ်ဆိုရင် ဒီမိုကရေစီဟန်ဆောင်လုပ်နိုင်တယ်။ သူတို့ အသက်ရှင်ဖို့ သူတို့အာဏာတည်မြဲဖို့ ဖြစ်သွား

နိုင်တယ်။ ဆိုတော့ သူတို့ကရွေးကောက်ပွဲခဲ့လုပ်တယ်၊ မအောင်မြင်ဘူး။ သူတို့ တွက်ချက်မှားသွား တယ်။ NLD တက်လာတယ်။ သူတို့နောက်ပြန်ဆုတ်သွားတယ်။

နောက်တဆင့် ၁၉၉၃ ခုနှစ်မှာ အမျိုးသားညီလာခံကိုခေါ်တယ်။ အဲဒီမှာကလည်း သူတို့ရဲ့ အာဏာတည်မြဲဖို့ အခြေခံဥပဒေရေးဆွဲမယ် စသည်ဖြင့်ပေါ့။ ၁၉၉၄ ခုနှစ်မှာ အောင်ဆန်းစုကြည်ကို တီဗွီ တွေမှာပြတယ်။ ဗိုလ်ခင်ညွန့် ဗိုလ်ချုပ်သန်းရွှေတို့ အောင်ဆန်းစုကြည်တို့ တွေ့တဲ့ပုံတွေပြတယ်။ ၁၉၉၅ ခုနှစ်မှာ အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်တယ်။ သူတို့ ရည်မှန်းထားတာက အဲဒီလိုမျိုး လုပ်ပြီးတော့ အမျိုးသားညီလာခံကနေ အာဏာလက်နက်ကိုင်စွဲနိုင်အောင် ကြိုးစားပေးမဲ့ မအောင်မြင် ခဲ့ဘူး။ ကျနော်မြင်တာကတော့ နအဖကြိုးစားနေတဲ့ အချက်တွေထဲမှာ သူတို့ရဲ့ စဉ်းစားပြီးလုပ်နေတာ ကျနော်မြင်တာက ဗိုလ်ချုပ်ခင်ညွန့် ဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ သူတို့ထဲမှာ စဉ်းစားနိုင်တာ ဒီတယောက်ဘဲ ရှိမယ်။ ၁၉၈၉၊ ၉၀၊ ၉၃ ၊ ၁၉၉၆ ခုနှစ်၊ အထိက သူတို့အသက်ရှင်နိုင်အောင် ကစားပြီး ဦးဆောင်ခဲ့တာက ခင်ညွန့် ပါဘဲ။ ၁၉၉၇ ကစပြီး ဗိုလ်ချုပ်သန်းရွှေ တက်လာတယ်။ လမ်းပြောင်းပြီး နည်းလမ်းကိုရှာတယ်။ သက္ကရာဇ် ၂၀၀၀ ခုနှစ်မှာ NLD ကို အပြုတ်တိုက်ဖို့ သူတို့ကြိုးစားတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ ဩဂုတ်လမှာ အောင်ဆန်းစုကြည်ကို ဖမ်းလိုက်တယ်။ အဲဒီအချိန်မှာ နိုင်ငံ တကာက ဖိအားပေးပြီးတော့ သူတို့လည်း မအောင်မြင်ပြန်ဘူး။ ဒါကြောင့် အောင်ဆန်းစုကြည် နဲ့စကားပြောလာတယ်။ အဲလိုစကားပြောတဲ့နေရာမှာ ခင်ညွန့်ပြန်ပါလာတယ်။ အကြမ်းနဲ့ မအောင် မြင်ရင် အနုနည်းနဲ့သွားမယ်ဆိုပြီး ဖြစ်လာတယ်။

၂၀၀၁ ကနေ ၂၀၀၂ အထိ နိုင်ငံတကာက လူသားချင်းစာနာထောက်ထားတဲ့ အထောက်အကူကို လူထုကို ပေးဖို့ပြောလာကြတယ်။ နိုင်ငံတကာက ကူချင်တာ၊ ပေးချင်တာကို နအဖ သိတယ်။ ဆိုတော့ နအဖက မူးယစ်ဆေးဝါးတိုက်ဖျက်ဖို့ အကူအညီကို အမေရိကန်ထံတောင်းလာတယ်။ အခုထက်ထိ အမေရိကန်က ဒီအကူအညီကို မပေးနိုင်ဘူး။ မူးယစ်ဆေးဝါးမတိုက်တဲ့ စာရင်းထဲမှာ နအဖက စာရင်းဝင် နေတယ်။ အောင်ဆန်းစုကြည်နဲ့ စကားပြောတဲ့အချိန်မှာ ဒီစာရင်းထဲက သူတို့နာမည်ကို ဖျက်ပေးဖို့ ကြိုးစားတယ်။ ဒါမှ သူတို့က မူးယစ်ဆေးဝါးအကူအညီရနိုင်မှာ ဖြစ်တယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ဖို့ အကူအညီက သူတို့လက်ထဲဘဲ အပ်ရမယ်။ သူတို့လိုတာ အကူအညီဘဲဖြစ်တယ်။ လူမှုရေးအကူအညီ လုံးဝမစဉ်းစားဘူး။ လူထုကို လုံးဝမရစေချင်ဘူး။ သူတို့ လက်ထဲဝင်လာတဲ့ အကူအညီကို သူတို့လိုချင် တယ်။ အမေရိကန်က ကြေညာလိုက်တာနဲ့ အောင်ဆန်းစုကြည်နဲ့ လုံးဝစကားမပြောတော့ဘူး။ အနုနည်းနဲ့မရတော့ သန်းရွှေတို့က နေဝင်းမိသားစုကို ပြန်ကိုင်တယ်၊ နောက်ဆုံး ဒီပဲယင်းအရေးအခင်း အထိဖြစ်လာတယ်။ ကျနော်ထင်တာကတော့ နအဖမှာလည်း အကြီးအကျယ် ပြဿနာတက်တယ်။ ပြဿနာဖြစ်လာတဲ့ နောက်ပိုင်းမှာ ခင်ညွန့်ကို ဝန်ကြီးချုပ်လုပ်ခိုင်းတယ်။ ခင်ညွန့်နှင့် သန်းရွှေတို့ တလှည့်စီ အနုနည်း၊ အကြမ်းနည်း ကိုင်ကြပေမဲ့ မအောင်မြင်ဘူး။ ဒါပေမဲ့ ဒီတခါ သူ့ကိုလုပ်ခိုင်းလိုက် တာက နအဖအာဏာတည်မြဲအောင်လုပ်ပါ။ အောင်မြင်ရင်ကောင်းမယ်၊ မအောင်မြင်ရင် ခင်ညွန့် ကဏ္ဍာကပြီးပြီ။ နိုင်ငံတကာကလည်း ဒီဟာတွေ မပါဘူးဆိုရင် အောင်မြင်စရာလမ်းမရှိဘူး။ နအဖက အပစ်အခတ်ရပ်စဲခဲ့တဲ့ အဖွဲ့တွေကို အရင်ချဉ်းကပ်တယ်။ အခု KNU, KNPP ပြီးမှ SSA ကို ပြန်ပြီးချဉ်းကပ်မယ်။ ကျနော်မြင်တယ် ဒီ နအဖကလုပ်မယ့် ညီလာခံက ခင်ညွန့်အတွက် သိပ်အရေးကြီး တယ်။ သူကလဲ အောင်မြင်ချင်တယ်။ သူ့ရဲ့အကျိုး၊ နအဖရဲ့အကျိုးလဲပါတယ်။ ထတ်စင်ဖက်ကလည်း ထိုင်းနိုင်ငံအကျိုး၊ သူ့အကျိုးရောပါတယ်။

အာဆီယံဖက်ကကြည့်ရင်လည်း ၂၀ဝ၆ မတိုင်ခင် အပြောင်းအလဲရှိဖို့ သိပ်အရေးကြီးနေပြီ။ မပြောင်းလဲဘဲနဲ့ နအဖက အာဆီယံဥက္ကဋ္ဌ လုပ်မယ်ဆိုရင် ဘယ်သူမှလက်မခံဘူး။ အာဆီယံအတွက်လည်း ဒီဟာအောင်မြင်ဖို့ သိပ်အရေးကြီးနေပြီ။ အပြောင်းအလဲဖြစ် စေချင်တယ်။ နအဖကတော့ သူကြိုက်တဲ့အတိုင်း အမျိုးသာညီလာခံဖြစ်စေချင်တယ်။ ထိုင်းကတော့ တိုင်းရင်းသားမပါရင် အကျိုးအမြတ်မရှိဘူးလို့ လက်ခံထားတယ်။ အခုကျနော်တို့ အပြောင်းအလဲ လိုနေပြီ။ အပြောင်းအလဲဖြစ်စေချင်တယ်။ နအဖက နောက်ကိုလိုက်ပြီးပြောင်းလဲ ဒါမှမဟုတ် ဖိအားကြောင့် ကျနော်တို့ လိုချင်တဲ့ဖက်ကို ဆွဲနိုင်မလား။ အရင်တုန်းက လူတိုင်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖကိုပဲကြည့်နေတယ်။ အခု နအဖရဲ့အတွင်းမှာ ခင်ညွန့် အင်အားတစုတခု ပေါ်နေတယ်။ သူ့အကျိုးလား၊ တိုင်းရင်းသားတွေကို အခွင့်အရေးပေးနိုင်ရင် မြန်မာပြည်သစ်ကိုပြန်တည်ဆောက်ပြီးမှ ကမ္ဘာ့ရင်ဘောင်တန်း နိုင်မလား။ တိုင်းရင်းသားတွေတက်လာပြီးတော့ မြန်မာပြည် နောက်ပြန်ဆွဲ မလား။ ဒါတွေက စဉ်းစားစရာတွေပါ။ အာဏာရှင်က စီးပွားရေးလုပ်တတ်ရင် အောင်မြင်တယ်။ သူကြိုက်သလို ခိုင်းတာကိုး။ ဒါပေမဲ့ ဒီမိုကရေစီစနစ်မှာ တိုင်းရင်းသားတွေလည်း ပါလာတော့ ပိုရှုပ်သွား မလား။ နအဖက တိုင်းရင်းသားပါမှ နိုင်ငံရေးပြဿနာ ဖြေရှင်းမယ်ဆိုတာကို စမ်းသပ်ချင်တယ်။ Bangkok Process မှာ နအဖကလည်း နိုင်ငံတကာပါဝင်မှုကို လက်ခံလာပြီ။ ထိုင်းကတော့ မြန်မာ အရေးကို အထဲထိဝင်မစွက်ဘူး။ အခြေအနေ ဖန်တီးပေးမယ်လို့ပြောတယ်။ အချင်းချင်းဆွေးနွေးနိုင်အောင် တရုတ်ကလည်းပြောတာက မြန်မာပြည် ပြဿနာကို ဝင်မစွက်ဘူး။ မြန်မာ ဘဲရှင်းရမယ်လို့ပြောတယ်။ အခုဆိုရင် တရုတ်က NLD နဲ့တိုင်းရင်းသား ပါရမယ်လို့လက်ခံတယ်။ အိန္ဒိယကလည်း လက်ခံလာတယ်။ ကျနော်တို့ဖက်က ကြည့်ရင်ကောင်းတယ်လို့ ပြောလို့ရတယ်။

Bangkok Process မှာ လူတိုင်းက ခင်ညွန့်နိုင်ပြီလို့ ပြောကြတယ်။ နအဖ စိတ်အပြောင်းအလဲဖြစ်စေတယ်။ တိုင်းရင်းသားပါရမယ်၊ နိုင်ငံတကာပါရမယ်လို့၊ ဒီ အစည်းအဝေးမှာ တက်ရောက်လာသူတိုင်းပြောတာက အခြေခံမူ (၁၀၄) ချက်ကိုပြင်ရမယ် ပြောလာကြတယ်။ နအဖကလည်း ပြင်ပေးဖို့ လက်မခံဘူး။ ဒါပေမဲ့ ကျနော်တို့ ဖိအားပေးနိုင်ရင် သူလျော့ဖို့ နည်းလမ်းရှိ ပါတယ်။ ထိုင်းက ဦးဆောင်ပြီး Bangkok Process လုပ်တာကို ကျနော်တို့သိရင် ကျနော်တို့အကျိုးအတွက် အများ ကြီး အသုံးပြုနိုင်တယ်။ ဒါကြောင့် EU လည်းပါတယ်။ အရင်တုန်းကတော့ နအဖက EU ကိုတောင် မုန်းပြီး သူ့ဖက်ပါလာတဲ့နိုင်ငံကိုဘဲ Bangkok Process မှာ ဖိတ်ခေါ်တယ်။ ဂျာမန်၊ ပြင်သစ်၊ ဩစတြီးယား၊ အီတလီ နိုင်ငံတွေကို နအဖက သူ့မိတ်ဆွေနိုင်ငံလို့ဘဲ မြင်တယ်။ အင်္ဂလန်၊ ဆွီဒင်၊ ဒိန်းမတ်တို့ကို သူတို့ရဲ့ရန်သူလို့မြင်တယ်။ အဲဒီ နိုင်ငံတွေကသိပ်ဖိအားပေးလို့။ တချို့က ခင်ညွန့် သိပ်တော်တယ်လို့ မြင်တယ်။ EU ကိုတောင် နှစ်ခြမ်းခွဲလိုက်ပြီလို့ မြင်ကြတယ်။ နအဖက ဖိတ်တာနဲ့ EU အချင်းချင်းဆွေးနွေးတယ်။ EU ကိုဖိတ်ရင် (၁၅) နိုင်ငံပေါင်းထားတာဖြစ်တယ်။ ဒါပေမဲ့ (၄) နိုင်ငံဘဲ ဖိတ်ခေါ်တဲ့အပေါ် ဆွေးနွေး ကြတယ်။ မတက်ဘူးဆိုရင် တရုတ်၊ ထိုင်း၊ အိန္ဒိယတွေက လုပ်ချင်သလို သူတို့လုပ်နိုင်တယ်တယ်။ ဒါကြောင့် EU ဖိတ်တဲ့နိုင်ငံတွေကိုတက်ခိုင်းတယ်။ ပြင်သစ်ကတော့ Total Pipeline ကိစ္စနဲ့သူ့မိတ်ဆွေ ဂျာမန်နဲ့ အီတလီက မြန်မာပြည်ဖိအားပေး တဲ့နေရာမှာ Sanctions ကိုလက်မခံဘူး။ အီတလီ၊ ဂျာမန် ဘယ်နိုင်ငံဘဲဖြစ်ဖြစ် Sanctions ကို မထောက်ခံဘူး။ သူတို့ “မူ” အရ တောင်းခံတာဖြစ်တယ်။ Sanctions မလုပ်တာကို နအဖက သူ့ မိတ်ဆွေလို့ ယူဆတယ်။ ဒီနိုင်ငံတွေကလည်း EU ရဲ့မြန်မာပြည်အပေါ်ဦးတည်ချက်ကို မစွန့်လွှတ်ဘူး။ ဒီဟာကိုဘဲ ဆက်ကိုင်မယ်။

ဘန်ကောက်ကိုလာပြီး အခြေခံမူ (၁၀၄) ချက်ကိုပြင်ဖို့ NC ထဲမှာ ဒီမိုကရေစီနည်းလမ်းပြင်ဖို့တိုက်တွန်းမယ်။ UN ကလည်း ဒါကိုကြိုက်တယ်။ ဒါပေမယ့် US မပါဘူး။ အာရှမှာဘဲဖြစ်ဖြစ်၊ အာဆီယံမှာဘဲဖြစ်ဖြစ်၊ တရုတ်က ဩဇာသက်ရောက်ဖို့ကြိုးစားနေတယ်။ ဒါကြောင့် US ကိုမလိုဘူး။ ငါရှင်းနိုင်တယ်လို့ တရုတ်ကခံယူတယ်။ EU မပါရင် US ကလည်း လက်ခံမှာမဟုတ်ဘူးဆိုပြီး EU ကို ထိုင်းကဖိတ်တာဖြစ်တယ်။ ထိုင်း၊ မြန်မာနဲ့ ပူးတွဲပြီး Bangkok Process ကိုကျင်းပတဲ့အခါ တရုတ်၊ အိန္ဒိယ၊ EU, ဂျပန် ထောက်လေးထောက် ဖိတ်ထားတယ်။

တချို့ကမေးတယ်။ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီတင်နိုင်ဖို့ USက ပြောပေမယ့် မတတ်နိုင်ဘူး။ လုံခြုံရေး ကောင်စီမှာ တရုတ်၊ ရုရှား ထိုင်နေတယ်။ ဒီနိုင်ငံတွေက လက်ခံမှာမဟုတ်ဘူး။ လုံခြုံရေးကောင်စီ ရောက်မှ နအဖက UN ပြောတာလိုက်နာမယ်။ လုံခြုံရေးကောင်စီမရောက်မချင်း တတ်နိုင်သလောက် ကစားမှာဘဲ။ Bangkok Process အရောက်သွားအောင် နည်းလမ်းရှိတယ်။ ဘာကြောင့်လဲ ဆိုတော့ Bangkok Process မှာ (၁၂) နိုင်ငံလာတက်ရောက်သွားတယ်။ အာစီယံ (၅) နိုင်ငံ၊ နောက် (၅) နိုင်ငံကြားမှာ ထိုင်းနဲ့ဗမာ Bangkok Process ဆက်သွားရင် ကျနော်တို့ တိုက်တွန်းလို့ရတယ်။ ပြောတော့ သုံးပွင့်ဆိုင်၊ တိုင်းရင်းသားလဲ ပါရမယ်လို့ပြောတယ်။ ဖိတ်ခေါ်တော့ နအဖ ပါတယ်။ တိုင်းရင်းသားကိုယ်စားလှယ်၊ NLD ကိုယ်စားလှယ်ပါသင့်တယ်လို့ ပြောရမယ်။ သူတို့ မဖြစ်နိုင်ဘူး (၁၂) နိုင်ငံနဲ့ မလုံလောက်ဘူး၊ ဒီထက်ကျယ်ပြန့်သင့်တယ်။ စင်ကာပူ၊ အင်ဒိုနီးရှား လာတက်တာ မလုံလောက်ဘူး။ အာရှ အကုန်လုံးပါသင့်တယ်။ EU ဖက်ကကြည့်ရင်လည်း အီတလီ၊ ဂျာမန်နဲ့ မလုံလောက်ဘူး အီးယူ အကုန်လုံး ပါသင့်တယ်။ US ကိုလည်းပါဖို့ တိုက်တွန်းသင့်တယ်။ ဒါပေမဲ့ ရချင်မှရမယ်။ နအဖကလည်း အာဏာစွန့်ချင်တာ မဟုတ်ဘူး။ ခင်ညွန့်လုပ်တာကလဲ၊ သူ့ ကိုယ်ကျိုးနဲ့ နအဖကိုယ်ကျိုးအာဏာတည်မြဲနိုင်အောင်ဘဲ လုပ်တယ်။ အခွင့်အရေးကို ကျနော်တို့ ထွင်ယူရမယ်။ ကျနော်တို့နည်းလမ်းတွေ ရွေးပြီးလုပ်ရမယ်။ ဒါ ကျနော်တို့တာဝန်ပဲ။ ကျေးဇူးတင် ပါတယ်။ ■

## ဖ၊း၃။ ENSCC နိုင်ငံခြားရေးရာတာဝန်ခံ ခွန်းအက်ဒီဘူးရီမှ Bangkok Process အပေါ်ဆွေးနွေးချက်



ခွန်းအက်ဒီဘူးရီ

ကျနော်တို့သံရုံးတွေကို လှည့်ပြီးသွားတဲ့အချိန်မှာ အဖိတ်ခံရတဲ့ သံရုံးတွေလည်းရှိတယ်။ အခွင့်အရေးတွေလည်းရှိတယ်။ Risk ကလည်းရှိတယ်။ စိန်ခေါ်ချက်တွေလည်း အများကြီးရှိတယ်။ သူတို့အကြံပေးတာကတော့ အခွင့်အရေးကိုတော့ ယူသင့်တယ်။ ဒီလိုယူတဲ့အခါမှာ Challenges and Risk တွေလည်း အများကြီးရှိတယ်။ အဲဒါကို မယူတတ်ရင် နအဖကတော့ သူတို့လုပ်ချင်တဲ့ပုံစံ အတိုင်းသွားနေမှာပဲ။ ကိုယ်စားလှယ်တွေ အားလုံးစဉ်းစားပြီး၊ ဘာတွေလုပ်ကြမလဲဆိုတာကို ရွေးကြရမှာ ဖြစ်တယ်။ Bangkok Process မှာ ပါလာနိုင်အောင် ဗိုလ်ချုပ်မြကြ ခွင့်တောင်းတော့ ထိုင်းကခွင့်မပြုခဲ့ဘူး။ လွတ်လွတ်လပ်လပ်နဲ့ အစိုးရအချင်းချင်း ပြောချင်တယ်လို့ ထိုင်းကပြောတယ်။ နအဖလဲ အကြပ်အတည်း ရှိနေတယ်။

၂၀၀၆ မှာ အာဆီယံရဲ့ ဥက္ကဋ္ဌဖြစ်လာမယ်။ အဲဒါမတိုင်ခင် ကမ္ဘာကလက်ခံနိုင်တဲ့ အပြောင်းအလဲလုပ်ဖို့လိုတယ်။ လက်တွေ့ကိုယ့်ဟာကိုယ်လုပ်နိုင်တယ်ဆိုရင် အပြည်ပြည်ဆိုင်ရာကို ထည့်စဉ်းစားစရာမလိုဘူး။ နိုင်ငံတကာရဲ့ပါဝင်မှု ပေါင်းစုံကနေ ကျနော်တို့က တောင်းဆိုနေကြတယ်။ နိုင်ငံရေးအထောက်အကူငွေရေးကြေးရေးကအစပေါ့။ Humanitarian ကအစ တောင်းနေကြတယ်။ နိုင်ငံတကာကို သဘာဝကျတဲ့တောင်းဆိုမှု၊ သဘာဝကျတဲ့ဆုံးဖြတ်ကို တောင်းဆိုရင် သူတို့ကနေပြန်ပြီးတော့ ဖိအားပေးနိုင်တယ်။ အဲဒီ ဖိအားကြောင့်ကျနော်တို့က Bangkok Process မှာ ပါဝင်နိုင်တယ်။ အခု ဆီမီနာကနေ တိကျတဲ့ဆုံးဖြတ်ချက်တွေချနိုင်ရန် Process မှာပါဝင်နိုင်တယ်လို့ထင်တယ်။ ထိုင်းတွေကလည်း လူမျိုးစုတွေရဲ့အရေးကို တန်ဖိုးထားပါတယ်။ ထတ်ဆင်က ပုဂံအစည်းအဝေးကိုမသွားခင် NCGUB မှ ပုဂ္ဂိုလ်တွေက ထတ်ဆင်ရဲ့ခရီးအတွက် သွားတွေ့တယ်။ အဲဒီမှာ စစ်တပ်ကပုဂ္ဂိုလ်ကြီးတယောက်ပါတယ်။ ဝန်ကြီးချုပ်ရုံးက ပုဂ္ဂိုလ်တွေ လာတယ်။ နိုင်ငံခြားရေးဌာန၊ ပြည်ထဲရေးဌာနက လူတွေလာပြီးတော့ ကျနော်တို့ဆီက အမြင်တွေကို ယူသွားပါတယ်။ သူတို့က ထက်ဆင်ကိုပြန်ပြောမယ်လို့ ပြောတယ်။ ထိုင်းကလည်း လူမျိုးစုမပါရင် မြန်မာပြည်ရဲ့ပြဿနာကို မဖြေရှင်းနိုင်ဘူးလို့ ယုံကြည်တယ်။ ဗိုလ်ချုပ်မြတို့အဖွဲ့ ရန်ကုန်သွားဖို့ခရီးကို ထိုင်းစစ်ဦးစီးချုပ်တွေက ကူညီတာလဲ အလကားမဖြစ်ဘူး။ သူတို့ အကျိုးစီးပွား လဲပါတယ်။ ဗမာပြည်နဲ့ အကျိုးစီးပွားဖြေရှင်းဖို့ကိုလည်းပါတယ်။ ထိုင်းက အကျိုးစီးပွားဘဲ ကြည့်တယ်ဆိုရင် တဖက်မှာလည်း လာတဲ့အခွင့်အလမ်းကို ဘယ်လိုအသုံးပြုကြမလဲ ဆိုပြီးတော့ လေးလေးနက်နက် စဉ်းစားသင့်တယ်။

အီတလီ ဒု–နိုင်ငံခြားရေးဝန်ကြီးက ကျနော်တို့ကို သံအမတ်ကြီးအိမ်မှာ ထမင်းဖိတ်ကျွေးပါတယ်။ သံအမတ်ကြီးက ထူးထူးဆန်းဆန်းပေါ့။ Bangkok Process ရဲ့အကြောင်း ပြောတယ်။ နောက်တရက်

စာမျက်နှာ (၁၃၃) သို့

# အခန်း (၇)

## တတိယအကြိမ်မြောက်
## တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ
## ဆုံးဖြတ်ချက်များ

## တတိယအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်များ

မဟာဗျူဟာနှင့် နည်းဗျူဟာဆိုင်ရာဆုံးဖြတ်ချက်

၁။ ၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သော ပထမအကြိမ်တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် "မယ်သရောထာသဘောတူညီချက်" (Mae Tha Raw Ta Agreement) တွင်ပါရှိသည့် —

(က) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသည် မိမိတို့ဆင်နွှဲနေသော တော်လှန်ရေး၏ အန္တိမပန်းတိုင်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပါသည်။

(ခ) ထိုရည်မှန်းချက် ပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ဖြင့် ယနေ့ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများဖြေရှင်းရေးကို မိမိတို့၏ နိုင်ငံရေးမဟာဗျူဟာအဖြစ် ထပ်လောင်း အတည်ပြုပါသည်။

(ဂ) ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ၁၉၉၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အတိုင်း လက်ရှိစစ်အစိုးရ နအဖ၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ထားသော ဒီမိုကရေစီအင်အားစုများနှင့် မိမိတို့တိုင်းရင်းသားလူမျိုးများပါဝင်ကြရမည်ဟု ထပ်လောင်း အတည်ပြုသည်။

လက်ရှိနိုင်ငံရေးသုံးသပ်ချက်

၂။ နအဖစစ်အစိုးရမှ တင်ပြထားသော အချက် (၇) ချက်ပါဝင်သည့် နိုင်ငံရေးလမ်းပြမြေပုံ (Road Map) သည်၎င်း၊ ၁၉၉၆ ခုနှစ်မှစတင်၍ ယာယီရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရန် လုပ်ဆောင်နေခြင်းသည်၎င်း၊ ဒီမိုကရေစီထွန်းကားရေးနှင့် စစ်မှန်သော ဖက်ဒရယ်နိုင်ငံတော်ထူထောင်ရေးသို့ ဦးတည်ခြင်းမရှိပဲ၊ စစ်အာဏာရှင်စနစ်သက်ဆိုးရှည်ရေးကိုသာ ဦးတည်သည် ဟု သဘောထားချမှတ်သည်။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစီမံချက်

၃။ နအဖမှ တင်ပြထားသော နိုင်ငံရေးလမ်းပြမြေပုံ (Road Map) သည်၎င်း၊ ယင်းတို့မှ ခေါ်ယူကျင်းပရန် ပြင်ဆင်ထားသော အမျိုးသားညီလာခံသည်၎င်း၊ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်မည် မဟုတ်သောကြောင့်၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ထွန်းကားရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် အမြန်ဆုံးတည်ဆောက်နိုင်ရေးတို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာနိုင်ရန် အောက်ပါအချက်များပါဝင်သော "ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစီမံချက်" ကိုလုပ်ဆောင်သွားရန်ဆုံးဖြတ်သည်။

(က) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အတိုင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အမြန်ဆုံး ခေါ်ယူကျင်းပရန်။

(ခ) သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ရလာဒ်အပေါ်အခြေခံ၍ နအဖစစ်အုပ်စု၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလူမျိုးများ အချိုးတူပါဝင်သော "ကြားဖြတ်အစိုးရ" ကိုဖွဲ့စည်းရန်။

(ဂ) "ကြားဖြတ်အစိုးရ" သည်အများလက်ခံနိုင်သော "အမျိုးသားညီလာခံ" တရပ်ကို ခေါ်ယူကျင်းပပေးရန်။

(ဃ) "အမျိုးသားညီလာခံ" ၏ သဘောတူညီချက်များအတိုင်း "ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ" ကိုသော်၎င်း၊ "ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ" ကိုသော်၎င်း၊ "ကော်မရှင်" အသီးသီးဖွဲ့စည်း၍ရေးဆွဲစေရန်။

(င) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၎င်း၊ ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်နယ်အသီးသီး၏ ဆန္ဒခံယူပွဲများကို၎င်း ခေါ်ယူကျင်းပရန်။

(စ) အသစ်ရေးဆွဲပြဋ္ဌာန်းသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ "ပြည်ထောင်စုအစိုးရ" ကိုဖွဲ့စည်းနိုင်ရန်သော်၎င်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းသော ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအတိုင်း "ပြည်နယ်အစိုးရများ" ကိုဖွဲ့စည်းနိုင်ရန်သော်၎င်း၊ ရွေးကောက်ပွဲများကို ခေါ်ယူကျင်းပရန်။

(ဆ) ရွေးကောက်ပွဲပြီးလျှင် သင်ဆိုင်ရာလွှတ်တော်အသီးသီးခေါ်ယူပြီး အနိုင်ရပါတီအသီးသီးမှ သက်ဆိုင်ရာ အစိုးရအသီးသီးကို ဖွဲ့စည်းသွားရန်။

နိုင်ငံတကာနှင့်ပါတ်သက်သော ဆုံးဖြတ်ချက်

၄။ (က) ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာနိုင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးများကို အမြန်ဆုံးစတင်နိုင်ရေးအတွက် ထိုင်းနိုင်ငံမှကမကထပြု၍ ကြိုးပမ်းသွားခြင်းကို ကြိုဆိုထောက်ခံသည်။

(ခ) သက္ကရာဇ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ခေါ်ယူကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (International Forum on Burma) နှင့် ၎င်း၏နောက်ဆက်တွဲဖြစ်စဉ် (Bangkok Process) ကို ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အတိုင်း စစ်မှန်သောသုံးပွင့်ဆိုင်ဆွေးနွေးပွဲ အမြန်ဆုံးဖြစ်ပေါ်လာရေးအတွက် ဦးတည်စေရန် တိုက်တွန်းသွားမည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာနိုင်ရေးအတွက်ကမ္ဘာ့ကုလသမဂ္ဂ၏အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်သည်ဟု ခံယူထားပါသည်။ ပြည်ထောင်စု၏အရေးကို ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (United Nation's Security Council) သို့ တင်သွင်းနိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်သည်။

(ဃ) UN, EU, ASEAN စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် USA, Japan, Australia စသော နိုင်ငံများသာမက၊ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော China, India, Bangladesh နိုင်ငံများ၏ ပါဝင်မှုအား တိုင်းရင်းသားလူမျိုးစုများ၊ ပြည်သူများ၏ ဆန္ဒနှင့် အညီ ဖြစ်စေရန် ကြိုးဆိုတိုက်တွန်းသွားမည်။

တိုင်းရင်းသားလူမျိုးများညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆုံးဖြတ်ချက်

၅။ (က) သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင်၎င်း၊ အဆင့်ဆင့်သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလများတွင်၎င်း၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမိတ်ဖက် (Dialogue Partners) များသည် မိမိတို့၏ ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်စေလွှတ်ပိုင်ခွင့် ရှိစေရမည်။

(ခ) ကိုယ်စားလှယ်များကို လွတ်လပ်စွာရွေးချယ်နိုင်ရန် မိမိတို့တိုင်းရင်းသားလူမျိုးများအား လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့် ရှိစေရမည်။

(ဂ) ထိုသို့သော လွတ်လပ်သည့်ဆွေးနွေးပွဲများဖြစ်ပေါ်လာနိုင်ရန် UN ၏ စည်းကြပ်ကွပ်ကဲမှုကိုသော်၎င်း၊ Asean နှင့် အိမ်နီးချင်းနိုင်ငံများ၏ အကြံပြုမှုနှင့် ကူညီပေးမှုများရရှိနိုင်ရန် ကြိုးစားသွားမည် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် ဆုံးဖြတ်ချက်များ

၆။ (က) တိုင်းရင်းသားလူမျိုးများ၏ နှီးနှောဖလှယ်ပွဲ (Ethnic Nationalities Seminar) ကို တိုင်းရင်းသားလူမျိုးများညီလာခံ (Ethnic Nationalities Conference) အဖြစ် ပြောင်းလဲကျင်းပရန် ဆုံးဖြတ်သည်။

(ခ) တိုင်းရင်းသားလူမျိုးများ၏ တပ်ပေါင်းစုများနှင့် ပါတီအဖွဲ့အစည်းအသီးသီး၏ အခြေခံစုဖွဲ့မှုအဖြစ် တိုင်းရင်းသားလူမျိုးများကောင်စီ (Ethnic Nationalities Council) ကို ဖွဲ့စည်းရန် ဆုံးဖြတ်သည်။

(ဂ) ENSCC ကို လုပ်ငန်းကော်မတီအဖြစ် ဆက်လက်ထားရှိဖွဲ့စည်းရန် သဘောတူဆုံးဖြတ်သည်။

တိုင်းရင်းသားလူမျိုးများညီလာခံနှင့် တိုင်းရင်းသားလူမျိုးများကောင်စီ ဖွဲ့စည်းပုံ

၇။ (က) တိုင်းရင်းသားလူမျိုးများညီလာခံ

(၁) တိုင်းရင်းသားလူမျိုးများညီလာခံသည် အမြင့်ဆုံးညီလာခံဖြစ်သည်။
(၂) တိုင်းရင်းသားလူမျိုးများညီလာခံကို တနှစ်လျှင် တကြိမ်ကျင်းပသည်။
(၃) တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီကို သော်လည်းကောင်း၊ လုပ်ငန်း ကော်မတီများကိုသော်လည်ကောင်း ဖွဲ့စည်းပေးသည်။
(၄) တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီတွင် ဗဟို အလုပ်အမှုဆောင်ကော်မတီအဖြစ်တာဝန်ယူမည့်ပုဂ္ဂိုလ်များ၊ တပ်ပေါင်းစုနှင့် အဖွဲ့

အစည်းအသီးသီးမှ ဦးရေကန့်သတ် ရွေးချယ်ပေးသည်။

(၅) တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီမှ လက်ကိုင်ထားရမည့် ရည်မှန်းချက်၊ မဟာဗျူဟာ၊ မူဝါဒ၊ လမ်းစဉ်လုပ်ငန်းစဉ်များနှင့် လမ်းညွှန်ဥပဒေ၊ ဥပဒေများကိုချမှတ် ပေးသည်။

(ခ) တိုင်းရင်းသားလူမျိုးများကောင်စီ

(၁) တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းလူမျိုးများညီလာခံတခုနှင့်တခုအကြားကာလတွင် အမြင့်ဆုံး အာဏာပိုင်အဖွဲ့ဖြစ်သည်။

(၂) တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းသားလူမျိုးများညီလာခံမှ ချမှတ်ပေးထားသော ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖေါ်ဆောင်ရွက်ပေးသည်။

(၃) တိုင်းရင်းသားလူမျိုးများကောင်စီသည် ၎င်း၏ တနှစ်တာလုပ်ငန်း အစီရင်ခံစာများကို တနှစ်တကြိမ်ကျင်းပသော ညီလာခံသို့ တင်ပြအစီရင်ခံသည်။

(၄) တိုင်းရင်းသားလူမျိုးများကောင်စီသည် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လမ်းညွှန်ကြီးကြပ်မှုနှင့် ဆက်စပ်မှုများကို ပြုလုပ်ပေးသည်။

(၅) တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းသားလူမျိုးများနိုင်ငံရေးဖလှယ်ပွဲနှင့် ညီလာခံမှ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

(၆) တိုင်းရင်းသားလူမျိုးများကောင်စီကို NDF မှ (၃) ဦး၊ UNLD(LA) မှ (၂) ဦး၊ KNPP မှ (၁) ဦး၊ NUPA မှ (၁) ဦး၊ SDU မှ (၁) ဦး၊ KNO မှ (၁) ဦးနှင့် RCSS မှ (၁) ဦး ပါဝင်သောကောင်စီဝင် (၁၀) ဦးဖြင့် ဖွဲ့စည်းထားသည်။

(၇) တိုင်းရင်းသားလူမျိုးများကောင်စီသို့ တပ်ပေါင်းစုများနှင့် အဖွဲ့အစည်းများမှ ပေးပို့သောကိုယ်စားလှယ်များအား မိမိတို့အချင်းချင်းကြားထဲတွင် အောက်ပါအတိုင်း တာဝန်ခွဲဝေမှုတိကျစွာ လုပ်ဆောင်ရမည်။

(က) ဥက္ကဋ္ဌ
(ခ) ဒု- ဥက္ကဋ္ဌ
(ဂ) အထွေထွေအတွင်းရေးမှူး
(ဃ) တွဲဖက်အတွင်းရေးမှူး
(င) ဘဏ္ဍာရေးမှူး
(စ) ကော်မတီဝင်များ

(၈) တိုင်းရင်းသားလူမျိုးများကောင်စီမှ ENSCC အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းမှု၊ တာဝန်ပေးမှု ပြုလုပ်ရမည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရည်မှန်းချက်နှင့် မဟာဗျူဟာ

၈။ (က) ရည်မှန်းချက်

တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်အဖြစ်

(၁) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး။

(၂) ဒီမိုကရေစီစနစ် ကျင့်သုံးရေး။

(၃) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး။

(၄) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး တို့ဖြစ်သည်။

၈။ (ခ) မဟာဗျူဟာ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ မဟာဗျူဟာသည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် ဖြစ်သည်။

အထွေထွေဆုံးဖြတ်ချက်များ

၉။ (က) Ethnic Nationalities Council တွင် ပါဝင်ရမည့် တပ်ပေါင်းစုအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးမှ ပေးပို့မည့် ကိုယ်စားလှယ်အသီးသီးမှ ကိုယ်စားလှယ်များ၏ အမည်စာရင်းအား ၂၀၀၄ ခုနှစ် ဖေဖေါ်ဝါရီလ (၁၅) ရက်တွင် နောက်ဆုံးထား၍ တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီသို့ ပေးပို့ရမည်။

၉။ (ခ) တိုင်းရင်းသား လူမျိုးများကောင်စီသည် တနှစ်တာ လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် လိုအပ်သလို လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးနိုင်ရမည်ဟု သဘောတူဆုံးဖြတ်သည်။

၁၀။ (က) တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီသည် ပထမအကြိမ် တိုင်းရင်းသားလူမျိုးများကောင်စီ အစည်းအဝေးကျင်းပသည်အထိ ဆက်လက်ရပ်တည် တာဝန်ယူရမည်။

၁၀။ (ခ) တိုင်းရင်းသားလူမျိုးများကောင်စီအား တနှစ်အတွင်း ပြည်နယ်များကို အခြေခံ၍ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်သည်။

၁၁။ ကရင်အမျိုးသားအစည်းအရုံး (KNU) အနေနှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရဖြေရှင်းရေး ဦးတည်ချက်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် နအဖ စစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးမှုအပေါ် ဤ တတိယအကြိမ်တိုင်းရင်းသားနှီးနှောဖလှယ်ပွဲမှ ကြိုဆိုထောက်ခံသည်။

၁၂။ ညီလာခံကျင်းပရေးကိစ္စအဝဝကိုသော်၎င်း၊ အရေးပေါ်ညီလာခံကျင်းပရန်လိုအပ်ပါကသော်၎င်း၊ တိုင်းရင်းသားလူမျိုးများကောင်စီမှ လိုအပ်သလို တာဝန်ယူဆောင်ရွက်နိုင်သည်။

ကျင်းပရေးကော်မတီ
တိုင်းရင်းသားလူမျိုးများ နှီးနှောဖလှယ်ပွဲ
ရက်စွဲ။ ။ သက္ကရာဇ် ၂၀၀၄ ခုနှစ်၊ ဇန္နဝါရီလ (၂၈) မှ ဖေဖေါ်ဝါရီလ (၂) ရက်။

## တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲ

### ထုတ်ပြန်ကြေညာချက်

(၁) တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ ကော်သူးလေ၊ လော်ခီးလာစခန်းတွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ ကြပါသည်။ ယင်း နီးနှောဖလှယ်ပွဲကြီးသို့ တိုင်းရင်းသားလူမျိုးများ၏တပ်ပေါင်းစုများ၊ ပါတီ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များနှင့် လေ့လာသူများ အပါအဝင် စုစုပေါင်း (၆၁) ဦး တက်ရောက်ကြပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(၂) တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မီတီ (ENSCC) ၏ နှစ်နှစ်တာလုပ်ငန်းအစီရင်ခံစာအပြင် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတပ်ပေါင်းစုများ၊ ပါတီအဖွဲ့အစည်းများမှ တင်သွင်းသော "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" နှင့် "တိုင်းရင်းသား လူမျိုးများ၏သွေးစည်းညီညွတ်ရေး" အပေါ်အမြင်နှင့်သဘောထား စာတမ်းများကိုလည်း တင်သွင်း ဆွေးနွေးခဲ့ကြသည်။

(၃) ဤ နီးနှောဖလှယ်ပွဲကြီးမှ ၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သော "မယ်သရောထာ" ပထမအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီး၏ သဘောတူညီချက်များဖြစ်သော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကိုဖြေရှင်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ချက်များကို ဆက်လက်၍အခိုင် အမာ ကိုင်စွဲသွားရန် သဘောတူခဲ့ကြသည်။

(၄) ယနေ့ နအဖ စစ်အုပ်စုက စစ်အာဏာရှင်စနစ်ကိုရေရှည်နှင့် တရားဝင်ဆက်လက် ကျင့်သုံးနိုင်ရေး အတွက် လှည့်စားဖန်တီးနေသော အဆင့် (၇) ဆင့်ပါ လမ်းပြမြေပုံသည်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ယာယီရပ်ဆိုင်းထားသည့် အမျိုးသားညီလာခံ ပြန်လည်ခေါ်ယူရေးသည်လည်းကောင်း၊ ဒီမိုကရေစီစနစ်နှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်စေနိုင်မည် မဟုတ်သည့်အတွက် စုပေါင်းဆန့်ကျင်သွားကြရန် ဆုံးဖြတ်ခဲ့ကြသည်။

(၅) ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် အမြန်ဆုံး တည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာနိုင်ရန် အတွက် အောက်ပါအချက်များပါဝင်သော "ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစီမံချက်" ကို လုပ်ဆောင်သွားရန် သဘောထားချမှတ်ခဲ့ ကြသည်။

(က) ၁၉၉၄ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်သည့်အတိုင်း သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို အမြန်ဆုံးခေါ်ယူကျင်းပရန်။

(ခ) သုံးပွင့်ဆိုင်ဆွေးနွေးပွဲရလဒ်အပေါ် အခြေခံ၍ နအဖ စစ်အုပ်စု၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် အခြားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလူမျိုးများအချိုးတူ ပါဝင်သော ကြားဖြတ်အစိုးရကို ဖွဲ့စည်းရန်။

(ဂ) ကြားဖြတ်အစိုးရက အများလက်ခံနိုင်သော အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပ ပေးရန်။

(ဃ) အမျိုးသားညီလာခံ၏ သဘောတူညီချက်အတိုင်း ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ကော်မရှင်အသီးသီးဖွဲ့စည်း၍ ရေးဆွဲရန်။

(င) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို သော်လည်းကောင်း၊ ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်နယ်အသီးသီးဆန္ဒခံယူပွဲများကို သော်လည်းကောင်း ခေါ်ယူကျင်းပရန်။

(စ) အသစ်ရေးဆွဲပြဋ္ဌာန်းသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းနိုင်ရန်သော်လည်းကောင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းသော ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ပြည်နယ်အစိုးရများကို ဖွဲ့စည်းနိုင်ရန် သော်လည်းကောင်း သက်ဆိုင်ရာရွေးကောက်ပွဲများကိုခေါ်ယူ ကျင်းပရန်။

(ဆ) ရွေးကောက်ပွဲပြီးလျှင် သက်ဆိုင်ရာလွှတ်တော် အသီးသီးခေါ်ယူပြီး အနိုင်ရပါတီအသီးသီးက သက်ဆိုင်ရာ အစိုးရအသီးသီးကို ဖွဲ့စည်းသွားရန်။

(၆) ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမိသားစုများမှ မြန်မာနိုင်ငံ၏အရေးခင်းများတွင် ပါဝင်ပါတ်သက်မှုကို ကြိုဆို ထောက်ခံသည့်အပြင် ထိုင်းအစိုးရကကြိုးပမ်းဆောင်ရွက်နေသော ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုကို ကြိုဆိုထောက်ခံကြသည်။

(၇) ယနေ့မြန်မာပြည်၏ နိုင်ငံရေးအခြေအနေတောင်းဆိုမှုအရ မိမိတို့တိုင်းရင်းသားလူမျိုးများ၏ စုစည်းညီညွတ်သောအသံ (One Ethnic Voice) သို့ ဦးတည်နိုင်စေရန်အခြေခံစုဖွဲ့မှု ဖြစ်သော "တိုင်းရင်းသားလူမျိုးများကောင်စီ" (Ethnic Nationalities Council) ကို ဤညီလာခံကြီးမှ အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ကြသည့်အပြင် လုပ်ငန်းကော်မတီဖြစ်သော "တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ENSCC)" ကိုလည်း ဆက်လက်ဖွဲ့စည်းထားရှိသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

(၈) ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရေရှည်ရင်ဆိုင်နေရသော ပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်ရန်အတွက် ကုလသမဂ္ဂမှ ဆုံးဖြတ်ထားသည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်းနည်းဖြင့်သာ ပြီးပြည့်စုံသောပြေလည်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းတည်ငြိမ်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးများအပေါ် ထိုးစစ်ဆင်မှုအားလုံးကို ချွင်းချက်မရှိ ရပ်စဲပြီး တပြည်လုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို ကြေညာပေးရန်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်လွှတ်ပေးရန်၊ ကမ္ဘာ့ကုလသမဂ္ဂ ဆုံးဖြတ်ချက်နှင့်အညီ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံးပြုလုပ်ရန် ဤနှီးနှောဖလှယ်ပွဲကြီးက တောင်းဆိုလိုက်သည်။

ဤတောင်းဆိုချက်များကို ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးအားလုံးမှတက်ညီလက်ညီ ဝိုင်းဝန်းထောက်ခံ၍ ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် လေးနက်တည်ကြည်စွာ တိုက်တွန်းနှိုးဆော် လိုက်ပါသည်။

ကျင်းပရေးကော်မတီ

တတိယအကြိမ် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်

နေ့စွဲ။ ။သက္ကရာဇ် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်

# The Statement of the Third Ethnic Nationalities Seminar

(1) The Third Ethnic Nationalities Seminar was successfully held from January 28, 2004 to February 2, 2004 at Law-hkee-la Camp in Kawthoolei. Sixty-one delegates and observers from the ethnic nationality alliances, parties and organizations attended the Seminar and participated in free and frank discussions.

(2) The Ethnic Nationalities Solidarity and Cooperation Committee (ENSCC) submitted its report covering two years of its activities and the various alliances, parties and organizations submitted papers expressing views and opinions on the Tripartite Dialogue and the Solidarity of the Ethnic Nationalities.

(3) The Seminar agreed to firmly uphold the aims and objects of agreement reached at the First Ethnic Nationality Seminar at "Mae-the-raw-ta" in 1997, being the resolution of political problems of the Union of Burma through tripartite dialogue and the establishment of a true Federal Union.

(4) The Seminar observed that the SPDC's 7-stage "road map" and the attempt to reconvene its National Convention, temporarily suspended in 1996, would not lead to democratization and establishment of a federal union but only sustain a military dictatorship in the country.

(5) For peace in the country, the flourishing of democracy, the establishment of a federal system, and the speedy and timely emergence of democratic transition, the ethnic nationalities will launch the "Rebuilding the Union of Burma" initiative consisting of the following points.

(a) To hold, at the earliest date, the tripartite dialogue, as called for by the UN resolutions annually since 1994;
(b) To form an interim government comprising of representatives, proportionally, of the SPDC, the NLD and other political parties, victorious in the 1990 elections, and the ethnic nationalities, based on the agreement arrived at the tripartite dialogue;
(c) The interim government is to convene a legitimate "National Convention";

(d) To form various commissions, with approval of the National

Convention, to draft constitutions of the Federal Union and the constituent States;

(e) To hold national referendum for adoption of the Federal Constitution and to hold referendum in various constituent States for adoption of respective State Constitutions;

(f) To hold elections at national level and state level for the formation of Federal government and State governments in various States in

# အခန်း (၈)

## တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကိုဖွဲ့စည်းခြင်း နှင့် ထုတ်ပြန်ကြေညာချက်များ

accordance with the newly adopted Federal and respective State Constitutions;

(g) Subsequent to the elections, the Federal and State parliaments (legislatures) are to be convened and the respective election-winning parties are to form the Federal and various State governments;

(6) In addition to welcoming and supporting involvement of the international community, including the UN, in the affairs of Burma, the Seminar welcomes and supports efforts by the Thai government for national reconciliation in the Union of Burma.

(7) In accordance with requirement of the political situation of Burma, the delegates to the Seminar successfully established the "Ethnic Nationalities Council," a coalition for proceeding towards a "United Ethnic Nationalities Voice and Platform" for the Tripartite Dialogue. In addition, the Seminar decided to continue with maintaining the existence of the ENSCC.

(8) Since complete solution to protracted and multifarious problems facing the Union of Burma, and lasting peace and stability, can be gained only through the tripartite dialogue process demanded by the UN resolutions, this Seminar calls upon the SPDC to unconditionally cease all military offensives against the ethnic nationalities, declare a nationwide cease-fire, release all political prisoners, including Daw Aung San Suu Kyi, and hold tripartite dialogue at the earliest date.

We, the ethnic Nationalities, solemnly urge the democratic and ethnic forces, at home and abroad, for unanimously support and to make concerted effort to realize the aspirations of the people of the Union of Burma.

February 3, 2004

## တိုင်းရင်းသားလူမျိုးများကောင်စီ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း

(၁) တိုင်းရင်းသားလူမျိုးများကောင်စီကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန္နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီ (၂) ရက်နေ့အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲတွင်အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) မှ (၃) ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) မှ (၂) ဦး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ (၁) ဦး၊ ရခိုင်အမျိုးသားညီညွတ်ရေးပါတီ (NUPA) မှ (၁) ဦး၊ ရှမ်းဒီမိုကရက်တစ်ယူနီယံ (SDU) မှ (၁) ဦး၊ ကချင်အမျိုးသားအစည်းအရုံး (KNO) မှ (၁) ဦး တို့ဖြင့်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။

(၂) ထိုဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးများကောင်စီကို မတ်လ (၁၂) ရက်နေ့တွင် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများကောင်စီဝင်များအဖြစ် နိုင်ငံရေးတပ်ပေါင်းစုများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများမှပေးပို့သော ကိုယ်စားလှယ်အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁) | စောဘသင်စိန် | (NDF ကိုယ်စားလှယ် ) |
| ၂) | ဗိုလ်ချုပ်ကြီး တာမလာပေါ | (NDF ကိုယ်စားလှယ် ) |
| ၃) | ခိုင်စိုးနိုင်အောင် | (NDF ကိုယ်စားလှယ် ) |
| ၄) | ခွန်းမတ်ရ်ကိုဘန် | (UNLD-LA ကိုယ်စားလှယ် ) |
| ၅) | ဒေါက်တာဆလိုင်းလျန်မှုန်း | (UNLD-LA ကိုယ်စားလှယ် ) |
| ၆) | ခူထဲဘူဖဲ | (KNPP ကိုယ်စားလှယ် ) |
| ၇) | စဝ်ဆိုင်စစ် | (SDU ကိုယ်စားလှယ် ) |
| ၈) | ဒေါက်တာ ခင်မောင် | (NUPA ကိုယ်စားလှယ် ) |
| ၉) | ဘောမ်ဝမ်လရော် | (KNO ကိုယ်စားလှယ် ) |

(၃) တတိယအကြိမ်တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ ဆုံးဖြတ်ချက်နှင့်အညီ ကောင်စီဝင် (၉) ဦးအကြား အောက်ပါအတိုင်း တာဝန်ပေးရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။

| | | |
|---|---|---|
| ၁) | ဥက္ကဋ္ဌ | စောဘသင်စိန် |
| ၂) | ဒု-ဥက္ကဋ္ဌ | ခူထဲဘူးဖဲ |
| ၃) | အထွေထွေတွင်းရေးမှူး | ဒေါက်တာ ဆလိုင်းလျန်မှုန်း |
| ၄) | တွဲဖက်အတွင်းရေးမှူး | စဝ်ဆိုင်စစ် |
| ၅) | ဘဏ္ဍာရေးမှူး | ခိုင်စိုးနိုင်အောင် |
| ၆) | အဖွဲ့ဝင် | ဗိုလ်ချုပ်ကြီး တာမလာပေါ |
| ၇) | အဖွဲ့ဝင် | ခွန်းမတ်ရ်ကိုဘန် |
| ၈) | အဖွဲ့ဝင် | ဒေါက်တာ ခင်မောင် |
| ၉) | အဖွဲ့ဝင် | ဘောမ်ဝမ်လရော် တို့ဖြစ်ပါသည်။ |

(၄) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် အောက်ပါပုဂ္ဂိုလ်များကို ရွေးချယ် တာဝန်ပေးအပ်ထားပါသည်။

| | | |
|---|---|---|
| ၁) | မန်းအောင်သန်းလေး | (KNPP) |
| ၂) | စဝ်ဟန်ယောင်ဟွေ | (Euro-Burma Office) |

(၅) တိုင်းရင်းသားလူမျိုးများကောင်စီ၏ လုပ်ငန်းကော်မတီဖြစ်သော "တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ" (ENSCC) ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းထားပါသည်။

| | | | |
|---|---|---|---|
| ၁) | ဥက္ကဌ | Dr. စဝ်ဇန့်ယောင်ဟွေ | (UNLD-LA) |
| ၂) | အတွင်းရေးမှူး | စောဒေးဗစ်တော | (NDF/KNU) |
| ၃) | အဖွဲ့ဝင် | ခွန်းတက်ဒီဘူးရီ | (UNLD-LA) |
| ၄) | အဖွဲ့ဝင် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | (NDF/PPLO) |
| ၅) | အဖွဲ့ဝင် | ခွန်းရီမာန်ထူး | (KNPP) |

**ENC** . နိုင်ငံရေးရည်မှန်းချက်နှင့် မဟာဗျူဟာများ။

**The ENC's Strategy and Tactics:**

1. The ENC re-affirmed the establishment of "Democratic Federal Union" as its ultimate political goal;
2. The ENC re-affirmed the "Tripartite Dialogue" as its grand strategy to achieve the ultimate goal;
3. The ENC adopts the following tasks as its political tactics to be implemented immediately:
   (i) To support Daw Aung San Suu Kyi and NLD activities.
   (ii) To support UNA and UNLD inside activities, strengthen their position and promote understanding and cooperation with CF groups and other political parties and activists.
   (iii) To consult, cooperate and work closely with all ethnic nationalities forces and democratic alliances, especially with those who are residing in border areas and overseas.
   (iv) To empower ethnic nationalities forces and its democratic alliances, and

build-up all kinds of capacity building through trainings, seminars and workshops, etc.

(v) To speed-up the task of "State Constitutions" drafting process in order to strengthen ethnic nationalities position, and work more closely with "Federal Constitution" drafting committee.

(vi) To increase international campaigns; (a) to put more international pres sures on the SPDC, (b) to up-grate the role of UN's special envoy Mr. Razali, and (c) to bring the Burma's case to UN Security Council.

(vii) To create International Forum on Burma, either through Bangkok Process or through other means of UN mechanism, in order to implement the UNGA resolution, which calls for a Tripartite Dialogue.

*(According to decision made at the ENC and ENSCC meeting on 12-14 May, 2004.)*

## ပြည်ထောင်စုမြန်မာနိုင်ငံ
## တိုင်းရင်းသားလူမျိုးများကောင်စီ

ထုတ်ပြန်ကြေညာချက် အမှတ် ၁/၂၀၀၄

၁။ သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီ (၂) ရက်နေ့အထိ ကျင်းပခဲ့သော တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးများကောင်စီကို မတ်လ (၁၂) ရက် နေ့တွင် အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပြီး ယင်းတိုင်းရင်းသားလူမျိုးများကောင်စီ၏ ပထမအကြိမ်အစည်းအဝေးကိုလည်း သက္ကရာဇ် ၂၀၀၄ ခုနှစ် မတ်လ (၁၂) ရက်မှ (၁၄) ရက်နေ့ အထိ သုံးရက်တိုင်တိုင်ဆက်လက် ကျင်းပခဲ့ပါသည်။

၂။ (က) တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်များမှာ —

(၁) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊
(၂) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး၊
(၃) အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊
(၄) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး တို့ဖြစ်သည်။

(ခ) အထက်ဖော်ပြပါ နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အတွက် "တိုင်းရင်းသားလူမျိုးများကောင်စီ" ကလက်ခံကျင့်သုံးသွားမည့် မဟာဗျူဟာ သည် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် အဖြေရှာဖြေရှင်းရေး ပင်ဖြစ်သည်။

(ဂ) ထို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် ၁၉၉၄ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ၏ အစဉ်တစိုက်ဆုံးဖြတ်ချက်များနှင့်အညီ နအဖစစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် မိမိတို့တိုင်းရင်းသားလူမျိုးများ ပါဝင်ကြရမည်။

၃။ တိုင်းရင်းသားလူမျိုးများကောင်စီကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) မှ (၃) ဦး၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) မှ (၂) ဦး၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) မှ (၁) ဦး၊ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ (NUPA) မှ (၁) ဦး၊ ရှမ်းဒီမိုကရက်တစ်ယူနီယံ (SDU) မှ (၁) ဦး၊ ကချင်အမျိုးသားအစည်းအရုံး (KNO) မှ (၁) ဦး၊ စုစုပေါင်း အဖွဲ့ဝင် (၉) ဦးဖြင့် ပါဝင်ဖွဲ့စည်း နိုင်ခဲ့ပါသည်။

၄။ ယင်းသို့ စုဖွဲ့ပြီးသော ကောင်စီဝင် (၉) ဦးအနက် တာဝန်ခံများကို အောက်ပါအတိုင်း ရွေးချယ် တင်မြှောက်နိုင်ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီအဖွဲ့ဝင်များစာရင်း

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | စောဘသင်စိန် | (NDF) |
| (၂) | ဒု–ဥက္ကဋ္ဌ | ခူထဲဘူးဖဲ | (KNPP) |

| | | | |
|---|---|---|---|
| (၃) | အထွေထွေအတွင်းရေးမှူး | Dr. ဆလိုင်းလျန်မှုန်း | (UNLD-LA) |
| (၄) | တွဲဘက်အတွင်းရေးမှူး | စဝ်ဆိုင်စစ် | (SDU) |
| (၅) | ဘဏ္ဍာရေးမှူး | ခိုင်စိုးနိုင်အောင် | (NDF) |
| (၆) | အဖွဲ့ဝင် | ဗိုလ်ချုပ်ကြီး တာမလာပေါ | (NDF) |
| (၇) | အဖွဲ့ဝင် | ခွန်းမတ်ရ်ကိုဘန် | (UNLD-LA) |
| (၈) | အဖွဲ့ဝင် | Dr. ခင်မောင် | (NUPA) |
| (၉) | အဖွဲ့ဝင် | ဘောမ်ဝမ်လရော် | (KNO) |

အကြံပေးပုဂ္ဂိုလ်များ

| | | | |
|---|---|---|---|
| (၁) | အကြံပေး | မန်းအောင်သန်းလေး | (KNPP) |
| (၂) | အကြံပေး | စဝ်ဟန်ယောင်ဟွေ | (Euro Burma Office) |

၅။ တိုင်းရင်းသားလူမျိုးများကောင်စီ၏ လုပ်ငန်းကော်မတီဖြစ်သော "တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ" (ENSCC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းသည်။

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | Dr. စဝ်ဇန့်ယောင်ဟွေ | (UNLD-LA) |
| (၂) | အတွင်းရေးမှူး | စောဒေးဗစ်တော | (NDK/KNU) |
| (၃) | အဖွဲ့ဝင် | ခွန်းတက်ဒီဘူးရီ | (UNLD-LA) |
| (၄) | အဖွဲ့ဝင် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | (NDF/PPLO) |
| (၅) | အဖွဲ့ဝင် | ခွန်းရီမာန်ထူး | (KNPP) |

၆။ တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းများနှင့် တပ်ပေါင်းစုများအချင်းချင်းကြားသာမက ဒီမိုကရေစီအင်အားစုများ၊ မဟာမိတ်တပ်ပေါင်းစုများနှင့် ဒီမိုကရေစီရေးနှင့်တန်းတူရေး တိုက်ပွဲတွင် လက်တွဲဆောင်ရွက်သွားမည့် တိုင်းရင်းသားလူမျိုးများ၏ မူဝါဒဆုံးစည်းရာကောင်စီတရပ် ဖြစ်ကြောင်းဖော်ပြရင်း တိုင်းရင်းသားလူမျိုးများကောင်စီ အောင်မြင်စွာဖွဲ့စည်းပြီးစီးကြောင်းကို ထုတ်ပြန်ကြေညာအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
နေ့စွဲ။ ။သက္ကရာဇ် ၂၀၀၄ ခုနှစ် မတ်လ (၁၄) ရက်၊

Contact Persons:

1. Saw Ba Thin Sein (Chairman, ENC)
Tel: 0 9634 1490
E-mail: botulip@cscoms.com

2. Dr. Lian H Sakhong (Secretary, ENC)
Tel: 0 6185 3325
E-mail address:liansakhong@hotmail.com

**UNION OF BURMA**
**ETHNIC NATIONALITIES COUNCIL**

Statement No. 1/2004

1. The Ethnic Nationalities Council (ENC) was established on March 12, 2004, in accordance with the decision of the 3rd Ethnic Nationalities Seminar, which was held from 28 January to 2 February 2004. The Council met from 12 to 14 March 2004.

2. (A) The political objectives of the Ethnic Nationalities Council are:
   (i) End the military dictatorship in Burma,
   (ii) Establish a democratic nation,
   (iii) Establish ethnic equality and self-determination,
   (iv) Establish a genuine federal union.

   (B) The Ethnic Nationalities Council's strategy is to achieve its objectives through a "tripartite dialogue" to find political solutions to political problems.

   (C) The "tripartite dialogue" must include the SPDC military regime, the democratic forces led by Daw Aung San Suu Kyi and the ethnic nationalities, as called for by the United Nations General Assembly resolutions since 1994.

3. The Ethnic Nationalities Council was established with three representatives from the National Democratic Front (NDF), two from the United Nationalities League for Democracy (UNLD-LA), one from the Karenni National Progressive Party (KNPP), one from the National United Party of Arakan (NUPA), one from the Shan Democratic Union (SDU), and one from the Kachin National Organization (KNO) - in total nine council members.

.

4. The 9 members of the Ethnic Nationalities Council members are:

| | | | |
|---|---|---|---|
| (i) | Chairman | Saw Ba Thin Sein | (NDF) |
| (ii) | Vice-Chairman | Khu Hteh Bupeh | (KNPP) |
| (iii) | General Secretary | Dr. Lian H Sakhong | (UNLD-LA) |
| (iv) | Joint-Secretary | Sao Seng Suk | (SDU) |
| (v) | Treasurer | Khiang Soe Naing Aung | (NDF) |
| (vi) | Member | General Tamala Paw | (NDF) |
| (vii) | Member | Khun Manko Ban | (UNLD-LA) |

| | | | |
|---|---|---|---|
| (viii) | Member | Dr. Khin Maung | (NUPA) |
| (ix) | Member | Bawmwang La Raw | (KNO) |

Advisors:

| | | |
|---|---|---|
| (i) | Mahn Aung Than Lay | (KNPP) |
| (ii) | Sao Harn Yawnghwe | Euro-Burma Office |

5. The "Ethnic Nationalities Solidarity and Cooperation Committee" (ENSCC) was reformed as the working committee of Ethnic Nationalities Council. The ENSCC members are:

| | | | |
|---|---|---|---|
| (i) | Chairma | Dr. Chao Tzang Yawnghwe | (UNLD-LA) |
| (ii) | Secretary | Saw David Taw | (NDF) |
| (iii) | Member | Khun Teddy Buri | (UNLD-LA) |
| (iv) | Member | Col. Hkun Okker | (NDF) |
| (v) | Member | Khu Rimond Htoo | (KNPP) |

6. The Ethnic Nationalities Council will work not only coordinating policies to promote solidarity among ethnic nationalities forces; but also with other democratic forces and alliance in order to create a peaceful country where ethnic nationalities can enjoy full rights of political equality and self-determination.

**Ethnic Nationalities Council**
2004-03-15

ooooo000ooooo

Contact Persons:

1. Saw Ba Thin (Chairman, ENC)
   Tel: 0 9634 1490
   E-mail: botulip@cscoms.com

2. Dr. Lian H Sakhong (Secretary, ENC)
   Tel: 0 6185 3325
   E-mail address: liansakhong@hotmail.com

# ပြည်ထောင်စုမြန်မာနိုင်ငံ
# တိုင်းရင်းသားလူမျိုးများကောင်စီ

ထုတ်ပြန်ချက် (၂/၂၀၀၄)

တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) နှင့် ၎င်း၏လုပ်ငန်းကော်မီတီဖြစ်သော တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မီတီ (ENSCC) တို့၏ပူးတွဲအစည်းအဝေးကို သက္ကရာဇ် ၂၀၀၄ ခု မေလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ ထိုင်းမြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အောက်ပါသဘောထားများကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

၁။ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာသည် ဒီမိုကရေစီအင်အားစုနှင့် စစ်အာဏာရှင်စနစ်အကြားဖြစ်ပွားနေသော ဝါဒရေးရာတိုက်ပွဲတခုတည်းမဟုတ်ပေ။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားအမျိုးသားခေါင်းဆောင်များ မျှော်မှန်းခဲ့ကြသော "လူမျိုးပေါင်းစုံချစ်ကြည်ရင်းနှီးရေး၊ တန်းတူရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု" ကိုမတည်ဆောက်နိုင်သည့် အခြေခံပြဿနာမှ စတင်ဖြစ်ပွားနေသော "နိုင်ငံရေးပြဿနာ" ပင်ဖြစ်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသွားရန် မိမိတို့တိုင်းရင်းသားအမျိုးသားများမှ လိုလားတောင်းဆိုနေပါသည်။ ထိုသို့ဖြေရှင်းရာတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချမှတ်ထားသည့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြင့် ဖြေရှင်းခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟု မိမိတို့ခံယူထားပါသည်။

၃။ နအဖ စစ်အုပ်စုသည် နိုင်ငံတော်အေးချမ်းသာယာရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဥပေက္ခာပြုလျက် ၎င်းတို့ဆုပ်ကိုင်ထားသော အာဏာဆက်လက်တည်မြဲရေးနှင့် စစ်အာဏာရှင်စနစ်ကို တရားဝင်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ၁၉၉၃ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့သော အမျိုးသားညီလာခံကို လာမည့်မေလ (၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပရန် ပြင်ဆင်နေပါသည်။

၄။ နအဖစစ်အုပ်စုအနေဖြင့် ဤအမျိုးသားညီလာခံကို ခေါ်ယူကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ — "တရားမဝင်အစိုးရ" (*De facto* Government) ကို "တရားဝင်အစိုးရ" (*De jure* Government) ဖြစ်စေရေးသာမက စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်း နိုင်ရေးပင်ဖြစ်သည်။

၅။ နအဖ စစ်အုပ်စုမှ ကျင်းပရန်ပြင်ဆင်နေသော အမျိုးသားညီလာခံသည် —

(က) အမျိုးသားညီလာခံကို ကာကွယ်ပြဋ္ဌာန်းသည့် ၅/၉၆ အပါအဝင် အမျိုးမျိုးသော တားမြစ်ဟန့်တားသည့် ဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း။

(ခ) အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို စစ်အုပ်စု၏ သဘောအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားရှိခြင်း။

(ဂ) အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်တို့ကို အသေသတ်မှတ်ထားခြင်း။

(ဃ) နအဖ၏ အဆင့် (၇) ဆင့်ရှိ နိုင်ငံရေးလမ်းပြမြေပုံသည် ဒီမိုကရေစီစနစ်ထူထောင်ရေးဆီသို့ ဦးတည်ခြင်းမရှိခြင်းကြောင့်၊ ၎င်းတို့ကျင်းပရန်ပြင်ဆင်နေသောညီလာခံသည် စစ်မှန်သော အမျိုးသားညီလာခံမဟုတ်ကြောင်း မိမိတို့တိုင်းရင်းသားလူမျိုးများကောင်စီမှ ရှုမြင်သုံးသပ်ထားပါသည်။

၆။ နအဖ စစ်အုပ်စုအနေဖြင့် ဤကဲ့သို့သောလုပ်ရပ်မျိုးကို တဘက်သတ်လုပ်ဆောင်နေခြင်းသည် တရားမဝင်အစိုးရက တရားမဝင် အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပခြင်းဖြစ်၍ ထို တရားမဝင်အမျိုးသားညီလာခံမှ ရေးဆွဲပြဋ္ဌာန်းမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်လည်း တရားမဝင်သောနိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေတရပ်သာ ဖြစ်လာမည် ဖြစ်ပါသည်။

၇။ ထို့ကြောင့်တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေး၍ ကြားစေ့ရေးကို ရှေ့ရှုနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အတိုင်း နအဖ စစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများအင်အားစုတို့ပါဝင်သော “သုံးပွင့်ဆိုင်ဆွေးနွေးပွဲ” ကိုအမြန်ဆုံးခေါ်ယူကျင်းပခြင်းသည်သာလျှင် အမှန်ကန်ဆုံးဖြစ်သည်ဟု ယုံကြည်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ

နေ့စွဲ။ ။ သက္ကရာဇ် ၂၀၀၄ ခုနှစ် မေလ (၁၄) ရက်

Contact Person:

1. Saw Ba Thin Sein (Chairman, ENC)
Tel: 0 9634 1490
E-mail address: botulip@cscoms.com

2. Dr. Lian H Sakhong (Secretary, ENC)
Tel: 0 6185 3325
E- mail address: liansakhong@hotmail.com

**UNION OF BURMA**
**ETHNIC NATIONALITIES COUNCIL**

Statement No. 3/2004

**"The United Nations and the National Convention in Burma"**

The Ethnic Nationalities Council warmly welcomed the 17 August 2004 statement of the United Nations Secretary General regarding the National Convention in Burma;

We support the modifications to the National Convention that our compatriots from the cease-fire groups proposed on 14 May 2004, prior to the convening of the National Convention:

1. Objective No.6 of the National Convention (military role in politics) is not compatible with democracy. It should be discussed and revised;
2. The 104 Articles adopted by the previous National Convention that are not compatible with democracy should be discussed and revised;
3. While the National Convention is in progress, the delegates must be able to freely meet and consult with all individuals and groups that have recommendations that will benefit the Union f Burma;
4. While the National Convention is in progress, the delegates must be able to freely communicate, discuss and exchange ideas with their mother organizations;
5. All the Members of Parliament elected by the people in the 1990 elections should have the right to participate in the National Convention;
6. Only cease-fire groups that represent their people, should be allowed t o participate in the National Convention. Peace with the non-cease-fire groups should be concluded as soon as possible so that they can participate in the National Convention;
7. Law No.5/96 that was enacted on 7 June 1996 to protect the 1993-96 National Convention, should be repealed.

We regret that instead of using the recommendations as positive input for developing a mutually acceptable plan for national reconciliation and a transition to democracy, the authorities rejected the proposals.

We also regret that the peace talks between the SPDC and the Karen National Union have stalled and instead SPDC troops are continuing to terrorize

the people in Karen territory;

Given the inflexibility of the SPDC military dictatorship, and its unwillingness to find a workable political solution, we would not blame our compatriots from the cease-fire groups if they were to decide not to return to the National Convention when it is re-convened.

The Ethnic Nationalities Council endorses the call of Secretary-General Kofi Annan of the United Nation, for the SPDC to:

- Release Daw Aung San Suu Kyi;
- Engage the NLD and other political parties in a substantive dialogue;
- Work out an agreement with the ethnic cease-fire groups; and
- Welcome the UN Special Envoy for Burma Ambassador Razali back to Burma as soon as possible.

The Ethnic Nationalities Council also calls on the State Peace and Development Council to work with all groups to bring about a transition to democracy and rebuild Burma before it is too late.

**Central Executive Committee**
**Ethnic Nationalities Council**
**Union of Burma**

Date: 20-08-2004

Contact Person:

Dr. Lian H. Sakhong
General Secretary
Tel: +66 (0) 6- 185 33 25
E-mail: <liansakhong@hotmail.com>

**UNION OF BURMA**

**ETHNIC NATIONALITIES COUNCIL**

Statement No. 4/2004

**"The European Union, ASEM and Burma"**

1. The Ethnic Nationalities Council calls on the European Union not to accept Burma as a member in the upcoming ASEM (Asia Europe) meeting in Hanoi in October 2004.

   To do so without any political reforms by the ruling State Peace and Development Council (SPDC), or meeting any minimum human rights standards, would be tantamount to promoting a culture of impunity and a total disregard for the rule of law. Democracy and human rights are the two basic values dear to the heart of every citizen of the European Union, especially eight of the ten new member nations. They themselves have only recently freed themselves from tyranny.

2. The Ethnic Nationalities Council also calls on the Asian partners of ASEM to urgently work with the European Union to bring about concrete political change in Burma.

   In 1997, ASEAN welcomed Burma as a member with open arms. The reasoning was that as a member, the SPDC will moderate its worse tendencies. This did not happen. The SPDC interpreted membership as a license to strengthen its hold on power. Once again, ASEAN is hoping that as a member of ASEM, the SPDC will change. This will not happen. The SPDC will not change because the Burmese military believes that it has a right to rule; because it believes that the international community is impotent; and because Burma under the SPDC is fast becoming a failed state. Even the military's chain of command is beginning to fail. ASEAN, China, Japan and South Korea cannot afford to have a failed state in its ranks. ASEM must help the people of Burma to prevent the country from disintegrating.

3. The Ethnic Nationalities Council still believes that a tripartite dialogue amongst ethnic nationalities representatives, democracy advocates led by

Daw Aung San Suu Kyi, and the military junta is the best way to resolve Burma's problems.

The 25 plus million peoples of the Arakan, Chin, Kachin, Karen, Kayah (Karenni), Mon, and Shan States of the Republic of the Union of Burma founded in 1948, live in fear for their lives daily. They can be forced by the army to move from their homes at anytime. The penalty for disobeying is death. They can be forced to work for the military without any compensation at anytime. Their wives and daughters can be raped by army personnel with impunity at anytime. They cannot teach their own languages in schools. They cannot travel freely in their own homelands. They have no access to adequate health care. The list is endless. But in spite of these conditions, the Ethnic Nationalities Council believes that a political solution must be found.

Our compatriots from the cease-fire groups who attended the National Convention in May 2004 have made positive recommendations to the SPDC but they have been ignored. We also proposed a detailed road map in September 2003 as a recommendation to enable the SPDC to bring about a transition to democracy but this too was ignored. Even the 'peace talks' with the Karen National Union started in January 2004 have stalled. The SPDC will not implement real reforms without a compelling reason to change the status quo. ASEM now has the opportunity to provide the reason.

**Central Executive Committee**
**Ethnic Nationalities Council**
**Union of Burma**

Date: 20-08-2004

Contact Person:

Dr. Lian H. Sakhong
General Secretary
Tel: +66 (0) 6- 185 33 25
E-mail: <liansakhong@hotmail.com>